www.burmeseclassic.com

# သံယောဇဉ်ပုံပြင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒိုတာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး တက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်း၊ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

စာမူခွင့်ပြုချက်အမှတ်
၅၀၁၃၇၇၀၉၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၉၉၁၀၉၁၀

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၁၀ခုနှစ်
အုပ်ရေ ၁၀၀၀၊တန်ဖိုး ၁၀၀ကျပ်

သံယောဇဉ်ပုံပြင်/မနော်ဟာရီ။ –ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၀။
၂၂၉–စာ ၊ ၁၈.၅ x ၁၃.၅ စင်တီ။ (၁)သံယောဇဉ်ပုံပြင်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ်
၅၀၁၃၇၇၀၉၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၉၉၁၀၉၁၀

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၁၀ခုနှစ်
အုပ်ရေ ၁၀၀၀၊ တန်ဖိုး ၁၀၀ကျပ်

သံယောဇဉ်ပုံပြင်/မနော်ဟရီ။ –ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၀။
၂၂၉–စာ ၊ ၁၈.၅ x ၁၃.၅ စင်တီ။ (၁)သံယောဇဉ်ပုံပြင်

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## အခ၁

ဆိုင်နားကျကာမှ ကားရပ်ရန်နေရာမရှိသဖြင့် အခက်တွေ့နေဆဲ. . ကားစောင့်သောအမျိုးသမီးက. . .

"အစ်မ. . . ဒီနေ့ နောက်ကျတာကိုး. . . ကားရပ်စရာနေရာ တောင်ခက်နေပြီ". . . . ဟုဆိုသည်။ သူမခေါင်းကို အသာညိတ်ပြလိုက်ရင်း မျက်စိကလည်း ဘယ်ကားများထွက်မလဲ ရှာရသေးသည်။ ဟိုးရှေ့ဆီမှာ ကားတစ်စင်းခေါင်းပြူထွက်လာသဖြင့် အမျိုးသမီးကြီးက အစ်မ. . . ဟိုမှာ. . . ဟု ညွှန်ပြသဖြင့် ကားကိုရှေ့တိုးခဲ့လိုက်သည်။

ကားကလေးက လိမ္မော်ရောင် ပြိုင်ကားဆန်းဆန်းလေး . . .။ စိတ်ထဲမှာမြင်ဖူးသလိုရှိနေဆဲ. . . ကား မောင်းသူကိုကြည့်လိုက်တော့ နတ်သမီး. . .။ နတ်သမီးကသူမကိုတွေ့တော့ လက်ပြနှုတ်ဆက်သည်။ သူမလည်း လက်ပြန်ပြဆဲ. . . ကားကလေးက လမ်းရှင်းသဖြင့် တဟုန်ထိုးထွက်သွားခဲ့ပြီ။

ကားကိုအကျအန. . . ပါကင်ထိုးပြီးဆိုင်ထဲဝင်လာတော့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကမဆိုစလောက် တိတ်နေသလိုခံစားလိုက်ရသည်။ သင်ဇာ၊ နီနွယ်နှင့် ဖွန်နှင်းတို့က သတင်းစာတစ်စောင်ကို တိတ်ဆိတ်စွာဖတ်နေကြပြီး ပေါက်ကတော့ချုပ်လက်စ စက်ခုံပေါ်မှာမေးထောက်ရင်း သူမဝင်လာသည်ကို ငေးနေရာမှ အသိဝင်သွားသလိုထအော်သည်။

"မမ လာပြီ. . .'တဲ့။

ဒီတော့မှ အကုန်လှုပ်လှုပ်ခတ်ခတ်တွေဖြစ်ကုန်ကြသည်။ လက်ထဲကခြင်းကို ပြေးဆွဲသူကဆွဲ၊ အိတ်ကို လှမ်းယူသူကယူနှင့် **Purple-Rose** တစ်ဆိုင်လုံး အနည်းငယ် ပြန်လည်အသက်ဝင်သွားရတော့သည်။ ဒီတော့မှ သံယောဇဉ်လည်းနေရာမှာ ဝင်ထိုင်အပမ်းဖြေရင်း သူတို့ကို တစ်ချက်အကဲခတ်ကြည့်လိုက်ရသည်။ တော်တော်များများက မျက်နှာမကောင်းကြ။ နည်းနည်းအရွယ်ရနေပြီဖြစ်သော စင်သီယာတစ်ယောက်သာ သူ့ဘာသာ အေးအေးချမ်းချမ်းချုပ်စရာရှိတာချုပ်နေသည်။ ဇဉ် လည်းသူတို့ကို ကြာရှည်မကြည့်အား။ အလုပ်စရတော့သည်။ ဒီနေ့ချိန်းထားသောသူများကို မှတ်စုတွင်ပြန်ကြည့်ကာ အထည်တွေလက်စသပ်ပြီး မပြီးစစ်ရသည်။ အားလုံးပြီးတော့ သတိရပြီး တစ်ချက်ဝေ့ကြည့်လိုက်တော့. . . တွေတွေလေးတွေနှင့် နီနွယ်က သတင်းစာကို ကိုင်ကာ ငိုင်နေသည်။

"ဟဲ့. . . ဘာဖြစ်နေကြတာလဲ"

အနားရှိ စင်သီယာကလန့်သွားပြီး လှည့်ကြည့်၏။ ကျန်သူတွေကတော့ မချိသလိုပြုံးနေကြသည်။ ရော်. . . ခက်ပဲခက်ရချည်တော့ရဲ့။ မေးကာမှ နီနွယ်က မျက်ရည်ဝိုင်းတော့သည်။ စိတ်ထဲလည်း ထိတ်ကနဲဖြစ်သွားပြီး သူ့မိသားစုတစ်ယောက်ယောက်များ တစ်ခုခုဖြစ်သလား





ပေါ့။ သို့သော်. . .

"အလင်းရောင်. . . ဆုံးသွားလို့လေ"

"ဘာရယ်. . ."

ဇဉ်. . . မျက်လုံးပြူးသွားသည်။

"အဆိုတော် အလင်းရောင်လေ အန်တီတောင်ပြောပါရောယယ်ယယ်ကအိမ်မှာချည်းပဲဆိုတာလေ"

မေမေက စင်သီယာ့ကိုပြောထားဖူးပုံရပါသည်။ ပေါက်နှင့်နီနွယ်ကတအံ့တဩနှင့်။

"ဟုတ်လား. . . မမနဲ့သိလား"

ဇဉ် ဘာပြောရမှန်းမသိ။ စိတ်ထဲမှာကတွေးတုန်း။ ကိုလင်းတစ်ယောက် တစ်ကယ်ပဲဆုံးသွားတာလားဆိုတာကို တွေးတုန်း။ မဖြစ်နိုင်ဟုဖွတ်ငြင်းလို့မရသူတွေထဲမှာ ကိုလင်းပါသည်။ ကိုလင်းဆိုတာက အရာရာဖြစ်နိုင်သူ။ အကောင်းရောအဆိုးရော မဖြစ်နိုင်တာဘာမှမရှိ။ သူကလုပ်ချင်ရာလုပ်သည်။

"ဟုတ်တယ်၊ မတို့နဲ့ ယယ်ယယ်ကတည်းက ခင်တာ"

ပြောလိုက်တော့ သူမအသံမှာ အဖျားများခတ်နေသလား ကိုယ့်ကိုယ်ကို မသေချာချင်။ သို့သော် ခတ်တော့ရော. . . ဘာဖြစ်လဲ။အားလုံးအမူအရာပျက် ဝမ်းနည်းကြေကွဲနေကြသည်ပဲ။ ဇဉ် သက်ပြင်းကိုကြိတ်ချမိသည်။

"ဒါ. . . ဒါဆို မမတို့ သွားမှာပေါ့နော်"

နီနွယ်ကမေး၏ သင်ဇာနှင့်ဖွန်နှင်းလည်း အနားရောက်လာသည်။ သင်ဇာကခပ်တည်တည်နဲ့ သိသလိုဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"အော်. . . မိတ်ဆွေရင်းတွေဆိုတော့ မသွားပဲနေပါ့မလား သွားမှာပေါ့". . . တဲ့။

ဇဉ်မှာတော့ ခုထိတွေဝေနေတုန်း။ သံယောဇဉ်တွေအကုန်ဖြတ်ထားပြီး တစ်ခါတစ်လေလောက်မှ သာမာန်မိတ်ဆွေတွေလိုတွေ့ကြတာလောက်ပဲရှိတာမို့ ဇဉ့်စိတ်ထဲမှာ သွားမည်မသွားမည်က ချက်ချင်းအဖြေထွက်မလာခဲ့။

"သိသေးပါဘူး မေမေ့ကိုတော့ဖုန်းဆက်ပြောရမယ် ပေါက်ကလေး ဖုန်းသွားဆက်လိုက် အန်တီမေရေ အန်တီမေ့သား လင်းတစ်ယောက်တော့ဆုံးရှာပြီလို့ ပြောပြီးမြန်မြန်ချနော် ငါ့ကိုမေးရင် ဧည့်သည်နဲ့စကားပြောနေတယ်လို့ပြော မဟုတ်ရင် ငါ့အသံကြားတာနဲ့ မေမေငိုချင်ငိုနေဦးမှာ"

"အန်တီမေက အဲလောက်ချစ်တာလား အင်းလေ ငါတို့တောင်ချစ်တာပဲ. . . ဟိ"

မီးကောင်ပေါက်ကလေးတွေ ပီပီဒီလိုကလည်း ရေရွတ်လိုက်သေးသည်။ စင်သီယာက စိတ်မရှည်သလိုနှင့် သူ့မိန်းမချစ်ဖို့လည်း ချန်ကြပါဦး ဆိုမှရယ်ကြသည်။

သူ့မိန်းမ ဟုတ်သားပဲ။ စောစောလေးကပဲ နတ်သမီးကို ဒီနားမှာတွေ့လိုက်သေးတာပဲ။

"ဟဲ့. . . သတင်းစာမှာပါတာလား၊ ငါ စောစောကပဲ နတ်သမီးနဲ့တွေ့လိုက်သေးတယ်၊ အေးအေးဆေးဆေးပဲ လှမ်းတောင်နှုတ်ဆက်သွားသေးတယ်"

"သတင်းစာထဲပါတာ မဇဉ်၊ နတ်သမီးက ဒီနားကပန်းဆိုင်လာ





တာနေမှာပေါ့. . . မနက်ဖြန်ချမှာလေ. . . ညကဆုံးတာ"

စင်သီယာကသေချာရှင်းပြတော့မှ အော်တောင်မပြောနိုင်ပဲ ဇဉ် သတင်းစာကို ယူဖတ်ရတော့သည်။ နတ်သမီး၏ ခင်ပွန်းဆိုတာ မထင်မရှားပဲပါသည်။ ဒါတောင်မှ နတ်သမီးဆိုတဲ့ စာလုံးလေးကပါတယ်ဆိုရုံ. . .။ နာမည်ရင်းကိုရေးကာ ဘေးကကွင်းစကွင်းပိတ်ထည့်ထားခြင်းဖြစ်သည်။ ဇဉ်. . . သက်ပြင်းကို မသိမသာချမိ၏။ ခုချိန်မှာ ဇဉ် လုပ်ရမှာက လင်းအိမ်ကို ဖုန်းဆက်ဖို့မဟုတ်။ နတ်သမီးထံ ဖုန်းဆက်ဖို့ဖြစ်သည်။ လက်ကိုင်ဖုန်းကို အရင်ခေါ်ကြည့်သည်။ ထင်သည့်အတိုင်း နတ်သမီးဖုန်းပိတ်ထားသည်။ အိမ်ဖုန်းကို ခေါ်ကြည့်သည်။ တော်တော်နှင့် မကိုင်။ နတ်သမီးပြန်မရောက်သေးတာလည်း ဖြစ်နိုင်တယ်ဟုတွေးဆဲ ဖုန်းကိုင်လိုက်တာကြားရသည်။

"မီး. . . လား. . . ဇဉ်ပါ. . ."

"အော်. . . ဇဉ် ခုနကတောင်တွေ့လိုက်တာ"

နတ်သမီးက လေသံပျော့ပျော့လေးနှင့်ပြောသည်။

"ဟုတ်တယ်. . အဲဒီတုန်းက ဇဉ်မသိသေးဘူး ဆိုင်ရောက်မှ သိတာ ဘယ်လို. . ."

မေးမည်လုပ်ပြီးမှ အားနာသွားကာ စကားကိုတစ်ဝက်တစ်ပျက်နှင့်ရပ်ထားလိုက်ရသည်။ နတ်သမီးကရယ်၏။ ခပ်ဖျော့ဖျော့လေး. . .။ ပြီးမှ. . .

"ဇဉ်လည်းသိတာပဲ ကိုလင်းက အစွန်းရောက်လေ"

သူမ စကားတွေက ဘာမှရှင်းပြစရာမလိုအောင် ရှင်းလွန်းလှသည်။ ဇဉ်လည်း ကိုလင်းအကြောင်းကို မသိသူမှမဟုတ်ပဲ။ ကိုလင်းက

www.burmeseclassic.com



လုပ်ချင်ရာကို ဘယ်သူမှတားမရအောင် လုပ်တတ်တာ။ အသိခေါက်ခက် အဝင်နက်တာ ကိုလင်းပဲရှိသည်။

"ခု. . . မီး အဆင်ပြေရဲ့လားဟင် မီးဆီ ဇဉ် လာခဲ့ရမလား"

"ပြေတယ် ဇဉ် ဒီလိုပဲမီးက ကျင့်သားရနေပါပြီ ခုချိန်မှာ မီး သိပ်မခံစားရအောင် သူပဲလုပ်သွားပေးခဲ့တာပဲ ကျေးဇူးတောင် တင်ရဦးမှာ. . ."

"အော်. . . မီးရယ်"

ညည်းမိရုံကလွဲလို့ ဇဉ်လည်း ဘာပြောရမှန်းမသိ။ နတ်သမီးနှင့် အလင်းရောင်ကွဲနေကြတာ တစ်နှစ်တောင်ကျော်ခဲ့ပြီပဲ။ တရားဝင် မဟုတ်သည့်တိုင် လင်းက သူ့အလုပ်သူလုပ်သည်။ မီးကလည်း သူ့အလုပ်သူလုပ်သည်။ မီးက အလုပ်ကြိုးစားသော နာမည်ကောင်းနှင့်လူ လင်းလို နာမည်ဆိုးမထွက်. . .။

"ခုနက မီး ပန်းလာမှာတာလား"

"ဟုတ်တယ် ဇဉ် နောက်ဆုံးအနေနဲ့လေ"

"မမေးချင်ပေမယ့် မေးလိုက်ဦးမယ် မီးရယ် ကိုလင်း အိမ်နဲ့ ရောအဆင်ပြေရဲ့လား"

"ဘာပြေစရာမပြေစရာရှိမလဲ ဇဉ် ဒီလိုပဲပေါ့ သံခင်းတမန်ခင်း စကားလုံးတွေရွေးသုံးယုံပေါ့ ဘာမှ မခက်ပါဘူး၊ ပြီးတော့ ဒါနောက်ဆုံး ပဲလေ ပတ်သက်စရာရှေ့လျှောက်မှာမှမရှိတော့တာ"

နတ်သမီးပြောတာ ဟုတ်သလိုလိုနှင့် သိပ်တော့မဟုတ်။ သို့သော် ဇဉ် ဒီအချိန်မှာဘာမှမပြောတာအကောင်းဆုံးပဲလေ. . .။

"ဒါဆို မနက်ဖြန်မှ မနက်ကျရင် ဇဉ် မီးဆီလာမယ်. . . မီးဆီ





ကနေပဲသွားမယ်လေ"

"ကောင်းပါ့မလား ဇဉ် ကိုလင်း အိမ်ကနေသွားပါလား"

"ရတယ်. . . ကိုလင်း အိမ်ကို ညကျမေမေက မသွားပဲနေမှာမှ မဟုတ်တာ"

"ဇဉ်တို့ အဆင်ပြေသလိုလုပ်ပါရတယ် မီး ရှိနေမှာပါ"

"အိုကေ. . . ဒါဆိုနောက်နေ့မှ တွေ့မယ်နော် တစ်ခုခုဆို ဇဉ့်ဆီ လှမ်းဆက်သိလား. . ."

"အင်း. . . ကျေးဇူး"

အမှန်က ဝတ္တရားစကားတွေနှင့် နေသားကျလာတာမို့သာဇဉ် မီးကို ဒီလိုပြောလိုက်ရတာ။ မီးကလည်း သူ့ဘာသာသာရပ်တည်တတ်သော မိန်းမပေပဲ။ တစ်ခုခုဆို ဘာသံမှတောင်ကြားလိုက်ရမှာမဟုတ်တာ သေချာသလောက်ရှိသူ။ ဖုန်းချပြီးတော့ ဇဉ် ငိုင်နေမိသည်။ လူ တစ်ယောက်လောကကြီးထဲကို ရောက်လာဖို့သာခက်ခဲတာ။ ပြန်ထွက်သွားတာကျတော့ လွယ်ကူလိုက်တာ။ ဘာလို့များ ဒီလောက်လွယ်လွယ် ကူကူကြီးလုပ်သွားရတာလဲဟုလည်း လင်းကို မပြောချင်တော့။ လင်း အတွက်တော့ လောက၏အရာအားလုံးသည် လွယ်ကူနေလိမ့်မည်။ လွယ်ကူအောင်လည်း ရေကုန်ရေခမ်းလုပ်တတ်သူကိုး။ ခုချိန်မှာတော့ သူမပါ တိတ်ဆိတ်သွားခဲ့ပြီမို့ Purple Rose တစ်ဆိုင်လုံး အပ်ကျသံပင် မကြားရတော့လောက်အောင် တိတ်ဆိတ်ငြိမ်သက်နေခဲ့ပြီ. . .။ ခပ်ဝေးဝေးဆီမှလွင့်လာသော သီချင်းသံတစ်စကို ကြားလိုက်ရသည်။ "လောကဟာ တိတ်ဆိတ်လွန်းလို့ ငါ့ရင်ခုန်သံတွေနဲ့တောင် ကျားကန်ထားရတယ်"တဲ့. . .။ ဒါ အလင်းရောင်ရဲ့အသံ အလင်းရောင်ရဲ့ ကျေကွဲဆန်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သီချင်းစာသားတွေပဲပေါ့။ မမြင်ရနိုင်မှန်း သေချာပါလျက်နှင့် အကြည့်အားလုံး အသံလာရာဆီရောက်သွားကြသည်။ တရွေ့ရွေ့နှင့်တွန်းရွေ့လာနေသော ထီလှည်းတစ်စီးသည် သူမတို့ဘယ်လိုမှ မှန်းဆလို့မရနိုင်သော ကံကြမ္မာစာရွက်စာတမ်းများကို သယ်ဆောင်လာခဲ့သည်။ တကယ်ရော ကံကြမ္မာဆိုတာရေးထားပြီးသား သိခွင့်မရသေးသော စာရွက်တစ်ရွက်လေလား. . .။

❑





**Flash back**

**Part (A)**



www.burmeseclassic.com

www.burmeseclassic.com



(က)

စကားသံတစ်ချို့ကြောင့် ဇဉ် နိုးလာသည်။ အမှန်တော့ ဒီအချိန်ဆို ဇဉ် ထနေကျပါ။ ဒီနေ့တော့ ကျောင်းပိတ်ရက်မို့ မသိမသာ ဆက်အိပ်နေလိုက်ခြင်းဖြစ်သည်။ ဘယ်သူကမှလည်း သူ့ကို လာမနှိုးကြ။ ခါတိုင်းဆို အစောကြီးနိုးတတ်သော အစ်ကိုက ဇဉ့်ကို လာနှိုးနေကျ။ ဒါမှ မဟုတ်လည်း အမေ. . .။ ဒီနေ့တော့ အားလုံးသူမကို သဘောထားကြီးစွာ ပေးအိပ်ထားကြသည်။

ခုကျမှ အိမ်ရှေ့ညှော်ခန်းဆီမှ စကားသံတစ်ချို့ကြောင့် လန့်နိုးလာခဲ့ရသည်။ ဘယ်သူရောက်နေတာလဲ။ သေချာတာကတော့ ကိုကြီးသူငယ်ချင်းတစ်ယောက်ယောက်ပဲဖြစ်မည်။ မေမေ့ တစ်ပည့်တစ်ယောက်လည်းဖြစ်နိုင်ပေမယ့် ဒီလောက်အစောကြီး လာစရာတပည့်မရှိဟု ဇဉ်တွေးသည်။ ပြီးမှ. . . တွေးကြည့်တာက ပြေးကြည့်တာလောက်





အလုပ်မဖြစ်ပါဘူးဆိုပြီး ကိုယ့်ဘာသာကိုထကာ အိပ်မှုန်စုန်မွှားနှင့် ညှော်ခန်းကိုလှမ်းထွက်လိုက်သည်။

အဲ. . .။ အာမေဋိတ်ကို အသံမထွက်အောင်ပြုမိလိုက်သည်။ ကိုကြီး သူငယ်ချင်းပေါ့။ သိပ်တော့မခင်ပေမယ့် အိမ်ကိုတော့ ဝင်ထွက်နေကျ။ ဖြူဖတ်ဖြူရော်လေးနှင့် ပိုးဟပ်ဖြူတစ်ကောင်လိုလူ ကိုကြီးနှင့်တော့ကွာပါ့။ ကိုယ့် အစ်ကိုမို့လို့ပြောတာမဟုတ်။ ဇဉ့် အစ်ကိုက အသားဖြူဖြူထောင်ထောင်မောင်းမောင်း။ ဖြူချင်တာချင်းအတူတူ သူ့လို ဖြူဖတ်ဖြူရော်မဟုတ်။

"ဟော. . . သမီး နိုးလာပြီ. . . ဒီမှာ ရောင်နီလင်း ရောက်နေတယ်"

"အင်း. . . ဘယ်သွားမလို့လဲ ကိုကြီး"

ဖြစ်နိုင်တာက သူတို့တစ်နေရာရာသွားဖို့ပဲဟုတွေးပြီး မေးလိုက်ခြင်းဖြစ်သည်။ အိမ်၏ စည်းကမ်းအရတစ်ခုခုဆို ကြိုအသိမပေးဘဲသွားရလေ့မရှိတာမို့ မေမေ့ရှေ့မှာတင် တစ်ခါတည်းမေးလိုက်ခြင်းဖြစ်သည်။ မေမေက ကျောင်းဆရာမပီပီ ကလေးတွေကို နားလည်သည်။ သိပ်မချုပ်ချယ်သော်လည်း စည်းကမ်းတော့ထားသည်။ မလုပ်ခင်အသိပေး ထိုအချိန်တွင် သင့်မသင့်ဆုံးဖြတ်ပေးသည်။ ကိုယ့် စိတ်နှင့်ကိုယ်တော့ ဘာမှလုပ်မလာနှင့် ဘာကိုမှခွင့်မပြုတတ်။

"ဘယ်မှမသွားဘူး လင်းက ဒီမှာနေမလို့လေ"

ဒါက မေမေ့အဖြေစကား. . .။ ကိုကြီးက ရယ်နေသည်။ သူကကျတော့ ရှက်ကိုးရှက်ကန်းပုံနှင့်။ ဇဉ်ကြောင်သွားသည်။ သူ့မှာဆင်းရဲတာကလွဲရင် နေစရာမရှိတာမှ မဟုတ်ပဲ။ သူ့အိမ်နှင့်သူကတော့

www.burmeseclassic.com



အဆင်ပြေနေတာပဲဟု ဇဉ် သိထားသည်။

"ဘာဖြစ်လို့တုန်း. . . သူ့အိမ်က ဘာဖြစ်သွားလို့လဲ ဟင်"

အလိုက်မသိသော ဇဉ့်စကားကြောင့် မေမေက အကြည့်နှင့် ဟန့်သလို ကိုကြီးကလည်းမျက်မှောင်ကြုတ်ကာ ကြည့်သဖြင့် ပါးစပ်ကို ပိတ်ထားလိုက်ရသည်။ သို့သော်လည်း အမှားတစ်ခုအတွက် ပါးစပ်ကို ပြန်ဖြဲကာ မျက်နှာချိုသွေးလိုက်ရသေးသည်။

"ဟဲ ဇဉ် မျက်နှာသွားသစ်လိုက်ဦးမယ်နော်" ကိုကြီး အသံက နောက်ကလိုက်လာသည်။ "မြန်မြန်လုပ်နော် မနက်စာစားဖို့ နင့်ကိုထပ် မစောင့်ချင်ဘူး၊ ဆာနေပြီ ဧည့်သည်လည်းရှိတယ်" တဲ့။ ဟင်း. . . အိမ်မှာ လာနေမယ့်သူက ဧည့်သည်ဘယ်ဟုတ်တော့မှာလဲဟု တွေးကာမျက်နှာ လေးကို မျက်နှာသစ်ဘေစင်မှန်ထဲကြည့်ကာ မဲ့လိုက်မိသေးသည်။ မျက်နှာသစ်ပြီး ထမင်းစားခန်းထဲဝင်သွားတော့ အားလုံးရောက်နေပြီ။ မေမေရော ကိုကြီးနှင့် ကိုလင်းရော၊ ဖေဖေရော။

"မြန်မြန်လာ"

"လာပါတယ်၊ ဧည့်သည်ရှိနေတော့ ဇဉ့်အတွက် ပိုပူရတယ်လေ ဒါကြောင့် မြန်မြန်သစ်လာတာ မျက်နှာတောင်စင်ရဲ့လားမသိ"

"ဟဲ့"

ထို 'ဟဲ့' အားတစ်သံတည်းဟု ထင်လျှင်မှားသွားလိမ့်မယ်။ တပြိုင်နက်တည်း ထွက်လာသော အသံသုံးခုဖြစ်၏။ သူတို့ကို ယိမ်းတိုက် သလိုမျိုး သံပြိုင်အော်ပေးပါဆိုလျှင်တောင် ဒီလောက်ညီမည်မဟုတ်။

"ဟိ နောက်တဲ့ဟာကို ဝိုင်းအော်နေ ဟော ဟိုမှာနောက် တစ်ယောက် ထပ်ရောက်လာပြန်ပြီ" အိမ်ရှေ့ခန်းမှနေနောက်ထိတန်း





ဝင်လာသူက လမင်း၊ သူလည်း ကိုကြီးသူငယ်ချင်းပင်။

"ဟာ လာလေ မင်း ဒီမှာ ငလင်းလည်း ရောက်နေတယ်၊ အတော်ပဲလာ မနက်စာစားရအောင်" မေမေကတပည့်ကျော်ကို ထိုင် စရာနေရာလုပ်ပေးကာ ထိုင်ခိုင်း၏။

"စောစောစီးစီး လူစုံနေပါလား . . ."

"မင်းကရော ဘာနဲ့ရလို့ လိုက်လာတာလဲ"

ကိုလင်းက ထိုသို့မေး၏။ သူတို့နှစ်ယောက်ကတွေ့လိုက်လျှင် စကားလေးတော့ အခြေအတင်ပြောလိုက်ရမှ ပြီးလျှင်တော့ ဘာမှလည်း မဟုတ်။ ပခုံးပြန်ဖက်နေကြသူတွေ။

"ထမင်းကြော်နဲ့လေ ဆရာမကြော်တဲ့ ထမင်းကြော်က အမိုက် စား၊ ပဲပြုတ်ရော၊ ကြက်ဥရောပါတယ်" ကိုမင်းက ခပ်တည်တည်နှင့် တုံ့ပြန်ကာ ထိုင်ခုံမှာပင်ထိုင်သည်။

မိသားစု လေးယောက်စာကြော်ထားသော ထမင်းကြော်က ခုတော့ ခြောက်ယောက်စာ ခွဲစားရတော့မည်။ သို့သော်လည်း မေမေက မလောက်မငတော့ မလုပ်တတ်သူမို့ အနေတော်လောက်ခွဲစားရင်တော့ အတော်ပဲဖြစ်မည်။ ပြီးလျှင်ကော်ဖီသောက်ပေါ့။ နောက်နေ့လည်စာကို စောစောစားလို့လည်း ရသေးသည်ပဲ။

"ငလင်းက ဘာလာလုပ်တာလဲ"

"မင်းလိုပဲလေ . . ထမင်းကြော်လာစားတာ"

"ပြီးရင်ဘာလုပ်ကြမလို့လဲ ကိုမင်း"

ဇဉ်ကတော့ ကိုမင်း လာရင်းအကြောင်းက ထမင်းကြော်စားဖို့ ဆိုတာကို မယုံနိုင်သေး။



www.burmeseclassic.com

www.burmeseclassic.com



"စာလုပ်မလို့လေ . . ."

ကိုမင်း စကားကြောင့် ဆရာမမေမေက ပြုံးကျသွားရသလို ဖေဖေကလည်း ခေါင်းတညိတ်ညိတ်။ ပြီးတော့. . . ကိုကြီးနဲ့ကိုလင်း . . . သူတို့အပြုံးကတော့ သိပ်သင်္ကာချင်စရာမကောင်း . . .။ လောလောဆယ်တော့ မသိသလို လုပ်ပေးလိုက်တာကောင်းသည်။ သူတို့တွေက ဆယ်တန်း၊ ကိုယ်ကကိုးတန်းဆိုတော့ တကယ်သာ သူတို့ ဒီနေ့ စာလုပ်ကြမှာဆိုလျှင် ဇဉ်လည်းစာပဲလုပ်နေရမှာ သေချာသည်။ အမှန်က . . . ဒီမှာ ဇဉ်လောက် စာလုပ်နိုင်သူသိပ်မရှိ။ ကိုကြီးကအစ. . .။ ဒါကိုသူတို့က စာလုပ်မှာလေဆိုတော့ ဒီနေ့တော့ စာအုပ်သုံးလေးအုပ်လောက် ဖတ်လိုက်ဦးမည်ဟု အားခဲထားသော ဇဉ် အဖို့ကတော့ မစားသာ။ ငှားလာသော စာအုပ်တွေမို့ ပိုက်ဆံပဲကုန်ပြီး မဖတ်လိုက်ရမှာလည်းစိုးနေသည်။

"ဟဲ့ . . . ကော်ဖီကို ဖြည်းဖြည်းမသောက်ဘူး"

မေမေက ကဗျာကယာ မော့ချနေသော ဇဉ်ကိုကြည့်လှမ်းပြော၏။

"သမီးလုပ်စရာတွေရှိသေးလို့ မေမေ"

"ကော်ဖီဆိုတာ အရသာခံသောက်ရတဲ့ အရာကွဲ့ကလေးမရဲ့"။

အရေးထဲကိုမင်းက နောက်နေသေးသည်။ အခန်းထဲတန်းဝင်၊ တံခါးကိုပိတ်ပြီး စာအုပ်တွေကို စဖတ်ရသည်။ ဘာပဲပြောပြော ထမင်းစားချိန်မတိုင်မီထိတော့ သူ့အခွင့်အရေးရနိုင်သည်။ စာအုပ်တွေက ကမ္ဘာကျော် ဒီဇိုင်းပညာရှင်ကြီးများအကြောင်းနှင့် သူတို့ဒီဇိုင်းပါဝင်သော စာအုပ်များ၊ ဇဉ်ကိုက အဲဒီလို ဝါသနာပါနေတာ မတတ်နိုင်။





စာအုပ်ထဲက ဒီဇိုင်းတွေအကြောင်းအရာတွေနှင့် တွေ့တော့ အခန်းပြင်က ကိုကြီးတို့ အုပ်စုဘာတွေလုပ်နေလဲလည်း မသိတော့။ ဘာသံကိုမှလည်း မကြားမိတော့သလိုပင်။ ကိုလင်းတစ်ယောက် ဘာလို့ ဒီအိမ်မှာလာနေဖြစ်တာလဲ ကိုမေးဖို့ပင် မေ့သွားရတော့သည်။

နေ့လည်စာ စားချိန်ကျတော့မှ . . . မေမေက ထမင်းစားပွဲ ကူပြင်ခိုင်းသဖြင့် ကူပေးရင်းမေးရသည်။

"မေမေ"

"ဘာလဲ . . ပြော. ."

"ကိုလင်းအိမ်က ဘာဖြစ်လို့ ဒီမှာလာနေရတာလဲဟင်၊ သူဘယ်မှာ အိပ်မှာလဲ။ ကိုကြီး အိပ်ယာထဲမှာပဲလား"

"ကိုကြီးအိပ်ယာဘေးမှာ အိပ်ယာလုပ်ပေးမယ်လေ. . နေတာကတော့ သူ့အိမ်က. . "

မေမေက စကားကို မဆက်ပဲရပ်ထားသေး၏။ ပြီးမှ . . "သူတို့ငှားနေတဲ့အိမ်က . . ဆက်မငှားတော့ဘူး၊ လခ တိုးတောင်းတာမျိုးလည်း မဟုတ်ဘူး၊ သူတို့ အိမ်ရှင်တွေ ကိုယ်တိုင်နေတော့မှာ ဆိုလားပဲတဲ့ . . ."

"အဲဒါ . . ."

"နောက်အိမ်ငှားဖို့ကလည်း ချက်ချင်းမလွယ်တော့ သူ့အမေနဲ့ ညီမနဲ့က အမျိုးတစ်ယောက် အိမ်မှာသွားနေတယ်. . အစ်ကိုကတော့ အဆောင်မှာပဲ . . အဖေကကျတော့ အလုပ်တိုက်မှာပဲ အိပ်မယ်တဲ့ . . အဲဒါနဲ့သူလည်း ကြံရာမရနဲ့ ဒီရောက်လာတာပဲ"

"ဘယ်လောက်ကြာမှာလဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ဇဉ့်ကိုနားမလည်သလို ကြည့်၏။

"သမီးက ဘာလို့ အဲလိုမျိုးမေးရတာလဲ . . သူများကို ခဏ ကူညီတာလေ . . ပြီးတော့ တခြားလူလည်းမဟုတ်ဘူး သမီးအစ်ကိုရယ် ကိုမင်းရယ်၊ ကိုလင်းရယ်ဆိုတာက ငါးတန်းတည်းက တွဲလာကြတာလေ. . ပြီးတော့. . မေမေက သူ့ဆရာမတစ်ယောက်အနေနဲ့ရော ကူညီသူအနေနဲ့ရော. . ဘယ်လောက်နေမလဲလို့ ဘယ်လိုမေးထွက်မလဲ. . သူတို့တွေက ဒီနှစ်ဆယ်တန်း၊ စာအတူတူကျက်နိုင်ကြရင် ကောင်းတာပဲ မေမေလည်းရှိနေတယ် လင်းကလည်း စာတော်တယ်ဆိုတော့ သားကြီးကိုဆွဲကူသွားနိုင်မှာပဲ"

မေမေ့ စကားကြောင့် ဇဉ်စိတ်ထဲ မကောင်းဖြစ်သွားရသည်။ ဇဉ့်မှာက အဲလိုစိတ်မျိုးရှိလို့ မကူညီချင်တာမှမဟုတ်ပဲ။ ဘာပဲပြောပြော ခဏလာနေတာနှင့် အိမ်မှာအမြဲနေမှာနှင့်တော့ဘယ်လိုမှ မတူနိုင်တာ သေချာသည်။ အသားမကျချင်တော့ နည်းနည်းလေး နေရထိုင်ရခက်နိုင်သည်ပဲ။

"သမီးက သဘောမေးတာပါ မေမေ. . အဲလိုစိတ်နဲ့ မေးတာမဟုတ်ပါဘူး"

"ဟုတ်ပါပြီ . . ကဲကဲ . . ထမင်းစားဖို့ခေါ်လိုက်တော့. . "

"ကိုမင်းရောလား မေမေ"

"သမီးကတော့လုပ်ပြီ. . ကဲကဲ သမီးပဲထမင်းစားမယ် ကိုကြီးနဲ့ ကိုလင်း . . ကိုမင်းနေခဲ့လို့ ပြောကြည့်လိုက်ပါဦး"

မေမေ့စကားကြောင့် လျှာကလေးထုတ်ကာ ပုခုံးလေးတွန့်ရင်း သူတို့ရှိရာ အိမ်ရှေ့မျက်နှာစာသို့ ထွက်ခဲ့လိုက်တော့သည်။





အိမ်ရှေ့မှာတော့ စာအုပ်များကို ရှေ့ချပြီး ကိုလင်းက ဂစ်တာတီးနေသည်။ ခပ်တိုးတိုး။ ကိုကြီးကတော့ ဂစ်တာတီးနည်း စာအုပ်ကို အသည်းအသန်ဖတ်နေပြီး ကိုမင်းကတော့ သူ့ဘာသာသူတစ်စုံတစ်ရာကို စဉ်းစားနေဟန်နှင့် ငေးနေသည်။

"ထမင်းစားမယ်တဲ့"

ဘယ်သူ့ကိုမှ နာမည်တပ်မခေါ်ပဲ ပြောလိုက်တော့ သုံးယောက်သား ခေါင်းထောင်ကြည့်သည်။ ကိုမင်းက "ဧည့်သည်လိုမို့ အဲလိုကြီးစားလို့ကောင်းပါ့မလား မသိ"ဟုဆိုကာ ဘာဟင်းချက်လဲ ဆက်မေးနေပြန်သည်။ ကိုကြီးကတော့ မနာလိုစရာ။ သူ့သူငယ်ချင်းတွေနဲ့ ကျောင်းပိတ်ရက်လည်း အတူနေရသည်။ စကားလည်းပြော စာလည်းကျက် လုပ်ချင်ရာလည်းလုပ်နှင့် ဟုတ်နေတာ မနာလိုချင်စရာတောင်ကောင်းသည်။ ပြီးတော့ ကိုလင်းကလည်း သူနှင့်အတူတစ်ခန်းတည်း လနှင့်ချီပြီး နေဦးမည်။

"သီးစုံချဉ်ရည်ဟင်း . . ငါးကြော်. . ကန်စွန်းရွက်ကြော်"

"ဟာ . . မိုက်တယ် ထထ သွားစားမယ်"

ကိုကြီးက ဦးဆောင်ကာထမှ ကျန်နှစ်ယောက်ကထသည်။ ကိုလင်းကြည့်ရတာ တွန့်ဆုတ်တွန့်ဆုတ်နှင့်။ ကိုမင်းကတော့ ထမင်းဝိုင်းကိုကြည့်ကာ . . .

"ဆရာမ . . သားလည်းလာနေလို့ရမလားဟင် သူတို့ခြေရင်းမှာပဲ အိပ်ရအိပ်ရပါ"

ကိုမင်းစကားကြောင့် မေမေကရယ်သည်။

"အော် . . ရပါတယ်။ သူတို့နဲ့သာ တိုးဝှေ့အိပ် အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"အိမ်မှာက ဒီလိုထမင်းဟင်းတွေ မမြင်ရဘူး"

ကိုမင်းက ညည်းညူသလိုပြော၏။ အားလုံးကအကြောင်းသိနေတာမို့ ဘာမှထူးပြီး ပြန်မပြောဖြစ်၊ ကိုမင်းတို့ကျပြန်တော့လည်း တစ်မျိုး . . .။ မိသားစုက ချမ်းသာသည်။ သို့သော် . . . မိဘနှစ်ပါးလုံးက အလုပ်လုပ်သူတွေမို့ သူတို့ဂရုမစိုက်နိုင်ကြ။ စားစရာတွေ အိမ်မှာဝယ်ပေးထားသော်လည်း များသောအားဖြင့်က ပေါင်မုန့်၊ ငါးသေတ္တာနှင့် ဒိန်ခဲများ၊ နောက် ကြက်ဥကြော်၊ အိမ်နားမှာက တရုတ်ဆိုင်ရှိတော့ စားချင်တာ မှာစားနိုင်သော်လည်း အမြဲတမ်းတော့ ဘယ်သူမှ မစားနိုင်။ ဒီတော့ ကိုမင်းတစ်ယောက် ဒီလိုထမင်းဟင်းတွေကို သဘောကျတာ မဆန်း။

"ဒီလိုလုပ်လေ၊ မင်းကဒီမှာအမြဲလာစား . . တစ်ခါတစ်လေကျရင် တရုတ်ဆိုင်က ဟင်းပွဲတွေဆွဲလာခဲ့လေ" ကိုကြီးက ထိုသို့အကြံပေးတော့ မေမေက ဟဲ့ဟု လှမ်းအော်သည်။

"တစ်ခါတစ်လေလို့ သစ္စာကပြောပါတယ် ဆရာမရဲ့ . . အဲလို လူများများနဲ့စားရရင်တော့ စားကောင်းနိုင်တာပေါ့ ပြီးတော့ ဒီလိုချဉ်ရည်လေးနဲ့ တွဲပြီးစားရင် . . . "

သီးစုံချဉ်ရည်ကို သဘောတကျသောက်နေရင်းက ပြောသောကိုမင်းကို အားလုံးကရယ်မောကြရင် ဂရုဏာသက်ကြရသည်။ လောကမှာ တစ်ဦးကနေစရာမရှိ အဆင်မပြေချိန်မှာ တစ်ဦးကနေစရာရော စားစရာရောရှိပါလျက် နွေးထွေးသော မေတ္တာကိုမရ . .။ ဒီတော့ မေတ္တာတွေနဲ့ တည်ဆောက်ထားသော ဆရာမတို့ အိမ်ကလေးက လူတွေ





နေချင်စဖွယ်ဖြစ်နေတာ မဆန်း။ ခုတောင်မောင်နှမလေးယောက်နှင့် ထမင်းဝိုင်းလေက စိုပြေနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

(၁)

နောက်တစ်နေ့မနက်ကျတော့ ကျောင်းပိတ်သည့် တနင်္ဂနွေနေ့ဖြစ်နေသေးသော်လည်း ဇော်. . စောစောထရသည်။ ဒီလိုနေ့တွေမှာ မေမေက ဘုန်းကြီးကျောင်းဆွမ်းပို့သည်။ များများစားစားတော့ မဟုတ်၊ တစ်ချိုင့်စာသာ။ သို့သော် မေမေက ကုသိုလ်ရအောင် ဇော့်ကို ထမင်းထချက်ခိုင်းတတ်သည်။ ထမင်းပေါင်းအိုးနှင့် ချက်ရတာမျိုးဟုတ်။ ကိုကြီးကိုမီးသွေးနှင့် မီးမွှေးခိုင်းပြီး ဇော်က ထမင်းအိုးကိုရေငှဲ့ ချက်ရသည်။ ဆွမ်းထမင်းလေးတွေက သင်းပျံ့ကာ ကော့စင်းနေတာကို မေမေက သဘောကျသည်။

ဇော် မျက်နှာသစ်ပြီး မီးဖိုနောက်ဖက်တွင် ထုတ်ထားသောအဖီတွင် မီးမွှေးသည့်နေရာကို လှမ်းကြည့်တော့ ကိုလင်း . .။ မီးမွှေးပြီး ရေနွေးတစ်အိုးတည်ထားသည်။ ကိုကြီးကဘေးတွင် အာလူးတစ်ချို့နွှာနေသည်။ ဒါတောင် ဇော်ကမေးဖြစ်အောင် မေးလိုက်သေးသည်။





"မီးက ဘယ်သူမွှေးတာလဲ"

"ငလင်း"

"ဟင် . . ဘာလို့လဲ . . ကိုကြီးကရော . ."

"မတွေ့ဘူးလား အာလူးရော၊ ကြက်သွန်တွေရောနွှာနေတာ"

ကိုကြီးက ခတ်ဆတ်ဆတ်လေးပြောသည်။ တကယ်တော့ ကြက်သွန်နွှာသည့် ကိစ္စကိုခါတိုင်းဆို ဇော်ကထမင်းအိုးတည်ထားရင်း လုပ်နေကျ။ ဒီနေ့ ဇော်လုပ်စရာမလိုတော့။

"ဟီး . . ဧည့်သည်ကိုခိုင်းတာလား"

ဇော်က ခပ်တည်တည်နှင့် လူကြီးလိုလိုအားနာစကားဆိုလိုက်သေးသည်။ အမှန်က ဇော် ဒီလောက်လူမှုရေးမကောင်းတာ လူတိုင်းအသိကြီး။

"ဧည့်သည်မဟုတ်ဘူးလေ. . ငါကဒီအိမ်မှာလာနေတဲ့ အိမ်သား၊ ဆရာမသား နင့်အစ်ကိုဖြစ်သွားပြီး . . ဒီတော့ နင်တို့လုပ်တာတွေ အကုန်ငါလည်းလုပ်ရမှာပေါ့"

ဇော် ပုခုံးလေးတွန့်ကာ ပြုံးလိုက်သည်။ တကယ်ဆို ကိုလင်းဆိုတာက သူ့အိမ်မှာ ဘာမှလုပ်သူမဟုတ်။ သူတို့ အိမ်က သိပ်မရှိသော်လည်း ကိုလင်းကိုကျတော့ အလိုလိုက်ထားသည်။ ဒါကို ကိုလင်းညီမနှင့်လည်း သိနေသော ဇော်က သိပြီးသား။ ဆည်းဆာညိုကိုသာ ဒီအကြောင်းပြောလိုက်လို့ကတော့ မေ့လဲသွားလောက်သည်။ ထမင်းချက်ဖို့ ဆန်အိုးကြည့်တော့ ဆန်ကဆေးပြီးသား။

"ဆန်လည်းဆေးပေးထားတယ် . . သစ္စာကို တစ်ခုကူပေးပြီး ဇော့်ကိုလည်း တစ်ခုလုပ်ပေးရမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

ဒါမျိုးတော့ဖြစ်သား။

"ထမင်းပါကူချက်လိုက်ပါလား ကိုလင်းရဲ့"

ဇဉ်က ရယ်စစနှင့် နောက်တော့ ကိုလင်းရှက်ရယ် ရယ်သည်။

"ငါမှ မချက်တတ်တာ . . တစ်ခါမှ မချက်ဖူးဘူး"

"ယုံပါတယ်"

ညှိပြောပြထားပြီးသားမို့ ဘာမှထပ်ပြောနေစရာပင်မလို။ ဇဉ် ထမင်းအိုးတည်တော့ အနားမှာယပ်ခတ်ပေးနေသည်။

ထမင်းကျက်ခါနီးကျတော့ မေမေ ဈေးကပြန်လာသဖြင့် ကိုကြီးနှင့် ကိုလင်း မေမေ့နားရောက်သွားတော့သည်။ မေမေက အနည်းဆုံးတော့ သုံးလေးရက်စာ ဝယ်လာတတ်မြဲ။ အထူးသဖြင့် တနင်္ဂနွေလိုနေ့မျိုး။ ဘုန်းကြီးကျောင်းလည်း ဆွမ်းပို့ နောက်နေ့တွေအတွက်လည်း ပြင်ဆင်ထားတတ်သဖြင့် ဇဉ် တို့မောင်နှမ မေမေနှင့်အတူ အလုပ်ရှုပ်ကြမြဲ။

ထမင်းကျက်တော့ မေမေက ဟင်းစချက်သည်။ ဒီတော့ မေမေ ဝယ်လာသည့်ထဲက ပုဇွန်သေးလေးများကို သူတို့သုံးယောက်ဝိုင်း သင်ကြရသည်။

"ဟင် . . ကိုလင်း လုပ်တာခေါင်းတွေ အကုန်ပါကုန်ပြီ . . မလုပ်နဲ့တော့"

"ဟုတ်လား . . အဲဒီခေါင်းတွေကို ဖြုတ်ပစ်ရတာ မဟုတ်ဘူးလား"

"အင် . . အဲလိုသာဖြုတ်ပစ်ရရင်ကုန်ပြီပေါ့ . . ဒီမှာကြည့် . . တွေ့လား . . အသာလေး နှုတ်ခမ်းမွေးတွေကိုဖယ် ခေါင်းကအကာကို





ဖယ်လိုက်၊ ပြီးမှ ကိုယ်ကိုခွာ၊ အမြီးကိုချွတ်ရင်လည်း အသာလေးချွတ်ရတယ်။ မဟုတ်ရင် အမြီးက အများကြီးပြတ်ကျန်ခဲ့ရော . ."

ကိုလင်းက ရယ်ပါတယ်။ ပြီးတော့ မေးသေးသည်။

"ဒီတိုင်းရော . . စားလို့မရဘူးလား" . . . . တဲ့။

သူ့မှာ လုပ်ပေးရမယ်လို့ သိတဲ့အသိက တခြား။ သူ့ပင်ကိုယ် မလုပ်ချင်တဲ့ စိတ်က တခြားဆိုတာ ဇဉ်ကတော့သိနေသည်။

အားလုံးပြီးတော့ သူ ကြည့်ရတာစိတ်ရှုပ်သွားပုံပင်။ ကိုကြီးက ရယ်နေသော်လည်း၊ ဇဉ်က မသိချင်ယောင် ဆောင်နေလိုက်သည်။ သူများအိမ်မှာ အလကားမနေချင်လို့လုပ်ရင်း ကိုလင်းတစ်ယောက် သူ့အိမ်ပြန်သွားသည့်အခါ ကူတတ်သော သူကလေးဖြစ်သွားလည်း အကောင်းဆုံးပေါ့ . . ဟု တွေးရင်းပေါ့။ တကယ်မဖြစ်နိုင်သော အတွေးဆိုတာကိုတော့ ဇဉ် နောက်မှသိခဲ့ရသည်ပဲ။

ဆွမ်းချိုင့်ကို အတူသွားပို့ကြသည်။ ဘုန်းကြီးကျောင်းက နောက်ဖက်လမ်းတင်ကို။ ခါတိုင်းဆို ကိုကြီးကဟင်းချိုင့်ဆွဲ၊ ဇဉ်က ထမင်းချိုင့်ဆွဲ . . ၊ ဒီနေ့တော့ ဇဉ်က ခြေလွတ်၊ လက်လွတ်။ ပျော်စရာ ကောင်းသား . . ဟု တွေးလိုက်မိတာ ပထမဆုံးအကြိမ်ဖြစ်သည်။ သို့သော် ကိုလင်းကိုတော့ အစ်ကိုမတော်ချင်။ သူကလူတစ်မျိုး၊ တော်ချင်းတော် ကိုမင်းဆိုဟုတ်တုတ်တုတ်။ ကိုလင်းနေရာမှာ ကိုမင်းဆိုရင်ရော ကိုမင်းလို သူဌေးသားက ဒါမျိုးကူလုပ်တတ်ပါ့မလား။ ဇဉ် အတွေးတွေ များသွားတာမို့ ကိုယ့်ကိုယ်ကို ဘရိတ်အုပ်ရင်း ကြိတ်ပြုံးမိသည်။ နေ့လည် ကျတော့ ကိုမင်းရောက်လာသည်။

"ထမင်းလာစားတာ ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ရယ်သည်။ လက်ထဲမှာလည်း ဆရာမဖို့ ဟုဆိုတာ ဖော့ဘူး ၂ဘူးပါသော ကြွတ်ကြွတ်အိတ်နှင့်။

"ဟဲ့ . . ဘာတွေလဲ သစ္စာပြောတိုင်း လျှောက်လုပ်နေတာလား"

"အာ . . သားပြောတိုင်းသာ သူလုပ်လို့ကတော့ သေချာတယ် . . ဒီကောင်ထူးချွန်နေပြီ"

ကိုကြီးက ညစ်ကျယ်ကျယ်လေသံနှင့် ဝင်ပြောသော်လည်း စိတ်မဆိုး။ ကိုမင်းနှင့် ကိုကြီးက တည့်သည်။ ကိုကြီးက ကိုလင်းနှင့်လည်း တည့်သည်။ မတည့်အတူ နေတာက ကိုမင်းနှင့် ကိုလင်း . .။

"အဲလိုထူးချွန်မှာကိုပဲ သားကကြောက်တာ ဆရာမ သူ့နားက ဆရာကြီးဆိုပို့ကြောက်သေး. ."

ဒီတစ်ခါတော့ ကိုလင်းကရယ်သည်။

"ဆရာကြီး ဗေဒင်ဟောလိုက်ဦးမယ်။ အဲဒါ ဘဲကင်နဲ့ အစိမ်းကြော် . . အစိမ်းကြော်က ကြက်သည်းမြစ်နဲ့. ."

ကိုလင်းကခပ်တည်တည်နှင့် နောက်လိုက်ခြင်းဖြစ်သော်လည်း ကိုမင်း နည်းနည်းငြိမ်သွားသည်။

"မင်း . . ဘယ်လိုသိလဲ"

"ဟော . . မှန်သွားပြီ မဟုတ်လား။ ပြောတော့ ကြောက်တယ်တဲ့ ပြီးမှပညာဆည်းပူး ပါရစေဆို မရဘူးမောင်"

"အပိုတွေ မပြောပါနဲ့ မင်းဘယ်လိုသိလဲပြောပါ ဘာလဲအဲဒီဆိုင်ကလူနဲ့တွေ့ခဲ့တာလား"

"ကြဲကြီးစည်ရာ . . ငါမနက်က သစ္စာတို့နဲ့ပဲ ဘုန်းကြီးကျောင်းသွားတယ်"





"ဒါဆို . . . ငါ့အမေ မနက်ကလာသွားလို့လား"

"မလာပါဘူး သားရယ်"

မေမေက ဝင်ဖြေပေးတာမို့ တိတ်သွားရသည်။ သေချာတာကတော့ ကိုလင်းပြောတာမှန်နေပြီ။ မေမေကလည်း ဘူးတွေကိုဖွင့်ရင်း တအံ့တသြ။

"ဟယ် မှန်တာပဲ . . တကယ်ပဲ ဘဲကင်နဲ့ အစိမ်းကြော်"

"ဟုတ်တယ်ဆရာမ သားကဒီမှာ ထမင်းစားတယ် စာလုပ်တယ်ဆိုလို့ မေမေက စီစဉ်ပေးလိုက်တာ ကျွန်တော်ကိုယ်တိုင်တောင် မေမေဘာမှာ သွားမှန်းမသိဘူး ထွက်မယ့်အချိန်ပြောဆိုလို့ပြောတဲ့ချိန်ဆိုင်က လာပို့သွားမှသိတာ ဒီကောင်က ဘယ်လိုသိနေရတာလဲမသိဘူး"

ကိုလင်းကဒီတော့မှ တဟားဟား၊ ထရယ်သည်။

"မဂေါက်ပါနဲ့ ငမင်းရာ. . ဘဲကင်နံ့က ရနေတာပဲ"

"ဖွင့်လိုက်မှရတာပါ"

ဇဉ်ကလည်းဝင်ပြောမိ၏။ မေမေဘူးဖွင့်လိုက်မှ အနံ့ထွက်လာတာကိုတော့ ဇဉ်လည်းသတိထားမိသည်။

"မင်းတို့က ဖွင့်မှရတာ ငါက မဖွင့်ခင်တည်းကရတယ် အနံ့ခံအာရုံစူးရှတယ်လေ"

မျက်လုံးလေးစုံလောက်က သူ့ကို ခုထိမယုံကြည်စွာ ကြည့်နေသေးသည်ကို လိုလင်းကရယ်သည်။

"ထားပါတော့ အဲဒါက အနံ့ရလို့ အစိမ်းကြော်ကျတော့ရော. . အသည်းအဖြစ်နဲ့ ဆိုတာကပါသေးတယ်" ကိုမင်းကမကျေနပ်စွာ ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစိမ်းကြော်လည်း အနံ့ရှိတာပဲ မင်းတို့သာမသိတာ ငါကျတော့ အနံ့တွေကို အာရုံကောင်းတဲ့ သူကိုး အသည်းအမြစ်ဆိုတာကတော့ ရမ်းပြောတာ ပြီးတော့ သူတို့ဆိုင်က အသည်းအမြစ်ကိုခေါက်ဆွဲကြော် ကြာဇံကြော်တွေထဲမှာ ထည့်လေ့မရှိဘူး အစိမ်းကြော်မှာပဲ ထည့်တတ်တာကို သတိထားမိလို့ ရမ်းပြောလိုက်တာ"

ကိုမင်းက မယုံချင်သေး။ ကိုကြီးကိုတော့ ကိုလင်းက စူးစမ်းသလို ကြည့်နေတုန်း။ မေမေကတော့ ထမင်းပွဲပြင်နေပြီမို့ ဇဉ်လည်း ထမင်းပွဲကူပြင်ရတော့သည်။

"အားပါး . . ချဉ်ပေါင်နဲ့ မှျစ်နဲ့ချဉ်ရည်ပါလား မိုက်တယ် ပုစွန်သေးသေးလေးတွေလည်းပါတယ်" ကိုမင်းက ချဉ်ရည်ပန်းကန်ကို ကြည့်ကာအော်၏။

ကိုကြီးက . .

"အဲဒါ ဘုန်းကြီးပွဲ အကျန်မောင်ရင် . . မောင်ရင်ကတော့ ဘဲကင်မျက်နှာရှိတော့ အားရပါးရသာသောက် အားမနာနဲ့ သီလား အဲဒီပန်းကန်ကြီးတစ်ပန်းကန်စာပဲကျန်တာ"

. . ဟုဆိုနေသဖြင့် မေမေ လှမ်းရိုက်တာခံ လိုက်ရသည်။

"အဲလိုပဲ သူများမျို မကျအောင်"

"အာ . . ဘာလို့မျိုမကျရမှာလဲ ဆရာမရဲ့ နဂိုတည်းက မရှက်တတ်လို့ ထမင်းတောင်လာတောင်းစားသေးတာ ဒီလောက်ကတော့ သူတို့ဘယ်လိုပြောပြော ဘာမှဖြစ်မယ်မထင်ပါနဲ့ . . အစားမပျက် အသောက်မပျက်ပဲ . ."

ထမင်းစားကြတော့ ကိုမင်းက ချဉ်ပေါင်ကို မြိန်ရည်ယှက်ရည်





စားသလို ငါးကလေးအိုးကပ်ကိုလည်းစားသည်။ ကိုကြီးနှင့် ကိုလင်းကတော့ ဘဲကင်နှင့် အစိမ်းကျော်ကို ဖေဖေ့အတွက် ဖယ်၊ မေမေ့ကိုဦးချကာ စားကြသည်မှာ အိမ်ဟင်းကိုပင်မတို့တော့။

"ကိုမင်းစားဖို့ချန်ထားပေးတာ မေမေ၊ ပြီးတော့ သူယူလာတာတွေလည်း သူတို့သားအမိကုသိုလ်ရအောင်စားပေးနေရသေးတယ်"

ဘာပဲပြောပြော မောင်နှမနှစ်ယောက်တည်းနှင့်လည်း ဆူချင်ဆူညံနေတတ်သော အိမ်ကလေးက ခုတော့ မောင်နှမလေးယောက်နှင့် စည်းကားသိုက်မြိုက်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



(၈)

ကျောင်းပြန်ဖွင့်တော့ ညို့ကိုတွေ့သည်။

"နင်ကလဲ နောက်ကျလိုက်တာ နင့်ကိုပြောချင်လို့စောင့်နေတာ"

"ဘာလဲ ကိုလေး နင်တို့အိမ်ရောက်နေပြီ မဟုတ်လား"

"ဟုတ်တယ် နင်ကရော"

"ငါက ခု တောင်ဥက္ကလာမှာလေ ဒါကြောင့် နောက်ကျတာ လာရတာနည်းနည်းဝေးတယ်" အမှန်တော့ နည်းနည်းဝေးတာမဟုတ်။ များများဝေးတာ။

"နေရတာရော အဆင်ပြေလား"

"ငါတို့ကတော့ ဒီလိုပါပဲ နင်တို့ပဲ အဆင်ပြေလားမေးရမှာ အိမ်မှာ လူပိုတစ်ယောက်တင်ကျွေးရတာ နင်တို့အတွက် ဘာမှမဟုတ်ပေမယ့် ကိုလေးဆိုတာက အလိုက်သိတဲ့သူမဟုတ်ဘူး ပြီးတော့ နင်လည်း စိတ်ကျဉ်းကြပ်ရှာမလားလို့ မေမေကလည်းတွေးနေတာ"





"ရပါတယ် ခုဆို အိမ်မှာ ကိုမင်းကလည်း ညပဲမအိပ်တာ တူတူဖြစ်နေကြတော့ သုံးယောက်သား တစ်တွဲတွဲပဲ"

"ကိုမင်း. . ."

ညိုက တအံ့တသြလေးရေရွတ်၏။

"ဟုတ်တယ်လေ . . သူတို့ခုအိမ်မှာ တတွဲတွဲ . . အမှန်ကညိုရယ် နင်ကငါ့ဆီလာနေရမှာလေ"

ညိုကခေါင်းခါ၏။

"နင်မသိပါဘူး။ ငါတို့က ဘယ်မှာနေနေရတယ်။ ကိုလေးက မရဘူး၊ နင်တို့ဆီမှာတောင်အဆင်ပြေပါ့မလားလို့ ငါတို့ကစိတ်ပူနေတာ။ ဘာပဲပြောပြော ကိုသစ္စာနဲ့ သူကလည်းတော်တော်ချစ်ကြတယ်၊ ဆရာမကလည်း သူ့ကိုချစ်တယ်၊ သူကလည်း ဆရာမကိုတော့ လေးစားတယ်ဆိုပြီး. . လွှတ်လိုက်ရတာ"

"အော်. . . ခုတော့ အဆင်ပြေတယ်လေ"

"အေးပါ . . အမေကြားရင်လည်း စိတ်ချမ်းသာမှာပဲ"

ပြောပြီး ညိုတစ်ယောက် ငြိမ်သွားပြန်သည်။ သူလည်း ဘယ်တော့များမှ မိသားစုအတူ ပြန်နေရမလဲ တွေးရင်တွေးမှာပေါ့။ အမှန်က အိမ်ကဆက်မငှားတော့တာထက် တခြားသော အကြောင်းကိစ္စတွေလည်း ရှိနေနိုင်သည်ပဲ။ ဇဉ် မမေးချင်ပါ။ သိလည်းမသိချင်။ ဇဉ့်ဖက်က ကိုလင်း ရောက်ခါစက အနည်းငယ် ဘဝင်မကျဖြစ်နေတာ မျိုးကလည်း မကူညီချင်လို့မှ မဟုတ်ပဲ။ ခုတော့ ဇဉ့်စိတ်ထဲမှာ အနေကျဉ်းတာ စိတ်မရှင်းတာတွေ မရှိတော့။

နေ့လည် ထမင်းစားဆင်းချိန်ကျတော့ ညိုက သူ့အစ်ကိုအတွက်

www.burmeseclassic.com

ထမင်းချိုင့်ပါသည်ဆိုကာသွားခေါ်၏။ ဒီတော့မှ မနက်က ဇဉ်ကို မစောင့်ပဲထွက်သွားကြသော ကိုကြီးနှင့် ကိုလင်းကို မေမေထမင်းဘူး ထည့်ပေးလိုက် မပေးလိုက် စဉ်းစားရတော့သည်။

ခဏနေတော့ ကိုလင်း၊ ကိုကြီးနှင့်အတူ ကိုမင်းပါ ရောက်လာသည်။ ထမင်းချိုင့်ကိုယ်စီနှင့်။ တစ်ခါမှ ဒီလိုအခန်းကူးစားတာ မမြင်ဖူးကြတော့ ဇဉ်တို့ကို လူတွေက ကွက်ကြည့်ကွက်ကြည့်နှင့်။ ဇဉ့်အစ်ကိုကိုလူချောကို ကြည့်တဲ့ကောင်မလေးတွေက ကြည့်၊ သူဌေးသားတော့. . ဟု လူပြောများသော ကိုမင်းကိုကြည့်သူကကြည့်၊ စာသိပ်တော်သလောက် သိပ်ဆိုးတာဟု နာမည်ကြီးသော ကိုလင်းကိုကြည့်သူကကြည့်။

ဇဉ် အသံထွက်အောင်ပင် ရယ်မိတော့သည်။

"ဘာရယ်တာလဲ"

ကိုကြီးက အကြီးပီပီ ဇဉ့်ကို အိန္ဒြေမရှိရန်ကောဟူသော လေသံနှင့် လှမ်းဟန့်၏။

"ဟင် . . ကောင်မလေးတွေက ကွက်ကြည့်ကွက်ကြည့်နဲ့ မမြင်ဘူးလား"

ညိုက ခစ်ကနဲရယ်သည်။ ကိုလင်းက သူ့ညီမကို နင်ကပါ. . ဟု လှမ်းဟန့်၏။ ကိုမင်းကတော့ သူတို့နှင့်အတူ လိုက်ရယ်သည်။ ပြီး . . ပြောသေးသည်။

"အော် . . ဒီလိုနာမည်ကြီးတွေဆိုတာက တစ်ခါတစ်လေမှ တွေ့ရတာ . . ကြည့်ကြပါစေ ဇဉ်ရဲ့ . ."

ဇဉ်က မျက်စောင်းထိုးမိရင်း ပြောမိမှားပေါ့ဟု ရေရွတ်ကာ ထမင်းကို ဆက်စားနေလိုက်သည်။ ကိုကြီးကတော့ ခပ်တည်တည်နှင့်





သူတို့ကို ကြည့်နေသူများကို တစ်ယောက်ချင်းစီလိုက်ပြီး ခပ်တင်းတင်း ပြန်ကြည့်လိုက်တာမို့ အားလုံးအကြည့်တွေရွေ့သွားကြသည်။

"အလကား . . မျောက်ပွဲကျနေတာပဲ"

မကျေမနပ် ရေရွတ်သံကြောင့် ကိုမင်းနှင့် ကိုလင်း တဟားဟားထရယ်တော့သည်။

"မင်းဘာသာမင်း ဝန်ခံတာနော်. ."

"အေးလေ. . ငါတို့ မပါဘူး"

ကိုကြီး သူစကားမှားသွားမှန်းသိသော်လည်း တစ်စက်မှ မလျှော့. . ။

"စကားအဖြစ် ပြောတာကို လျှောက်ရယ်မနေနဲ့. ."

. . ဟုပင် ပြန်ဟောက်လိုက်သေးသည်။

ကိုမင်းကတော့ ခေါင်းတစ်ခါခါနှင့် . . ဘာမှပြန်မပြောသော်လည်း ကိုလင်းကတော့. .

"အော် . . . မိန်းကလေးတွေ မျက်စိလေးနဲ့ ကြည့်တာများကွာ . . . ပုံ့ပါသွားတာကျလို့ . . " . . . . . တဲ့။

"မှန်း . . . မင်းလက်မောင်းသားလေးများပုံ့သွားလားမသိ . . စောစောက သဇင်ဝေက မင်းလက်မောင်းကိုချည်း စိုက်ကြည့်နေတာ . . မင်းတော်တော်နာသွားလား. ."

ကိုလင်းစကားကြောင့် ကိုမင်းကပါထဖောက်သဖြင့် ကိုကြီး ဒေါသထွက်ကာ ထထွက်သွားတော့သည်။ ညိုကတော့ သူ့အစ်ကိုကို အကြီးတစ်ယောက်လိုဆူသည်။

"အဲလို လုပ်ရလား ကိုလေးရဲ့ . . ဟိုမှာ စိတ်ဆိုးသွားပြီး. ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါလေးများ . . ဆိုးပေ့စေ . ."

"ဟဲ့ . . ကိုလေးက သူ့အိမ်မှာ နေနေတာလေ . ."

ညို့စကားကြောင့် ကိုလင်းတစ်ချက်တည်ကနဲ ဖြစ်သွားသော်လည်း ဘာမှတော့မပြော။ ဇဉ်ကပဲ အားနာပြီး ဝင်ပြောရသည်။

"အာ . . ဘာဆိုင်လဲ ညို့ရယ် . . ကိုကြီးကိုက ဘာဖြစ်နေမှန်းမသိတာ။ ကြည့်တာပဲ တစ်ခါမှ လာတာမဟုတ်တဲ့သူ တွေ့စုံနေလို့လည်း ကြည့်တယ်။ မေမေ့သားဆိုပြီးလည်း ကြည့်မယ် အဲဒါဘာဖြစ်လဲ . ."

"အမယ် . . ငါတို့ကျမပါဘူးလား . ."

အရေးထဲ ကိုမင်းကတစ်မျှောင့်။ ကြည့်လိုက်တော့ စပ်ဖြဲဖြဲနှင့်။ သူကပါ ကိုလင်းနှင့်အတူ ဖြစ်နေပြန်သည်။

"ဟုတ်ပါပြီ။ မှားလို့ ကိုကြီးကမသိလို့ ကိုမင်းကိုကြည့်တာလို့ သွားဖြေရှင်းပေးလိုက် . ."

ဇဉ် ကရွဲ့ပြောလိုက်တာဖြစ်သော်လည်း ကိုမင်းက ချက်ချင်းထသည်။

"ဟုတ်တယ် ထထ လေင်း ဒီကောင်အထင်လွဲပြီး ညကျအိပ်မပျော်ရင် မင်းပဲဘေးကနေ . . ဒုက္ခရောက်မှာ လာ . . လာ . . ထသွားမယ် . ."

ပြောရင်းဆိုရင်း နှစ်ယောက်သား ထမင်းဘူးတွေပိတ်ကာ ထထွက်သွားကြသဖြင့် ညိုနှင့် ဇဉ်ပဲကျန်ခဲ့သည်။

ညိုကတော့ သက်ပြင်းကို မသိမသာချကာ ခေါင်းခါနေသည်။

"ခါမနေနဲ့ . . အဲဒီခေါင်းကို . . သူတို့က ခဏနေကျရင် သမီးယောက်ဖတွေလို ပခုံးပြန်ဖက်သွားရော . . ကိုယ့်ဘာသာ ကိုယ်ပဲ





ထမင်းဝအောင်စား . ."

ဇဉ် . . စကားကြောင့် ညိုကရယ်သည်။

"ဘာရယ်တာလဲ . ."

"ဘာရယ်ရမလဲ . . သမီးယောက်ဖဆိုတော့ ဘာဖြစ်သွားလဲ . . နင်က ကိုလင်းကိုယူမလား . . ငါက ကိုသစ္စာကို ယူရမလား . . ဟီဟီး"

ဒီတော့မှ ဇဉ် စကားမှားသွားတာ သိလိုက်တော့သည်။

"နင်ကလဲ . . ဥပမာ ဥပမေယတွေနဲ့ ပြောကြည့်တာ။ တကယ်ဆိုရင်တော့ နင်ပဲငါ့အစ်ကို ကိုယူပါ . . ငါ့အစ်ကိုချောက ချောနဲ့ . ."

"အံမယ် . . ကိုလင်းလည်း ချောပါတယ်။ မှုန်တေတေ နေတတ်တာရယ်၊ ဆိုးတာလေးတစ်ခုရယ်ပါပဲ"

"တော်ပါ . . ကြောက်လို့ အဲဒီတစ်ခုလေးပါပဲဆိုတာကို ကြောက်တာ။"

နှစ်ယောက်သား ပြောပြီးရယ်မိကြသည်။ အဲဒီတုန်းကတော့ ရင်ခုန်စိတ်လည်း တစ်စက်မှ မပါတော့ ပြောထွက်ကြ ပြောရဲကြသည်ပဲ။

"အော် . . ငါမေ့သွားတယ် . . ဇဉ် . "

"ဘာလဲဟ . ."

"အမေက ကိုလေးဖို့ မုန့်ဘိုးပေးလိုက်တယ် . . အဲဒါနင်ပဲ ယူသွားပြီး အိမ်ကျပေးလိုက်တော့နော် . . ."

"ဘာလုပ်ဖို့လဲ မုန့်ဖိုး . . ငါတို့လည်း မုန့်ဖိုးမှမရတာ . . နေ့လည်တစ်ခုခု အချိုအချဉ် စားချင်ရင် မေမေ့ရှိတာပဲ . . ငါတို့ တစ်ခါမှ မုန့်ဖိုးမရဖူးပါဘူး . . ထမင်းဘူးပါတာပဲ . "



www.burmeseclassic.com

www.burmeseclassic.com



ညိုက ခေါင်းညိတ်သည်။

"ငါတို့လည်း မုန့်ဖိုးရခဲ့ပါတယ်။ ထမင်းချိုင့်မပါမှသာ . . ကိုလေးကိုတော့ပေးရတယ် . . သူကထမင်းချိုင့်မှ မယူတာကိုး . . . "

"ခု . . မေမေက ထည့်ပေးနေတယ်လေ . . ခုဆိုနင်တွေ့တဲ့ တိုင်းသူတို့က နှစ်ယောက်စာ၊ နင်ယူလာတာနဲ့ ဟင်းတွေတောင်ပိုနေပြီ . ."

"ပိုတာက ကိစ္စမရှိဘူး၊ ငါပြန်ယူသွားပြီး ညနေစားမှာပေါ့ . . "

ခုနကလည်း ကိုလင်းက ကိုကြီးနှင့် တစ်ချိုင့်တည်း စားသွားတာမို့ ညိုယူလာသော ဘူးလေးက ဒီတိုင်းကျန်နေ၏။ ညနေစာရတော့ ရောနည်းလား . . ပြန်ယူသွားပေါ့ . . ဟုပြောရင်း ဇဉ်ပဲဘူးကို ပြန်ပိတ်ပေးလိုက်သည်။

"ဇဉ်"

"အင် . . "

"နင် . . တစ်ခုခုဆို ပြောနော် . . "

"ဘာကိုလဲဟ . . "

"ကိုလေးနဲ့ ပတ်သက်ပြီးပြောပါတယ် . . အဆင်မပြေ အချိုးမပြေတာတွေရှိရင်လေ . . မေမေလည်းမှာလိုက်တယ်"

ဒီတော့မှ ဇဉ်လည်း ကိုလင်းမနေ့က ကူတာတွေကို ပြောပြလိုက်ရသည်။ ညိုကတော့ တအံ့တသြ။

"နင်တမင်ပြောနေတာ မဟုတ်မှန်းတော့ သိတယ်။ ဒါပေမယ့် . . ကြားရတာမယုံချင်ဘူး . . ။"

"အေးလေ . . ငါလည်းမြင်ရတာ မယုံပါဘူးဆို . . နင့်ကိုပြန်





ပြောရမယ်လို့ တွေးထားတာ"

"မေမေ့ကို ပြန်ပြောပြလည်း မေမေက ငါညာနေတယ် ထင်ရင်ထင်မှာ . . "

"နင်ညာတယ် မထင်ရင် ငါညာတယ်ပဲ ထင်မှာပေါ့ . . "

အေးလေ . . ဟုဆိုကာ နှစ်ယောက်သားရယ်ဖြစ်ကြသည်။

ခေါင်းလောင်းထိုးသံနှင့် အပြိုင် . . . . ။



www.burmeseclassic.com

www.burmeseclassic.com



(ယ)

ကျောင်းတက်ရက်တွေမှာတော့ အားလုံးက မနက်စောစောထကြရသည်။ မေမေက ထမင်း၊ ဟင်းချက်နေတာကို ကူရသည်။ ပြီးရင် ထမင်းဘူးတွေကို စီထည့်တာက ဇဉ်အလုပ်။ မေမေ့ကို ဘယ်ဟာက ဘယ်နှစ်တုံးစီ ကိုယ်တာရှိလဲ မေးယုံသာ။ ဖေဖေကလည်း ထမင်းချိုင့်ယူတတ်သည်။ မေမေက တစ်ချိုင့်၊ သူနှင့် ကိုကြီးကတစ်ဘူးစီ။ ခုတော့ မေမေက ကိုလင်းအတွက်ပါ ထမင်းဘူးလေး တစ်ဘူးစီစဉ်ပေးထားသဖြင့် ထမင်းဘူးသုံးဘူး။

ဟင်းအခြေအနေကိုကြည့်ပြီး ညို့အတွက် ထည့်ချင်လျှင်တော့ မေမေ့ကို ခွင့်တောင်းကာ ထည့်သွားရတတ်၏။ မေမေကလည်း ကျောင်းမှာအများစုနှင့်စုစားတာမို့ လျှော့လို့မရ။ ဖေဖေ့တစ်ယောက်တည်းကိုသာ ကွက်တိထည့်ပေးရသည်။ သူကျတော့တစ်ယောက်တည်းစားသူကိုး။

"ဟင်းက အရည်ပါတော့ ချိုင့်နဲ့ထည့်လိုက်ရမလား မေမေ"





"ဘယ်သူ့အတွက်လဲ"

"ကိုကြီးနဲ့ကိုလင်းလေ"

"ချိုင့်ကကြီးနေမှာပေါ့ သမီးရဲ့"

"အင်းနော် အရည်ဟင်းကျတော့ သူတို့ဘူးတွေကထည့်လို့မကောင်းဘူး မေမေ"

"ဒါဆိုလည်း သုံးယောက်ပေါင်းထည့်လိုက်ပြီး တူတူစားပေါ့"

မေမေ့စကားကြောင့် ဇဉ် နှာခေါင်းလေးရှုံ့လိုက်မိသည်။ ပထမတစ်ရက် အတူစားပြီးကတည်းက မလာတော့။ ကိုကြီးက မလာချင်တာကိုး၊ ကိုလင်းတို့ကပါ မလာချင်တာလား မလိုတော့လို့လားမသိ။

"မေမေ့သားကိုမေးပါဦး ဘယ်လိုလုပ်မှာလဲလို့"

မေမေက လှမ်းမေးတော့ မေ့သမီးကိုသားတို့အခန်းလာခိုင်းလိုက် ဆိုသောအဖြေကိုရသည်။ အိုး ဘာအရေးလဲ မိန်းကလေးပဲ လာယုံပေါ့ ဟုမေမေမကြားအောင် ရေရွတ်လိုက်သေးသည်။ မေမေကတော့ ဘာမှမသိ။ သမီးနှင့်သား ထမင်းတစ်ချိုင့်တည်းကို အတူစားဖို့နေရာပေးလိုက်ခြင်းသက်သက်သာ။ ကျောင်းရောက်တော့ ဇဉ်ဆီမှာ ထမင်းချိုင့်မပါတာကိုကြည့်ပြီး ညိုကတအံ့တသြ။

"နင် ဒီနေ့ထမင်းချိုင့်မပါဘူးလား ဆရာမနေမကောင်းလို့လား"

"မေမေ နေကောင်းပါတယ်ဟ . . မကောင်းလည်း ငါတို့မောင်နှမ ချက်ကြတာပဲ . ."

"ဒါဆို . ."

"နေ့လည်ကျမှ ကိုကြီးတို့ အတန်းသွားစားရမှာ ချိုင့်ကိုသူသယ်"



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်လေ"

"အော် . . ချိုင့်ကြီးနဲ့လား . . ဘာဟင်းမို့လဲ . ."

"သီးစုံပဲကုလားဟင်း . ."

"ကောင်းလိုက်တာ။ ငါတောင် စားချင်လာပြီ . ."

"ငါတို့အိမ်မှာက ခဏခဏချက်တယ်။ ကျောင်းတော့သိပ်ယူရတာ အဆင်မပြေဘူး . . ငါ့ဘူးကတော်သေးတယ် သူတို့ဘူးတွေဆို အဆင်မပြေဘူးလေ . . ဒါကြောင့် . . နေ့လည်ကျနင်လည်း လိုက်ခဲ့ရမှာပဲ . ."

"ဟာ . . မဖြစ်ဘူး ထင်တယ်နော် . ."

"ဘာလို့မဖြစ်ရမှာလဲ . ."

"ကိုလေးပြောနေမှာပေါ့ . ."

"ဘာပြောစရာရှိလဲ . . ငါလာလို့နင်လာတာ။ ငါခေါ်လာတာပေါ့ . . အလကား သိပ်ကြောက်မနေနဲ့ . . ရောင့်တက်တယ် . . ဟီး"

ခပ်တည်တည်နှင့် ဆရာကြီး လုပ်ကာ ပြောနေပြီးမှ ရယ်ချင်လာသဖြင့် ရယ်ချလိုက်မိသည်။ တကယ်တမ်းသွားတော့ ကိုလင်းကို အတန်းထဲမှာပင် မတွေ့ရ။

"ကိုကြီးစားနေပြီလား . . ကိုလင်းရော . . ."

"သိဘူး။ ရုံးခန်းကခေါ် လို့တဲ့ . . သွားလေရဲ့ . . အမြန်ပြန်လာခဲ့လို့တော့ မှာထားတာပဲ . ."

ရုံးခန်းသွားတာများ သူမှာလိုက်တိုင်း အမြန်ပြန်လာလို့ရတာကျနေတာပဲ . . ဟု တွေးလိုက်သေးသောလည်း ပါးစပ်ကတော့ ထုတ်မပြောတော့။ လူကဆာနေပြီ။ ကိုမင်းထမင်းဘူးကို ကြည့်တော့ သနားစရာ။ ပေါင်မုန့်နှင့် ငါးသေတ္တာ

"ကိုမင်းပဲ ကုလားဟင်း စားချင်လား . ."

ဇဉ်ကပေးလိုက်၏။

"အေး . . ထမင်းမှ မပါတာ"

"အော် . . ထမင်းနည်းနည်းယူစားလေ . . ဇဉ့်ဆီက နည်းနည်းယူ . . ညို့ဆီက နည်းနည်းယူ"

"နင်တို့ မဝရှင်ရော . ."

"ကိုမင်း ပေါင်မုန့်တွေကို စားမှာပေါ့ . ."

"အေး . . ကောင်းတယ် . ."

"အစတည်းက ကိုယ့်ဘာသာကို အဲလိုစီစဉ်ပါတော့လား . . ခုတော့ သူများပြောရတာကောင်းလား . ."

ကိုကြီးက ခပ်တည်တည်နှင့် ဟောက်၏။ ကိုမင်းကတော့ အေးအေးဆေးဆေးပင်။ အကြောင်းသိတွေဆိုတော့ စိတ်တောင်မဝင်စားသလိုနှင့် ထမင်းတွေလိုက်စုရင်း ကိုလင်းထဲမှ ထမင်းတစ်ဇွန်းကိုပါ ခပ်ယူလိုက်တာမို့ ညိုကလှမ်းပြောသည်။

"ညို့ဆီက ထပ်ယူတာ မဟုတ်ဘူး . ."

"အားလုံး မျှမျှတတပေါ့ . . ဟော့ သစ္စာပေးဦး . . . ဟာ . . မင်းထမင်းတွေက ကုန်တော့မယ် . ."

ကိုကြီးက သဘောကျစွာရယ်၏။ တကယ်လည်း ဇဉ်တို့မရောက်ခင်တည်းက စားနေဟန်တူသော ကိုကြီး၏ ထမင်းကကုန်တော့မည်။

ခဏနေကျတော့ ကိုလင်းပြန်ရောက်လာ၏။







www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ လေင်း . ."

"နင်က ဘာလာလုပ်တာလဲ ညို . ."

ရောက်ရောက်ချင်းကို ကိုကြီးက လှမ်းမေးသလို သူကလည်း ညို့ကို ချက်ချင်းမေးသည်။ ညိုမဖြေခင် ဇဉ်ဝင်ဖြေရ၏။

"ဘာလဲ . . ဒီကို ဇဉ်ကတစ်ယောက်တည်း လာစားရမှာလား. ."

ဒီလိုကျတော့ ကိုလင်းအောင့်သက်သက်ဖြစ်သွားဟန်ရှိသော်လည်း ဘာမှတော့မပြောတော့။ ကိုကြီးဖက်သို့လှည့်ကာ အဖြေပေးသည်။

"ဘာမှလည်း မဟုတ်ပါဘူးကွာ။ ကျောင်းပေါင်းစုံ သီချင်းဆိုပြိုင်ပွဲတဲ့. . ဝင်ပြိုင်ဖို့ပြောတာ. . ငါ့ကို သီချင်းဆိုတယ်လို့ ဘယ်သူသွားချွန်လိုက်လဲ မသိဘူး. . ."

"ဒီတော့. . မင်းက. ."

ကိုမင်းက မေး၏။

"အမှုက အဲဒီကျမှစတာ. ."

"ဘာဖြစ်လို့လဲ. ."

"မပြိုင်နိုင်ပါဘူး . . လို့ ငြင်းလိုက်တယ်. ."

"ဟင် . . ဘာဖြစ်လို့လဲ. ."

ဒီမေးခွန်းက ဇဉ် ကိုမင်းနဲ့ ကိုကြီးတို့ထံမှ ပေါင်းထွက်လာသောမေးခွန်း။ ညိုကတော့ ဘာမှမထူးသလိုပင် မမေး။ ထမင်းကိုသာ စားနေသည်။

"ဘယ်သူတွေက အကဲဖြတ်မှာလဲလို့မေးတော့. . ပညာရှင်တစ်





ယောက်မှ မပါလို့ငြင်းလိုက်တာ"

"ဟောတော်. ."

ဇဉ်ကတအံ့တသြဖြစ်နေသော်လည်း ကိုကြီးနှင့် ကိုမင်းကတော့ ရယ်လို့။ ကိုလင်းကလိုက်ရယ်ရင်း စကားကိုဆက်၏။

"အဲလို ပြောလိုက်မှ ပြဿနာကစတာ. ."

"ဘာတဲ့လဲ . . အဲဒီဒိုင်တွေထဲမှာ ဆရာကြီးပါနေတာတဲ့လား. ."

ကိုကြီးက ပြုံးစစမေးသည်။

"အစစ်ပဲပေါ့ ကိုသစ္စာ. . ဒါပဲရှိတာ . . ဒီဇာတ်ကလည်း လေင်းလိုကောင်နဲ့မှ ပွဲဖြစ်မှာလေ. . မဟုတ်လို့ကတော့ ဒီတိုင်းလက်ခံပြီးပြန်လာခဲ့မယ့် သူချည်းပဲ. ."

ကိုမင်းက ကိုလင်းကိုစားဝင်ပြောသည်။ ကိုလင်းက ခုမှထမင်းစားသည်။ သူ့ညီမက သူ့ထမင်းဘူးထဲမှ ကြက်ဟင်းခါးသီးကြော်ကို ထည့်ပေးတော့ သူစားသည်။ မေမေကြော်တာ မစားရတာကြာပြီ. . ဟုလည်း ဘာမှမဖြစ်သလို ရေရွတ်လိုက်သေးသည်။ သူကသာ ဘာမှမဖြစ်သလို ရေရွတ်လိုက်တာ။ ညိုကတော့ မျက်နှာလေးပျက်လို့. .။ သူ့အစ်ကိုကို သနားတာလား ဘာမှန်းလဲမသိ။

သူတို့ကတော့ ဆရာကြီးနှင့် ကိုလင်းပြဿနာတက်ခဲ့တာကို စမြုံ့ပြန်ကာ ပြောမဆုံးတော့. .။ ဆရာကြီးကလည်း ခေသူတော့ ဟုတ်ပုံမပေါ်ပါ။

"အင်းလေ . . မင်းမှာ အရည်အချင်း မရှိရင်လည်း မပြိုင်ရင်မပြိုင်နဲ့ပေါ့ . ." . . ဟု ပြောလွှတ်လိုက်သည်ဆိုပဲ။ (နေသော်ပိုင်းကျ



www.burmeseclassic.com

www.burmeseclassic.com



တော့ ထိုစကားက သူတို့ကျောင်းမှာ ဗန်းစကားလိုတောင် ဖြစ်သွားသည်။ တစ်ခုခုများဖြစ်လို့က အနိုင်နှင့် ပိုင်းသည့် အနေနှင့် သူတို့ပြောနေကျ စကားဖြစ်သွားရတော့သည်။

"မင်းမှာ အရည်အချင်းမရှိရင်လည်း . . . ."ဆိုတာနှင့် ရယ်ပြီးသား. . ။

ညကျတော့ မေမေက ကိုလင်းကိုခေါ်မေးတော့သည်။

"သား. . နေ့လည်က ဆရာကြီးနဲ့ အခြေအတင်ဖြစ်ခဲ့တယ်ဆို. ."

"ဟုတ်. . ."

ကိုလင်းက တည်ငြိမ်စွာဖြေသည်။

"ကြားရသမျှမှာတော့ သားမမှားပါဘူး. . ဒါပေမယ့် မှန်လည်း မမှန်ဘူးကွဲ. ."

"ခင်ဗျာ. . ."

ကိုလင်းမပြောနှင့် ကိုကြီးနှင့် ဇော်ပါ ထိုစကားကို စိတ်ဝင်စားသွားသည်။

"ဆရာကြီးက အဆိုတော် ဂီတသမားသာ မဖြစ်ခဲ့တာ သူက ဂီတနဲ့ပတ်သက်လာရင် တော်တော်ကိုလိုက်စားလေ့လာခဲ့တာ. ."

"အဲဒါတော့ သားမသိဘူး ဆရာမ၊ ပြီးတော့ အကဲဖြတ်ဒိုင်ထဲမှာ ဆရာကြီးတစ်ယောက်တည်းရှိတာမှ မဟုတ်တာ. . လူတွေမှ အများကြီး. ."

"ဟုတ်တယ်လေ . . ကျန်တဲ့ သူတွေလည်း ဒီလိုထူးခြားမှု တစ်ခုစီရှိနေနိုင်တာပဲ. ."





"ဆရာမက သားကို လူကြီးတွေကို အဲလိုမပြောရဘူးလို့ ပြောတာမှန်ပါတယ်။ ဒါပေမယ့် တခြားနည်းနဲ့လည်း သားမညာချင်ဘူး။ ညာလို့ရတာပဲ။ ပြိုင်မယ်လုပ်ပြီးမှ ပြိုင်မယ့်နေ့ကျမှ မလာပဲကပ်ဖြုတ်လို့လည်းရတာပဲ. . ဒါမျိုးတွေသားမလုပ်ခဲ့ဘူး ဆရာမ. . ပြီးတော့ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် သူကကျောင်းစာမှာပဲတော်လို့ ကျောင်းအုပ်လာဖြစ်နေတာလို့ သားကထင်တယ် သူသာတကယ် ထူးချွန်ခဲ့ရင် ဘယ်သူတားတား ဂီတအနုပညာရှင်ဖြစ်လာခဲ့မှာပဲ. ."

ကိုလင်းပြောတာကလည်း ဟုတ်နေတော့ ခေါင်းတညိမ့်ညိမ့်ပင်လုပ်နေသော ဇော့်ကို ကိုကြီးကတောင် ရယ်နေသေးသည်။ ကိုလင်းက ဆက်ပြော၏။

"ပြီးတော့ နောက်ဆုံးသားကို သပြောလိုက်တဲ့စကားက ကလေးတစ်ယောက်ကို အဲလိုပြောသင့်တဲ့ စကားမျိုးမဟုတ်ဘူးလေ. . ဒိုင်ထဲမှာ သူပါမှန်းကို အစတည်းက သူမပြောခဲ့ဘူး. . ပညာရှင်တစ်ယောက်မှ မပါလို့လို့ သားကငြင်းတော့မှ သူက သူပါတယ်ပြောပြီး စိတ်တိုတော့တာကိုး. ."

"အင်း. . အဲဒါကတော့ ဆရာကြီးလည်း စိတ်နည်းနည်းတိုသွားလို့ပါ. . ကဲကဲထားတော့ လာထမင်းစားကြရအောင် . . လာကွာပြင်ကြ. ."

မေမေလည်း ထိုလောက်နှင့် ပြီးသွားခဲ့သည်မို့တော်သေးသည်။ သို့သော်လည်း မေမေက လူငယ်တွေကိုရော သူ့သားသမီးတွေကိုရော နားလည်သူဖြစ်သည်။ ဒါကိုတော့ ဇော်တို့က ယုံသည်။ ဇော်တို့မောင်နှမကို မေမေကငယ်စဉ်တည်းက လွတ်လပ်ခွင့် တော်တော်များများကို



www.burmeseclassic.com

www.burmeseclassic.com

စနစ်တကျပေးထားပြီး သူကယုံကြည့်သလို ယုံကြည်မှုကို ဇဉ်တို့က အလွဲသုံးစားမလုပ်ရန်လည်း ဆုံးမထားပြီးဖြစ်သည်။

မမေသည် ဇဉ်တို့အတွက်ရော ကျောင်းသူကျောင်းသားတွေအတွက်ပါ လေးစားစရာပြယုဂ်တစ်ခုဖြစ်ခဲ့တာတော့ သေချာပါသည်။





(င)

စာမေးပွဲတွေနီးတော့ ကိုမင်းပါ အိမ်မှာလာ အိပ်ကာစာကျက်သည်။ ကိုမင်း အမေ ကိုယ်တိုင်က မမေ့ထံအပ်ထားပေးခဲ့ခြင်းဖြစ်သည်။ မမေလည်း သူတို့ကို သိပ်ကြီးအထူးတလည် ဂရုစိုက်စရာမလို။ သူတို့သုံးယောက်က တစ်ယောက်တစ်မျိုးစီချွန်နေပြီးသားဆိုတော့ သူပိုင်ရာဆိုင်ရာကို သူရှင်းရင်း ဦးဆောင်ရင်းနှင့် သုံးယောက်သားအဆင်ပြေနေကြသည်။

ဇဉ်ကတော့ တစ်ယောက်တည်း။ အမှန်တော့ ဇဉ်ကတစ်ယောက်တည်း စာလုပ်ရတာကို ပိုသဘောကျသူ. .။ တစ်ယောက်ယောက်အနားရှိလျှင် စာမကျက်တတ်။ သူငယ်ချင်းဆိုပိုဆိုးသေးသည်။ သို့သော်လည်း တစ်ခါတစ်လေ မမေ့ဆီစာလာမေးရင်း ရောက်လာတတ်သူတွေနှင့် ဇဉ်စာအတူ လုပ်ကြည့်သည်။ အဆင်သိပ်မပြေသော်လည်း ဇဉ်က တစ်ကိုယ်တော် ဘဝကို ပိုကြိုက်သည်။ မမေကတော့ ဇဉ့်ကို အများနှင့် အတူမနေတတ်မှာပဲပူသည်။ ဇဉ်ကလည်း အပေါင်း


www.burmeseclassic.com

www.burmeseclassic.com



အသင်းနည်းသည်ကိုး။ တစ်ခန်းလုံးနှင့် အဆင်ပြေသော်လည်း အရမ်းကြီး တတွဲတွဲဆိုတာမျိုး ဇဉ်မှာ မရှိ။

"နောက်နှစ်ဆို ငါတို့က ဒီကျောင်းမှာ မရှိတော့ဘူး ဇဉ်ရ. ."

ကိုမင်းက တစ်နေ့စာကြည့်နားချိန်တွင်ပြော၏။ ကိုလင်းကတော့ ထောင့်တစ်ထောင့်မှာ သီချင်းစာအုပ်တစ်အုပ်နှင့်။ ကိုကြီးက မဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေသည်။

"အင်း . . ဟုတ်တယ်။ တက္ကသိုလ်တွေရောက်ကြတော့မှာနော်. ."

"နင်တစ်ယောက်တည်း ကျန်ခဲ့မယ် ပြောတာ. ."

ကိုမင်းက ရယ်ရင်းခေါင်းကို စာအုပ်နှင့် လှမ်းပုတ်ကာပြောသည်။

"အာ. . ညီ့ ရှိတယ်လေ. ."

"ရှိ မနေနဲ့ ညီကနောက်နှစ် ဒီကျောင်းမှာ တက်ဖို့မလွယ်ဘူးတော့ဘူး. ."

ဒါက ကိုလင်းဝင်ပြောသော စကား။

"ဟင်. . ဟုတ်လား. . ညီဖြင့် ဇဉ် ကိုဘာမှလည်းမပြောဘူး. ."

ဇဉ် တကယ်ပင်ငိုမဲ့မဲ့ဖြစ်ချင် သွားရသည်။ ကြည့်ပါလား။ ဇဉ့်ကိုက ဒီတိုင်း။ ညီနှင့်က အားလုံးထဲမှာ အတွဲမိဆုံးလိုတောင် ပြောလို့ရတာကိုး။

"မေမေက အဲဒီနားမှာပဲ အိမ်တစ်အိမ်ငှားနေတော့မှာတဲ့ ဒီဖက်မှာက [illegible]တယ်လို့ ပြောတယ်။"





"ဒါဆို ကိုလင်းလည်း ဒီကိုသိပ်လာနိုင်တော့မှာ မဟုတ်ဘူးပေါ့. ."

"ဒါပေါ့. . ဒါကြောင့်ပြောနေတာ ကျောင်းပိတ်ရင် အလုပ်လေးနည်းနည်းကူလုပ်လိုက်ပြီး ဒီဖက်ပဲ အိမ်ပြန်ရှာလို့ရအောင် လုပ်ပေးလိုက်လို့ . . ပြောနေတာ. ."

ကိုကြီးက စာအုပ်ကိုချရင်း ပြော၏။

"မင်း သီချင်းတွေက ရောင်းရမှာ မဟုတ်လား ကိုလင်း"

ကိုမင်းက ထိုသို့မေးမှ ဇဉ်ကြောင်သွားသည်။ ကိုလင်းက ဒီလောက်ထိတောင်ဖြစ်နေပြီလား။ မျက်စိထဲမြင်နေသလောက်ကတော့ ကိုလင်းဟာ ဂစ်တာတစ်လုံးနှင့် တီးခေါက်နေတာလောက်ပဲ။ ခုတော့ သီချင်းရေးပြီး ရောင်းဖို့တောင် လုပ်နေတယ်ဆိုတော့. . အလာကြီးပေါ့. . ။ ဟင်း . . ဒါလည်း ဇဉ် မသိတဲ့အကြောင်းအရာပါပဲ။ ဇဉ့်ကိုပဲ သူတို့က လူရာမသွင်းတာလား ဇဉ်ကပဲ သီးသန့်ကြီးဖြစ်နေလို့ မသိတာလားဆိုတာ ပြန်စဉ်စားရတော့မလို၊

"ကိုလင်း သီချင်းတွေကို ရောင်းတယ် . . ဟုတ်လား. ."

ကိုလင်းက ခေါင်းပဲငြိမ့်ပြသည်။

"ဘယ်သူဝယ်မှာလဲ. ."

"မသိပါဘူးဟာ . . ခုထိရေရေရာရာရယ်လည်း မဟုတ်ပါဘူး အသစ်ဆိုတော့လည်း သူတို့ဘယ်လောက်ကြိုက်ကြိုက်. . ဈေးကတော့ နှိမ်ဦးမှာ. ."

"နာမည်ရလာရင်တစ်မျိုးပေါ့ ငလင်းရာ. . စစချင်းတော့ မင်းဟာက ဘယ်လွယ်ပါ့မလဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် တချို့ကျတော့ ကြည့်ရအောင်ဆိုပြီး တစ်ပိုင်းတစ်စခိုးသွားတာတွေ တစ်ပုဒ်လုံး ခိုးသွားတာတွေရှိတယ်လို့ ကြားဖူးလို့. ."

"ဟုတ်တော့ဟုတ်တယ်ဟ. . ဒါမျိုးက ကြားဖူးနေတယ်. ."

ကိုမင်းက ထောက်ခံ၏။

ကိုလင်းကတော့ ခပ်တွေတွေလေး စဉ်းစားနေရာမှ ပြောသည်။

"အမှန်က . . . ."

ပြောရင်းက စကားကို တွန့်ဆုတ်သလို ဖြစ်နေသဖြင့် ဇဉ်ပဲ ရှေ့ဆက်ခိုင်းရတော့သည်။

"အမှန်က . . ဘာဖြစ်လဲ ကိုလင်း. . ."

"အမှန်က ဒီသီချင်းတွေကို ကိုယ်တိုင်ဆိုဖို့ရေးထားတာ. . ဒါပေမယ့် ကိုယ်တိုင်ဆိုဖို့ဆိုတာကလည်း လွယ်တာမှ မဟုတ်တာ. ."

အားလုံးတစ်ချက်တော့ ငြိမ်ကျသွားကြတယ်။ ဆယ်တန်းဆိုသော လူငယ်ကလေးများသည် မျှော်လင့်ချက်ကြီးကြီးတွေကိုထမ်းကာ. . အနာဂတ်ကို ရင်မောနေကြရမည့် အရွယ်တဲ့လား။

"လေင်းကလဲကွာ. . တချို့ မင်းတအားကြိုက်တာတွေဆို သိမ်းထား။ သိပ်မကြိုက်တာတွေပဲ ရောင်းပေါ့. . ခုလုပ်ရမယ့် အလုပ်က ခုလုပ်ရမယ့် အလုပ်ပဲလေ. . မင်းကိုတော့ ငါနိုင်ငံခြားက ပြန်လာမှ စီးရီးထုတ်ပေးတော့မယ်. ."

ကိုကြီးစကားကြောင့် ဇဉ်က ရယ်မိသော်လည်း ကိုကြီးမျက်နှာက အတည်ပြောနေပုံ။ ကိုမင်းကလည်း မရယ်။ ကိုလင်းကလည်း မရယ်။ ရယ်မိသောဇဉ်ပင် သူတို့ကို အားနာသွားမိသလို. . ။





"ကိုကြီးက တကယ်နိုင်ငံခြားသွားမှာလား . . ဘာသွားလုပ်မှာလဲ. ."

"အလုပ်သွားလုပ်မှာပေါ့. ."

"ဘယ်သူကလွှတ်မှာမို့လဲ. ."

"မေမေ့ကိုတော့ ပြောရမှာပေါ့. ."

ဇဉ့် အတွေးထဲမှာတော့ ကိုကြီးကိုစိတ်ကူးယဉ်နေသည်ဟု ထင်သည်။ မဖြစ်နိုင်။ ဘာမှကို မဖြစ်နိုင်သေးတာကို ဇဉ့် ဦးနှောက်လေးနှင့် တွေးတောင်တွေးလို့ရသည်။ သို့သော် ငြင်းတော့မငြင်းမိ။

"မင်း ငါနဲ့လိုက်မလား သစ္စာ. ."

ကိုမင်းကပြော၏။ သူ့စကားကြောင့် ကိုကြီးရော ကိုလင်းပါ သူ့ကိုဖျတ်ကနဲ ထကြည့်လိုက်ကြသည်။

"ဘယ်လဲဟ. . . ."

"နိုင်ငံခြားဆို. ."

"မင်း ကသွားမလို့လား. ."

ကိုကြီးက ထိုင်ရာမှ ဆတ်ကနဲထကာ ကိုမင်းနားရောက်လာသလို ကိုလင်းကလည်း ဂစ်တာကိုချထားလိုက်ပြီ။

"အင်း . . ငါနောက် နှစ်နှစ်ဆို သွားရဖို့များတယ်. ."

"နောက် နှစ်နှစ် . . ဟုတ်လား"

"အင်းလေ. . နောက်နှစ် နှစ်ကျော်မှ ၁၈နှစ်ပြည့်ကြမယ့်ဟာကို. ."

ကိုမင်းက ရယ်ရင်းပြောတော့ ဟုတ်သားဆိုသော အတွေးနှင့် အားလုံးရယ်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်သွားမှာလဲ. ."

"ဂျပန်. ဟိုမှာ အဒေါ်နဲ့ ဦးလေးရှိတယ်. . မေမေက သွားချင်ရင်သွားတဲ့ ဆယ်တန်းမှာ လိုင်းကောင်းကောင်း ရရင်တော့ မသွားရဘူး ကျောင်းတက်ရမယ်တဲ့ မကောင်းရင်တော့ သွားချင်သွားတဲ့. . ငါက သွားချင်တယ်တော့ မဟုတ်ဘူး ဒါပေမယ့် ဆယ်တန်းမှာလည်း လိုင်းကောင်းဝင်ဖို့ မသေချာဘူး. . ဒီတော့ မင်းနဲ့ ငါဆို အတူသွားမလား လို့. ."

ကိုကြီးက ကိုလင်းကိုကြည့်၏ ကိုလင်းက ပုခုံးကိုတွန့်ပြသည်။ ပြီး ဟက်ကနဲရယ်ပြီး. . .

"မင်း ငါ့ကိုကြည့်မနေနဲ့ ငမင်းက ငါ့ကိုခေါ်တာ မဟုတ်ဘူး မင်းကိုခေါ်တာ. ." . . ဟုဆိုသည်။

ဒီတော့ ကိုမင်းက. .

"ခေါ်တော့ရော မင်းကလိုက်မှာလား. . အဆိုတော် လုပ်မယ့်ကောင်ဆို. . ပျော့တိပျော့ဖတ်နဲ့ ငါတို့လို အလုပ်လုပ်နိုင်မှာ မဟုတ်တာ . ." . . ဟုပြန်ပြောသည်။

ကိုမင်းပြောတာလည်း မမှားပါ။

ကိုလင်းက သုံးယောက်ထဲမှာ အသေးဆုံး အပိန်းဆုံး. . ။ လူကလည်း ဖြူသွယ်သွယ်နှင့်။ ကိုမင်းက သူဌေးသားသာဆိုသည် ညိုညို ခိုင်ခိုင်နှင့် ယောကျ်ားပီသစွာချောသူ။ ကိုလင်းကတော့ မိန်းမချော. . ဒါကြောင့်လည်း ဇော်က ကိုယ့်အစ်ကိုကိုယ် ပိုပြီး အမှတ်ပေးတာ။ ကိုကြီးက ယောကျ်ားချောချောသည့်အပြင် အသားကပါဖြူသူ ကိုး. . ။

"အမယ် မင်းလို သူဌေးသားတောင် လုပ်နိုင်ရင် ငါဘာမလုပ်





နိုင်စရာရှိလဲ. ."

"ငါက မင်းလိုပျော့ပျော့လေး မဟုတ်ဘူး. ."

"ငါက မပျော့ပါဘူး အမိကကအဆိုတော်ဖြစ်အောင် လုပ်ကြည့်ချင်တာပါ။"

"အေး အဲဒါဆိုလည်း တည့်တည့်ပြောလေ. . ဘာ ငါကမခေါ်ဘူးတွေ ဘာတွေလုပ်နေတာလဲ. ."

"ကဲကဲ . . မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘူး နှုတ်ခမ်းတွေက ညှော်မိတော့မယ် ဖြစ်နေတယ် တော်တော့ လာ. . လက်ဘက်သွားသုတ်ကြမယ်. . စားမယ် မဟုတ်လား. ."

"စားမယ်လေ လာ. . ထ. . ငါက ငရုတ်သီးစိမ်းလှီးပေးမယ်။ လေင်း ကြက်သွန်ဖြူနွှာ. ."

ကိုကြီးက တာဝန်ခွဲပေးသည်။

"ကိုမင်းက ပြောင်းဖူးခွဲ. ."

"ပြောင်းဖူး. . ဘာလုပ်ဖို့လဲ. . လက်ဘက်သုတ်ပဲစားမယ်လေ. ."

"လက်ဘက်ထဲထည့်သုတ်မှာ. ."

ကိုမင်း ကြောင်သွားသည်။

"တစ်ခါမှ မကြားဖူးဘူး. . ခရမ်းချဉ်သီးဂေါ်ဖီ ထည့်သုတ်တာပဲ သိပါတယ်။"

"မပူနဲ့ ခရမ်းချဉ်သီးနဲ့ ဂေါ်ဖီလည်းပါတယ်။ ပြောင်းဖူးတစ်ဖူးလည်းပါမယ်။ . . အမယ် တကူးတကရှာ ဝယ်ထားရတာနော်. . စားကြည့်ပါဦး လျှာလည်သွားမယ်. ."



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းခေါင်း တညိတ်ညိတ်နှင့် ပြောင်းဖူးခြွေသည်။ ကိုကြီးက ခရမ်းချဉ်သီးနှင့် ဂေါ်ဖီများလှီးနေသည်။ ဇဉ်က လက်ဘက်နှင့် အကြော်များထုတ်ပြီး အသင့်လုပ်ထားလိုက်စဉ်မှာပဲ ညိုရောက်လာသည်။

"ဇဉ်ရေ. . ကိုလေး. ."

"ဟယ်. . ညို. . လာ. . အတော်ပဲ လက်ဘက်သုတ်နေတာ စားသွား. ."

"အင်း. . စားမှာ မပူနဲ့ ထမင်းဖြူပါကျွေး ထမင်းမစားရသေးဘူး. . ."

ညိုက ဝင်ထိုင်ရင်းပြောသည်။

"ဟဲ့ . . ဒီချိန်ထိ မစားရသေးဘူးလား. ."

"အင်း. . မေမေလေ . . နေမကောင်းတာနဲ့ ငါဆိုင်ထွက်တာပြီးတော့ ကိုလေးကို တွေ့ချင်တယ်ဆိုတာနဲ့ လာခေါ်ပေးတာ. . ."

ကိုလင်း ရုတ်တရက်တော့ စိတ်ပူသွားပုံပင်။

"ဘာ. . ဘာဖြစ်တာတဲ့လဲ. ."

"ရိုးရိုးဖျားတာပါ. ."

ကိုလင်းမျက်နှာက ချက်ချင်းပြောင်းသွားသည်။

"ဖျားတာများ အသည်းအသန်ဖြစ်တာကျနေတာပဲ ငါတွေ့ချင်တယ်ဆိုလို့ ငါလန့်သွားတာပဲ အမေကပိုကိုပိုတယ်. ."

ကိုလင်းစကားကြောင့် ညိုမျက်နှာပျက်သွားရသည်။

"ဟဲ့. . ဘယ်လိုပြောလိုက်တာလဲ. ."

"အင်းလေ လေင်းကလဲ . . အမေပဲ နေမကောင်းတော့ တွေ့ချင်မှာပေါ့. ."





"ရိုးရိုးနေမကောင်းတာပဲ ဘာတွေစရာရှိလဲ. ."

ကိုလင်းဆိုတာ နဂိုတည်းက လူတစ်မျိုးမှန်းသိပေမယ့် ဒီလောက်ထိ တစ်မျိုးမှန်းတော့ သူမသိ။ ခုဟာကတော့ ဇဉ်လည်းဘဝင်မကျချင်။

"ဘာလဲ ကိုလေး နင်က သေကောင်ပေါင်းလဲဖြစ်ပြီး၊ မှာချင်တာ မှာရမယ်၊ အဲအချိန်မှလာတွေ့ဖို့ လိုတယ်လို့ထင်တာလား. . နင်တို့ငါတို့ ငယ်ငယ်ကနေမကောင်းရင် ဘယ်သူက မျက်တောင်မခတ်တမ်းစောင့်ကြည့်ခဲ့ရတာလဲ နင်မေ့သွားပြီလား. ."

"နင်က အငယ်လုပ်ပြီး ငါ့ကိုမိကျောင်းမင်းရေကင်းလာပြမနေနဲ့. . ငါသိတယ်. . ငါလာသင့်တယ်ထင်ရင်လာမယ် မလာသင့်ဘူးထင်ရင်မလာဘူး၊ ဒါပဲ၊ ငါ့ကိုအပိုတွေလာမပြောနဲ့ ငါ့မှာလည်း ဦးနှောက်ရှိတယ်. ."

ကိုလင်းအသံက ဒေါသသံပါလာသလို ညို့မျက်နှာကလည်း ညို့ဆိုင်းလာနေပြီမို့ ပြောင်းဖူးခွေပြီးသွားသော ကိုမင်းက ညို့ကိုခေါ်ထုတ်သွားတော့သည်။

"လာ ညို နင်တို့အတွက်ထုတ်ထားတဲ့ မှတ်စုတစ်ချို့ပြမယ်. ."

ညိုထွက်သွားတော့မှ ကိုကြီးက သူ့ကိုဆူသည်။

"လေင်း . . မင်းက မဟုတ်သေးဘူးထင်တယ်. ."

"ဘာမဟုတ်သေးတာလဲ. ."

"ခုနကဟာ အဒေါ်နေမကောင်းတာ မင်းမသွားသင့်ဘူးလား"

"ငါလောကဝတ်တွေကို သိပ်နားမလည်သလို စိတ်လည်းမဝင်စားဘူး၊ အဲ ငါသွားသင့်တယ်ထင်ရင် သွားချင်လာရင်တော့ ငါ သွားမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုလာခေါ်ပြီး ခုလိုက်ခဲ့ပါ ဆိုတာမျိုးတော့ မလုပ်နဲ့လေ. . "

"အဲဒါ သူခေါ်တာမဟုတ်ဘူးလေ. . နေမကောင်းတဲ့အမေ ဆန္ဒကိုဖြည့်ပေးဖို့ သူထမင်းတောင်မစားပဲ လာခဲ့ရတာလေ. . ."

"သူတစ်ယောက်တည်း သိတတ်တာမဟုတ်ပါဘူး ငါလည်းသိတတ်ပါတယ်. . ငါ့အကြောင်း ငါသိပါတယ်. . "

ရောင်နီလင်းတို့ ဇာတိကတော့ ပြနေပြီ။ ကိုလင်းဆိုတာက တကယ့်ကို အစွန်းရောက်စိတ်များနှင့် ဖွဲ့စည်းထားသူဆိုတာ ဇဉ် မျက်ဝါးထင်ထင်ကြီးကို တွေ့လိုက်ရတာ ပထမဆုံးကြိမ်ပါပဲ။

ကိုကြီးကတော့ သူ့ထုံးစံအတိုင်း စကားနည်းရန်စဲ ဘာမှဆက်မပြောတော့။ ဇဉ် ကတော့ မကျေနပ်သေး။ ပြောချင်သေးသည်။

"ကိုလင်း တကယ်မသွားဘူးလား. . "

"ခုတော့ မသွားနိုင်ဘူး. . "

"အင်းလေ ကိုလင်း က၊ ဘယ်တော့မှ အမေဖြစ်မယ့်သူမှ မဟုတ်တာ. . . "

ဇဉ်လည်း ကိုယ့်ကိုယ်ကို မသိလိုက်နိုင်ခင်မှာ ပြောထွက်သွားမိသော စကားများအတွက် ကိုယ့်ကိုယ်ကို အံ့သြနေမိသလို ကိုလင်းလည်း ဇဉ်ကို ခပ်စူးစူးလေးကြည့်သည်။ ထိုအကြည့်၏ အဓိပ္ပာယ်ကိုတော့ နှစ်များစွာတိုင်ခဲ့သည့်တိုင် ပြန်စဉ်းစားမိတိုင်း ဇဉ် အဓိပ္ပာယ်မဖော်နိုင်သေး။

ပြီးမှ ချာကနဲလှည့်ထွက်သွားသည်။ အိမ်ရှေ့ကိုမဟုတ်။ အိမ်နောက်ဖေးပေါက်မှနေထွက်သွားခြင်းဖြစ်သည်။

ပန်းကန်အဆင်သင့်ဖြစ်၍ ဇဉ် ရှေ့ကို ထွက်လာတော့ အားလုံး





က ဝိုင်းမေးသည်။

"ကိုလင်းရော. . "

"ဟင်. . သိဘူးလေ. . အိမ်ရှေ့မှာ မရှိဘူးလား. . "

"အိမ်ရှေ့ကို ထွက်ကို မလာတာ. . "

"အိမ်ရှေ့ကို ထွက်သွားတာမဟုတ်ဘူး။ နောက်ဖေးကနေ ထွက်သွားတာ. . "

"ဘယ်ကိုလဲ. . "

"သိဘူးလေ. . သူ့ အမေ့ဆီသွားတာ နေမှာပေါ့"

"မဖြစ်နိုင်တာ . . "

"ဝေးသေး. . "

"စိတ်ကူးမယဉ်ပါနဲ့ ဇဉ်ရာ. . "

တစ်ယောက်တစ်ပေါက် ဇဉ့်ကို ဝိုင်းပြောကြသဖြင့် ဇဉ်လည်း ရယ်နေလိုက်သည်။ စိတ်ထဲမှာ ဇဉ်ကိုယ်တိုင်လည်း ထင်မနေပါ။ သို့သော်. . . တကယ့်တကယ်က ထိုနေ့က ကိုလင်းသူ့အမေဆီ တကယ်ရောက်သွားတာကို အားလုံး နောက်ကျမှ တအံ့တသြ သိလိုက်ကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



(၈)

ဇဉ်တို့ စာမေးပွဲကြီးပြီးသည့်တိုင် သူတို့က မဖြေရသေး။ ဇဉ်ကတော့ အကုန်ဖြေနိုင်သည်။ နောက်တစ်နှစ်အတွက်တော့ အေးအေးဆေးဆေးပေါ့. . ။ ဇဉ်က ကျောင်းပိတ်ရက်မှာ မေမေ့ကို ကြိုပြောထားသည့်အတိုင်း စက်ချုပ်သင်တန်းစတက်တော့သည်။

အိမ်မှာကတော့ သုံးခေါင်းဆိုင် စာတွေကြည့်လို့။ အားရစရာ. . ။

မေမေကတော့ ပြောသည်။

"သားကြီးကလည်း စာတော့လုပ်ပါရဲ့ သူကကျောင်းတက်ဖို့ထက် အလုပ်လုပ်ဖို့ပဲ စဉ်းစားနေတဲ့သူ စီးပွားရေး သမားများဖြစ်မလား မသိပါဘူး. . မင်းမင်းတစ်ယောက်လည်း ဒီတိုင်းပဲ. . ဆက်တန်းပြီးရင် ဘယ်ကျောင်းတက်မယ် ဘယ်လိုင်းရွေးမယ်ဆိုတာ တစ်ခါမှ မပြောဘူး. . ပိုဆိုးတာက ဟိုတစ်ကောင် ငလင်း. . အဆိုတော်ဖြစ်ဖို့က လွဲလို့





ဘာမှစိတ်မဝင်စားဘူး အမှန်ဆို သူကဉာဏ်ကောင်းတယ်. . ကျန်နှစ်ယောက်ထက်စာရင် စက်မှုတို့ ဆေးတို့ဝင်နိုင်တဲ့သူ. . တစ်ယောက်မှ စိတ်တိုင်းမကျပါဘူးအေ. . ညည်းကအစ. . "

မေမေ ညည်းလည်း ညည်းစရာ။ တစ်ယောက်တစ်လေမှ ပညာရေး ကောင်းကောင်းယူဖို့ စိတ်မဝင်စားကြ။ ဇဉ်ကလည်း နိုင်ငံတစ်ခုခုသွားကာ ဖက်ရှင်ဒီဇိုင်း သင်တန်းတက်ချင်သူ။ မေမေ့ကိုလည်း ပြောထားပြီးသား။ "အခွင့်ရအောင် ကြိုးစားမည် . . ဟု. . ။

ထိုကတည်းက မေမေက ဘယ်လိုတွေမွေးမိမှန်း မသိဟုဆိုသည်။

မေမေ့မှာဖြင့် ဖက်ရှင်ဆိုတာ အဖြူရောင်ရင်ဖုံးအင်္ကျီနဲ့ လုံချည်အစိမ်းလောက်ပဲ သိသူ။ တစ်ခါတစ်ရံတော့ လုံချည်အညိုပေါ့။ ဘုန်းကြီးကျောင်းသွားတဲ့စတိုင်လေ။ အပြင်ကျတော့လည်း ပါတိတ် လောက်ထက်မပို။

ဇဉ်ကျကာမှ ငယ်ငယ်တည်းက စက်ဆိုင်ကို ကိုယ်လိုချင်သည့် ဒီဇိုင်းရအောင် ပုံဆွဲပြပြီး ချုပ်ခိုင်းတတ်သူ. . ။ တစ်မိသားစုလုံး တစ်ယောက်တစ်မျိုးစီတော့ အမှန်ပင်။

ဖေဖေကျတော့ စာသမား။ အလုပ်ကလွဲလျှင် လုပ်သောအရာကစာဖတ်ခြင်း. . ။ ဖေဖေ့စာတွေကို စိတ်ဝင်တစား ဝင်ဝင်ဖတ်သူဆိုလို့ ကိုလင်းတစ်ယောက်သာရှိသည်။ ဇဉ် တို့ကတော့ တစ်ခါတစ်လေမှ တကယ့်ကို တစ်ခါတစ်လေ. . ။ ကိုကြီးဆိုတာတော့ ဝေးရော. . ။

"နင်က အင်္ကျီ ချုပ်သင်တန်းတက်ပြီး ဘာလုပ်မှာလဲ. "

ကိုလင်းကမေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါက dress designs တွေထုတ်ချင်တာ. ."

"ဖက်ရှင်ဒီဇိုင်နာပေါ့. . Valentino တို့လို. ."

"အင်းလေ. . Vera Wang လို သတို့သမီး ဝတ်စုံတွေလည်း ချုပ်ချင်တယ်နောက် Donna Karen တို့လို ကိုယ့်နာမည်နဲ့ ကိုယ်လည်း တံဆိပ်တစ်ခု ထုတ်ချင်တယ်. . အဲလိုမျိုး. ."

"ကောင်းတယ် ငါ အဆိုတော်ဖြစ်ရင် နင်က ဒီဇိုင်းတွေဆင် ပေးပေါ့. ."

"ဟာ . . ဟုတ်တယ် ကိုလင်းကို ဇဉ်သေချာအပြတ် ဆင်ပေး တယ်"

ဘေးနားမှာ နားထောင်နေသော ကိုကြီးက တမင်သက်သက်ကို ခွီးခွီးခွီး မြည်အောင်ရယ်ပြသည်။ ကိုမင်းကတော့. . လိုက်မရယ်ပဲမဲ့ ကာ. .

"ဘုန်းကြီးရှူးနဲ့ လေ့လူးဆိုတဲ့ စကားပုံကို ခုမှသေချာနားလည် တော့တယ်. ."

"အံမယ် ကိုမင်းနဲ့ ကိုကြီးကျတော့ နိုင်ငံခြားသွားအလုပ်လုပ် မယ်တွေ ဘာတွေပြောနေပြီးတော့. ."

"ဟ. . ဒါက လူတိုင်းလုပ်လို့ရတဲ့အလုပ်. . အဆိုတော်က လူတိုင်းလုပ်လို့ရလား ဖက်ရှင်ဒီဇိုင်နာက လူတိုင်းအောင်မြင်နိုင်လား . . အနုပညာရော အတတ်ပညာရော အမြင်ရော အိုင်ဒီယာရော ကောင်းနေမှ. . ."

ကိုမင်းစကားကြောင့် ဇဉ် မဲ့တဲ့တဲ့လေးဖြစ်သွားရသည်။

"လင်းကမှ နီးစပ်သေးတယ်. . နင့်ဟာက မလွယ်ပါဘူး ဇဉ် ရာ. . နင်ကျောင်းပဲ အေးအေးဆေးဆေးတက်ပါ နင့်လိုတော်ပုံနဲ့က ဆေးတွေ စက်မှုတွေ ဝင်မှာ. . နင်ဆရာဝန် မဖြစ်ချင်ဘူးလား. ."

ဇဉ် မျက်နှာလေးကို မဲ့ပစ်လိုက်သည်။

"တစ်ခါမှ တွေးတောင်မကြည့်ဖူးဘူး. ."

"ဆရာမ လို ကျောင်းဆရာမလုပ်ဖို့ရော စိတ်မဝင်စားဘူး လား. ."

"မဖြစ်ပါဘူး ငါမှ မေမေ့လို စိတ်မရှည်တာ"

"ဟုတ်လား ဒါဆို လင်းလိုပဲ သီချင်းဆိုလိုက်ပါတော့ဟာ. ."

ဇဉ် စိတ်တွေတိုလာပြီမို့ ထအော်မိတော့သည်။

"ကိုမင်း. . ."

"အာ . . အော်လိုက်တာ. . ဘာဖြစ်တာလဲ. ."

"ဘာမှ မဖြစ်ဘူး ဘာလို့ဇဉ့်ကို လိုက်ပြောနေတာလဲ. ."

"ကိုမင်းကရော ဇဉ်ဖြစ်စေချင်တယ်ဆိုလုပ်မှာမို့လား လျှောက် ပြောမနေနဲ့ ဘယ်သူဘယ်သူမှ သူများဖြစ်စေချင်တာကို ကိုယ်ဖြစ်ချင် တာထက် ဦးစားမပေးကြဘူး. ."

"နင်က ငါ့ကိုဘာဖြစ်စေချင်လဲ ပြောလေ လင်းကိုတော့ အဆိုတော်ဖြစ်စေချင်တယ် မဟုတ်လား. ."

ကိုမင်းက ရယ်နေရာမှ အတည်လိုပြောတော့သည်။

"ဒါကလည်း ဇဉ်က ဖြစ်စေချင်တာ မဟုတ်ဘူး ကိုလင်းဖြစ်ချင် တယ်ဆိုလို့ ကိုလင်းဖြစ်ချင်တာကို ဖြစ်စေချင်တာမျိုး. ."

"ငါ့ကိုကျတော့ ရော. ."

"ကိုမင်းနဲ့ ကိုကြီးက နိုင်ငံခြားသွားမယ်ဆိုတော့ ဇဉ်အားလို့







www.burmeseclassic.com

www.burmeseclassic.com

လား၊ လုပ်ချင်တာကို လုပ်ပါစေလို့ သဘောထားတာပဲ၊ မေမေလွှတ် မလွှတ်ပဲ ကိုကြီးကို မေးခိုင်းတာ . . ကျန်တာ ဇော်ဘာမှ မပြောဘူး . . "

ကိုကြီးက ဇော့်ကို ကြည့်ကာ မှတ်ချက်တစ်ခုကိုချ၏။

"ငါ့ညီမ အဲလောက်စွာမှန်း ငါတောင်ခုမှ သိတော့တယ် . . "

"အေးလေ . . စွာတေးလန် . . "

"ငါကတော့ သိတာကြာလှပြီ . . "

ကိုလင်းက ခပ်တည်တည်နှင့် ထိုသို့ပြောပြီးနောက်ဖက်သို့ ထွက်သွားတော့သည်။ ကိုကြီးနှင့် ကိုမင်းသာမက ဇော်ပင် အူကြောင်ကြောင်နှင့် ကျန်ခဲ့ရသည်။ ဘယ်တုန်းကတည်းကများ သူကသိသွားတာပါလိမ့်။ ဇော်ကရော သူ့ကိုဘယ်တုန်းက ဒီလို စွာစွာလေးပြောခဲ့ဖူးပါလိမ့်။

စဉ်းစားမရ။

ကိုကြီးနှင့် ကိုမင်းကလည်း တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ခေါင်းကိုခါရမ်းကြသည်။ သူတို့ထင်တာက ကိုလင်းခပ်တည်တည်နှင့် အနိုင်ပိုင်းသွားတာဟု . . ။ ဇော်ကတော့ အဲလိုမထင်၊ အမှတ်သညာကြီးလွန်းသော ကိုလင်းက ဇော်တစ်ခုခုပြောခဲ့ဖူးတာကို မှတ်မိနေလို့ ဖြစ်ရမည်ဆိုတာကို ဇော်ကတော့သိနေသည်။





(ဆ)

ကိုကြီးတို့ . . စာမေးပွဲမဖြေခင်တစ်ရက်အလိုမှာ ညို့ အိမ်ကို ရောက်လာသည်။

"ဟဲ့ မျက်စိလည် လမ်းမှားလာတာလား . . "

"မဟုတ်ပါဘူး ဒီကိုလာတာ ကိုလေးရော . . "

ညို့က လေသံပျော့ပျော့နှင့် မေးသည်။

"ရှိတယ်ရော . . . နောက်ဖေးက အပင်အောက်မှာစားပွဲချပြီး စာလုပ်နေတာပဲ မေမေလည်း ခုပဲ သူတို့ဆီထွက်သွားတာ . . လာလေ လိုက်သွားမယ် . . "

နွေပေါက်စပြုနေပြီမို့ အိမ်ထဲမှာ နေရတာ ပူလာသလို မိုးတွင်းမှာ ရေတွေနှင့် ပြည့်နေတတ်သော နောက်ဖေး စိုက်ခင်းလေးကလည်း ရှင်းလင်းသွေ့ခြောက်လို့ . . ။ စာကြည့်စာဖတ်လို့ ကောင်းသောနေရာလေးဖြစ်နေခဲ့ပြီ။


www.burmeseclassic.com

www.burmeseclassic.com

"ကိုလင်း. . ညို လာတယ်. ."

ကိုလင်းကညို့ကို မြင်တာနှင့် လွယ်အိတ်ကိုလှမ်းဆွဲကာ တစ်စုံတစ်ရာကို ထုတ်ယူလိုက်သည်။ စာအိတ်လေး တစ်အိတ်။

"ရော့. . ဒါအရင်ယူထား. . ကျန်တာနောက်မှရမယ်. ."

အားလုံးက သူတို့မောင်နှမကို မေးခွန်းပါသော အကြည့်တွေနှင့် ကြည့်တော့ ကိုလင်းမနေသာတော့။ သူတို့ကို ကြည့်နေသူတွေထဲမှာ မေမေပါပါနေသည်ကိုး။

"တစ်နေ့ကတည်းက ညိုနဲ့မေမေ အဒေါ်တို့နေတဲ့ အိမ်ကနေဆင်းရတယ်. ."

"ဟောတော့. . . ဘာလို့ ဆရာမကို မပြောလဲ"

မေမေက အပြစ်တင်တာမျိုး မဟုတ်ပဲ ကလေးတွေချည်း စီမံနေရတာကို မကြည့်ရက်သော စကားမျိုးဖြစ်သည်။

"မေမေက မပြောခိုင်းတာရော ကိုလေးကမပြောပါနဲ့ ဆရာမတို့ ဝန်ပိုမယ်ဆိုတာကြောင့်ရော. ."

ညိုက တိုးတိတ်စွာပြောသည်။ ကိုလင်းကတော့ . . အေးအေးဆေးဆေးပင်။

"သားပိုက်ဆံရှာနေတာ ဆရာမ. . ခု တစ်ဝက်ရတော့ သူတို့အိမ်စပေါ် တစ်ဝက်ပေးလို့ရပါတယ်. ."

မေမေက ရင်ဘတ်ကိုဖိ၏။ သူတပည့်ကျော် ဘယ်ပုံဘယ်နည်းနှင့် ပိုက်ဆံရှာသလဲပေါ့. . ။ အကြောင်းသိနေသည့် ကိုမင်းနှင့် ကိုကြီးကဝင်ပြောသည်။

"သူ. . သီချင်းတွေရေးတယ် မေမေ. . အဲဒီကရမှာပေါ့. ."





မေမေက တအံ့တသြကြည့်နေဆဲ ကိုလင်းက ခေါင်းခါသည်. . ။

"မဟုတ်ဘူး. . သီချင်းတွေကို နှမျောတာရော သူတို့ကို မယုံတာရောကြောင့် မရောင်းလိုက်ဘူး. ."

"ဒါဆို. . ."

အသံသုံးသံက တစ်ပြိုင်တည်း ထွက်သွားရသည်။ ဇော် ကိုကြီးနှင့် ကိုမင်း. . ။

"ငါ ရုပ်ပြတွေအတွက် ဇာတ် ရှဲဒိုးရေးပေးတယ်. ."

တစ်ခါမှ မကြားဖူးသော ကိစ္စကို နှစ်ခုဆက်ကြားလိုက်ရသည့်နှယ်ပင်။ ရုပ်ပြဇာတ်ကိုရှဲဒိုးရေးတာရော၊ ကိုလင်းက ဒါတွေပါရေးသည်ဆိုတာရော. . ။

"မင်းက အဲဒါတွေရေးတတ်တယ်. ."

မေမေက တအံ့တသြဆိုသည်။ ကိုလင်းက ခေါင်းကိုသာညိတ်ပြ၏။

"အဲဒါတွေက လွယ်ပါတယ် ဆရာမရယ်. . မရေးချင်ပဲရေးလိုက်ရတာ တစ်ခုပဲ၊ ကိုယ့်နာမည်နဲ့ ကိုယ်မလုပ်လို့ကတော့ ဈေးနည်းနည်းနဲ့ များများဝယ်ချင်တဲ့ သူချည်းပဲ. . ကိုယ့်ဟာကိုယ်ဆိုရင်တော့ တော်တော်တိုးယူရမှာ၊ ခုဟာက ကိုယ်က ငွေလိုတယ် သူတို့ကဇာတ်လိုတယ် ပတ္တမြားနဲ့ နဂါးလဲတာမဟုတ်ဘူးလေ ကန်စွန်းရွက်နဲ့ မှိုသည်လဲကြတာ. ."

ကိုလင်းကပြောပြီး သူ့စကားသူ သဘောကျသလို တစ်ချက်ရယ်သည်။ အသက်တော့မပါ။



www.burmeseclassic.com

www.burmeseclassic.com

"ကဲကဲ. . ခု ငွေလိုသေးလား. ."

"တစ်ဝက်တော့ရပါပြီ ဆရာမ. . တစ်လချင်းပေးရမယ့် အိမ်ကိုရှာဌားရတာ သွားရလာရတာတော့ နည်းနည်းဝေးလိမ့်မယ်"

နဂိုတည်းကဝေးနေလို့ ကျောင်းတောင်ပြောင်းပါမယ်ဆိုမှ။ ဒီလိုသာဆို ဇဉ်တစ်ယောက် ညို့ကို လက်လွှတ်ရဖို့သေချာနေပြီ. . ။ ဘာတတ်နိုင်လို့လဲ။ လောကမှာ ဇဉ်တို့မတတ်နိုင်တာတွေ အများကြီး။ ခုပဲကြည့်. . ဒီလိုကြုံနေရတာ ညိုတို့မောင်နှမ မဟုတ်ပဲ ဇဉ်တို့ မောင်နှမသာဆို ဇဉ် ဘယ်လိုဖြေရှင်းရမှန်း မသိသလို ကိုကြီးမှာရော ဘယ်လို အရည်အချင်းတွေရှိနေနိုင်လဲ. . မသိ။ ဇဉ် သက်ပြင်းခိုးချလိုက်တာကို ဘယ်သူမှ မသိလိုက်ကြ။

"ကျန်တာ ဆရာမဆီက ယူသွားလေ. ."

မေမေက ပြောပြောဆိုဆို ပိုက်ဆံယူရန် ထဖို့ပြင်သည်။

"ရတယ် ဆရာမ. . ကျွန်တော်က ဒီမှာနေဦးမှာ . . စာမေးပွဲပြီးလည်း ဆက်နေချင်နေမှာ. . ဒီလောက်ခေါ်ထားတာပဲ ကျေးဇူးကြီးလှပါပြီ. . အိမ်လခက တစ်လချင်းပေးရမှာပါ ခုဟာက ကြိုငွေလေးပေးထားပါဆိုလို့. . နောက်တစ်ရက် နှစ်ရက်နေရင် ပိုက်ဆံထပ်ရမှာလေ. ."

"စာမေးပွဲကြီးနဲ့ကို . . စာက ထပ်ရေးဦးမှာလား. ."

"မဟုတ်ဘူး. . ခုဟာလည်း သူတို့အပ်တာကို ရေးပေးရတာက သုံးခုထဲပါ ကျန်တာက အရင်က ကိုယ့်ဘာသာကိုယ်စိတ်ကူးရလို့ ရေးထားတာ အရင်က အိမ်ဘေးမှ ရုပ်ပြဇာတ်ညွှန်းရေးတဲ့ သူကနေသွားတော့ သင်ထားလိုက်တာလေ. ."





အားလုံးက စိတ်ပူနေသော်လည်း ကိုလင်းက အေးအေးဆေးဆေး။ သူကလောကကြီးကို သူ့ဘာသာ သူမြင်ချင်သလိုထားကြည့်ကာ လုပ်ချင်သလိုလုပ်မည့်သူမျိုး. . ဖြစ်ပုံရသည်။

ဇဉ်ကတော့ ဇဉ် လိုရာကိုပဲ မေးတော့သည်။

"ညို့. . နင် နောက်နှစ် ကျောင်းပြောင်းမှာဆို. ."

ညို ခေါင်းညိတ်၏။

"အရမ်းဝေးသွားပြီ အမေနဲ့ ဈေးလိုက်ခင်းပေးရမှာနဲ့ ကျောင်းကို အမီပြေးရမှာနဲ့ မလွယ်ဘူး ဈေးနားက ကျောင်းတစ်ကျောင်းမှာပဲ တက်တော့မယ်လို့ စိတ်ကူးတယ်. ."

သူတို့အမေ ရောင်းတဲ့ ဈေးနားက ကျောင်း. . ဇဉ် စိတ်ကူးထဲ ပုံဖော်ကြည့်နေမိသည်။ မရ. . ။ သူတို့ အမေရောင်းသော ဈေးကိုတော့ ညိုပြောထားသည့်အတွက် သိသည်။ ဇဉ်တို့ရော ဘာထူးလို့လဲ။ ရပ်ကွက်ထဲက နီးသည့် ဈေးကိုပြေး. . မေမေ့ကျောင်းကလေးမှာတက်။ ဒါပဲ မဟုတ်လား. . ။

ဒီထက်လည်း ဝေးဝေးသွားနိုင်စရာ အကြောင်းမရှိ။ မေမေ ကျောင်းပြောင်းလျှင်တောင် ဇဉ်တို့လိုက်ပြောင်းနိုင်မှာမှမဟုတ်တာ။ ဘဝဆိုတာကြီးကို လုံးစေ့ပတ်စေ့ မဟုတ်တောင် ဇဉ် တော်တော်တော့ သိစပြုနေပြီ. . ။

"နင်. . လာတော့လည်နော်. . ညို့. . ငါလည်းလာမယ်. . နင့်အိမ်သစ်လိပ်စာ ငါ့ကို ပေးထားဦးနော်. ."

"အင်းပါ. . ကိုလေးပြောလိမ့်မယ်. ."

အမှန်တကယ်တော့ ဇဉ်တို့မိသားစုလေးကလည်း ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကသာ ဝင်ငွေလစာကောင်းသော ပြင်ပအလုပ် တစ်ခုမဟုတ်ခဲ့လျှင် ဒီလိုနေနိုင်မှာမဟုတ်။ ဒါတောင် ဇဉ်တို့မှာ ကားမရှိ. .။ အိမ်ကလေးက အမွေရသော ပျဉ်ထောင်အိမ်ကလေး. .။ ဖေဖေ့အလုပ် က ပေးထားသော ဆိုင်ကယ်တစ်စီးရှိသည်။ ဒီလောက်ကပင် ဇဉ်တို့ မိသားစုအတွက် အတော်လေးကို အဆင်ပြေနေပြီ. .။ ဒါပေမယ့် ကိုကြီး ကတော့ ဒါကိုကျေနပ်နေနိုင်သောသူမျိုး မဟုတ်တာသေချာသည်။ သူ့စိတ်ကူးက လွန်ခဲ့တဲ့ တစ်နှစ် နှစ်နှစ်လောက်ကတည်းက ပိုက်ဆံရှာဖို့ ချမ်းသာဖို့သာများနေခဲ့သည်။

ညပြန်သွားတော့ မေမေက ကိုလင်းကိုမေးသည်။

"ဒီလောက်နဲ့ အဆင်ပြေတာ သေချာတယ်နော်. . သား. ."

"ဟုတ်. . ပြေပါတယ်. . မပြေရင်ပြောမှာပါ ဆရာမ. ."

မေမေက သက်ပြင်းကိုချသည်။

"ပြောရရင်တော့. . ဆရာမတို့လည်း အရမ်းချမ်းသာနေတာ မဟုတ်ပါဘူး. . ဒါပေမယ့်. . ကိုယ့်သားတပည့်တွေဆိုတော့လည်း စိတ်ထဲက မနေနိုင်ဘူး. ."

ကိုမင်းကတော့ တစ်စုံတစ်ရာကို တွေးတောနေသလို ငြိမ်နေသည်။ ကိုကြီးကတော့ ခေါင်းကိုငုံ့ရင်း တစ်စုံတစ်ရာကို တွေးနေသလို. .။

"သားလည်း ဘာလုပ်ပေးရင်ရမလဲ စဉ်းစားနေတာ ဆရာမ . . သားတို့အိမ်ကျ အိမ်ကြီးက အကျယ်ကြီး. . နေမယ့်သူက မရှိဘူး. . အဖေကလည်း ညမှပြန်ရောက်တာ. . မေမေကလည်း အလုပ်တွေနဲ့ အားတယ်မရှိ. . အကုန်လုံးတောင် သားအိမ်မှာခေါ်ထား လို့ရနိုင်ပေ





မယ့် သားတောင်မနေချင်လို့ ဒီရောက်နေတာ. ."

ကိုမင်းက လေးလေးတွေးတွေးလေး ပြောသည်။ ကိုလင်းက ရယ်ရင်း. .

"စိတ်ကူးမယဉ်ပါနဲ့ ငမင်းရာ. . မင်းခေါ်ချင်ပေမယ့် မင်းမိဘတွေကခေါ်ချင်ဦးမှကိုး. . ခေါ်ထားဦးတော့ သူတို့ဝန်ပိုမှာကို ငါတို့က တွေးရမှာနဲ့. . အဲဒါပဲ ငမင်းရေ. . လောကဆိုတာဒါပဲ. ."

ကိုလင်းက လောကတွေ ဘာတွေနှင့် ၁၅-၁၆နှစ်သားနှင့် မလိုက်သော စကားကိုပြောတာမို့ အားလုံးက ဝိုင်းရယ်ကြသည်။ မရယ်ပစ်လိုက်လျှင်လည်း မွန်းကြပ်လာကြမှာကိုး. .။ မေမေကလည်း ရယ်ရင်း. .

"ခုချိန်မှာတော့ ဘယ်လိုဖြစ်ဖြစ် တွေ့တုံးကြုံခိုက် ချစ်ချစ်ခင်ခင် နားလည်မှုရှိရှိနဲ့နေရင် ဆရာမကကျေနပ်ပြီ. . လူ့ဘဝဆိုတာ ကတိုတိုလေး. . တွေ့ကြုံကြုံကြ ချိန်ကလည်း တိုတိုလေး. . ဝေးနေရမယ့် အချိန်တွေကရှိသေးတယ်. . ဒီတော့ ခုချိန်မှာပဲ အဆင်ပြေအောင် နေကြ. ."

ဟုတ်. . ဟုဆိုကြသော်လည်း မေမေထွက်သွားသည်နှင့် . . ဖောက်တော့သည်။

"လူ့ဘဝများ တိုတိုလေးတဲ့. . ဟင်း. . ခုတောင် နေ့တာက တော်တော်ရှည်နေတာ ပူလိုက်အိုက်လိုက် စာကျက်လို့မရလိုက်နဲ့. . သွားသွားချစ်ချစ်ခင်ခင်နေတယ်ဆိုတဲ့ အကြောင်းလေးသိသွားအောင် နင်က အစ်ကိုတွေအတွက် ရေခဲခြစ်သွားဝယ်. . ငါတို့က ခက်ခဲပင်ပန်းတဲ့ ဆယ်တန်းဆိုတဲ့တောင်ကြီးကို ကျော်ဖို့ကြိုးစားနေကြတာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



နင်ပဲရေပူရေချမ်းကမ်းလှမ်းလိုက်ဦး. . "

ဇဉ် နှာခေါင်းလေးရှုံ့ပစ်လိုက်သော်လည်း ကိုမင်းပေးသည့် ပိုက်ဆံကိုတော့ လှမ်းယူလိုက်သည်။ ဇဉ်လည်းစားချင်တာကိုး. . ။ ပြီးမှ ညို့ကို သတိရပြီး. .

"ညို. . သနားပါတယ် ရေခဲခြစ်လေးတောင်စားမသွားရဘူး . . . ."ဟု ရေရွတ်တော့ ကိုလင်းက တစ်ချက်ကြည့်ကာ သွားစမ်းပါ ဟုအော်သည်။ သို့သော် သူ့အသံက ခါတိုင်းလိုမကြည်လင် သံမဟုတ်။ ချစ်ခင်မှုအပြည့်ပါသော အသံမျိုးဟု. . ဇဉ်ခံစားလို့ရသည်။

ဇဉ်တို့က ရေခဲခြစ်ကို အိမ်ရှေ့ဆိုင်ကဝယ်ပြီးရင် နို့ဆီဆမ်း. . မေမေဝယ်ထားသော ဆွမ်းကပ်သည့်ယိုတချို့ကိုထည့် တစ်ခါတည်းရှေ့ ဆိုင်ကဝယ်လာသော ဖယုံယိုတစ်ထုတ်ကို ခွဲထည့်နှင့် ကိုယ့်ဘာသာကိုယ် ရေခဲသုတ် လုပ်စားကြခြင်း. . ။ ရေခဲခြစ်ထဲမှာက ကျောက်ကျောနည်း နည်းပါသည်။ မြေပဲနည်းနည်းကို အမှုန့်လုပ်ကာ ထည့်လိုက်တော့ အဆင်ကိုပြေလို့. . ။ ရေခဲခြစ် တစ်ခွက်မှ ပြားငါးဆယ် (ထိုစဉ်က. .) ရေခဲသုတ်က တစ်ကျပ်ခွဲ. . ။ ကွာမှကွာ. . ။ နှစ်ကျပ်ဆို ဇဉ်တို့ မောင်နှမ လေးယောက်စာရပြီ. . ။ အိမ်ကမေမေကတော့ အိတ်နည်းနည်းစိုက် ပေါ့. . ။ ဒါပေမယ့် တစ်ခါတည်း ၆ကျပ်တော့ ဘယ်သူမှ မတတ်နိုင်။

"နင် ဘာတွေချုပ်တတ်နေပြီလဲ. . "

ကိုမင်းကမေး၏။

တလောက စကားများထားသော အခံနှင့် ဇဉ်မျက်စောင်းထိုးတော့ ကိုလင်းကရယ်သည်။

"လက်ကိုင်းစုတ်. . "





"အော်. . နင်က လက်နှိုးစုတ်ကို တခုတ်တရချုပ်နေတာလား ပုဆိုးဟောင်းလေးလာဆုတ်ဖြဲလိုက်. . ပြီးတာပဲ ဥစ္စာ. . "

"ကိုမင်း ပြဿနာမရှာနဲ့နော်. . ဇဉ့်ရေခဲသုတ်တွေ ပြန်ပေး. . "

ဇဉ့် စကားကြောင့် သူတို့က ဇဉ့်ကို တဟားဟားထရယ်ကြသည်။

"နေပါဦး မိဇဉ်ရာ. . မေ့တတ်လိုက်တာလည်း လွန်ရော. . ပိုက်ဆံက ငါပေးလိုက်တာလေ. . "

"ငါပေးလိုက်တာက ရေခဲခြစ်ပဲရမှာ ဒီလိုကောင်းကောင်းလေး ဖြစ်သွားအောင်က ဇဉ် စီမံလာတာ. . "

"ကောင်းတာပေါ့ . . နင့်ကိုခုနကပဲ နင့်အမေမှာထားတယ်လေ. . တွေ့ဆုံကြုံခိုက် ချစ်ချစ်ခင်ခင်နေတဲ့. . "

"အဲဒီတွေ့တုန်းဆုံခိုက်ကလည်း. . ခုနကပြောသလိုပဲ ကြာလိုက်တာ. . ပြီးမပြီးနိုင်ဘူး. . တော်ပြီ. . နေ့တိုင်းခိုင်းစားနေတာ စာမေးပွဲရှိလို့ဆိုပြီး. . သင်တန်းသွားတဲ့အချိန်ပဲနားရတယ် နောက်မလုပ်ပေးတော့ဘူးသွားပြီ. . "

စိတ်တိုချင်ဟန်ဆောင်ကာ ဇဉ် ထထွက်ခဲ့တော့လည်း ဘယ်သူကမှ ဇဉ့်ကို မချော့ကြ. . ။ ဒီတိုင်းကြည့်နေကြတာပင်. . ။ ဇဉ်သာခြေလေးသိသိသာသာ ဆောင့်ခဲ့ရသဖြင့် ဖိနှောင့်နာသွားတာပဲရှိသည်။ သူတို့ကဖြင့် ရယ်လို့မောလို့ကောင်းတုန်း. . ။

ဒီနေ့ အိမ်စာပေးလိုက်သော အကျီပုံတစ်ထည်ကို မိုင်းကိုင်တွဲကျ နှင့်ချုပ်ရမည်။ ဘာမှတော့ သိပ်မခက်. . ။



www.burmeseclassic.com

www.burmeseclassic.com



မေမေက အိမ်မှာနေသော အကျီများကို အိမ်မှာ သူမဘာသာ ချုပ်တာမို့ ကြည့်ရင်းနှင့်ကိုတတ်နေပြီ. .။ စနစ်မကျတာ တစ်ခုပဲရှိသည်။ စနစ်ကျအောင်ကတော့ ခုမှပဲ လေ့လာသင်ယူရတော့သည်။

မိုင်းကိုင်စက္ကူကိုချ. . ကတ်ကြေး၊ မာကာခဲ၊ ပေကြိုး စသည်တို့နှင့် အလုပ်ရှုပ်သွားချိန်မှာတော့ ဇဉ် အားလုံးကို မေ့သွားတော့သည်။





(၈)

တကယ်တမ်းကျတော့ ကိုလင်းတစ်ယောက် စာမေးပွဲမဖြေဖြစ်လိုက်။ စာမေးပွဲခန်းထဲ ဝင်မလာပဲ ပျောက်သွားသော ကိုလင်းကို ကိုမင်းနှင့် ကိုကြီး ဒေါင်းတောက်အောင်ရှာခဲ့ကြရသည်။ နောက်မှ သူတို့သိလိုက်ရတာက. . ကိုလင်းအဖေ. . အက်ဆီးဒင့်တစ်ခုနှင့် ဆေးရုံရောက်သွားသောကိစ္စ. .။

အရာရာသည် ဘာကိုမှ ပြန်ယူမရနိုင်တော့. .။ တစ်နာရီကျော်နောက်ကျပြီး ပြန်ရောက်လာသော ကိုလင်း. . တစ်နှစ်စာနစ်နာသွားခဲ့ရသည်။

မေမေကတော့ မကျေမနပ်နှင့် တဖွဖွပြောတုန်း။

"တကယ်ဆို. . စာမေးပွဲပြီးမှ လိုက်သွားလည်း နောက်မကျပါဘူးသားရယ်. . ဘာလို့များ အဲလိုလုပ်လိုက်ရတာလဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဖက်က အဖေလေ မေမေရဲ့. ."

ကိုကြီးက ဝင်ပြောပေးသော်လည်း မေမေကတော့ ခေါင်းတခါခါ. . ။

အရာရာကို အပြစ်မြင်တတ်သော ကိုလင်းတစ်ယောက် ဒီတစ်ခါတော့ ငြိမ်သက်လျက်. . ။

သူ့ဆီကို သတင်းလာပို့သူက အမြန်လိုက်လာပါဆိုပြီးခေါ်သွားခဲ့တာ။ သူ့အမေတစ်ယောက်တည်း ဖြစ်နေလို့ဆိုလား. . ။ ဘာမှမလုပ်တတ် မကိုင်တတ်ဖြစ်ရုံသာမက. . ပိုက်ဆံပါ မရှိလောက်ဟုဆိုကာ. . သူထလိုက်သွားမိချိန်သည် စာမေးပွဲခန်းဝင်ရန် ၁၅မိနစ်အလို။ နာရီဝက်နောက်ကျခွင့်ရှိတော့ နောက်ထပ် ၄၅မိနစ်အတွင်း ပြန်ရောက်နိုင်လိမ့်မည်ဟု သူထင်ခဲ့တာ။ သူပြန်ရောက်တော့ တစ်နာရီကျော်သွားခဲ့ပြီ. . ။ နာရီဝက်ဆိုသောအချိန်လေးနှင့် ကိုလင်းတစ်ယောက် နောက်တစ်နှစ်ကို ပြန်ရင်ဆိုင်ရတော့မည်။

သူ့ဘာသူလည်း ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်ရမလား. . သတင်းပေးခိုင်းတာကို ရအောင်ခေါ်သွားသူကိုပဲ အပြစ်တင်ရမလား။ သတင်းကို စာမေးပွဲခန်းက ထွက်မှ ပေးရကောင်းမှန်းနားမလည်သော အမေနဲ့ ညီမကိုပဲ အပြစ်တင်ရမလား သူမသိတော့။ ကံကြမ္မာကိုက သူ့ကိုဘယ်လို အလိုရှိမှန်းသူမသိတော့. . ။ အမှန်က အဖေကလည်း သိပ်မစိုးရိမ်ရသလို ကျန်တာကလည်း နှစ်ဘာသာတည်း။

မေမေတဖွဖွပြောမဆုံးတာလည်း မပြောနှင့်. . ။ ဇဉ်တောင်တွေးလိုက်တိုင်း နေမရထိုင်မရ. . ။ နောက်နေ့ကိုကြီးတို့ စာကြည့်နေတော့ ကိုလင်းကတစ်ယောက်တည်း. . ။





မေမေက. . အားလုံးကို မှာသည်။ ကိုလင်းကို ပစ်မထားဖို့. . ။

စာမေးပွဲပြီးသည့်နေ့က မေမေအိမ်မှာ မုန့်ဟင်းခါးချက်ပေးသေးသည်။ အားလုံးပျော်နေသလို ထင်ရသော်လည်း ကိုလင်းကြောင့် ဘယ်သူမှ အပြည့်အဝ မပျော်နိုင်ကြ။

"ကိုလင်းက ဇဉ်ကို စောင့်ဖို့တာဝန်ရှိပုံရတယ်. ."

ဇဉ့်စကားကြောင့် အားလုံးတစ်ချက်ကြောင် သွားကြသည်။ ကိုယ့်စိတ်သောကနှင့် ကိုယ်မေ့နေကြသော ကိစ္စကိုး။

"ဟုတ်တယ်နော်. . ဇဉ်. . ရှိသေးတာပဲ. . ဇဉ်နဲ့အတူ နောက်နှစ်စာကြည့်လို့ရတာပေါ့. . သားကညီမလေးကို စာပြပေးလေ. . အဆိုးထဲက အကောင်းပေါ့သားရယ်. ."

မေမေကလည်း ကိုလင်းကိုခေါင်းကလေးဖွဖွကိုင်ကာ နှစ်သိမ့်သည်။

"ဟုတ်သားပဲ. . ဟားဟား. . ဇဉ်တစ်ကောင်တော့ စာမရရင် ခေါက်ခံရတော့မယ်. ."

ကိုကြီးကပါ ထောက်ခံတော့ ကိုလင်းကရယ်သည်။ ကိုမင်းကတော့ ခပ်တည်တည်နှင့်. . ။ ဘာမှလည်း မပြော. . ။ စိတ်ဝင်စားဟန်လည်းမပြ. . ။ မုန့်ဟင်းခါးပန်းကန်ကိုမွှေကာ. . အကြော်သွားဝယ်ဦးမယ် ဆရာမ. . ဟုဆိုကာ ထထွက်သွားတော့သည်။

မေမေနှင့် ကိုကြီးက တစ်ယောက်ကိုတစ်ယောက် မေးခွန်းပါသောအကြည့်တွေနှင့် ကြည့်ကြသော်လည်း. . ကိုလင်းကတော့. . ဟက်ကနဲတစ်ချက်ရယ်သည်။ ကိုလင်းဘာကို ရယ်မှန်းလည်း သူတို့နားမလည်။ သို့သော်. . ညီရောက်လာသဖြင့် . . စကားကပြတ်သွားသည်။

www.burmeseclassic.com

ညိုက ဆေးရုံကအပြန် ဝင်လာခြင်းဖြစ်သည်။ ဇဉ်နှင့် မေမေခေါ်ထား တာလည်းပါသည်။

"ကိုမင်းကို လမ်းထိပ်က ကြော်ဆိုင်ဖက်သွားနေတာတွေ့ခဲ့ တယ်. . လိုက်ခဲ့ရမလားဆိုတော့ ခါးခါးသီးသီး. . "

ကိုမင်းဘာဖြစ်သွားတာလဲမသိ. . ဟု မေမေကရေရွတ်သော် လည်း ကိုလင်းတစ်ယောက်ကတော့ ရယ်ဆဲ. . ။

ကိုကြီးပင် ချက်ချင်း ကိုလင်းကိုဆွဲခေါ်ထုတ်သွားတော့သည်။ သေချာသည်။ ကိုကြီး ကိုလင်းကိုရစ်ကာမေးတော့မည်။

ညိုကတော့ ဇဉ့်ကို တိုးတိုးလေးမေးသည်။

"ငါ့အစ်ကို ရယ်နေတာပုံမှန်ရော. . ဟုတ်ရဲ့လားဟင်. . " . . တဲ့။

ဒီတော့မှ ဇဉ်ကရယ်ချင်တော့သည်။

"ပုံမှန်ပါဟဲ့. . ဘာဖြစ်တာလဲ. . "

"ခု. . မေမေက ဆေးရုံပေါ်က လူနာကိုမပူတော့ပဲ သူ့အတွက် နဲ့ နေ့နေ့ညညအိပ်မရတွေဖြစ်နေတာ. . "

ဇဉ်လည်း မျက်စောင်းမသိမသာထိုးလိုက်မိသည်ထင်သည်။

"နင်တို့ကလည်း နင်တို့ပဲ. . . အစ်ကိုကြီးကို ခေါ်ပါတော့လား။ ဘာမှန်းမသိ၊ စာမေးပွဲရှိတဲ့သူကို. . . "

"အော်. . . တစ်ခုခုဆို ကိုကြီးအဆောင်ထက် ဒီကနီးတာကိုး"

"အေး. . . နောက်နှစ်ကျရင်. . . ငါ. . . ကိုလင်းကို တောမှာ သွားဖြေခိုင်းမယ်"

ဇဉ် စိတ်ပေါက်ပေါက်နှင့်ပြောလိုက်တော့ ညိုက မသက်မသာ





ရယ်သည်။

"ကိုလေး သနားပါတယ်နော်. . ငါတို့နဲ့ တူတူဖြေရမှာ သူ့စိတ် ညစ်မှာပဲ. . "

ဒါပေါ့. . ဟုဆိုကာ ဇဉ်လည်းတိတ်သွားရသည်။ ညို့ကို မုန့်ပြင် ပေး. . ချိုင့်ထဲထည့်ပေးနေစဉ်မှာ ကိုမင်းပြန်ရောက်လာသည်။ အကြော် တွေလည်းပါလာသည်။

"ရော့. . နင်ကြိုက်တဲ့ ကြက်သွန်ကြော်လည်းပါတယ်။ ငါ့ကို ဘူးသီးကြော်နဲ့ တစ်ပန်းကန်ထပ်ထည့်ပေး. . "

အကြော်ထုတ်ကို ကမ်းပေးကာ ပြောလာသဖြင့်. . ဇဉ်လည် ပြင်ပေးလိုက်သည်။ ညိုနှင့်အတူ ထိုင်စားကြရင်းက

"ဒီပန်းကန်က ခုနကထက်ကောင်းတယ်. . "

. . ဟု ကိုမင်းကဆိုသည်။

"အကြော်ပါတာကိုး ကိုမင်းရဲ့. . "

ဇဉ်က အဲလိုပြောတော့ ကိုမင်းက ခေါင်းခါသည်။ သူခေါင်းခါ ပုံက တစ်မျိုး။ မဟုတ်ဘူး. . ဟု ငြင်းနေတာနှင့်လည်း မတူ. . ။ ဘာမှန် တော့မသိ။

"မစားဘူးလား. . ကြက်သွန်ကြော်. . "

"ခုနကပဲ တစ်ပန်းကန်စားတာလေ. . "

"အကြော်နဲ့ ဟင်းရည်ပဲသောက်လေ. . "

"အင်း. . ကောင်းသားပဲ. . "

ဇဉ်က ကြက်သွန်ကြော်ကို ဟင်းရည်နှင့် ထည့်လာတော့ ညိုက သူလည်းစားမယ်ဟုဆိုသည်။


www.burmeseclassic.com

www.burmeseclassic.com

"ဟ. . အကြော်တွေ အများကြီး. . ကိုယ့်ဟာကိုယ်စားပါလား. . "

ကိုမင်းကဝင် ကန့်ကွက်သည်။ ညိုက ကိုမင်းကို တအံ့တသြကြည့်ရင်း တစ်မျိုးပါလား. . ဟု ရေရွတ်သည်။ သို့သော် လက်ကတော့ ဆုတ်မသွား။ ဇဉ့်ပန်းကန်ထဲက ရအောင်ခပ်လိုက်တာမို့. . ကိုမင်းက မျက်နှာကိုမဲ့ပစ်လိုက်တာကို ဇဉ်တွေ့လိုက်သည်။

ညို့ကို အားနာသဖြင့် မသိချင်ယောင် ဆောင်ပေးလိုက်ပါသည်။ အမှန်တော့ ဇဉ်နှင့် ညိုက ဒီလိုပဲစားနေကျ။ သူ့ထမင်းဘူး ကိုယ့်ထမင်းဘူးလည်း နှိုက်စားနေကျ။

စားသောက်ပြီး အိမ်ရှေ့ထွက်လာတော့ ကိုကြီးနှင့် ကိုလင်းက ဂစ်တာတစ်လက်နှင့်. . ။ ရယ်နေသော အရှိန်ကတော့ မသေသေး။ တစ်ခုခုကို ပြောပြီးရယ်ထားကြပုံရသည်။ သူတို့ကို ကြည့်ပြီး ဇဉ်က မေးချင်သော်လည်း မမေးရဲ. . ။ ကိုကြီးက အကြီးဆိုတော့ မတော်ဟောက်လိုက်လျှင် ပြဿနာ။ ကိုမင်းကလည်း သူတို့ကို ကွက်ကြည့်ကွက်ကြည့်။ သို့သော် သူကလည်း ဘာမှမမေး. . ။

ထို့နေက ညိုသာပြန်သွားရော. . ကိုမင်းနှင့် ကိုကြီးတို့ စကားမပြောဖြစ်. . ။ ခဏနေကျတော့ ကိုမင်းကမေမေ့ကို နှုတ်ဆက်သည်။

"ဆရာမ. . သားပြန်ပြီ. . "

"ဟင်. . မင်းက အစောကြီး ဘာပြန်လုပ်မှာလဲ. . "

ဒီတော့မှ ကိုကြီးကမေးသည်။

"ဘာမှမလုပ်ဘူး. . ပျင်းလို့. . "

"ဟင်. . ငါတို့. . ဒီနေ့ ဘာမှမလုပ်တော့ဘူးလား. . "





"အဲဒါကို ငါကမေးရမှာလေ. . "

ကိုကြီးအမေးကို ကိုမင်းက အမေးနှင့်တုံ့ပြန်သည်ကို ကိုလင်းကရယ်သည်။

"ခွင့်လွှတ်လိုက်ပါကွာ. . . ဒီကောင်. . . အာရုံတွေများနေတယ်. . "

ကိုလင်းစကားကြားမှ ကိုမင်းမျက်မှောင် ကြုတ်သွားတော့သည်။ ခဏစဉ်းစားသလို ငြိမ်သွားသည်။ ပြီးမှခေါင်းခါကာ. . မသိဘူး. . ဟုဆိုသည်။

ကိုလင်းက တဟားဟား ထရယ်သည်။ ကိုကြီးကတော့ ခေါင်းတခါခါနှင့်. . ။

"ဒီနေ့ မေမေက မုန့်ဟင်းခါး အလကားချက်ကျွေးတယ်ထင်နေလား. . တကယ့်မုန့်ဟင်းခါးကြီးလည်း သွားစားရဦးမှာလေ. . "

ထိုအခါကျမှ ကိုမင်း ခေါင်းကိုရိုက်တော့သည်။

"ဟုတ်သားပဲ. . "

ဒီနေ့ ကျောင်းမှာစာကြည့်တိုက် ရှင်းမည်။ လုပ်အားပေးအဖြစ် ကျောင်းသားကျောင်းသူတချို့ကို ခေါ်ထားသည်။ ဒါကို ကိုမင်းမပြောနှင့်. . ။ ဇဉ်လည်း မေ့နေခဲ့သည်. ။ ဇဉ်က . . ဒီနေ့ သင်တန်းမရှိသဖြင့် . . စာအုပ်တချို့ လှန်ကာ. . အင်္ကျီပုံတစ်ခုခုကို စမ်းချုပ်ဖို့ စိတ်ကူးထားခဲ့တာ. . ။

"ကဲ. . ထထ. . သွားမယ်. . ညိုမပြန်သေးလို့ စောင့်နေတာ. . "

ဒီတော့မှ ဇဉ်လည်းကဗျာကယာ အဝတ်အစားလဲကာ လိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတော့သည်။ ဘာပဲပြောပြော စာအုပ်တွေရှင်းရမှာ ဆိုတော့ စိတ်ဝင်စားစရာတော့ ကောင်းသား..။ ဇော်က ဖက်ရှင်ဒီဇိုင်းပြီးလျှင် ဒုတိယ စိတ်ဝင်စားတာက..စာဖတ်ခြင်း..။

စာကြည့်တိုက်ရောက်တော့ သူတို့အားလုံး ပုံမှန်ပြန်ဖြစ်သွားသည်။ မေမေရော ..တခြားကျောင်းသားတချို့ရော ရှိနေခဲ့သည်ကိုး..။

ထူးခြားတာဝန်တစ်ခုက ကိုမင်းကစာအုပ်တွေများစွာထဲမှ မဂ္ဂဇင်းစာအုပ် တစ်အုပ်၏ စာမျက်နှာတစ်ခုကို ယူလာပြခြင်းဖြစ်သည်။

"ဘာလဲဟင်..အဲဒါက.."

"ဖတ်ကြည့်ပါ..ကောင်းတယ်.."

"ကဗျာလား.."

"ရှည်လိုက်တာ ဇော်ရာ.."

ခေါင်းကို အသာလှမ်းပုတ်ရင်း ကိုမင်းရယ်သည်။ သူရယ်ပုံက တစ်မျိုး..။ ရှက်ရယ်ရယ်သလို..တစ်မျိုးလေးတော့ ကြည့်ကောင်းသလိုဟုပင် ဖျတ်ကနဲ တွေးလိုက်သေးသည်။ အမှန်က စာအုပ်တွေ သယ်ရနေရချရနှင့် ဘာမှစာဖတ်ကြည့်ချင်စိတ်မရှိ။ သို့သော်..

ချစ်သူ...

"ကဗျာခေါင်းစဉ်က..ချစ်သူ..တဲ့..။

*အိပ်မက်ရဲ့ အရိပ်အယောင်တွေ မလိုဘူး*

*ဆုံးဖြတ်ချက်ကျမ်းကိုးကျမ်းကားတွေ မလိုဘူး*

*ပန်းချီတားတစ်ချပ်ရဲ့ လျှို့ဝှက်ချက်လို*

*ဝန်းချီဆရာတစ်ယောက်ပဲ သိနိုင်တဲ့ ခံစားမှုမျိုးနဲ့..*





*ငါ..မင်းကိုပေးအပ်လိုက်မိပြီ..*

*ငါ..စေတသိက်ရတနာများရဲ့ ဘဏ်တိုက်*

*ငါ..စကားလုံးများစွာကို စောင့်ကြပ်သူ*

*ငါ..ဒဏ္ဍာရီတွေကဗျည်းတင်စေခဲ့တဲ့..သူ*

*ငါ့အမှောင်တို့ ပျိုးပျက်လက်စေခဲ့တဲ့သူ*

*သူ .........*

ဖတ်ပြီး ဇော်ပုခုံးတွန့်လိုက်သည်။ ဘာကြီးလဲ..။ ကောင်းလည်း မကောင်းဘူး..ဟုလည်း ရေရွတ်လိုက်သေးသည်။ ကိုမင်းကတော့ မကြားတော့။ ထွက်သွားခဲ့ပြီ။ ဇော့်မှာတော့..ဘာမှန်းမသိသော နဝေတိမ်တောင် အတွေးများနှင့် ကျန်ခဲ့ရသည်။ ကိုမင်းဆိုတာက စာသမားလည်းမဟုတ်။ ဘာလို့များ ခုကျမှ ဒီလိုကဗျာမျိုးကို လာပြီးပြမှန်းမသိ။ ကဗျာက အဖွင့်ကဗျာမျိုးလည်းမဟုတ်။ ဖောင်ဖြည့်ကဗျာလိုမျိုး လွှတ်သောနေရာထည့်ထားတာနှင့် တူနေ၏။ ဇော်လည်း ဘာမှပြောမနေတော့ဘဲ စာအုပ်ကို သူ့နေရာနှင့် သူပဲပြန်စီပေးလိုက်သည်။

ခဏနေတော့ ကိုလင်းရောက်လာသည်။

"ခုနက..ငမင်းလာပေးတာ ဘာစာအုပ်လဲ.."

အမ်..။ သူကမြင်ဖြစ်အောင်မြင်တာလား..။ ခက်တာက ဇော်ကလည်း မညာတတ်။

"မဂ္ဂဇင်းလေ"

"ဘာမဂ္ဂဇင်းလဲ.."

"သိပါဘူး..ကဗျာတစ်ပုဒ်ကောင်းလို့ ဖတ်ခိုင်းတာ.."

"ဘာတဲ့လဲ.."

www.burmeseclassic.com



"ချစ်သူ. . တဲ့ ကောင်းလည်းမကောင်းဘူး. . "

ကိုလင်းကခွီးကနဲရယ်သည်။

"ဘာရယ်တာလဲကိုလင်း. . "

"အော်. . တစ်ကောင်က ကဗျာကို ဘာမှန်းတောင် မသိပဲ ဖတ်ခိုင်းတယ်၊ ပြောလိုက်သေးတယ်. . ကောင်းတယ်တဲ့. . ၊ တစ်ယောက်ကတော့ မကောင်းဘူးတဲ့. . မရယ်ရဘူးလား. . "

"မရယ်ရပါဘူး ကိုလင်းပြောပုံအရဆို ဇဉ်ကပါ ကဗျာကိုနား မလည်သလိုပဲ. . "

"ဟာ. . ဒါကျောင်းစာအုပ်ထဲက စကားပြေပြန်အနက်ဖွင့်ပေးမယ့် ကဗျာမျိုးတွေမှ မဟုတ်တာ. . "

ဇဉ် လက်မခံချင်သေး။

"အဲဒါနဲ့ပဲ ဇဉ်က မသိရတော့ဘူးလား. . "

ကိုလင်းက ခေါင်းခါ၏။ တော်ပြီ. . နောက်မှစကားနိုင်လုတော့ မည်ဟုတွေးကာ ဇဉ်. . လှည့်ထွက်ခဲ့လိုက်သည်။

❑





## Flash back
## Part B



www.burmeseclassic.com

www.burmeseclassic.com



(၈)

ဆယ်တန်းဆိုတာ တချို့သူတွေအတွက် နှစ်နှစ်သုံးနှစ် လေးနှစ် ဖြေရတာသိပ်မဆန်းသောလည်း ကျောင်းမှာ အထင်ကရလိုဖြစ်နေသော ရောင်နီလင်းလို လူကစာမေးပွဲကျသည်ဆိုတော့ အကြောင်းသိသူတွေအတွက်က စုပ်သပ်ကြသော်လည်း မသိသူတွေကတော့ ကောင်းတယ် ကောင်းတယ် ဖြစ်ကုန်ကြသည်။ အတူတူကျတာချင်းတာတာကိုတောင် သူတို့လိုပဲမို့ကျတယ်ဟုထင်သူကထင်သည်။

အမှန်တော့ လူဆိုတာကလည်းခက်သား။ စိတ်ကောင်းမရှိသော ဝန်းကျင်မှာ မွေးလာသည့်တိုင် စိတ်ကောင်းရှိသူများကို တွေ့နိုင်သော်လည်း ပင်ကိုယ်ဗီဇအရ မကောင်းသူကတော့ ကောင်းဖို့မဖြစ်နိုင်ချေ။

ဒီနှစ်သည် ကိုလင်းအတွက် အတော့်ကို ခက်ခဲသော နှစ်ဖြစ်သည်။





အချို့ဆရာ-မတွေပင် မသိလိုက်သောကိစ္စမို့ ဆရာလောကမှာ မေမေက ဒိုင်ခံဖြေရှင်းပေးနိုင်သော်လည်း အတန်းထဲမှာကျတော့ ဇဉ်က အစ ဇဉ့်ကိုလာပြောနေတာ မဟုတ်လျှင် လိုက်ရှင်းပြလို့ မရလေ့တော့ ကိုလင်းတစ်ယောက် စိတ်ဒုက္ခတော့ အတော်ရောက်ရသည်။

"ဆရာမ. . သားကျောင်းမတက်ပဲ အပြင်ကနေဖြေချင်တယ်"

"ဘာလို့လဲ သား၊ ပါးစပ်ပေါက်ခပ်ညံ့ညံ့တွေကို အရှုံးပေးထွက်သွားရင် သားပဲတခြားနေရာရောက်သွားမှာပေါ့. . သူတို့ကတော့ ဒီတိုင်းကျန်ခဲ့မှာပဲ. . ရေတိုမှာ ဘာကမှစကားမပြောဘူး သား၊ သူတို့ရဲ့ လုပ်ရပ်က သူတို့ဆီပဲပြန်သွားမှာ ရေရှည်မှာတော့ သူတို့ဟာ သူတို့စိုက်တဲ့အပင်အတိုင်း သူတို့ရိတ်ရမှာဖြစ်သလို သားကလည်း သားစိုက်ခဲ့တဲ့အတိုင်းရိတ်ရမှာပဲ သားက ဒီလူတွေရဲ့ စကားလုံးတွေကြောင့် သားထွက်သွားရင် သူတို့ကို အလကားနေရင်း သားအရှုံးပေးသလို ဖြစ်နေမှာပေါ့. ."

"သား တခြားမှာ သွားစိုက်မှာပေါ့ ဆရာမ. . သားလုပ်နိုင်ပါတယ်"

"သားလုပ်နိုင်တယ်ဆိုတာ ဆရာမယုံပါတယ် ဒါပေမယ့် မိဘဆိုတာကတော့ ဘယ်သားသမီးကိုမှ သူတို့ အရိပ်အောက်ကနေ ထွက်မသွားစေချင်ကြဘူး. . သားကို အတတ်နိုင်ဆုံး ဆရာမတို့က မျက်စိအောက်မှာရှိနေစေချင် ကူညီချင်နေသေးတယ်"

မေမေက ထိုသို့ပြောတော့ ကိုလင်းနည်းနည်းတွေဝေသွားသည်။ ဇဉ်သာဆိုရင်တော့ ကိုလင်းကို အပြင်ကဖြေမည်ဆိုလည်း ပေးဖြေလိုက်စေချင်သည်။ သို့သော် မေမေ့အပြောအရတော့ ကျောင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင်ရှိနေသော ကျောင်းသားတစ်ယောက်၏ စိတ်ခံစားမှုနှင့် တာဝန်ကျေမှုက အပြင်ကျောင်းသားတစ်ယောက်နှင့် မတူနိုင်တဲ့. .။

ကိုလင်းဘယ်လောက်ပဲ တော်တော်. . နေ့စဉ်လုပ်ဆောင်နေရမည့် ဝတ္တရားမရှိလျှင် လူကပေါ့သွားနိုင်သည်ဟု မေမေကဆိုသည်။

"ဒီနှစ်တစ်နှစ်စာ ကျောင်းစားရိတ်ကို ချွေတာရာမရောက်ဘူးလားဆရာမရယ်. ."

ကိုလင်းကလျော့သောဖွဲ့နှင့် ဆက်ပြောသည်။

"သားမှာ အခက်အခဲရှိရင် ဆရာမက ကူညီမယ်လို့ ပြောစရာတောင်မလိုပါဘူး၊ ဒါပေမယ့် မိဘအိမ်ငှားဖို့တောင်မှ ပိုက်ဆံရှာပေးနိုင်တဲ့သားပဲ၊ ပြီးတော့သားညံ့လို့ နောက်တစ်နှစ်နေရတာ မဟုတ်တဲ့တွက် မိဘမှာလည်း တာဝန်ရှိသေးတယ်လေ. ."

မေမေက မိဘအမှားဟုတော့ မပြော. .။ အမှန်ဆို ဒီကိစ္စကြီးက မဖြစ်သင့်ဘူးလို့ ဘယ်လိုပဲဆိုဆို. . ဖြစ်ခဲ့ပြီးပြီမို့. . ဘာမှ မတတ်နိုင်တော့သည့်တူတူ ကိုလင်းကိုလည်း နဂိုတိုင်းလေး ပြန်ဖြစ်စေ ချင်နေမိကြရတော့အမှန်။

နောက်ဆုံးတော့ ကိုလင်းက မေမေ့စကားကို နားထောင်ရှာသည်။

ကိုမင်းကတော့. . .

"အေး အပြင်က ဖြေလည်းရတာပဲ မင်းငါတို့နဲ့ သင်တန်းတွေလိုက်တတ်လို့ တောင်ရတယ်. ."

. . ဟုဆိုတော့ ကိုလင်းက ခွက်ထိုးခွက်လန် ရယ်သည်။

"မင်းစေတနာကြီးကို ငါသိပါတယ် မင်းရာ ခဏလောက်





သိမ်းထားလိုက်စမ်းပါဦး မင်းအရွယ်ရောက်မှပဲ. . စေတနာပြန်ထားလိုက် . . ဟုတ်ပြီလား. ."

ဒီလိုကျတော့ ကိုမင်းက တစ်ဖက်လှည့်ကာ ပွစိပွစိနှင့် ဘာမှန်းမသိတွေ ရေရွတ်ကျန်ခဲ့သည်။ ကိုကြီးကတော့ သူတို့ကို မကြားသလိုလုပ်ကာ သူ့အလုပ် သူအာရုံရနေသလိုနှင့်. .။

ကျောင်းတက်နေရသော်လည်း ကိုလင်းက စာတွေကို အာရုံစိုက်ရေးနေတာများသည်။ အခွေတွေ နိုင်ငံခြားကားတွေ ကြည့်လိုက်၊ နိုင်ငံခြားဘာသာပြန်တချို့ကို ဖတ်လိုက်၊ စာရေးလိုက်နှင့်. .။

"မင်း. . စာရေးတာက ဒါတွေကြည့်ပြီး ရေးတာလား. ."

မအောင့်နိုင်တော့သော တစ်နေ့မှာ ကိုကြီးကမေးတော့၏။

"အေး . . ဘာလို့လဲ. ."

"ဒါဆို မင်းဟာက သူများဟာခိုးချတာပေါ့. ."

ကိုလင်းက မသက်မသာရယ်သည်။

"ဒီမှာ သစ္စာ. . ရုပ်ပြစာအုပ်တွေ မင်းဖတ်လား. ."

"ဟင့်အင်း. . ငယ်ငယ်ကပဲ ဖတ်တယ်. ."

"အင်း. . ငါလည်း မင်းဖတ်တဲ့ အရွယ်တုန်းက လူကလေးတွေနဲ့ အဲဒီလူကလေးတွေလောက်ပဲ အသိပညာရှိတဲ့၊ အတွေးခေါ်ရှိတဲ့သူတွေ ဖတ်ဖို့လုပ်ပေးတာ. ."

"နားလည်သလိုနဲ့ နားမလည်ဘူး. ."

ကိုလင်းက သူ့စာအုပ်ကိုချထားရင်း ကိုကြီးဖက်လှည့်ကာ သေချာရှင်းပြ၏။

"ဒီလိုကွာ. . အနုပညာက အနုပညာသပ်သပ် ငါလုပ်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ သူတို့နှင့်အတူ ရောတိတ်သွားရသူက ဇော်. . ဟုတ်တာပဲ။ ဇော်တက်နေသော စက်ချုပ်သင်တန်းကြေးလည်း မေမေပေးထားရသေးသည်။ နောက်ကလိုက်ရသော ပစ္စည်းပစ္စယဖိုးတွေက ရှိသေးသည်။ ဒီလိုတွေးလိုက်တော့ ဇော်ပါ တိတ်ဆိတ်သွားတာမဆန်း. . ။

"ဇော် ပါလုပ်လို့ရတာ မရှိဘူးလား. . ကိုလင်း. . "

"နင်ကတစ်မျောင့်. . "

ကိုကြီးက ရယ်ကျဲကျဲနှင့် လှည့်ဟောက်သည်။

ကိုလင်းကတော့ မရယ်။ ပြီးမှ . .

"အကြံရပြီ. . နင်တို့ဈေးရောင်းရဲလား. . "

ဇော်နှင့် ကိုကြီးမျက်စိပျက် မျက်နှာပျက်နှင့် တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြတော့ ကိုလင်းက အော်ရယ်တော့သည်။ ဒါလားအလုပ်လုပ်ချင်တဲ့ ပိုက်ဆံရှာချင်တဲ့ သူတွေဟု ရယ်သံနှင့် ပြောနေသယောင်။

"သိပ်လည်း မလန့်သွားပါနဲ့. . ငါဆိုလိုချင်တာက အိမ်ရှေ့ကထိုးထားတဲ့ အမိုးလေးအောက်မှာပဲ. . လိုမှာကခုံပုလေးတွေ. . ပန်းကန်ခွက်ယောက်ကတော့ အိမ်မှာရှိတာပဲ နောက်နင်တို့ရော ငါတို့ရောကအသုတ်တော့ သုတ်တတ်ကြတာပဲလေ. . လက်ဘက်သုတ်၊ ဂျင်းသုတ်၊ စသဖြင့်ပေါ့. . နောက်ကော်ဖီနဲ့မုန့်. . မကောင်းဘူးလား. . "

ကိုကြီးက ထိုအခါကျမှ ပြုံးကာခေါင်းညိတ်၏။ တစ်ပတ်တစ်ခါမေမေ့ဆီစာလာ မေးဝင်ထွက်နေကြသော တပည့်တွေနှင့် တင်အလုပ်ဖြစ်နိုင်သည်။ ပြီးတော့ သူတို့မျက်စောင်းထိုးခြံမှာက စာသင်ဝိုင်းတွေလည်း ရှိသေးသည်။ ဒီနားမှာရှိတာက အကြော်ဆိုင်နှင့် ရေခဲသုတ်ဆိုင်





ပဲရှိတာဆိုတော့. . ဘာပဲပြောပြော အဆင်ပြေနိုင်သည်။ တစ်ခုပ
မေမေ့ဆီက ပန်းကန်တွေတောင်းရမည်။ အရင်းနည်းနည်းတောင်း
မည်။ ခုံတွေဝယ်ရမည်။

"မေမေ့ကို ပြောလို့လွယ်ပါမလားဟင် ကိုကြီး. . "

"ပြောတာက လွယ်ပါတယ်. . မလွယ်တာက ပိုက်ဆံမတောင
ချင်တာ အရင်းရဖို့ ပိုက်ဆံအရင်ရှာရမလိုပဲ. . "

ကိုကြီးက ဇီချိသွားဖြသလိုရယ်ကာ အတည်ပြောရှာသည်. .

ကိုလင်းက ထိုအခါကျမှ. . ခေါင်းကုတ်တော့သည်။ သို့သေ
. . ကယ်တင်ရှင်က ရောက်လာ၏။

"ဘာတွေ တိုင်ပင်နေကြတာတုန်း. . "

ကိုမင်း. . ၏ မေးသံ။

ကိုကြီးက ခေါင်းချောက်သံနှင့် ရှင်းပြ၏။ ကိုကြီးစကားဆုံ
တော့ ကိုမင်းက. . ကိုလင်းဖက်လှည့်ကာ. . .

"မင်းအကြံပေးတာလေ. . မင်းရှာတဲ့ ငွေတွေခဏပေးလိုက်ပ
လား. . "

ကိုလင်းက ရယ်သည်။

"ပေးချင်ပါတယ် နောက်တစ်လလောက်ဆိုရပြီ. . . "

သို့သော်လည်း ကိုယ့်ကျောင်းစားရိတ် ကိုယ်ရှာ၊ အိမ်ကလိုလျှ
ပြန်ပေးနေရသော ကိုလင်းထံမှ သူတို့ဘယ်လိုမှ ယူလို့မဖြစ်။ သူတို့က
ကိုလင်းကို ကျောင်းနှင့် နီးသော အိမ်မှာခေါ်ထားပြီး ထမင်းကျွေးသား
တာလောက်နှင့် ဒီလိုတော့ ပြန်မယူရက်. . ။

"ဟုတ်ပါဘူးဟာ. . မေမေ့ကိုပြောရမှာက ပြောရမှာပဲ. . ခွင့်ပြ



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ သူတို့နှင့်အတူ ရောတိတ်သွားရသူက ဇဉ် . . ဟုတ်တာပဲ။ ဇဉ်တက်နေသော စက်ချုပ်သင်တန်းကြေးလည်း မပေးပေးထားရသေးသည်။ နောက်ကလိုက်ရသော ပစ္စည်းပစ္စယဖိုးတွေက ရှိသေးသည်။ ဒီလိုတွေးလိုက်တော့ ဇဉ်ပါ တိတ်ဆိတ်သွားတာမဆန်း . . ။

"ဇဉ် ပါလုပ်လို့ရတာ မရှိဘူးလား . . ကိုလင်း . . "

"နင်ကတစ်မျောင့် . . "

ကိုကြီးက ရယ်ကျဲကျဲနှင့် လှည့်ဟောက်သည်။

ကိုလင်းကတော့ မရယ်။ ပြီးမှ . .

"အကြံရပြီ . . နင်တို့ဈေးရောင်းရဲလား . . "

ဇဉ်နှင့် ကိုကြီးမျက်စိပျက် မျက်နှာပျက်နှင့် တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြတော့ ကိုလင်းက အော်ရယ်တော့သည်။ ဒါလားအလုပ်လုပ်ချင်တဲ့ ပိုက်ဆံရှာချင်တဲ့ သူတွေဟု ရယ်သံနှင့် ပြောနေသယောင်။

"သိပ်လည်း မလန့်သွားပါနဲ့ . . ငါဆိုလိုချင်တာက အိမ်ရှေ့ကထိုးထားတဲ့ အမိုးလေးအောက်မှာပဲ . . လိုမှာကခုံပုလေးတွေ . . ပန်းကန်ခွက်ယောက်ကတော့ အိမ်မှာရှိတာပဲ နောက်နင်တို့ရော ငါတို့ရောကအသုတ်တော့ သုတ်တတ်ကြတာပဲလေ . . လက်ဘက်သုတ်၊ ဂျင်းသုတ်၊ စသဖြင့်ပေါ့ . . နောက်ကော်ဖီနဲ့မုန့် . . မကောင်းဘူးလား . . "

ကိုကြီးက ထိုအခါကျမှ ပြုံးကာခေါင်းညိတ်၏။ တစ်ပတ်တစ်ခါ မေမေ့ဆီစာလာ မေးဝင်ထွက်နေကြသော တပည့်တွေနှင့် တင်အလုပ်ဖြစ်နိုင်သည်။ ပြီးတော့ သူတို့မျက်စောင်းထိုးခြံမှာက စာသင်ဝိုင်းတွေလည်း ရှိသေးသည်။ ဒီနားမှာရှိတာက အကြော်ဆိုင်နှင့် ရေခဲသုတ်ဆိုင်





ပဲရှိတာဆိုတော့ . . ဘာပဲပြောပြော အဆင်ပြေနိုင်သည်။ တစ်ခုပဲ။ မေမေ့ဆီက ပန်းကန်တွေတောင်းရမည်။ အရင်းနည်းနည်းတောင်းရမည်။ ခုံတွေဝယ်ရမည်။

"မေမေ့ကို ပြောလို့လွယ်ပါမလားဟင် ကိုကြီး . . "

"ပြောတာက လွယ်ပါတယ် . . မလွယ်တာက ပိုက်ဆံမတောင်းချင်တာ အရင်းရဖို့ ပိုက်ဆံအရင်ရှာရမလိုပဲ . . "

ကိုကြီးက မချိအားဖြဲသလိုရယ်ကာ အတည်ပြောရှာသည် . . ။

ကိုလင်းက ထိုအခါကျမှ . . ခေါင်းကုတ်တော့သည်။ သို့သော် . . ကယ်တင်ရှင်က ရောက်လာ၏။

"ဘာတွေ တိုင်ပင်နေကြတာတုန်း . . "

ကိုမင်း . . ၏ မေးသံ။

ကိုကြီးက ခေါင်းချောက်သံနှင့် ရှင်းပြ၏။ ကိုကြီးစကားဆုံးတော့ ကိုမင်းက . . ကိုလင်းဖက်လှည့်ကာ . . .

"မင်းအကြံပေးတာလေ . . မင်းရှာတဲ့ ငွေတွေခဏပေးလိုက်ပါလား . . "

ကိုလင်းက ရယ်သည်။

"ပေးချင်ပါတယ် နောက်တစ်လလောက်ဆိုရပြီ . . . "

သို့သော်လည်း ကိုယ့်ကျောင်းစားရိတ် ကိုယ်ရှာ၊ အိမ်ကလိုလျှင်ပြန်ပေးနေရသော ကိုလင်းထံမှ သူတို့ဘယ်လိုမှ ယူလို့မဖြစ်။ သူတို့က ကိုလင်းကို ကျောင်းနှင့် နီးသော အိမ်မှာခေါ်ထားပြီး ထမင်းကျွေးထားတာလောက်နှင့် ဒီလိုတော့ ပြန်မယူရက် . . ။

"ဟုတ်ပါဘူးဟာ . . မေမေ့ကိုပြောရမှာက ပြောရမှာပဲ . . ခွင့်ပြု



www.burmeseclassic.com

www.burmeseclassic.com



ချက်တောင်းပြီးလုပ်ရမှာ တော်ကြာပြီးမှ အသိပေးတယ် ဖြစ်နေဦးမယ်. . ”

ကိုကြီးပြောတာမှန်သည်။ မေမေ့ကိုတော အသိပေးရုံလုပ်လို့မရ. . .။ ဒါကိုမေမေ့တပည့်များ ဖြစ်သော ကိုလင်းနှင့် ကိုမင်းကလည်း သိသည်။

ကိုမင်းက. . .

“ဒီလိုလုပ်ပါလား. . ငါ့ဆီမှာ. . အဖွားပေးထားတဲ့ ငွေတွေရှိတယ် အဲဒါယူရင်းလိုက်လေ ပြီးရင်ငါ့ကို အရင်ဆပ်. . ဖြည်းဖြည်းချင်းပေါ့. . ပြီးရင်. . မင်းတို့ဆက်လို့ရပြီပဲ. . ဆိုင်က ဘယ်ချိန်ဖွင့်မှာတုန်း. . ”

တစ်နေကုန် သင်တန်းတွေရှိမှာမို့ ကိုမင်းက မေးခြင်းဖြစ်သည်။

“ဇဉ် ကျောင်းက စောစောပြီးတယ် ဇဉ်ပြန်ရောက်တာနဲ့ ပြင်ဆင်ပေးထားမယ် ကိုကြီးနဲ့ ကိုမင်းရောက်တာနဲ့ ဖွင့်မယ်လေ. . . ”

“ငါလည်းရှိပါသေးတယ် ဇေင်ရိုင်းရဲ့. . . ”

ကိုလင်းက သူ့ကိုထည့်မတွက်သောကြောင့် ဇဉ့်ဆံပင်တွေကို လှမ်းဖွပစ်လိုက်ရင်း စိတ်တိုစွာပြောသည်။

“အား. . နာတယ်ကိုလင်းရဲ့ ကိုလင်းကစာရေးရမှာဆို. . ”

“အင်းလေ. . ဟုတ်သားပဲ သူများကို နာအောင်မလုပ်နဲ့လေ. . ”

ကိုမင်းက ဇဉ့်ခေါင်းကို ပြန်ပွတ်ပေးရင်း ပြောသဖြင့် ကိုလင်း ထရယ်တော့သည်။

“ပိုမနေနဲ့ ဇေင်ပို. . ဆက်ပြောရင် ဇေင်ကာတွေ ဘာတွေပါ





လာတော့မယ်. . ”

“ကဲ တော်ပါ ငါတို့ရောင်းမယ့်ထဲ စာတေးတွေ အကင်တွေ မပါဘူး. . ”

အမ်ကနဲကြောင်သွားရသူက ဇဉ်. . .။ ပြီးမှ ဇေင်ကာ ကို ဘယ်လိုသတ်ခဲ့တာကို ပြန်တွေးမိပြီး သဘောပေါက်ကာလိုက်ရယ်တော့ နောက်မှ ရယ်ရကောင်းလားဟု ဇဉ့်ကို ငတုံးဆိုကာ သူတို့ဝိုင်းရယ်ကြပြန်သည်။

ထိုစဉ်မှာပင် မေမေရောက်လာသဖြင့် သူတို့ စကားဝိုင်းလေး သိမ်းလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



(ခ)

နောက်ဆုံးကျတော့ မေမေ့ထံမှ အရင်းတစ်ဝက်၊ ကိုမင်းထံမှ အရင်းတစ်ဝက်နှင့် သူတို့တက်ညီလက်ညီ ဆိုင်ဖွင့်ဖြစ်သွားတော့သည်။ ကိုမင်းကလည်း ဆိုင်မှာတော်တော်ကူပါသည်။ ကိုလင်းလည်း သူစာတွေ သူရေးနိုင်ဖို့ ပြန်သတိပေးနေရသည်။ မဟုတ်လျှင်ဆိုင်မှာချည်းပင်. . ။

"လင်းတစ်ကောင်လည်း အသုတ်ပဲရောင်းချင်တော့တယ်ထင်တယ် ကဗျာတွေစာတွေ ဇာတ်လမ်းတွေရေးချင်တော့ ပုံမပေါ်ဘူး. . ."

ကိုမင်းက ကောင်းမလေးများကို ကြည့်ကာပြော၏။ အသုတ်စုံလေးနှင့် ထမင်းဖြူသည် ကော်ဖီလေးတစ်ခွက်နှင့် ထိုင်နေလျှင် အကုန်မေ့နိုင်လား ထင်ရလောက်အောင် အတွဲများ၊ သူငယ်ချင်းများ အတွက် အသုံးဝင်လေသည်။ ကိုလင်းကရယ်ရင်း. . .

"ဘယ်ကလာ ရေးဖို့ ကုန်ကြမ်းတွေ ရင်ခုန်သံတွေက ရှာရသေးတယ်. . "





ကိုလင်းစကားကြောင့် ဇဉ်ပင်ရယ်ချင်သွားရသည်။ အမှန်တော့ ဒီလိုအတွေ့အကြုံသစ်ဆိုတာက ဇဉ်တို့အတွက်တော့ ရင်ခုန်လှုပ်ရှားစရာ. . . ။ ကိုကြီးနှင့် ကိုမင်းကတော့ ချက်တတ်ပြုတ်တတ်လာလျှင် သူတို့ချက်တာလေးတွေပင်တင်ရောင်းတော့ မလို စိတ်ကူးတွေယဉ်လို့. . ။ တကယ့်တကယ်က ဖြစ်မှမဖြစ်နိုင်ပဲ. .

"နင်တို့ နှစ်ယောက်က ကျောင်းတက်နေရတာ. . စာလည်းလုပ်ရမှာဆိုတော့ နေ့လည်ကျောင်းဆင်းပြီးတာနဲ့ လုပ်စရာရှိတဲ့ အိမ်စာအရင်လုပ်ပြီးမှဆိုင်ခင်း. . ညနေ ခြောက်နာရီဒေါင်ဆို အိမ်ပေါ်တက်ထမင်းစားပြီး စာလုပ်တော့. . . ကြားလား. . "

ကိုကြီးက အကြီးလေသံနှင့် ပြောတော့ဇဉ်က ပုခုံးလေးသာတွန့်သွားမိသော်လည်း မှန်နေသဖြင့် စောဒကမတက်ရဲ. . ။ ကိုလင်းကတော့ ရယ်ရင်း စောဒကတက်ပုံက. .

"ထမင်းက ဖြစ်သလို ဒီမှာပဲစားလိုက်ပါ့မယ်. . ထမင်းဖြူရယ်၊ အသုတ်တွေရယ်ထဲကို ကောင်မလေးတွေပါရော ထည့်လိုက်တော့ ပိုမြိန်တာပေါ့. . "

ကိုကြီးကတော့ မနိုင်ဘူးဟေ့ဟုဆိုကာ ခေါင်းခါနေသည်။ ကိုမင်းကတော့ ကိုလင်းကိုထောပနာပြုသည်။

"တော်တော်. . . ကြွနေတယ်. . "

သူနားမှာကပ်နေတာမို့ ကြားသာရုံရေရွတ်လိုက်ခြင်း ဖြစ်သော်လည်း ကိုလင်းက အသံကျယ်ကြီးနှင့်. .

"အင်း . . ငါက ကြွရုံပါ. . မင်းလိုတော့ ရှူဖို့စိတ်ကူးတွေ မပေါက်သေးဘူး. . ဟေ့ကောင် အတွေ့အကြုံအရ ပြောစမ်းပါဦး ဒါအစ



www.burmeseclassic.com

www.burmeseclassic.com



လား. . . "

ကိုမင်းပါးစပ်စေ့ကာ ကိုလင်းကို အသံတိတ်ဆဲတော့သည်။ ကိုကြီးကတော့ ဝယ်သူဝင်လာသဖြင့် ထထွက်သွားသည်။ ခုလိုအိမ်ကို ဝယ်သွားပြီး ညစာကို အသုတ်တစ်ပွဲလောက်နှင့် မိသားစုပြီးလိုက်ရသူ တွေလည်းရှိသည်ပဲ။ ဒီလိုမျိုးကျတော့ ဇဉ်ကသိသဖြင့် ပိုထည့်ပေးချင် သော်လည်းမရ. . ။

"ငါတို့က အားနေလို့ အပျော်တမ်းဆိုင်ဖွင့်တာ မဟုတ်ဘူးလေ . . ငွေရှာတာ. . မတရားသဖြင့် မရောင်းဘူး တော်ပြီပေါ့. . ပိုထည့်လို့ အရင်းထဲက ပါသွားရင် နင်ဘယ်လိုလုပ်မလဲ. . အဲဒါမှတ်ထား. . နင့် ဘဝတစ်ခုလုံးစာ အတွက်မှတ်ခိုင်းတာ မတရားသဖြင့် မလုပ်မိဖို့ပဲ စဉ်းစား သနားတာ အားနာတာတွေကိုတော့ ယောင်မှားပြီး မလုပ်မိ စေနဲ့ ကြားလား. . ဟိုနှစ်ကောင်ရော. . "

ကိုကြီးစကားက မှန်နေတာမို့ သူတို့နားထောင် ခေါင်းညိတ်ရ သည်။ ကိုလင်းကတော့ ထုံးစံအတိုင်း နောက်ဖို့ပဲ စဉ်းစားနေသူမို့. . .

"ဒါဆို ငါချိန်ရင်ကောင်းမလား စဉ်းစားမျက်စေ့ကျတဲ့ ကောင် မလေးတွေလည်း ပိုထည့်ပေးလို့မရဘူးပေါ့နော်. . . "

သနားစရာသံလေးကြောင့် ကိုကြီးကရယ်သည်။ ပြီးတော့. . မှတ်ချက်ချ၏။

"မင်းက အသံကြောင့် ဖားသေမယ့်ကောင်. . " . . . .

"ဖားသေတော့ ကြော်ရောင်းတာပေါ့ သစ္စာရာ. . . "

ကိုမင်းက ဘာရယ်မဟုတ်နောက်ပြောလိုက်သော်လည်း ကိုကြီးက. .





"တွေ့လား ငလင်း ဖားအသေစောင့်နေသူတွေလည်း ရှိတယ် . . "ဟုဆိုသဖြင့် ကိုမင်း. . . ဟာ. . ကနဲနေကာ ခေါင်းကုတ်ရင်း အပြင် ထွက်သွားတော့သည်။

တကယ့်တော့ ဒီဆိုင်လေးက ကောင်မလေးတွေ အများကြီး လာတတ်တာ ကိုလင်းတို့ သုံးယောက်ကြောင့်ဟုဆိုလျှင်လည်း ရာနှုန်း တော်တော်များများပါပေလိမ့်မည်။ ကိုလင်းက စိတ်ဝင်းတစားလာကြည့် သော ကောင်မလေးတွေရှိသလို ခပ်တည်တည်နှင့် နေတတ်သော ကိုကြီးကိုလာခိုးကြည့်တတ်သည့် ကောင်မလေးတွေကလည်း အများ သား. . . ။ ကိုမင်း. . . က တမျိုးလေးဆိုသည့် ကောင်မလေးတွေကို လည်း ဇဉ်ကနားနှင့် ဆတ်ဆတ်ကြားခဲ့ရသည်ပဲ. . ။ ဇဉ်တစ်ယောက် သာ ဒေါင်းတွေကြားက ကျီးမလေးလိုပင်. . . ။

ဇဉ်တို့လမ်းထဲက ကျူရှင်ဝိုင်းက အတော်နာမည်ကြီးသည်။ ကားတွေ ကားတွေနှင့်လာကြာတာ တစ်နေကုန်။ ဒီတော့ ကောင်မလေး လှလှ ကောင်လေးမိုက်မိုက်လေးတွေပေါ့မှပေါ့. . . ။ ဒီလို အသုတ်ဆိုင် က ကောင်လေးသုံးယောက်ကို လာကြည့်ကြသည်ဆိုတာက သစ်ရွက် တစ်ရွက် လှုပ်သွားစေရုံလောက်သာရှိလိမ့်မည်ဆိုတာကို ကိုကြီးတို့က မတွေးမိပဲတော့ နေမှာမဟုတ်။

ညနေဆို သူ့အမေက ကားနှင့်လာကြိုသွားတတ်သော ကိုမင်း ကိုကြည့်ကာ ကိုမင်းကတစ်မျိုးလေးနော်ဟု ပြောကြတာကလည်း မဆန်း. . ။

ဘာပဲပြောပြော ကိုလင်းနှင့်အတူ စာကြည့်ရတာကတော့ ဇဉ် တကယ်သက်သာသော ကိစ္စဖြစ်သည်။ အခန်းတိုင်း. . တန်ခိုးစီတိုင်း



www.burmeseclassic.com

www.burmeseclassic.com

အတွက် စိတ်ဝင်စားစရာ မှတ်စုတိုလေးတွေ ထုတ်ထားတတ်သော ကိုလင်းမှတ်စုကိုကူး၊ တစ်ခေါက်ရှင်းပြတာကို ထပ်နားထောင်လိုက်ယုံ နှင့် စာကျက်ရသော ကိစ္စကပြီးစီးလေသည်။ ဒီတော့ ဇဉ့်အတွက်.. ဆယ်တန်းဆိုတာ ဘာမှသိပ်ကြောက်စရာကောင်းသော အရာမဟုတ် တော့..။

"ထမင်းသုတ်က သုံးပွဲ... လက်ဘက်သုတ် အဖိုးကြီးသုတ် တစ်ပွဲ.. ထမင်းဖြူနဲ့.. ငါးဖယ်သုတ်ကတစ်ပွဲ.. ထမင်းသုတ်သုံးပွဲမှာ တစ်ပွဲက ငါးဖယ် တစ်ပွဲက ပဲပြား တစ်ပွဲက ပဲကြော်..."

နည်းနည်းမူးချင်သလိုဖြစ်သွားရသည်။ ခပ်ဖြည်းဖြည်းချင်း စိတ်ထဲက ပြန်ရွတ်ကြည့်ရသည်။

ထမင်းဖြူနှင့် အဖိုးကြီးသုတ်ကို အရင်လုပ်ပေးလိုက်သည်။

ထမင်းသုတ်နေတုန်း ငါးဖယ်သုတ်ရန် ကိုလင်းက ငါးဖယ်တွေ အသင့်ညှပ်ပေးထားသလို ထမင်းသုတ်တစ်ပန်းကန်စီ ပြီးတော့လည်း ဇဉ်ကချလိုက်တာနှင့် အပေါ်က လိုအပ်သမျှကို လိုအပ်သမျှကို ကိုလင်းကထည့်ပေးပြီးသား..။ ညီသာမြင်လျှင် ပြောဦးမလားမသိ...။ သူမ အစ်ကို အိမ်မှာဆိုဘာမှမလုပ်ဘူး... ဟု...။

ကော်ဖီမစ်လေးခွက်ဟု ထပ်အော်သဖြင့် ကော်ဖီခွက်တွေနှင့် ကိုကြီးအလုပ်ရှုပ်သွားချိန်တွင် ကောင်မလေး တစ်သိုက်ထပ်ဝင်လာ သည်။

"လက်ဘက်သုတ်တစ်ပွဲ ချဉ် ငန် စပ်၊ ချင်းသုတ် တစ်ပွဲအချို ..ထမင်းဖြူနှစ်ပွဲ ..ကော်ဖီမစ်က သုံးခွက်..အအေးရလား.. အအေး.."





ကိုကြီးနှင့် ကိုလင်းတစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကြ သည်။ ကိုကြီးက... "လောလောဆယ်တော့ မရသေးဘူး.. နောက်နေ့ တွေရအောင် လုပ်ထားပါ့မယ် သောက်မှာလား..."

"သောက်မှာပါ.. နောက်နေ့တွေနော်..."

ညကျတော့ ကိုကြီးက အအေးတင်ဖို့စဉ်းစားတော့သည်။ အရင်းကတစ်ပုလင်းကို ဘယ်လောက် ရေခဲဝယ်စိမ်ထားရမှာမို့ ရေခဲဖိုး က ဘယ်လောက်။ မရောင်းရရင်ရှုံးမယ့် ရေခဲဖိုး.... သေချာတာက မကိုက်။ အိမ်ပေါ်မှာ ရေခဲသေတ္တာရှိနေလျှင်တော့ တစ်မျိုးပေါ့..။ ခုဟာက ရှိမှမရှိပဲ...။

"မင်းက ရှည်ပြီးတင်မယ်ပြောလိုက်တာကိုး..."

"ဒါက ရောင်းချင်တာကိုး..."

"ခုဟာက အဆင်မှ မပြောတာ..."

"အင်းလေ တင်လို့အဆင်မပြေဘူးလို့ ပြောလိုက်ပေါ့.. တစ်ခု ပဲ တကယ်သောက်ချင်တဲ့ သူတွေတွက် ရေခဲခြစ်ဆိုင်ကနေသွားမှာ ပေးလိုက်ရင် နှစ်ဦးနှစ်ဖက် အကျိုးရှိမယ်..."

"အင်း.. ဟုတ်တယ်..."

သို့နှင့် သူတို့ရေခဲခြစ်ဆိုင်လေးနှင့် ပလဲနံပသင့်သွားကြသည်။ အမှန်တော့ ရေခဲခြစ်ဆိုင်ကလည်း အအေးပုလင်းမရပါ...။ ဖျော် သောအအေးသာရပါသည်။ ဒီလိုလမ်းလေးထဲသို့ ဘယ်အအေးမှ လည်း ကားနှင့် လာမချနိုင်တာ သူတို့သိထားသည်ပဲ။

သို့သော်လည်း တစ်ပတ်ကျော်ကျော်လောက်နှင့် ကိုမင်းထံမှ အရင်းတစ်ဝက်ကို ပြန်ပေးလိုက်နိုင်တာကတော့ ကိုကြီး၏ စေ့စပ်


www.burmeseclassic.com

www.burmeseclassic.com



သေချာမှုများကြောင့်သာဖြစ်နိုင်သည်ဟု ဇဉ်တွေးမိသည်။ မေမေကတော့ သူ့ကိုပြန်ပေးစရာမလို သင်တန်းအတွက်သာ စုတော့ဟုဆိုခဲ့သဖြင့် ကိုကြီးပို အဆင်ပြေသွားသည်။





(ဂ)

"ကိုလင်း. . ဒီတစ်ခန်းတွက်ပြီးရင် ဇဉ်က အိပ်တော့မှာ. . ."

"သဘောပဲ ငါက ဇာတ်နှစ်ခုရေးစရာရှိတယ်. . အတော်ပဲ နင် စောစောအိပ်တော့ ငါလည်း စောစောစရေးလို့ ရတာပေါ့. . ."

"အဲဒါဆိုလည်း စောစောကပြောပါလား ဇဉ်က အိပ်ချင်နေတာကြာလှပြီ. . ."

"လျှောက်ပြောမနေနဲ့ နင့်အစ်ကိုသတ်လိမ့်မယ်. . . သွား. . . ပြီးမှအိပ်. . ."

ဒီလိုကျတော့ ကိုလင်းကဆရာကြီး။ လုပ်ချင်ရာ လုပ်တတ်သော ကိုလင်းမဟုတ်တော့။ တကယ်တော့ ကိုလင်းက သူ့မိသားစုရယ် တခြားလူတွေတွက်ရယ်က လုပ်ချင်ရာလုပ်သော သူတစ်ယောက်ဖြစ်သော်လည်း ဇဉ်တို့အတွက်ကတော့ သိပ်ပြီးဆိုးသော သူဟုခေါ်စားရ. . .။ ဇဉ်တို့ဆီမှာမို့ သူစိမ်းဆီမှာမို့ဟုတော့ ညိုကပြောသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com

လည်း တကယ့်အရေးအကြောင်းဆိုလျှင် ကိုလင်းက အိမ်ကိုပြန်နိုင်တတ်သူပဲ။ သူစိတ်မလိုချိန်မှာ ဘာမှမလုပ်ပေးသော်လည်း သူ့အခံစိတ်က လေးကတော့ဖြင့် သူ့ဘဝနှင့် တစ်နှစ်တာပြန်ရင်းလိုက်ရသော အဖြစ်လေးက သက်သေခံနေသည်။

အမှန်က ဇဉ် အိပ်ချင်ပြီဟု အော်နေသောအချိန်က ညဆယ်နာရီကျော်ပဲ ရှိသေးသည်။ ဒီအချိန်မှ ကိုကြီးက ဆိုင်သိမ်းပြီးသည်။ ပြန်တက်လာလျှင် စာဖတ်သေးသည်။ သူတို့သင်နေသည့်ထဲတွင် ဂျပန်စကားလည်းပါသည်။ ဘာပဲပြောပြော ဒီအစ်ကိုတွေ သနားစရာတော့ကောင်းသားဟု ဇဉ်ထိုကတည်းက တွေးတတ်ပါသည်။

"ဇဉ်. . ငါတို့ ဂျပန်မှာ အလုပ်သွားလုပ်ရင် နင်တစ်ယောက်တည်း ကျန်ခဲ့မှာ နင်. . . ဖြစ်ပါ့မလား. . ."

ကိုမင်းကတော့ တစ်ရက်မှာ သူ့ကိုထိုသို့မေးသည်။

"ဖြစ်အောင်ကြိုးစားရမှာပဲ ကိုကြီးနဲ့ ဇဉ်က တစ်ခါမှခွဲဖူးတာမဟုတ်ဘူး၊ ပြီးတော့ ဒီမောင်နှမလေးနှစ်ယောက်ရှိတာ ဇဉ်. . နေတတ်အောင် တော်တော်ကြိုးစားရမှာ. . . ."

"နင်လည်း နောက်ပိုင်းကျ လိုက်လာခဲ့ပေါ့. . ."

"အင် . . ဘာလို့လိုက်ရမှာလဲ. . လိုက်ချင်ပါဘူး ပြန်လာခဲ့ကြပေါ့. . ."

"ကိုကြီးကတော့ ပြန်လာမှာပါ. . ."

ကိုမင်းပြောပုံကတစ်မျိုး. . သူကတော့ ပြန်မလာဘူးဆိုသောသဘောလား။ သူပြန်မလာတော့ရော သူ့ကိုဘယ်သူကတားနိုင်မှာမို့လဲ. . ။ သူလည်း သူ့နည်း သူ့ဟန်နှင့် လုပ်ချင်ရာလုပ်သူပင်။





"ငါပြန်မလာရင် သတိရမနေဘူးပေါ့. . ."

"အော်. . . သတိရတာတော့ ရမှာပေါ့. . ."

"ဇဉ်ပြောပုံကြီးက. . ."

"ဟင်. . ဇဉ်က ဘယ်လိုပြောရမှာလဲ. . ."

"သိပါဘူးကွာ. . . ထားပါတော့. . ."

"ကိုမင်းက. . . တကယ်ပြန်မလာဘူးလား. . ."

"အမှန်ကတော့ ပြန်မလာချင်ဘူး ဒါပေမယ့် ဒီကိုပြန်လာရမယ့်အကြောင်းတစ်ချက်ကလည်းရှိနေတယ် ဒါပေမယ့် အဲဒီအကြောင်းတစ်ချက်ကလည်း သိပ်မသေချာပြန်ဘူး. . . ဒီတော့ အခြေအနေအရပေါ့. . ."

အင်းလေ မိဘတွေရှိသေးတာပဲဟု ဇဉ်ကတွေးလိုက်သော်လည်း သူပြောနေပုံက အဲဒီအချက်က သိပ်မသေ ချာဆိုပြန်တော့. . . ဘာမှန်းကို မသိတော့. . . ။ ထိုစဉ်မှာပဲ ကိုလင်း အနားရောက်လာသဖြင့်. . .

"ကိုလင်း. . . ကိုမင်းက ပြန်လာချင်မှ ပြန်လာမှာတဲ့. . ."

"ပြန်မလာလည်း မျက်စေ့နောက်သက်သာတာပဲ. . ."

"မင်းကတော့ ဒီလိုပဲပြောမှာပဲ. . ."

"အဲလို မပြောလို့ မင်းကို ခြေထောက်လေးဖက်ပြီး ပြန်လာခဲ့ပါလို့ တောင်းပန်ရမှာလား သွားပဲသွားရပါစေဦး. . ."

(ထိုခေတ်က ဂျပန်သွားခြင်းသည် တော်တော်ခေတ်စားသောအလုပ်ဖြစ်သည်။)

အမှန်တော့ ကိုမင်းအတွက်ကတော့ သွားရမှာ မသေချာဆို



www.burmeseclassic.com

www.burmeseclassic.com



တာမရှိ။ လိုအပ်နေသော ပညာလေးတွေဖြည့်သွားဖို့ပဲလိုသည်။ ဟိုမှာ ကိုမင်းအမေရဲ့ အစ်ကိုက ဂျပန်အမျိုးသမီးတစ်ယောက်နှင့် အိမ်ထောင်ကျနေတာ နှစ် ၂၀ရှိတော့မည်တဲ့။ သူတို့လုပ်ငန်းက စားသောက်ဆိုင်။ ကိုမင်းတို့ရောက်လာလျှင် ဆိုင်ထပ်တိုးမည်ဆိုတာတွေကို ကြားနေရသည်။

ကိုမင်းအမေကလည်း သူ့သားကို တစ်ယောက်တည်းလွှတ်ရမှာ စိတ်မချနေချိန်မှာ ကိုကြီးနှင့်အတူ သွားမည်ဆိုတော့ ဝမ်းသာအားရ ကိုကြီးအတွက်ပါကူပြောပေးခဲ့ခြင်းဖြစ်သည်။ သူများတွေ ငွေသိန်းပေါင်းများစွာကုန်မှရောက်ရမည့် အခြေအနေတွင် သူတို့က အကုန်အကျနည်းနည်းနှင့် သွားနိုင်လိမ့်မည်ဖြစ်သည်။

"အော် မေ့လို့. . ."

ကိုလင်းက စပ်ဖြဲဖြဲနှင့် ရယ်ရင်းစကားကို ဆက်၏။

"ဘာလဲ. . ."

"အော်. . . ဖဉ့်ကို ငါ့လက်ထဲအပ်သွား ငါထိန်းသိမ်းစောင့်ရှောက်ထားလိုက်မယ်လို့. . . ပြောမလို့. . ."

ကိုလင်းစကားကြောင့် ဘာမှလည်း မဟုတ်ပဲ ဒေါသထွက်သွားသူက ကိုမင်း. . .။

"မလိုပါဘူး ဆရာမတစ်ယောက်လုံးရှိတာပဲ. ." . . . ဟု မျက်နှာနီလျက်ပြော၏။

"ကျောင်းမှာကတော့ ငါပဲရှိတာလေ. . ."

"မင်းတို့ စာမေးပွဲပြီးတဲ့ထိ ငါတို့ရှိချင်ရှိနေဦးမှာပဲ. . ."

"မရှိလည်း ရပါတယ်ဆို. . ."





"ငလင်း. . . နော်. ."

"ဟင်းဟင်းဟင်း . . . ငမင်းနော်. . ."

ကိုမင်းအသံက တကယ့်ဒေါသသံ။ ကိုလင်းအသံက လုပ်နေသော အသံ။ ရယ်ချင်နေတာလည်း အထင်းသား. . .။ ကိုလင်းက ကိုမင်းကို စနေပြီး ကိုမင်းက ဒေါသထွက်နေမှန်းတော့သိသည်။ အကြောင်းအရာကလည်း ထွက်စရာ အကြောင်းမဟုတ်. . . . ဟု ဖဉ့်ထင်သည်။

"ဘာဖြစ်နေကြတာလဲ. . ."

ဈေးထဲ ကော်ဖီမစ်စနှင့် ဆီ၊ အကြော်စုံ၊ ကြက်သွန်နီ၊ ငါးပိ များကို မေမေနှင့်အတူ သွားဝယ်သော ကိုကြီးပြန်လာခြင်းဖြစ်သည်။

"ဘာမှမဖြစ်ဘူး. . ."

ဒီလိုကျတော့ ကိုမင်းစူပွပွလုပ်ကာဈေးခြင်းကို ရှင်းရန်ပြင်သည်။ ဒီနေ့ကျောင်းပိတ်ရက်မို့ ဆိုင်ကို စောစောဖွင့်ကြသည်။ စနေ၊ တနင်္ဂနွေဆို ကျူရှင်ဝိုင်းတွေက မနက် ၇နာရီတည်းကစသည်။ သူတို့ ဆိုင်စဖွင့်ချိန်က မနက် ၈နာရီ။ ကိုလင်းက မနက် ၈နာရီ မထိုးခင် ရောက်လာခြင်းဖြစ်သည်။

"ငမင်း. . အစောကြီး ဘာလို့လာတာလဲ. . မင်းအမေပြောလိမ့်မယ်. . ."

ကိုကြီးက အစောကြီးရောက်နေသော ကိုမင်းကိုပြောသည်။

"မပြောပါဘူးမေမေ ညတည်းက ခရီးထွက်သွားတယ် ကျိုင်းတုံကိုကားနဲ့တက်သွားကြတာ. . ."

"မင်းအဖေရော မင်းထွက်လာတာသိလား. . ."



www.burmeseclassic.com

www.burmeseclassic.com



“သိစရာဘာရှိလဲ. . အဖေလည်း ညက လွတ်လပ်ရေးပွဲတော်ကျင်းပတာ ခုထိအိပ်ရာက မနိုးသေးဘူး. . . ငါ အဒေါ်ကြီးကိုပဲပြောပြီးထွက်လာတာ ငါဘယ်အချိန်သွားလဲဆိုရင် သူနိုးတဲ့အချိန် ဘယ်အချိန်ပဲဖြစ်ဖြစ် ခုလေးတင် လို့ပဲပြောဖို့ သင်ခဲ့တယ်. . .”

ကိုမင်းအိမ်က အဲဒီလို. . ။ ကိုမင်းအိမ်မကပ်ချင်တာလည်းသိပ်တော့မဆန်း။ သို့သော် ကိုမင်းဘဝကကျတော့ ငွေကြေးပြည့်စုံသည်။ မိသားစုဘဝမပြည့်စုံခြင်းဖြစ်သည်။ ကိုလင်းတို့ကျတော့ ဘာမှမပြည့်စုံ။ မိသားစုဘဝကလည်း တစ်နေရာစီ. . . ။ ငွေကြေးကလည်းမပြည့်စုံ။ ဇဉ်ကတော့ ဇဉ်တို့မိသားစုလေးက မချမ်းသာသော်လည်းသင့်တင့်သော ငွေကြေးအလုပ်အကိုင်နှင့် ပျော်စရာကောင်းသည်ဟုမြင်သည်။ ကိုကြီးကိုလည်း ဘယ်မှမသွားစေချင်။

“ဒီနေ့ ငါတို့လက်စွမ်းပြဖို့ပါ ဈေးဝယ်ခဲ့တယ်. . .”

ကိုကြီးကပြော၏။

“ဟုတ်လား. . ဘယ်သူချက်ရမှာလဲ. .”

“နှစ်ယောက်လုံး တစ်ဝက်စီချက်ရမှာ မင်းကတစ်ဝက်ဖိုးပေးရမယ်. . .”

ကိုကြီးက အဲလိုသေချာတိကျသူ. . . ။

“အေးပါ ပေးမှာပါ. . . ပြိုင်ကြတာပေါ့. . .”

သူတို့ပျော်ရွှင်စွာ အော်ဟစ်လိုက်မိကြတော့ မေမေထွက်လာသည်။

“ဘာဖြစ်နေတာလဲ လျှောက်အော်နေ ရပ်ကွက်က ပြောလိမ့်မယ်. . .”





“ဟုတ်မေမေ. . . ခဏလွတ်သွားတာပါ နောက်တစ်ခါထပ်လွတ်မှအော်ပါတော့မယ်. . .”

ကိုကြီးပြောပုံကြောင့် မေမေပါ ရယ်ချင်သွားရသည်။

“ကြည့်လည်း လုပ်ဦး ပတ်ဝန်းကျင်က နဂိုကမှ ကြည့်မရတာ. .”

မေမေက ထိုသို့ပြောရုံသာပြောပြီးထွင်သွားသော်လည်း. . ကိုကြီးကတော့ တစ်ယောက်တည်း ပြောနေတော့သည်။

“အဲဒါတွေပေါ့. . . ပိုက်ဆံတတ်နိုင်လို့က ဒီနားမှာ မနေဘူး ဒီနားမှာ ဒီလိုဆိုင်မရှိတာ သူတို့လည်းသိတယ် ငါတို့လည်းသိတယ် ငါတို့မှ ထူးချွန်ပြီး သိတာမှ မဟုတ်တာ၊ ခု ငါတို့က ဆိုင်ဖွင့်တယ် ရောင်းကောင်းတယ် သူတို့လိုက်ဖွင့်တယ် မရောင်းရဘူး၊ မရောင်းရတော့ကြည့်မရဘူး၊ ဒါမျိုးကို ငါမကြိုက်ဘူး လုပ်နေတာက ငါတို့က ကလေးတွေ၊ သူတို့က လူကြီးတွေ ကိုယ့်လိုအပ်ချက်ကိုယ်မရှာပဲ. . . သူများကို လိုက်ပြဿနာရှာတာမျိုးကျတော့ ငါကလုံးဝပဲ. . .”

“ဘာဖြစ်လို့လဲဟင် ကိုကြီး. . .”

“နင်ကတော့ ဘာမှကိုမသိဘူး အံ့ရော. . ဟိုဖက်က ဆိုင်လိုက်ဖွင့်ပြီးပြုတ်သွားတဲ့ဆိုင်လေ အဲဒါရပ်ကွက် လူကြီးကို သွားတိုင်တယ်တဲ့ ဟိုဖက်က ဆရာမအိမ်ကိုကြည့်လည်း ပြောဦး ညညဆိုလည်း ဆယ်နာရီမှ ဆိုင်သိမ်းတယ်. . ကလေးတွေ အကျင့်ပျက်တယ် ဆူတယ်တဲ့လေ. .”

“ဟင် ဖြစ်ရတယ်. .”

ကိုလင်းကတော့ ငါသိတယ် ညကတည်းကကြားတယ်. . ဟုကိုမင်းကိုပြောပြနေသည်။ ဇဉ်ကတော့ ရိုးရိုးပဲတွေးတတ်သူမို့ သူတို့ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်တုန်းကလည်း မကောင်းသောစိတ်နှင့် လိုက်ဖွင့်သည်ဟု မထင်ခဲ့ချေ။ အမှန်တော့ ဘာပဲလုပ်လုပ် စေတနာလေးပါမှသာအောင်မြင်နိုင်လိမ့်မည်ဟု ဇော်ထင်သည်။

ပြီးတော့ အသုတ်လာစားတာ အကျင့်ပျက်တာလားဟုလည်း ဇော်ကတွေးမရ. . . .။ ညက ဇော်က စောစောအိပ်ပျော်သွားခဲ့သည်ကိုး။ ဒါဆို သူတို့လာပြောတာ ညဆယ်နာရီကျော်မှပေါ့. . .။

ပထမဆုံးအကြိမ်အနေနှင့် ဇော် ငယ်စဉ်ကတည်းက နေခဲ့သောနေရာကို မုန်းတီးစိတ်ဝင်သွားမိတော့သည်။ သို့သော်လည်း. . . ဒါဟာ နေရာတိုင်းမှာပါပဲဆိုတာကို နောက်ပိုင်းမှာ သိလာခဲ့ရတော့သည်။





(ဃ)

ဆယ်တန်းစာမေးပွဲပြီးတော့ ဇော်နှင့် ကိုလင်းသာမက ညီပါဖြေနိုင်ခဲ့ကြသည်။ ကိုမင်းနှင့် ကိုကြီးကလည်းမတ်လကုန်လောက်သွားကြမည်။ တကယ်တော့ ကိုကြီးအမှတ်က စက်မှုတက္ကသိုလ်ကိုဝင်သည်။ ကိုကြီးက မတက်တော့. . .။ ကိုမင်းကတော့ အမှတ်ပင်ထုတ်မကြည့်။ ဇော်တို့ စာမေးပွဲနောက်ဆုံးနေ့က အိမ်မှာပဲ သူငယ်ချင်းတွေနှင့်အတူ အသုတ်စုံလုပ်စားကြသည်။ မကြာမီ အပြီးပိတ်ပစ်လိုက်တော့မည်ဖြစ်သည့် ဆိုင်ကလေးထဲမှာပေါ့. . .။ မေမေကတော့ ဒီနေ့ဆိုင်စောစောပိတ်ပြီး ရုပ်ရှင်သွားကြည့်ကြ. . . ဟုဆိုသော်လည်း သူတို့သွားဖြစ်လိမ့်မည်မထင်ပါ။

ဇော်နှင့်ညီ့က သူငယ်ချင်းတွေအတွက် အသုတ်ဒိုင်ခံသုတ်ပေးသည်။ အားလုံးကလည်း မေမေ့တပည့် ဇော်နှင့် ညီတို့ သူငယ်ချင်းများ ချည်းမို့ပျော်စရာကောင်းသည်။ အကုန်တော့မဟုတ်။ အတန်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ငါးယောက်နှင့် ဇော်တို့အုပ်စု ငါးယောက်။ စုစုပေါင်း ဆယ်ယောက်။

လမ်းထဲမှဝိုင်းမှ ကျောင်းသူကျောင်းသားများကလည်း အမှတ်လာတွက်ရင်း ဆိုင်မှာလာထိုင်ကြတာမို့ ဆူညံစွာ စည်းကားနေခဲ့သည်။

"အသုတ်မြန်မြန်လေး. . . ဗိုက်ဆာပြီ. . ."

"အာ. . . အဲဒီအစုံသုတ်ကျတော့ မရောင်းဘူးလား ခါတိုင်းနေ့ မတွေ့ဘူး"

"ဒီနေ့တို့တွေလည်း စာမေးပွဲပြီးလို့ သုတ်စားကြတာ. . ."

ဇော့်သူငယ်ချင်းတစ်ယောက်က အမှတ်တမဲ့ပြောလိုက်မှ သူတို့ မျက်လုံးပြူးကုန်ကြသည်။ ဇော်က ကဗျာကယာ ဝင်ပြောရသည်။

"တို့ပါ. . . အစ်ကိုတွေ မပါပါဘူး. . ."

"အော်. . . ."

"ဖြေနိုင်လား. . ."

"ဟုတ်. . . ဖြေနိုင်ပါတယ်. . ."

"တွေ့လားညီညီ. . သူများတွေဆိုင်တစ်ဖက်နဲ့ ဖြေနိုင်တယ်တဲ့ နင်ကတော့ ကျမယ်ဆိုပဲလား"

အပြောခံရသော ကောင်လေးက စိတ်ပျက်ပုံတစ်ချက်မှ မရ။

"နောက်နှစ် အိမ်ကကျောင်းမထားတော့ရင် ဒီမှာအလုပ်လာလုပ်မှာပေါ့. . ."

"ဆိုင်က ဒီလကုန်ဆို ပိတ်ပြီ. ."

ဇော် တစ်ခါတည်း ကြိုပြောလိုက်၏။

"ဟင် . . ဟုတ်လား. . ကဲ ကျတဲ့သူတွေတော့ သနားတယ်နော် ဒီဆိုင်ရှိတော့မှ မဟုတ်ဘူး"

ကောင်မလေးက ထအော်သဖြင့် အားလုံး ဟုတ်လား တကယ်လားတွေဖြစ်ကုန်သည်။ ကိုလင်းတို့ကို မင်းတို့ပါ ဝိုင်းပြောကြရသည်။

"ဟုတ်တယ်. . . ဆိုင်က ပိတ်တော့မှာ. ."

"ဘာကြောင့်လဲဟင်. . ရောင်းမကောင်းလို့လား ကောင်းပါတယ်. ."

"ကျောင်းပိတ်မှာမို့နေမှာပါ. . ဟုတ်တယ်နော်. . ကျောင်းဖွင့်ရင်ပြန်ဖွင့်မှာပေါ့. . ."

တစ်ယောက်တစ်ပေါက်နှင့်. . မေးခွန်းတွေကစုံသည်။

"ကျွန်တော်တို့ ခရီးသွားမှာမို့ပါ. . ."

ကိုမင်းက ထိုသို့ဖြေ၏။

"နောက်ဆို ကျွန်တော်တို့က ဒီမှာရှိတော့မှာ မဟုတ်ဘူး. ."

ကိုလင်းက ထိုသို့ဖြေသည်။

ကိုလင်းပုံစံကတကယ်ပဲသူပါ ကိုကြီးတို့သွားတာနှင့် သွားတော့မည့်ပုံပါ။ မနေ့ကတည်းက ပြောခဲ့သည်။ ဒီအိမ်မှာ သစ္စာလည်း မရှိပဲနဲ့ ငါက ဘယ်လိုနေလို့သင့်မလဲတဲ့. .။ မှန်နေတော့လည်း ဘယ်သူကမှ ဘာမှမပြောကြ. . .။ သေချာတာကတော့ ဇော်တစ်ယောက်တည်း ကျန်ခဲ့မှာ။ ဇော်ကလည်း နောက်တစ်ပတ်ဆို အချုပ်သင်တန်းကို အဆင့်မြင့်သင်တန်းတက်တော့မည်။ ဘာသာစုံပေါ့. .။ အခြေခံတင်မကတော့။ ဒီတော့ သိပ်ပျင်းစရာမရှိနိုင်ပါဘူးဟုတော့ ဖြေရသည်ပဲ။

"လွမ်းနေတော့မှာပဲ သိလား. . ."

"လွမ်းစရာလေးတွေ. . . ဖြစ်ကုန်ပါပြီ. . "







www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ခပ်တိုးတိုးရေရွတ်ဟန်ပြုတော့ တစ်ယောက်က ရေနွေးပန်းကန်ကို မသိမသာလေး လွှတ်ချသလိုလုပ်ကာ ပြန်နောက်သည်။

“တို့က အတည်လွမ်းမှာ”

“ဘယ်တစ်ယောက်လဲဟင်. .”

“အော်. . မျက်နှာလိုက်ရာကျမှာစိုးလို့ သုံးယောက်လုံး. . .”

ကောင်မလေးတွေ ဝါးကနဲရယ်ကြပြန်သည်။ လူငယ်သဘာဝ အပျော်အနောက်မို့ရော၊ စာမေးပွဲနောက်ဆုံးနေ့မို့ရော အားလုံးက ပျော်နေချိန်ကိုး. . .။

“နောက်ဆုံးအနေနဲ့ မိတ်ဖြစ်ဆွေဖြစ်. . .”

ကောင်မလေးတစ်ယောက်က ကိုကြီးကို လက်ယပ်လှမ်းခေါ်ကာ ပြောလိုက်သံကြောင့် အားလုံးက လှည့်လာကြသည်။ ဘာများလဲပေါ့။ ကိုကြီးပင် တအံ့တသြကြည့်လို့။

ကောင်မလေးကတော့ ခပ်တည်တည်ပင် အနားရောက်လာသော ကိုကြီးကို ပန်းကန်လွတ်လေးထိုးပေးကာ. . .

“အော်. . မိတ်ဖြစ်ဆွေဖြစ် အစုံသုပ်လေးနည်းနည်းကျွေးပါလားလို့ အလကားနော်”

အားလုံးဝါးကနဲရယ်ကြတော့သည်။ ကိုကြီးလည်း ရှက်ရှက်နှင့် ရပါတယ်ဟုဆိုကာ ပန်းကန်ဆွဲလာပြီး အသုတ်စုံကို ထည့်ပေးလိုက်ရှာသည်။

“သူ့မိတ်ဖြစ်ဆွေဖြစ်ကလည်း တန်လိုက်တာ. . တို့တွေလည်း မိတ်ဆွေဖြစ်ချင်လို့ပါ တစ်ဇွန်းစာတည်းပါ. . .”





“မရဘူး တို့က နှစ်ဇွန်းစာ. . . .”

“အနော်တို့ မိတ်ဖြစ်ဆွေဖြစ်ကဏ္ဍာက ကော်ဖီလေးနဲ့မှ. . .”

“နင်တို့လုပ်ပုံနဲ့ဆိုင်က တစ်သက်လုံးရောင်းလာတဲ့အမြတ် ဒီနေ့မှ အကုန်ပြောင်တယ်ဖြစ်ဦးမယ်. . .”

တစ်ယောက်က ဝင်ပြောလိုက်သဖြင့် ကော်ဖီတောင်းနေသူ ကောင်းလေငှာက်တွန့်သွားရသည်။ နောက်တာပါ ပျော်လို့ပါဟုလည်း အားနာစွာရေရွတ်၏။

ကိုကြီးက ထိုကောင်လေး (သူ့ထက်အလွန်ဆုံး ငယ် တစ်နှစ်ပေါ့) ကိုကော်ဖီတစ်ခွက်သွားချပေးရင်း. .

“အားမနာပါနဲ့ ဒီနေ့လည်း ကျသင့်တာထက် လျှော့ယူမှာပါ. . တကယ်လည်း ဒီဆိုင်က ဝင်ငွေနဲ့ ကျွန်တော် သင်တန်းတွေတက်ခဲ့ရတာပါ ဒါကြောင့် အားလုံးမှာ ကျေးဇူးရှိပါတယ်. . . ပျော်သလိုစားကြပါ ပါသလောက်ပဲပေးပါ တစ်ဝက်လောက်ပဲပေးလည်း ရပါတယ်. . .”

ကိုကြီးစကားကြောင့် သူတို့တအံ့တသြလေးတွေ ကြည့်ကြသည်။ ဒီဆိုင်ကလေးလည်းဖွင့် ဝင်ငွေရှာသင်တန်းတွေတက်ပြီး ဆိုင်ကလေးပင် ပိတ်တော့မည့် သူကို သူတို့တအံ့တသြ ဝိုင်းကြည့်ကြခြင်းဖြစ်သည်။

သူတို့ဆိုင်ကို ညနေ ငါးနာရီခွဲမှာ သိမ်းလိုက်ကြသည်။ ပြီးတော့ ကိုမင်းအမေခေါ် ကျွေးသည့် ညစာကိုသွားစားကြသည်။

အမှန်က ဒီလိုသွားဖို့ ဘယ်သူမှ စိတ်မဝင်စားကြ။ ကိုမင်းက အဆိုးဆုံး။ အဲဒီပိုက်ဆံသားတို့ကိုပေး လုပ်ချင်တာ လုပ်ရအောင်ဟု ပြောမလို့တဲ့။ မေမေတားထားလို့. . .။ လူကြီးစီစဉ်တာကို မဖျက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဟုဆိုသဖြင့် သွားကြခြင်းဖြစ်သည်။ ကိုမင်းတို့လည်း သွားခါနီး ပြီမို့ရော ဇော်နှင့် ကိုလင်းစာမေးပွဲပြီးလို့ရောတဲ့။ ဇော်နှင့် ကိုလင်းစာမေးပွဲပြီးတာက သူဒီလိုဖိတ်ကျွေးရလောက်အောင် မခန်းနားသလို အဲလောက် ဂရုစိုက်ပေးရမည့်သူတွေလည်းမဟုတ်။ နောက်မှ . . . ကိုမင်းအမေ၏ အကြံအစည်ကို သိရတော့သည်။

ပြန်လာတော့ ကိုမင်းက ဒီည သစ္စာတို့အိမ်မှာ လေင်းနဲ့ လိုက်အိပ်ဦးမည်ဟုဆိုကာ ပြန်ပါလာသည်။ သူတို့အိမ်ရှေ့ခန်း ကြမ်းပြင်မှာ ပြာပြားဝပ်က အိပ်ကြဦးမည်။ သို့မဟုတ် ညလုံးပေါက် စကားပြောကြဦးမည်။

BURMESE CLASSIC .com

"ငမင်း ငမင်း ငမင်း. . ."

"မင်းခေါ်နေပုံကြီး က ငမင်းခြောက်ဲ ရောင်းတာကျနေတာပဲ. ."

ကိုလင်း၏ တဖွဖွ ရေရွတ်နေသံကို မကျေနပ်သလို ကိုမင်းက ပြောသည်။

"မင်းမှာများကွာ. . လယ်ကအသင့် နွားကအသင့် မြေသြဇာကအသင့် သူရင်းငှားက အသင့်ဆိုသလို. . ."

"ဘာတွေလဲကွာ ရေကန်အသင့် ကြာအသင့်ပဲ ကြားဖူးပါတယ်. ."

"အဲဒါကြီးက သိပ်ရိုးနေပြီ ဒါကြောင့် တောထဲပြန်ဆင်းပြီး မော်ဒန်လုပ်ကြည့်တာ. . ."

ဖြစ်ပုံက မော်ဒန်လုပ်တာတောင် တောထဲ ပြန်ဆင်းပြီး လုပ်တာတဲ့။





"ဟို အရီးဒေါ်ပုတို့ ဘကြီးငွေနွားတို့ရေးတဲ့ မော်ဒန်ကြီးလိုလား. ."

ကိုကြီးက ဝင်မေးတော့ ကိုလင်းက ခေါင်းညိတ်သည်။

"ဒီလိုပေါ့ သစ္စာရာ အတုမြင် အတတ်သင်တဲ့ အတုကြီးကိုမြင်ပေမယ့်လည်း အတုလုပ်နည်းလေးလည်း သိဦးမှ အစစ်ကို သိလို့ခွဲလို့ရမှာကိုး. . . နေစမ်းပါ သစ္စာရာ ဘေးတွေချော်ကုန်ပြီ. . ."

"အေးပါ ဆက်ပြောပါ။"

"မင်းတို့ ငါတို့များ ဘဝကိုရုန်းလိုက်ရတာ. . ပိုက်ဆံကိုနည်းမျိုးစုံနဲ့ အရွယ်နဲ့ မမျှအောင် ရှာနေရတော့ ရည်းစားသန်ဆိုတာလည်း စိတ်မကူးအားဘူး လိမ္မာတာလည်း ပါတာပေါ့လေ. . ."

ကိုလင်းက ကော်လာလေးဆွဲထောင်ကပြော၏။ ကိုမင်းကနားကိုတမင်ပိတ်ထားသည်။ သူ့ကိုပြောတော့မှာ သိနေသည်ကိုး။ ဒီနေ့ထမင်းဝိုင်းမှာ ကိုမင်းအမေက ကောင်မလေးတစ်ယောက်ကို ခေါ်လာသည်။ နာမည်က ယုကီတဲ့။ ဂျပန်မလေးနှင့် တူလို့မှည့်ထားတာဟုဆိုသည်။ တကယ်လည်း တူပါသည်။ ကောင်မလေးက ချစ်စရာလေး. .။ ခုမှ ကိုးတန်းဖြေထားသည်ဟု ဆိုသည်. . .။ ဒီအရွယ်ကလေးနှင့် ဒီအရွယ်သားကို ကိုမင်းအမေက အများအရှေ့မှာ တစ်နေ့ ပေးစားမှာဆိုသော စကားမျိုးပြောတော့ စဉ်းစားသာကြည့်ပေါ့။ ကောင်မလေးကတော့ ထိုစကားကို အစအနောက်စကားဟု ထင်ပုံရသည်။ ဘယ်လိုမှလည်း နေပုံမပေါ်။ ဒါ အန်တီ့ ချွေးမလေဟု ပြောတာကို ကောင်မလေးက ရယ်စရာဟုသာ သဘောထားကာ ရယ်နေသည်။ ကိုမင်းကို မကြိုက်ပါဘူး။ သူ့ဘေးက တစ်ယောက်ဆို ဟုတ်တုတ်တုတ်ဟု ကိုကြီးကိုပြောနေ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မျက်နှာအကြီးအကျယ် ပျက်သွားရသူက အန်တီ. . . ။ ဒါတွေကို အစအဆုံး သတိထားမိသူက ကိုလင်းနှင့် ကိုကြီး။ ကိုကြီးကတော့ ပိုပြီး လူကြီးဆန်သဖြင့် (ကိုမင်းကိုလည်း အားနာတာပါမည်) ဘာမှသိပ်မ ပြော. . ။ စိတ်ထဲတော့ တစ်ခုခုရှိသွားပုံရသည်။

"ဒါနဲ့ ငါမေးပါဦးမယ် ငမင်း. . ."

"အင်း. . . ဘာလဲ. . ."

"ဒီနေ့ မင်းအမေက ဒီလိုချွေးမလောင်းခေါ်လာ မိတ်ဆက် မယ်ဆိုတာ မင်းက တကယ်မသိဘူးလား. . ."

ကိုမင်းခေါင်းကုတ်သည်။ စိတ်ပျက်လက်ပျက်ပုံမျိုး. . . ။

"ကျွတ်. . သိစရာလား နဂိုတည်းက မသွားချင်တာ ဒီလိုသာ သိ ဆရာမအမုန်းပါခံပြီး မသွားဘူး"

ကိုမင်းပြောတာ ဟုတ်လောက်ပါသည်။ နဂိုတည်းက သူက သွားချင်သူမှ မဟုတ်ပဲ။ နောက် ကောင်မလေးနှင့် သူလည်း ဒီနေ့မှ တစ်ယောက်ကို တစ်ယောက်တွေ့ဖူးပုံပေါ်သည်။

"ပြီးတော့. . . ငါပဲမေးပါရစေဦး. . ."

ကိုမင်းက ဆက်ပြောသည်။

"ဘာလဲ. . ."

"ဒီလောက် ပိစိညှောက်တောက်လေးကို အမေ အားမနာလျှာ မကျိုးဘာတွေ လျှောက်ပြောနေမှန်း မသိတာ မင်းတို့သာဆိုရော လက်ခံ ချင်မလား ငါလည်းရှက်တယ် အားလည်းနာတယ် ကောင်မလေးက တကယ့်ကို ဘာမှမသိတတ်သေးလို့. . ."

ကိုကြီးက ခေါင်းညိတ်သည်။



BURMESE CLASSIC .com



"ထားလိုက်ပါကွာ မင်းအမေမှာ အကြံအစည်တစ်ခုခုရှိလို့ ဖြစ်မှာပေါ့. . ."

"ဘာအကြံအစည်လဲ သူပေးစားတိုင်း ငါကယူမှာကျနေတာပဲ ပြီးတော့ ဒီလိုယူရမယ့် အရွယ်လည်းမဟုတ်. . . ခုမှ ကိုယ့်ဘာသာ ကိုယ်ဘယ်လို ရပ်တည်ရမလဲစဉ်းစားတုန်း. . ."

ကိုမင်းစကားကြောင့် ကိုလင်းက တစ်ချက်စဉ်းစားကာပြော၏။

"သစ္စာကထားပါတော့ မင်းက ဒီလောက်ပြည့်စုံနေတာ ဘာလို့ ငွေရှာဖို့ပဲ စဉ်းစားနေတာလဲ မင်းကျောင်းရောဆက်မတက်ချင်ဘူး လား. . မင်းအမှတ်လည်း ကောင်းတာပဲ. . ."

ကိုလင်းအမေးကို ကိုကြီးကပါ. . . ဟုတ်တာပဲ. . . ဟု ထောက်ခံသည်။

"ဟင့်အင်း. . . ကိုယ့်ဘာသာကိုယ်ရှာတဲ့ ငွေမှမဟုတ်တာ. . ပြီးတော့ သူတို့ ငွေရှာနေတာမျိုးကြီးကိုလည်း ငါမကြိုက်ဘူး. . ."

"သူတို့ကရော မင်းငွေရှာမှာ ကြိုက်လို့လား. . ."

"ကြိုက်တယ်. . ."

"မင်းကျောင်းမတက်မှာကို ဘာမှမပြောဘူးလား. . ."

"ဟင့်အင်း. . . တစ်ယောက်တည်း လွတ်ရမှာစိုးတာကလွဲရင် အကုန်အဆင်ပြေတယ်. . ."

"ဘာပဲပြောပြော ကိုမင်းအမေက ကိုမင်းတော့ ချစ်ပါတယ် . . ."

ဇဉ်က ဘုမသိဘမသိဝင်ပြောတော့ ကိုလင်းကရယ်သည်။ နှင်



www.burmeseclassic.com

www.burmeseclassic.com

အသာနေစမ်းပါတဲ့။

"သူတို့ ချစ်တာက တစ်မျိုး. . ."

ကိုမင်းက ဖွဖွရေရွတ်၏။ သူ့ပုံစံက မိဘတွေ သူ့ကိုချစ်တာတော့ လက်ခံသည့်ပုံ။ သူနှစ်လိုသော ပုံစံမဟုတ်တာကလွဲရင်ပေါ့။ ကိုလင်းက ခေါင်းညိတ်သည်။

ကိုကြီးကတော့ လူကြီးစကားပြော၏။

"လျှောက်ပြောမနေနဲ့ တစ်နေ့ ကိုယ်မိဘနေရာရောက်မှ သိမယ်. . ."

"မိုင်ပေါင်းများစွာ. . ."

ကိုမင်းက ထိုသို့ ရယ်ကျဲကျဲရေရွတ်သလို ကိုလင်းကလည်း . . "မထင်ပါ မထင်ပါ. . ". . . ဟု ရေရွတ်နေသဖြင့် ကိုကြီးကပင် သူတို့ကို စကားကုန်အောင် မပြောနဲ့ဟု ပြောလိုက်ရသေးသည်။

ထိုညသည် ဇဉ်တို့ သူငယ်ချင်းမောင်နှမများ၏ နောက်ဆုံးညလည်းဖြစ်သည်။ နောက်တစ်ပတ်ကျော်ကျော်တွင် ကိုလင်းပြန်သွားသည်။ ဘယ်မှာနေမှာလဲဟုမေးတော့ အိမ်ပြန်ပါ့မယ်ဟု သေချာဖြေသွားသော်လည်း ညီနှင့်တွေ့တော့ ညီ့ကအိမ်ပြန်မလာဆိုသဖြင့် မေမေစိတ်ညစ်ခဲ့ရသေးသည်။ နောက်နှစ်ရက်နေတော့ ကိုမင်းနှင့် ကိုကြီးသွားလျှင်တော့လာမှာပဲဟု ထင်ခဲ့ကြသော်လည်း ရောက်မလာခဲ့။ ဒီတော့ မေမေပိုစိတ်ပူခဲ့သည်။ နောက်တော့လည်း စိတ်ပူတာတွေပင် မေ့လျော့သွားရအောင် အရာရာအေးခဲ့သွားချိန်တိုင်သွားအောင် ကိုလင်းတစ်ယောက် ပျောက်ချင်းမလှပျောက်သွားခဲ့တော့သည်။





ပစ္စက္ခ. .



www.burmeseclassic.com

www.burmeseclassic.com

(က)

“သမီး နှင်းဆီတွေက အဖြူတွေချည်းလား”

“ဟုတ်တယ်မေမေ. . တမင်အဖြူတွေ ချည်းဝယ်လာတာ . . .”

အင်းအင်း. . . ဟုဆိုတာ မေမေကိုယ်တိုင် ပန်းခြင်းထိုးနေသည်. . ။ နှင်းဆီဖြူဖြူတွေကြားမှာ ကြယ်ပန်းဖြူဖြူသေးသေးလေးတွေ ထည့်သည်။ နောက်က ငါးရိုးရွက်လှတွေ. . ခြံထဲက အုန်းပင်ခြေရင်းမှာ ပေါက်နေတာမို့ ခူးထားပေးသောရွက်လှများ။

အဖြူနှင့် အစိမ်းသာပါသော ပန်းခြင်းကလေး။ အနက်အဓိပ္ပာယ်လည်း ရှိသလို. . လှလည်းလှသည်ဟု ဇဉ်မြင်၏။ မေမေ့ကို အသာထားခဲ့ကာ အိမ်ရှေ့ထွက်လာဆဲ. . .

“ဖုန်း. . ဖုန်းလာနေတယ် မဇဉ်. . .”





အိမ်မှကောင်မလေးက လက်ကိုင်ဖုန်းကို ယူလာပေးသဖြင့် ယူကြည့်လိုက်တော့ နံပါတ်ကမပေါ်။ unknown ဆိုပဲ. . . ။

“ဟဲလို. . .”

“ဇဉ်လား. . .”

ဘုရားသခင်။ ဇဉ် ဘုရားကို အသံမထွက်နိုင်ပဲ စိတ်ထဲကတလိုက်မိသည်။

“ဟုတ်တယ်မဟုတ်လား ဇဉ်မဟုတ်လား. . ကိုမင်းပါ. .”

“ဟုတ်. . ဟုတ်. .”

ဇဉ့်ရင်တွေ တဒိုင်းဒိုင်းခုန်နေခဲ့သည်။ ကိုမင်း. . ဘာလို့များ ခုကျကာမှ ပြန်ပေါ်လာရပြန်တာလဲ. . ။ ကိုမင်းကိုလည်း ဇဉ့်ဘဝထဲက နေထုတ်ထားနိုင်သလောက် ထုတ်ထားခဲ့တာကြာပေါ့။

“ငလင်းဆုံးတယ်ဆို. .”

“ဟုတ်. . . ဟုတ်တယ် ဘယ် ဘယ်ကနေဆက် ဘယ်လိုသိ. .”

ဇဉ့်အသံက တိုးတိတ်ပါးလျားလျက်။ စကားတွေကလည်း အဆုံး. . . ။

“ဟုတ်တယ် ဇဉ် . . သိတာကတော့ သတင်းတွေကနေ သိတာပေါ့ ခုဆက်နေတာကတော့ ကမ္ဘာ့တစ်နေရာက ဆိုပါတော့. . .”

ထိုသို့ပြောပြီး ကိုမင်းက ခပ်ဖွဖွရယ်သည်။ သိပ်တော့လည်း အသက်မပါသလို။ လူတွေအသက်ရလာသည်နှင့်အမျှ အသက်ပါပါမရယ်မောတတ်ကြတော့ဘူးတဲ့လား။ ဒါ ကိုမင်းမှ မဟုတ်ပါဘူး။ ဇဉ်လည်း ဒီလိုပါပဲ။

“ဘာလို့လဲလို့တော့ ကိုယ်မမေးချင်တော့ဘူး. . ဇဉ့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု စီစဉ်ပေးမလား. . ."

"ဘာလုပ်ပေးရမလဲ. . ."

"အလှူတစ်ခုခုပေါ့. . ဟိုကောင် သစ္စာရော. ."

"မန္တလေးမှာ. . ."

"အင်း. . . မန္တလေးက သူ့စီးပွားကောင်းလို့လား သူ့မိန်းမနဲ့ မခွာနိုင်တာလား. ."

ကိုမင်းက ရယ်သံနှင့် မေး၏။

"နှစ်ခုလုံးဖြစ်မှာပေါ့. . ."

"ဇဉ်လေး. . တစ်ခုခုစီစဉ်ပေးနော်. . ."

"ဟုတ်. . ."

"ကိုယ် ဇဉ့်ကို. ."

ဇဉ် ဖုန်းကလေးကို တုန်လှုပ်တင်းကြပ်စွာ နားနားကပ်ထားမိသည်။

"ခုထိ ချစ်နေတယ် သတိရနေတယ် လွမ်းနေတယ်. . ."

ဇဉ်ရောပဲ. . လို့စိတ်ထဲက စက္ကန့်မဆိုင်းပြန်ပြောလိုက်မိပေမယ့် အသံကတော့ မထွက်ပါဘူး။ မဖြစ်နိုင်ဘူးဆိုတဲ့ အသိတရားတွေနဲ့ ဇဉ်က ကိုမင်းကို ဘဝထဲက ထုတ်ဖို့ကြိုးစားနေခဲ့တာပဲ။

"ပြောပါဦး ဇဉ်. . . ဇဉ်ကရော ကိုယ့်ကို ဇဉ့်ရင်ထဲက ထုတ်ပစ်လိုက်လို့ရပြီလား. . ."

"ကြိုးစားနေတုန်းပဲ. ."

ဇဉ် မညာချင်ပါဘူး။ ဒါကြောင့်ပဲ မအောင်မြင်သေးတဲ့ အကြောင်း ဝန်ခံလိုက်သည်။ ကိုမင်းအသံက အားတက်လာသလို။





"ဒါဆိုလည်း ကြိုးစားမနေပါနဲ့တော့ ဇဉ်ရယ်. . . ကိုယ်တို့ နောက်တစ်ကြိမ်ထပ်ပြီး တိုက်ပွဲဝင်ကြည့်ရအောင်. . အဲလိုမှ မဟုတ်ရင် ကိုယ်တို့ဝေးသွားလိမ့်မယ်. . ."

နောက်တစ်ကြိမ် တိုက်ပွဲတဲ့။

ကြားရတာနဲ့တင် အားမှမရှိပဲ။

ပထမတစ်ခါဖြစ်ခဲ့တုန်းက ဒဏ်ရာတွေတောင် ခုထိကျက်ချင်သေးတာမှ မဟုတ်ပဲလေ

"ဇဉ်. . ."

"ရှင်. . ."

"ကိုယ်မှာတာမမေ့နဲ့နော်. ."

"ကိုလင်းတွက်လား. . ."

"ဟင့်အင်း နှစ်ခုလုံး လေင်းတွက် တစ်ခုခုလုပ်ဖို့ရော. . အဲဒီကုသိုလ်က ကိုယ်နဲ့ဇဉ် တစ်ယောက်တစ်ဝက်နော် ခုတည်းကပြန်စမယ်။ ပြီးရင် ကိုယ်တို့နှစ်ယောက်ဘဝရှေ့ရေးလည်း စဉ်းစားကြမယ်နော် ဒီလိုကြီးတော့ ဝေးမနေချင်ဘူးသိလား. . . ဇဉ်. ."

"ရှင်"

"ကိုယ့်ကို ချစ်သေးတယ်မဟုတ်လား. . ."

ဇဉ် တိတ်ဆိတ်နေမိသည်။

"တစ်ခုခုကို ပြန်ကြိုးစားရအောင်ပါ ဇဉ်ရယ်နော်. . ."

ဇဉ်သက်ပြင်းတစ်ခုကို ခပ်တိုးတိုးချလိုက်မိသည်။ ဒါကိုပဲ ကိုမင်းက အင်းလို့ကြားလေသလားမသိ။ ပျော်ရွှင်စွာ ဖုန်းချသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ မေမေကပန်းခြင်းကို ကိုယ်တိုင်ထိုးမည်ဆိုသဖြင့်သာ။ ဇဉ်က ကိုမင်းနှင့် ကိုကြီးကိုယ်စားပန်းတစ်ခြင်းစီမှာ ထားပြီးသား။ ကိုကြီးကတော့ မန္တလေးက နေရောက်အောင်လာမည်ဟုထင်သည်။ ပန်းခြင်းလုပ်ပေးဟု လှမ်းမှာသဖြင့် မှာပေးခြင်းဖြစ်သည်။ ကိုမင်းအတွက်ကတော့ ဇဉ့်စိတ်ကူးနှင့်ဇဉ်။ ကိုမင်းသာသိလျှင်လည်း သူ့ သူငယ်ချင်းတွက်ပေးချင်မည်ဟုတွေးကာ မှာပေးလိုက်ခြင်းဖြစ်သည်။ ခုတော့ တိုက်တိုက်ဆိုင်ဆိုင် ကိုမင်းက အဝေးတစ်နေရာမှ ပြန်ဆက်သွယ်ခဲ့သည်။

အိုး. . . .

တကယ်ပဲ ကိုမင်းပြောသလို ဘဝနှစ်ခုနီးဖို့ ကြိုးစားကြည့်ရမည်လား။

ကိုလင်းနှင့် မီးတို့ဘဝနှစ်ခုကတော့ ဝေးသွားခဲ့ကြသည်မှ အပြီးတိုင်ပင် ဝေးသွားခဲ့ကြပြီ။ လောကကြီးက ဒီလိုပဲလား။ ဇဉ် ကြောက်တော့ ကြောက်သည်။ ချစ်လျက်နှင့်လည်း အခြားသော အကြောင်းခြင်းရာတွေကြောင့် ဝေးကြရသည်။ ချစ်ခဲ့ပြီးမှလည်း မုန်းသွားနိုင်ကြသေးသည်။ နတ်သမီးကတော့ အတိအကျဆို၏။

ကိုလင်းချစ်တာ သူမ မဟုတ်တဲ့။ ဒါဆို ကိုလင်းတကယ်ချစ်တာ ဘယ်သူလဲ။ ဇဉ် အသက်ရှူရတွေ ကြပ်လာခဲ့သည်။

"ဇဉ်ချစ်တာကတော့ ကိုမင်းဆိုတာ သေချာပါတယ်. . ကိုမင်းကလည်း သေချာမှာပါ. ."

ထိုအတွေးနှင့် ပြန်အသက်ရှူချောင်သွားရသည်။ တစ်ခါတစ်ခါတော့လည်း တွေးမိပါသည်။





တကယ်ချစ်နေကြသူတွေက ဝေးနေကြပြီး တကယ်ချစ်မှန်းမချစ်မှန်း မသေချာသူတွေက နီးသွားခဲ့ကြသည်။ နောက်တော့လည်း ပြန်ဝေးသွားကြပြန်သည်။ ဒါဆို တကယ်ချစ်သူတွေရော တစ်နေ့ပြန်မနီးနိုင်ဟု ဘယ်သူပြောနိုင်မည်လဲ။ ဒါကြောင့်လည်း ကိုမင်းက တစ်ခုခုကို ပြန်ကြိုးစားဖို့ပြောချင်းဖြစ်မည်။

မေမေနှင့် နေ့လည် အသုဘပို့သွားမည်မို့ ဒီနေ့အလုပ်လည်း မသွားတော့ပဲ အိမ်မှာပဲနေလိုက်မိသည်။ ခုတော့လည်း မသွားမိတာကခပ်ကောင်းကောင်း။ ကိုလင်းအတွက် စိတ်မကောင်း၊ နတ်သမီးတွက်စိတ်ပူနှင့် ဒီကြားထဲ ချစ်သူအသံကိုကြားတော့ ဇဉ်ခြေမကိုင်မိ လက်မကိုင်မိနှင့်။ ပန်းထိုးတာလည်း မကူနိုင်တော့။

ဇဉ်နှင့် ကိုမင်းတို့ ချစ်သူတွေဖြစ်သွားကြတာကို ဘယ်သူမှမအံ့သြခဲ့ကြ။ မေမေကအစပေါ့။ သဘောမတူဆိုသည့် စကားကလွှဲလျှင်. . သူတို့ဘာမှ ထွေထွေထူးထူးမပြောခဲ့ကြ။ ထုံးစံအတိုင်း မေမေကစကားကို တစ်ခွန်းပဲပြောသည်။

ကိုကြီးကတော့ ချစ်သူငယ်ချင်းဆိုတော့ ပြောလို့မထွက်တာလား။ မပြောချင်တာလား မသိ။ သေချာတာကတော့. . လိုလိုလားလားကြီး မဟုတ်တာပင် သို့သော်. . . ကိုမင်းတစ်ယောက်တည်းနှင့် ပတ်သက်ဆက်ဆံရမှာ မဟုတ်ဟုဆိုခဲ့သည်။ ကိုလင်းကလည်း သဘောမတူဟု ပြောပိုင်ခွင့်မရှိသဖြင့် မပြောနိုင်သော်လည်း ကိုမင်းကိုတော့ နောက်ဆုတ်သွားအောင် လုပ်ခဲ့တာသေချာသည်။

ကိုမင်းနှင့် ဇဉ်ပြန်တွေ့တာက ဇဉ် ဂျပန်မှာ ကိုကြီးစီစဉ်ပေးသဖြင့် ဖက်ရှင်ဒီဇိုင်း သင်တန်းသွားတက်တုန်းက ဖြစ်သည်။ စီစဉ်သည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော်လည်း တစ်မြို့စီတစ်နေရာစီမို့ ဖုန်းလောက်သာ အတွင်ပြောနိုင်ခဲ့ပြီး လူချင်းမတွေ့ရ။ ကိုမင်းက ကိုကြီးထက် ဖုန်းဆက်တာပိုစိပ်သည်။

ကိုကြီးမသိအောင်ဆက်သည်။ သိအောင်ဆက်သည်။ မနက်တိုင်းဆက်သည်။ ညတိုင်းဆက်သည်။ တစ်ရက်. . . ချယ်ရီတွေဝေနေအောင်ပွင့်သော နေ့တစ်ရက် မနက်တွင်. . . ကိုမင်းရောက်လာခဲ့သည်။





(၁)

ရုတ်တရက်မို့ ဇဉ် တအံ့တသြ။

"ဒီနေ့ ဘာနေ့လဲသိလား. . ."

"သောကြာနေ့. ."

"အာ. . ခက်လိုက်တာ. . ."

"ဖေဖော်ဝါရီ ၁၄ရက်နေ့"

"အင်း. . ဟုတ်တယ် ကိုမင်းမွေးနေ့ပဲ. . ."

ဒီတော့မှ ဇဉ်သတိရတော့သည်။ ဒါတောင် ကိုမင်းကိုကျော်ကြည့်ကာ ကိုကြီးကိုရှာလိုက်သေးသည်။

"ရှာမနေနဲ့ သစ္စာမသိအောင်လာတာ. . ."

"ဟင် ဟုတ်လား. . . ဘာလို့ ကိုကြီးကို ထားခဲ့တာလဲ သနားပါတယ်. ."

"သူပါလို့ မဖြစ်လို့ပေါ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ခရီးစရိတ်က အရမ်းများလားဟင်. . . ကိုမင်း. . ."

ကိုမင်း သူ့နှဖူးကို သူရိုက်လိုက်တာတွေ့ရသည်။

"ဘာဖြစ်တာလဲ ကိုမင်းရဲ့"

"တော်သေးတယ် ငါဒီနေ့မှာ မွေးမိပေလို့ မဟုတ်လို့ကတော့ နင်နဲ့က ဘာမှအောင်မြင်မှာမဟုတ်. . ."

ထိုအခါကျတော့မှ ဇဦအူကြောင်ကြောင်ဖြစ်သွားရတော့သည်။ ဒီနေ့. . အမ် ဟုတ်သားပဲ. . ။ ဒါပေမယ့်. . . ဒါပေမယ့်. . . .

"ဘာလဲကိုမင်းရဲ့. . ."

"ဒီနေ့ ဘာနေ့လဲ သိတယ်နော်. . ."

"အင်း. . မနက်စောစောတည်းက နှင်းဆီပန်းတွေတောင် ရောက်လာသေးတယ်. ."

"ဇဦ့ဆီ. ."

"ဟင့်အင်း. . ဇဦ့ဆီမဟုတ်ပါဘူး ဇဦ့အခန်းဖော်. ."

"တော်သေးတာပေါ့. . . ဒီမှာ ဇဦ့အတွက်. . ."

ရုတ်တရက်ကြီးနောက်က ထုတ်လိုက်သော နှင်းဆီရိုးတံရှည် နီနီတစ်ပွင့်ကို ကြည့်ပြီး ဇဦ့ရင်တွေ ပရမ်းပတာ ခုန်သွားရတာ ဇဦမှတ်မိနေသည်။

"ဇဦ. . . ဇဦ့ကို. . ပေးတာ. ."

"အင်းလေ ဒါကြောင့် ဟိုကောင်ပါလို့ မဖြစ်ဘူးလို့ပြောတာ. ."

"အာ. . ကိုမင်းကလဲ. ."

"ဟုတ်တယ်လေ ဇဦ့ကို ရည်းစားစကားလာပြောတာ သူ့ခေါ်ခဲ့ လို့ဖြစ်မလားလို့. . ."

ဘုရားသခင်. . . ။ ရည်းစားစကားပြောတာတဲ့. . . ။ တစ်သက်လုံးက. . ကိုမင်းတစ်ယောက် သူမကိုချစ်နေလားဟု စိတ်ပင် မကူးခဲ့ဖူးသော ဇဦ့အတွက်ကတော့ အထူးအဆန်းကြီးလို့. .

"ဇဦ့ကို. . ချစ်တယ်. . ."

အံ့ဩမင်သက်စွာ. . . ရင်ခုန်စွာ. . ကိုမင်းကို ဇဦ. . အကြာကြီးစိုက်ငေးလိုက်မိသည်ထင်သည်။ ထိုအခိုက်အတန့် ကိုဇဦ. . ခုချိန် ပြန်တွေး. . ခုချိန်ထိတွေ ငေးနေမိတုန်း။

"ဇဦရော. . . ချစ်တဲ့သူရှိနေပြီလား. ."

ကိုမင်းထပ်မေးသံကြားမှ သူမအယောင်ယောင် အမှားမှားနှင့် ခေါင်းခါရမ်းမိတာ သတိရသည်။

"တော်သေးတာပေါ့နော်. . အချိန်မီပါ့မလား တွေးနေတာ. ."

ကိုမင်းသက်ပြင်းချကာရယ်တော့မှ . . ဇဦအသိဝင်လာတော့သည်။

"အာ. . အဲလိုပြောတာမဟုတ်ဘူးလေ. . ."

"ဟင်. . ဒါဆိုဘာကိုပြောတာလဲ. ."

စိုးရိမ်ထိတ်လန့်သလို မေးလိုက်သံက ဇဦ့ကိုပျော့ကျသွားစေခဲ့သည်လားမသိ။ ချက်ချင်းကြီးသနားသလို ဖြစ်သွားရကာ. . မဟုတ်ပါဘူး. . ဟုပြာပြာသလဲ ငြင်းမိပြန်သည်။

"ဒါဆိုဘာလဲ ဇဦ ရဲ့. ."

"မသိပါဘူး. ."

ဇဦက ရယ်ရင်းလျှောချသည့်တိုင်. . ကိုမင်းက ဘဝင်မကျနိုင်



www.burmeseclassic.com

www.burmeseclassic.com



သေး။

"ဇဉ်"

"ဟုတ်. . ."

အူကြောင်ကြောင်နှင့်. . ဟုတ်. . ဟုပင် ထူးမိသွားသည်။

"ငလင်းကရော. . ဇဉ့်ကိုချစ်တယ်တဲ့လား. . ."

"ရှင်. ."

တစ်သက်နှင့် တစ်ကိုယ်ထင်မှတ်မထားသော စကားကြောင့် ကိုမင်းကို အူကြောင်ကြောင် ပြန်ကြည့်မိသည်။

"ဘာလို့မေးတာလဲ ကိုမင်း. ."

"ကိုမင်းမေးတာကိုသာ ဖြေပါ. . ."

"ကိုလင်းက ဇဉ့်ကို. . ညီမတစ်ယောက်လိုတော့ ချစ်တာပေါ့. ."

ကိုမင်း. . စိတ်မရှည်တော့သလို မျက်မှောင်ကြီးကြုတ်ပစ်လိုက်သည်။

"ဝေ့မနေနဲ့ဇဉ်. . . ကိုမင်းချစ်သလို သူချစ်လားမေးတာ. . ."

ဇဉ်နည်းနည်းရယ်ချင်လာသဖြင့်. . . ပြုံးစိစိလုပ်ကာ ပြန်ပြောမိသည်။

"ဒါတော့သိဘူး. . . နောက်မှ မေးကြည့်ရဦးမယ် ခုထိမပြောရသေးတာမျိုးဖြစ်ရင် ဖြစ်နေမှာ. . ."

ဒီတော့မှ ကိုမင်းရယ်တော့သည်။ ပြီးတော့ မျက်မှောင်ကြုတ်ကာ စဉ်းစားပြန်သည်။

"ဒီကောင်က ပြောတော့. . . ဇဉ်နဲ့သူက တစ်ယောက်ကို





တစ်ယောက် နားလည်နေကြတာတဲ့. . . ဇဉ်ကလည်း သူ့ကို. . သံယောဇဉ်တအားတွယ်နေတာတဲ့. . ."

ကိုမင်းစကားကြောင့်. . ဇဉ်မျက်လုံးပြူးသွားရသည်။ ကိုလင်းဖြင့်ဇဉ့်ကို သံယောဇဉ်ရှိကြောင်းပင် အမူအရာနှင့်တောင် တစ်ခါမှ မပြဖူးခဲ့။

"သစ္စာကလည်း အဲဒါကို ထောက်ခံတယ်. . ."

ကိုကြီးက ထောက်ခံတယ်ဆိုသော စကားကြောင့် ဇဉ်ပင် အူကြောင်ကြောင်လေးဖြစ်သွားရသည်။ ဘယ်လိုပါလိမ့်ဟု. . ။ ကိုကြီးဖြင့် တစ်ခါမှလည်း ဘာဆိုဘာအရိပ်အယောင်မှ မပြခဲ့၊ မပြောခဲ့သူ။

"ကိုကြီးက ထောက်ခံတယ်. . . ဟုတ်လား. ."

"ဟုတ်တယ်. . တကယ်"

"ဘယ်တုန်းကလဲ. . ."

"လွန်ခဲ့တဲ့တစ်နှစ်ခွဲက. ."

လွန်ခဲ့တဲ့ တစ်နှစ်ခွဲဆိုတော့ ကိုကြီးနှင့် ကိုမင်းထွက်သွားတာ ၂နှစ်ကျော်ကာလ၊ အဲဒီ ၂နှစ်ကျော် ကာလထဲမှ. . ကိုလင်းကို တစ်ခါလာတွေ့ခဲ့တာ မှတ်မိနေသည်။ ရေးကြီးသုတ်ပြာဟန်ဖြင့်. . ရန်ကင်းစင်တာထဲမှ ထွက်အလာဖြစ်သည်။ ဒီညရှိုးတစ်ခုဆိုရမှာမို့ အင်္ကျီလာဝယ်တာတဲ့။ ပြောပြီးပျောက်သွားတော့သည်။ နောက်. . ဇဉ်မလာခင် တစ်ခေါက်တွေ့သည်။ ဒါပဲ။

ကိုလင်းတစ်ယောက် တစ်စစနှင့် နာမည်လေးထွက်လာတာကို သတိပြုမိတာကလွဲရင် သူဘာတွေလုပ်နေလဲလည်း မသိ၊ သူဘယ်သူတွေနှင့် ဘယ်လို နေနေလဲလည်းမသိ၊ သူကလည်း မလာ၊ ဖုန်းဆိုတာက. .



www.burmeseclassic.com

www.burmeseclassic.com



ဇဉ်တို့အိမ်မှာတပ်တာမကြာသေး၊ သူကတော့ အင်တာဗျူးတချို့အရ . . လက်ကိုင်ဖုန်းတစ်လုံးတော့ ကိုင်ထားပုံရသည်။

"ကိုလင်းနဲ့တွေ့တောင်မတွေ့ဖြစ်ကြတာကို . ."

ဇဉ်က အဲလိုရေရွတ်မိတော့ ကိုမင်းမျက်မှောင်ကြုတ်သွားရသည်။ တစ်ခါမှတောင် မတွေ့ကြဘူးလား ဟုလည်းမေးသည်။ တကယ့်ကို တစ်ခါနှစ်ခါတွေ့တာပြောပြတော့ ကိုမင်းနားမလည်နိုင်တော့။ ဘာလို့လဲ ဘာလို့လဲဟု အထပ်ထပ်အခါခါ ခပ်ဖွဖွရေရွတ်နေသည်။ ပြီးမှ

"အဲဒါက အရေးမကြီးပါဘူး အရေးကြီးတာက ဇဉ်ပါ. . ."

"အယ်. . ."

"ဟုတ်တယ် ဇဉ် ကိုယ့်ကိုချစ်ရင်ပြီးတာပဲ"

"အဲ. . ဇဉ် ဘာမှမပြောရသေးဘူးလေ. ."

"ဘယ်တော့ပြောမှာလဲ"

"ဘယ်သိမလဲ စဉ်းစားဦးမှာပေါ့"

"အာ. . စဉ်းစားတာက ဘယ်လောက်ကြာမလဲ. ."

"ကိုမင်းရော ပြောဖို့စဉ်းစားတာ ဘယ်လောက်ကြာလဲ. ."

ဒီလိုကျတော့ ရယ်ပြီးခေါင်းကဆံပင်တွေကို လှမ်းဖွပစ်လိုက်သဖြင့် အမြန်ငုံ့ရှောင်လိုက်ရသည်။ ဒီလိုမှ မဟုတ်ရင်. . အလှတွေတော့ ပျက်ကုန်တော့မှာ. . . ။

"အဲလို လုပ်လို့ရမလား. ."

"ရတာပေါ့. . မိန်းကလေးပဲဟာ တစ်သက်စာမှားသွားရင် ဘယ်လိုလုပ်မလဲ. ."





ဇဉ်က ရယ်ပြီးပြောလိုက်တာဖြစ်သော်လည်း ကိုမင်းက မရယ်။ တည်ကြည်လေးနက်စွာ ပြန်ပြောလေသည်။

"ကိုယ့်ဘဝနဲ့ရင်းပြီး အာမခံပါတယ် မမှားစေရပါဘူး. ."

. . တဲ့။ ထိုအာမခံချက်ကို ဇဉ့်နှလုံးသားက ဘာလို့များ စွဲစွဲလန်းလန်း ယုံစားသွားခဲ့ရသည်ဆိုတာကိုတော့ ဇဉ်ကိုယ်တိုင်လည်း မသိတော့ပါ။

နဖူးစာဆိုတာ ဒါများလား။ ဖျက်မရ ပြင်မရလေ. . ။



www.burmeseclassic.com

www.burmeseclassic.com



(၇)

ထိုစဉ်က အကြောင်းတွေပြန်တွေးမိပြီး မေမေ့ကိုလှည့်ကြည့်မိသည်။ မေမေကတော့ ဇဉ့်အတွေးကို ဘာမှသိပုံမပေါ်ပါ။ ပန်းတွေကို စနစ်တကျပြင်ဆင်နေသည်။ နှင်းဆီဖြူဖြူတွေ. . ကိုမြင်တော့ ကိုလင်း၏ ခရမ်းရင့်နှင်းဆီကို သွားသတိရသည်။

"အလွမ်းတွေနဲ့ လမ်းကလေးက
လင်းဖြမှုန်သီလို့. . .
လမ်းတစ်လျှောက်မှာလည်း
ခရမ်းရင့်နှင်းဆီတွေက တဝေဝေ
အိမ်မက်တွေကိုတောင် အသေစားသေစေနိုင်တဲ့ထိ
ငါ့ကိုပြုစားရက်သော နတ်သမီးလေး
ငါ့ကောင်းကင်ရဲ့ အဝေးမှာ. . ."

ဒီလောက်ပဲ ဇဉ် မှတ်မိတော့သည်။ ဇဉ်က ကဗျာတွေဘာတွေ





ဖတ်လေ့ရှိသော်လည်း သိပ်နားအလည်ကြီး ခံစားတတ်ကြီးတော့ မဟုတ်။ ခုလည်း ခရမ်းရင့်နှင်းဆီတွေဆိုသော စကားလုံးကြောင့်သာ ဇဉ် အမှတ်ရနေခြင်းဖြစ်သည်။

"နှင်းဆီ ဆိုတာ ခရမ်းရောင်ရှိလို့လား ကိုလင်း"

ကိုလင်းက ကဗျာစာရွက်ကိုကြည့်ကာ မျက်မှောင်ကြုတ်မေးသော ဇဉ့်ကိုအတည်ဖြေခဲ့သည်။

"ရှိတာပေါ့ ဇဉ်. ."

"ဇဉ့်ကိုပြလေ. ."

"ခုတော့ ဇဉ့်ကိုပြလို့မရသေးဘူး တစ်နေ့ဇဉ်တွေ့လိမ့်မယ် အဲဒီခါကျ ဇဉ်သိလာလိမ့်မယ် အော် ဒါတစ်ခါက ကိုလင်းပြောတဲ့ ခရမ်းရင့်နှင်းဆီတွေပါလားဆိုတာကို. . ."

ဇဉ် တစ်ယောက်တည်းပြုံးမိသည်။ သိပ်မှန်တာပဲ ကိုလင်းရယ် ဟုလည်း ရေရွတ်မိသည်။ ကိုမင်းနှင့် ဇဉ် ဝေးကွာနေစဉ်တုန်းကတော့ အရာအားလုံးသည် ခရမ်းရောင်။ ဘယ်လိုမှ မဖြစ်နိုင်ဟု ထပ်ကာ တလဲလဲရေရွတ်မည့် သူမရှိပဲ ဇာတ်ကအတော်လေး ပြတ်သားသွားခဲ့သည်။

ညို့ထံမှလည်း ဇာတ်ကြောင်းတချို့ကို သိခဲ့ရသည်။

ကိုမင်း အမေနှင့် မေမေတို့၏ ပဋိပက္ခ. . ဒါကလည်း ဇဉ့်ကြောင့်ဖြစ်ရသော ပဋိပက္ခ. .။ ဒီတော့မှ ယုကီကို ကိုမင်းမေမေက ဘာကြောင့် တင်သွင်းလာသည်ဆိုတာကို သူတို့ သဘောပေါက်ကြရတော့သည်။ တကယ်တော့ သူတို့မဟုတ်ပါ။ ဇဉ် တစ်ယောက်တည်းဖြစ်ပါလိမ့်မည်။ အားလုံးက ဘာမှသိပ်မသိတတ်သေးသော ဇဉ့်ကို ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



အသိမပေးခဲ့ကြတာကြောင့်လည်းဖြစ်သည်။ ထိုအဖြစ်အပျက်အားလုံးက ကိုကြီးနှင့် ကိုမင်းမသွားခင်တည်းက ဖြစ်သွားကြတာ။ ကာရက်ရှင် ကိုမင်းနှင့် ဇဉ်မှလွဲ၍ အားလုံးကသိကြသည်။ ကိုမင်းကတော့ သိသွားသည့်တိုင် နောက်မဆုတ်ခဲ့သူ။ ဇဉ်ကရော. . ဒါတွေကြိုသိခဲ့လျှင် ကိုမင်းကို ချစ်ခဲ့ပါ့မလားဟု ကိုယ့်ကိုယ်ကို အခါခါမေး အခါခါအဖြေမရ ဖြစ်နေဆဲ။

ညို့ ကပြောပြသည်။

"ကိုမင်းအမေက ဆရာမဆီလာပြောတာ. ."

"ဘယ်တုန်းကလဲ ဘာတွေပြောလဲ. ."

"နင်တို့ ညစာ သွားစားပြီးနောက် တစ်ရက်ပဲတဲ့. ."

"ငါလည်း မသိရပါလား"

"အင်း နင်က ဘာမှမသိသေးတော့ မသိတာကောင်းတယ်ဆိုပြီးထားတာ. ."

"ဘာကို မသိသေးတာလဲ. ."

"အဲဒီအချိန်တည်းက ကိုမင်းက နင့်ကိုစိတ်ဝင်စားနေတယ်ဆိုတာနဲ့ သူ့အိမ်မှာလည်း စိတ်ဝင်စားတဲ့အကြောင်း ဖွင့်ပြောထားတာ. ."

ဘုရား. . ဘုရား. . ဟု စိတ်ထဲကတလိုက်မိသလား မဆိုနိုင်။ ညို့က စကားကိုဆက်သည်။

"ဒါကြောင့် ကိုမင်းအမေက ယုကီကို ခုတုံးလုပ်ခေါ်လာတယ် နောက်တစ်နေ့ ဆရာမကို လာပြောတယ် သူ. , မိတ်ဆွေတို့ ဝတ္တရားရှိတဲ့အတိုင်းရော သားရဲ့ဆန္ဒ တစ်ခုကိုလိုက်လျောတဲ့အနေနဲ့ရော ကိုသစ္စာကို နိုင်ငံခြားပို့နိုင်အောင် အကုန်ကူညီခဲ့တယ်တဲ့"





"အင်းလေ. ."

"ဆရာမဖက်ကလည်း တစ်ခုပြန်ကူညီပါတဲ့. . ခုချိန်မှာ ဘာမှ မဖြစ်သေးပေမယ့် တစ်နေ့ဖြစ်လာခဲ့ရင် ဆရာမတို့ဖက်က ဒီတောင်းတဲ့ ကတိလေးကို ပေးပြီးတည်ပေးပါတဲ့. ."

"ဘာ. . ဘာကတိလဲ. ."

"သူက. . သစ္စာနဲ့သံယောဇဉ်ကို သူ့သားသူငယ်ချင်းအဖြစ် အသိအမှတ်ပြုနိုင်ပေမယ့် မိသားစုဝင်အဖြစ်တော့ အသိအမှတ်မပြုနိုင်ဘူးတဲ့. ."

ဇဉ်. . ထင်မထားလောက်အောင် ဆိုးဝါးသော စကားလုံးမို့ ငိုင်သွားရသည်။

"သူ့မှာ အကြောင်းပြချက်မရှိဘူးတဲ့ ဒါပေမယ့် ဒါဟာသေချာတဲ့စကားတစ်ခုပဲတဲ့လေ ဘယ်လောက်များ စိတ်ထဲနာကျင်စေမယ့် စကားလဲ. . ."

ဒါတော့ သေချာသည်။ မေမေက သူချစ်လှစွာသော သားသမီးကို ဘာမှမဟုတ်သေးပဲ မဖြစ်နိုင်ဟု လာရောက်စော်ကား နေသောသူတစ်ယောက်ကိုကြည့်ကာ သူ့သမီးအတွက် ဘယ်လောက်ရင်နာလိမ့်မလဲ စဉ်းစားနေမိသည်။

"ငါ. . နားလည်သွားပြီ ညို၊ ဒါကြောင့်လည်း မေမေက သူ. . . ကိုမင်းကို တပည့်တစ်ယောက်လို သားတစ်ယောက်လို ချစ်နိုင်တယ် သမက်တစ်ယောက်လို မချစ်နိုင်ဘူးလို့ တစ်ခါတည်း တစ်ခွန်းတည်း ပြတ်သားစွာ ပြောခဲ့တာကိုး. . ငါက မေမေ ပြတ်သားနိုင်လိုက်တာလို့ ထင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အမေ ပြောတဲ့စကားထက်စာရင် ဆရာမပြောတာက ညင်သာပါတယ် ဇဉ်ရယ်"

"အင်းပါ ငါ နားမလည်နိုင်တာက တစ်ခုပဲ. . ."

"ဘာလဲ နင့်ကို မပြောပြလို့လား"

"အင်း"

"အဲဒီအချိန်နဲ့ ခုနဲ့ ဘယ်နှစ်နှစ်ကွာလဲ"

"ငါးနှစ်. . ."

"အဲဒီတုန်းက နင့်အသက်က ၁၅နှစ် ၁၆နှစ် ခုမှ နင်က ၂၀ကျော်ရုံ. . အဲကတည်းက နင့်ကို ပြောခဲ့သင့်တယ်လို့ နင်ထင်လို့လား ငါ့တောင်မှ ကိုလေးက တော်တော်ကြာမှ ပြောပြတာ နောက်သူတို့ ထင်ထားတာက ငယ်သေးတယ် ပြောချင်တာပြော လုပ်ချင်တာလုပ်ပစေ နောက်ဖြစ်ချင်မှလည်း ဖြစ်လာမှာလို့ တွေးခဲ့ကြပုံရပါတယ် ကိုမင်းကို နောက်ဆုတ်သွားအောင်လည်း အမျိုးမျိုးတော့ ကြိုးစားခဲ့ကြတာပဲ"

"အဲဒီထဲ ကိုလင်းလည်းပါတယ် မဟုတ်လား. . ."

"ဒါပေါ့ ငါ့အစ်ကိုက နင့်အတွက်ပါနော်"

"ဘယ်လိုလုပ်လိုက်လဲ. ."

"ခပ်ပါးပါးပါပဲ ကဗျာလေးတစ်ပုဒ်ရေးထားတာပြလိုက်တယ် ဒီကဗျာပဲ. ."

ညိုက သူ့မှတ်စုထဲမှ ကဗျာတစ်ပုဒ်ကို ထုတ်ပြသည်။ ညိုသည်လည်း ကိုလင်းညီမလို့ မပြောရ။ အနုပညာတော့ တော်တော်ခံစားတတ်သူ။

ကြောင်နှစ်ကောင်စာပေ



"နှစ်လိုမိနေတဲ့ ပင်လယ်"

မင်းအကြောင်းတွေကို ဖောင်ဖွဲ့မိတော့

မင်းပုံရိပ်ပင်လယ်မှာ ငါစီးမျော. . .

အလွမ်းရိပ်တွေက လေဖိအားနည်းရပ်ဝန်း တစ်ခုလို

နှလုံးသားကို ဗဟိုပြု. . .

ငါ့မှာ အံ့တုစရာအကြောင်းလည်း မရှိ. . .။

အလင်းရောင်

ကဗျာကို ဖတ်ပြီးနားလည်သလိုလိုတော့ရှိသား။ ဒီလောက်နှင့် ကိုမင်းက ယုံမည်တဲ့လား။ ကိုလင်းမှာ ဒီလိုကဗျာတွေ မှိုလိုပေါက်နေတာ ကိုမင်းက မသိမရှိပဲ နေပါ့မလား။ နည်းနည်းလေးယုံချင်ချင် ဖြစ်ယုံလောက်ပဲရတော့မပေါ့။

"အဲဒါနဲ့ ယုံသွားရောလား. . ."

"အဲဒါတော့ ငါလည်း ဘယ်သိမလဲ သိတာကတော့ ကိုသစ္စာပါ ဟုတ်သလို ထောက်ခံပေးတာပဲ. . ."

ဒါကတော့ ကိုမင်းပြောတာနှင့် ကိုက်သည်။

"ကိုမင်းကလည်း သူ့အမေက ဒီလိုဆိုတာ မသိဘူးတဲ့လား"

"ပြောတတ်ဘူးလေ သေချာတာကတော့ ဒီဖက်ကလူတွေကတော့ သူ့အမေ ဒီလိုလာပြောသွားတာကြီးကို သူ့ကို ဘယ်သူမှ ပြန်မပြောပြဘူးဆိုတာပဲ. ."

"ငါပြောမယ်. . ."

ညိုက. . ဇဉ်ကို ဘာဖြစ်တာလဲဆိုသော အကြည့်နှင့် ကြည့်သည်။

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ငါကတော့ ပြောရမှာပဲ ငါ့မှာလည်း မာနရှိတယ်လေ မေမေသဘောမတူလို့ ငါရွှေမတိုးဘူးဆိုတာထက် သူ့အမေလည်း သဘောမတူဘူးဆိုတာ သူသိထားသင့်တယ်ထင်တာပဲ. ."

မေမေကတော့ ဇော် ကျောင်းပြီးလို့ ပြန်လာလို့ဖွင့်ပြောလိုက်ကတည်းက တစ်ခွန်းတည်း ပြတ်သားစွာဆိုသည်။

"သမီးမှာ တွေးတတ်တဲ့ ဦးနှောက်ရှိပြီးသားလို့ ယုံတယ် မေမေတို့ကတော့ သဘောမတူဘူး။ မင်းမင်းကို တပည့်တစ်ယောက် သားတစ်ယောက်လိုတော့ လက်ခံနိုင်တယ် သားမက်တစ်ယောက် အနေနဲ့တော့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး"

"ကိုမင်းမှာ အပြစ်တစ်ခုခုရှိလို့လား မေမေ"

ဒီလိုတွေမေးတတ်နေပြီလား သမီးရယ်ဆိုသော အကြည့်နှင့် ကြည့်ပြီးခေါင်းကိုသာခါသည်။

"ဘယ်သူ့ဘယ်သူမှာမှ အပြစ်မရှိကြပါဘူး ဒီလိုပါပဲ. . ."

တစ်ခါတစ်ရံ အဓိပ္ပာယ်တွေတစ်လှေကြီး သိုဝှက်ထားတတ်သော ဒီလိုပါပဲဆိုတာတွေကို ဇော်မုန်းတတ်လာတာ မဆန်းတော့။

ညို့ကိုတော့ အကုန်ပြန်ပြောပြဖြစ်သည်။ ကိုမင်းကလည်း မေမေ့ကိုနားလည်ရတွေခက်လို့။ဇော် လည်းတွေးခဲ့ဖူးသည်။ တစ်နေ့နေ့တော့ မေမေစိတ်ပြောင်းသွားနိုင်သည်ဟု. .။ ခုတော့ ညို ပြောပြချက်အရဆို ဘယ်လိုမှ မဖြစ်နိုင်တော့။ ဇော်ကိုယ်တိုင်လည်း ကိုယ့်ကိုမလိုလားသော မိသားစုထဲဝင်ရန် အကြောင်းမရှိချေ။ တစ်ချိန်ကတော့ ကိုမင်းကို ဒီလိုပဲ ခံစားရရှာမည်ဟု တွေးပေးခဲ့ဖူးသည်လေ။

"သမီးရေ. . . အချိန်နီးပြီနော် ပန်းခြင်းတွေလာသယ်ပါဦး"





မေမေလှမ်းခေါ်မှ သတိဝင်လာမိသည်။ ဆိုင်ကမှာထားသော ပန်းခြင်းတွေကို ဆိုင်ကတစ်ယောက်ကို လှမ်းခေါ်ကာ အငှားကားနှင့် သယ်လာခိုင်းရမည်။ ထိုအငှားကားနှင့် ဘယ်နှစ်ယောက်လောက် လိုက်လာမည်မသိ။ လိုက်လာချင်သူတွေက များနေသဖြင့် အတော်လေးတော့ အလုပ်ရှုပ်ရပေလိမ့်မည်. .။ ကိုကြီးလည်း အချိန်မီလာမည်သာပြောသာ အဝေးပြေးဂိတ်ကနေပဲ တန်းလာမလားတောင်မသိ။ ခုထိ ဘာသံမှ မကြားရသေး။

"ဟုတ် မေမေ. . . ကိုကြီးလာမှာ မဟုတ်လားမေမေ"

"ပြောတာပဲ ရောက်အောင်လာမယ်တဲ့ တာလောက မန္တလေးမှာ ရှိုးရှိလို့လာဆိုတုန်းကတောင် သူတို့ညဖက် ထမင်းသွားစားကြသေးတယ်တဲ့"

မေမေက ကိုကြီးသတိတရပြောပြပုံရသော စကားကို ပြန်ပြောပြသည်။

"နတ်သမီးရော သမီး"

"မီးမီးကို သမီးဖုန်းဆက်ထားတယ်မေမေ သူ့ကားနဲ့ အတူထွက်မယ် သူ့အိမ်ရှေ့ကျရင် ဖုန်းသံပေးလိုက်မယ်လို့ ပြောထားတယ်"

"အင်းအင်း ခမျာလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမ ဖြစ်ရရှာတယ်. ."

"မေမေရယ် တစ်ခုလပ်ထက် စာရင်တော့ မုဆိုးမဖြစ်ရတာကမှ ခံသာပါသေးတယ်"

လွှတ်ကနဲ ပြောလိုက်မိပြီးမှ မေမေဆူမလားလည်း ကြည့်ရသေးသည်။ ကိုလင်းကို သေစေချင်စိတ်မပါတာတော့ ရာနှုန်းပြည့်



www.burmeseclassic.com

www.burmeseclassic.com



အာမခံနိုင်သည်။ သို့သော် ဇဉ်ကတော့ မီးမီးကိုယ်စား ထိုသို့ပဲ တွေးဖြစ်သည်။

အိမ်ကကားစထွက်တော့မှ ကိုကြီးဖုန်းဝင်လာသည်။ သူရောက်နေပြီ။ အဝေးပြေးနားကစောင့်မည်။ လာဝင်ခေါ်ပေးဖို့. . ။ မီးမီးအိမ်ရှေ့ရောက်တော့ မီးမီးကကားပေါ်မှာ . . ။ အဖြူရောင် သစ်ခွပန်းခြင်းတစ်ခြင်း အနီရောင် သစ္စာပန်းခြင်းတစ်ခြင်း ခရမ်းရောင်သစ်ခွတစ်ခြင်း ပန်းခြင်းသုံးခြင်းနှင့်။ ကားနားမှာလည်း လူတွေကအုံလို့။ နောက်မကျပေမယ့် ဒီလိုဆင်းစောင့်ပေးနေတာက ဇဉ့်တို့အတွက်က ဘာမှမသိသာသော်လည်း သူတို့ကျတော့ လူတွေအုံလာတတ်တာမို့ စိတ်အနှောင့်အယှက်ဖြစ်နိုင်သည်လေ။ နောက်လူတွေကပြောချင်ရာပြောကြဦးမည်။ ကားမှန်တော့ အလုံပိတ်ထားသည်။ ကားနှစ်စင်းရှေ့ဆင့်နောက်ဆင့် မောင်းလာရင်း မေမေနှင့်လည်းစကားမပြောဖြစ်ကြ။ ဆိုင်ကလူတွေ ပန်းခြင်းနှင့်အဆင်ပြေပြေ ရောက်မရောက်နိုင်လည်း ဖုန်းဆက်ရသေးသည်။

"ဟဲ့ ဆိုင်က ကလေးတွေက လာမလို့လား"

"သူတို့ကို ပန်းခြင်းမှာထားလို့မေမေ ကိုကြီးတစ်ခြင်း ကိုမင်းတစ်ခြင်း"

ကိုမင်းဆိုသော နာမည်ကိုကြားသော်လည်း မေမေ ဘာမှမပြော။ အော်. . . ဟုသာပြောသည်။ ကိုကြီးကို အဝေးပြေးထိမလာတော့ပဲ အဝိုင်းနားလောက်ကစောင့်ဖို့ပြောလိုက်သည်။ အဝိုင်းရောက်လျှင်တော့ ကားကို ကိုကြီးလက်ထည့်ပြီး မီးမီးကားကို သွားမောင်းပေးမည်ဟု တွေးလိုက်မိသောကြောင့်ဖြစ်သည်။





(ယ)

ကားမောင်းသူနေရာကို အတင်းလုကာထိုင်လိုက်တော့မှ နတ်သမီး နေရာဖယ်ပေးလိုက်တော့သည်။

"မီး ဘာမှမဖြစ်ပါဘူး ဇဉ်"

နတ်သမီးက အပြုံးဖျော့ဖျော့နှင့်ဆိုသည်။

"အင်းလေ ဇဉ်ကလည်း နတ်သမီးဒရိုင်ဘာ ခဏဖြစ်ကြည့်ချင်လို့ပါနော်"

"အမယ် မလုပ်ပါနဲ့ မင်းသမီးတွေက သူတို့ ဒီဇိုင်နာလှလှလေးကို ကိုယ်ကကားမောင်းခိုင်းပြီး ဂုဏ်ယူနေတယ်လို့ထင်နေကြဦးမယ်"

"ဟားဟား ဒီဇိုင်နာလှလှလေးတဲ့ ခုမှပဲစိတ်ချမ်းသာရတော့တယ် မီး ဝတ်ဖို့အင်္ကျီလှလှချုပ်ပေးဦးမယ်သိလား"

"ဘာလဲ ခရမ်းရောင်နှင်းဆီပွင့်တွေနဲ့ အင်္ကျီမျိုးလား"

သူတို့ရယ်မိကြသည်။ တစ်ခါက purple rose ကြော်ငြာဆိုသောသက်ရောက်သော မဂ္ဂဇင်းစာမျက်နှာတစ်ခုမှာ သူတို့ဆုံခဲ့ဖူးသည်။

www.burmeseclassic.com



ခရမ်းရောင်ပိုးသားများနှင့် လုပ်ထားသော နှင်းဆီပွင့်များစွာ ဖွာဆင်း ကျနေသောညနေခင်းဝတ်စုံ။ မျက်နှာကိုလည်း စိတ္တဇ ဆန်ဆန် ခရမ်းရောင်အနုအရင့်များနှင့် ဆင်ယင်ခြယ်သထားသည်။ ဆံနွယ်တွေကြားမှာလည်း ခရမ်းရောင် ခရစ်တယ်လ် ကြယ်ပွင့်လေးတွေက လက်လို့. .။ ပန်းခရမ်းရောင်နှုတ်ခမ်းဖူးဖူးလေးကို မပွင့်တစ်ပွင့်ဖွင့်ကာ ကင်မရာကို ကြည့်နေသော နတ်သမီးသည် တကယ့်ကိုနတ်ဘုရားမတစ်ပါးအလား လှပတည်ငြိမ်နေခဲ့သည်။

"အဲလိုလေးတစ်ခေါက်လောက်ထပ်ရိုက်ဖို့ရှိရင် မီးကိုခေါ်ပါ"

"မီးအားရင် ရိုက်ချင်တာပေါ့ ဇော်လုပ်တဲ့ဒီဇိုင်းတချို့က မီးနဲ့ လိုက်တယ်"

ခုလည်းခရမ်းရောင်ကိုအနက်နှင့် တွဲဖက်ဝတ်ဆင်ထားသော နတ်သမီးက ဖျော့တော့တည်ငြိမ်နေသည့်ကြားက လှနေဆဲ။ နှုတ်ခမ်းကို ခရမ်းရောင်အလက်ပါသည်ဆိုရုံသာ lips gloss အကြည်ကလေးဆိုး ထားသည်။

"အားအောင်လုပ်မှာပေါ့နော်၊ ဇော်နဲ့တွဲအလုပ်လုပ်ရမယ့်ကိစ္စကို အော် ဒါနဲ့ ကိုမင်းတစ်ယောက်ရော ဘယ်မှာလဲ"

"အရင်လိုပဲ အဝေးမှာ မီး. . . သူ ဒီနေ့ ပန်းခြင်းတစ်ခု ပို့ခိုင်း တယ်"

"မီးကိုပြောတာမဟုတ်ဘူး မီးမှာပေးမှာပေါ့"

"အိမ်မှာက သိတယ်မဟုတ်လား မေမေက သူ့ဘာသာလုပ် တာ ကိုကြီးနဲ့ကိုမင်းအတွက်ပဲ မသိချင်ယောင်ဆောင်ပြီးမှာလိုက်ရတာ"

နတ်သမီးလည်း ကိုလင်းနှင့်အတော်ကြာလက်တွဲခဲ့သူဆိုတော့





ကိုမင်းနှင့်ဇော်အကြောင်းကိုသိမှာပင်. . .။

"ဒါဆို ဇော်နဲ့ကိုမင်းကရော"

"ဒီ အတိုင်းပဲလေ"

"အဆက်အသွယ်တော့ ရှိတယ်မဟုတ်လား"

"ဟင့်အင်း မီး မနက်ကမှ ဖုန်းပြန်ရတာ"

နှစ်ယောက်သားစကားမရှိတော့သလို တိတ်သွားကြသည်။ ကိုမင်းကို ကိုမင်းအမေအကြောင်း ဖွင့်ပြောလိုက်သောအချိန်က ကိုမင်း နှင့် သူ့အမေ အကြီးအကျယ် ဖုန်းခေါ်စကားများကြသည်။ ဒါကို ဇော်တို့ က သူ့အမေပြဿနာရှာမှ သိရခြင်းဖြစ်သည်။

"ကတိဆိုတာပေးပြီးရင် တည်ရတယ် ခုတော့ ကတိလည်း မတည် သူများသားအမိကိုလည်း စိတ်ဝမ်းကွဲအောင်လုပ်တာ တရား တယ်လို့ထင်လား"

မေမေက ဘာမှပြန်မပြော။ ဇော်ကို တစ်ချက်စိမ်းစိမ်းကြည့် လိုက်သောအကြည့်ကိုတော့ ဇော်ဒီနေ့ထိမမေ့ပါ။ ထို့ကြောင့် မေမေ့ကို ထားခဲ့တာ ကိုမင်းအမေကို အပြင်ဆွဲထုတ်လာလိုက်သည်။

"အန်တီတို့ ဘာတွေပြောခဲ့တယ် ဘာဖြစ်ခဲ့တယ်ဆိုတာ ဇော် မသိဘူး ဇော်သိအောင်လည်း မေမေကမပြောခဲ့ဘူး၊ ဘာလို့မပြောလဲဆို တာကိုတော့ အန်တီလည်းအမေတစ်ယောက်မို့သိမှာပါ၊ အန်တီတောင်မှ မင်းကို ငါ ဇော်နဲ့ဆိုလုံးဝသဘောမတူနိုင်ဘူးနော်လို့ နဂိုကတည်းကပြော ခဲ့လို့လား၊ အမှန်က ကိုယ့်သားသမီး ကိုယ့်အရင်ပြောရမှာလေ မပြောပဲ တစ်ဖက်ကိုပြောတာကိုဇော်က နားလည်ပေးနိုင်သလို အန်တီလည်း နားလည်ပါ၊ ဒီကိစ္စတွေဖြစ်မလာဖို့ အဓိကကတော့ အန်တီကိုမင်းကို



www.burmeseclassic.com

www.burmeseclassic.com

ရာဇသံလေးပေးထားခဲ့ဖို့ကောင်းတာ။ အဲလိုသာဆို ကိုမင်းလည်းရှေ့တိုး လာစရာအကြောင်းမရှိဘူး။ ဇဉ်လည်း ဘာမှသံယောဇဉ်တွယ်မိစရာ အကြောင်းမရှိဘူး ကိုယ့်သားသမီး ကိုယ်မပြောရက်တာကို ဇဉ်တို့ နားလည်သလို အန်တီနားလည်ပေးပါ"

"နားမလည်နိုင်ဘူး"

"ဟုတ်ပြီ နားမလည်နိုင်လည်းကိစ္စမရှိဘူး ဒါက အန်တီ့ သဘောလေ၊ ခုလိုပြောလိုက်ရခြင်းရဲ့အကြောင်းအရင်းက သူနားလည် ထားတာက ဇဉ့်မေမေသဘောမတူလို့ ဇဉ်တို့ဝေးနေရတယ်၊ ဇဉ်ဆိုတာ ကလည်း မိဘသဘောမတူရင် ဘာမှမလုပ်ဘူးလို့ ဆုံးဖြတ်ထားတဲ့သူ ဒီတော့ သူ့စိတ်ထဲမှာ ဒီလောက်တောင် မိသားစုလိုချစ်ခင်တဲ့သူတွေက သူ့ကိုမိသားစုထဲအဝင်မခံနိုင်တာ ဘာလို့လဲဆိုပြီး သူခံစားရတယ်။ အဲဒီ အတွက် သူ့ကိုပြောပြလိုက်တာပဲ၊ ဇဉ်တို့တရားပါတယ် အန်တီဖြစ်စေ ချင်သလိုဖြစ်ဖို့ ဇဉ်ရှေ့မတိုးပါဘူး၊ ဒါပေမယ့် အမှန်တရားကိုသိအောင် ဖွင့်ပြောတာဖြစ်တဲ့အတွက် ဇဉ့်ဖက်ကတရားပါတယ်"

"ဘာတရားတာလဲ နင်တို့တစ်မိသားစုလုံး အဆင်ပြေအောင် လည်း အစစအရာရာကူညီခဲ့ပြီးပြီ ဒါတောင်မှ ငါ့သားလေးကိုပါ နင်တို့ လိုဘဝထဲထည့်ပေးလိုက်ရဦးမယ်ဆိုရင်ရော နင်တို့ တရားသလား"

"အဲဒီပေါင်းစည်းမှုကို စတင်ခဲ့သူက ဇဉ်မဟုတ်ဘူးဆိုတာ မမေ့ ပါနဲ့၊ အန်တီလည်းမိန်းမပါ စတင်ချဉ်းကပ်တတ်တဲ့မိန်းမတွေထဲမှာ အန်တီမပါသလို ဇဉ်လည်းမပါပါဘူး"

စကားက အပိတ်ပြောထားတော့ မတော်ရသေးသောယောက္ခ မလောင်းက ပြန်ပြောစရာစကားလည်းမရှိသဖြင့် ဆွေ့ဆွေ့ခုန်သွားရ





သည်။

"ခု နင်ပြောတဲ့စကားပဲ နင်တည်ပါစေ"

"အန်တီ့သား ကျွန်မကိုကားတင်မပြေးအောင်ပဲ ထိန်းသိမ်း ထားလိုက်ပါ"

တော်တော်ရိုင်းသွားမည့်စကားမှန်းသိသော်လည်း မရတော့။ ဇဉ် ပြောလိုက်မိပြီ။ ဒီလိုတွေဖြစ်ပြီးကြမှတော့ ဒီတစ်မိသားနှင့်တစ်မိ သားကလည်းပေါင်းစရာအကြောင်းမရှိနိုင်တော့။ သူလည်းသူ့သား အကြောင်းသိမှာပင်။ မေမေ သဘောမတူဘူးဆိုတုန်းကလည်း တစ်ချိန် လုံးခိုးပြေးဖို့ကို မိုင်ထောင်သောင်းချီဝေးသောအရပ်မှ ပြင်ဆင်နေတတ် သူလေ။ ခုတော့လည်း ကိုမင်းငြိမ်သက်သွားခဲ့ရပြီ။ ဇဉ့်ဘက်က ဘယ်လို မှရှေ့မတိုးနိုင်ပါ ဆိုတာသိသွားသည့်နောက်ပိုင်းမှာတော့ ကိုမင်းနှင့် အဆက်အသွယ်ပြတ်သွားခဲ့သည်။

ဖြစ်ပုံက အမှန်က ကိုကြီးနှင့် ကိုမင်းအတူပြန်လာကြတာ။ ထရန်စစ်လုပ်သောလေဆိပ်ကနေ ဇဉ့်ကိုဖုန်းဆက်သည်။ ဇဉ်က ပြန် လာတာကြိုဆိုသော်လည်း လက်ထပ်ဖို့ ရှေ့တိုးဖို့မဖြစ်နိုင်ဟုပြောခဲ့ သည်။ နောက် သူ သူ့အမေဆီဖုန်းဆက်သည်။ စကားတွေတော်တော် ကြာပြောသည်ဟုဆိုသည်။ ဘာတွေပြောသည်ဆိုတာကိုတော့ ကိုကြီးက ဒီနေ့ထိ သူမကြားခဲ့ဟုဆိုနေဆဲ။ နောက်တော့ ဒီဖက်ပြန်မည့်လေယာဉ် ပေါ်တက်မည့်အချိန်ကျ ကိုမင်းမရှိတော့။ သူ့ကျောပိုးအိတ်တစ်လုံးနှင့် သူ ပျောက်သွားတော့သည်။ သေတ္တာကြီးငယ်နှင့် သယ်လာသောအရာ မှန်သမျှကို ကိုကြီးက သူ့အမေထံပို့ပေးရသည်။

ထိုအချိန်မှာတော့ သူ့အမေ တက်မတတ်ဖြစ်သွားသဖြင့်

www.burmeseclassic.com



ကိုကြီးပင် ဆေးရုံပို့ပေးခဲ့ရသေးသည်။ မဖြစ်ခံနိုင်မလား။ သားက တစ်ယောက်တည်း။ နှစ်ပေါင်းများစွာလည်း ခွဲနေခဲ့ရသည်။ ပြီးတော့ ခုချိန်မှာက အရင်လိုမဟုတ်တော့။ အသက်အရွယ်အရ အလုပ်ကလည်း နည်းပါးလာကာ အနားမှာ သားကိုတောင့်တလာချိန်၊ ယောကျ်ားနှင့်က နဂိုတည်းက တစ်အိမ်တည်းနေသူစိမ်းတွေဖြစ်ခဲ့တာ သားတစ်သက်မက သူဆိုတော့ သူ့အထီးကျန်ဆန်မှုကို နားလည်ပေးလို့ရသည်။ သူကသာ အားလုံးကိုနားမလည်ပေးချင်ခဲ့တာ။

တကယ်တွေ့တော့ ချစ်ခြင်းတွေ နွေးထွေးမှုတွေ သံယောဇဉ်တွေ ဆိုတာက နီးကပ်နေမှ ဖြစ်တည်နိုင်သောအရာများမှမဟုတ်ပဲ။ ဝေးနေလည်း နွေးထွေးမှုပေးနိုင်သောနေရာတစ်မျိုး။ ပျောက်ကွယ်လျော့ပါးသွားခဲ့လျှင်သာ နီးနေလျက်သာ အေးစက်တင်းမာလာတတ်တာ။ ကားကိုအာရုံစိုက်မောင်းနေသော်လည်း စိတ်က တစ်ခြားရောက်သွားသည်မို့ ဖျတ်ကနဲငြိမ်သက်သွားသော ဇဉ်ကို နတ်သမီးက လှည့်ကြည့်သည်။

"မီး. . . စကားတစ်ခုခုမှားသွားလို့လား ဇဉ်"

"အာ. . . မမှားပါဘူး ဇဉ် နည်းနည်းအတွေးလွန်သွားတာ"

"မီးလည်း ဇဉ်တို့အကြောင်းကို သိသင့်သလောက်သိပါတယ်"

ဇဉ် ရယ်နေလိုက်သည်။ ဒီလိုရယ်နေဖို့ ကျင့်သားရအောင်ကျင့်ထားခဲ့ရသည့်အချိန်တွေကိုလည်း သတိမရချင်တော့။ အရာရာကိုဘာမှမဖြစ်လိုက်သလို မေ့ပျောက်ပစ်ဖို့ ဆိုတာမဖြစ်နိုင်သော်လည်း အာရုံတွေလွှဲထားလိုက်ဖို့ကတော့ ရာနှုန်းတော်တော်များများ ကြိုးစားအောင်မြင်ခဲ့ပြီပဲ။

"ဇဉ်"





"ပြော. . . မီး"

"ကိုလင်းက ဇဉ့်ကို တစ်ကယ်ချစ်ခဲ့တာများလားဟင်"

ကားက ရေဝေးအဝင်သို့ရောက်နေပြီ။ ထင်မှတ်မထားသော စကားမို့ ဇဉ် အံ့သြသွားသော်လည်း မီးကို အပြစ်မတင်ရက်ပါ။

"မဟုတ်တာ မီးရယ် ကိုမင်းအမေကြောင့် ကိုလင်းက ကိုမင်းရှေ့မတိုးအောင် လုပ်ခဲ့တာပဲရှိပါတယ်"

"ဒါဆို. . . မီးနဲ့မတွေ့ခင်မှာ တစ်ယောက်သော သူ့ဘဝမှာရှိခဲ့လိမ့်မယ်"

ဇဉ် မျက်မှောင်ကြုတ်သွားရသည်။ ဒါတော့ ဇဉ်လည်းအလှမ်းဝေးနေချိန်မို့ ဘာမှမသိလိုက်။ သက်သာရာရပါစေတော့ဆိုပြီး မဟုတ်ပါဘူး မီးရယ် ဟုလည်းမနှစ်သိမ့်ချင်။ နတ်သမီးဆိုတာကလည်း အမှန်တစ်ခုကို သိချင်တာကလွဲရင် ခံနိုင်ရည်ရှိသောသူမဟုတ်ပဲ။

"ဟိုမှာလူတောင် တော်တော်များနေပြီ ဆင်းလိုက်ရအောင် မီးနဲ့တစ်ရက်စကားပြောမယ်လေနော်"

သူတို့ဆင်းသွားတော့ ကိုမင်းအမေကိုတွေ့ရသည်။ ကိုမင်းအမေကလည်း ဇဉ့်ကို နှုတ်ဆက်သည်ဆိုယုံ ဇဉ်ကလည်း ခပ်နွမ်းနွမ်းပြုံးပြသည်ဆိုရုံ။ တစ်ခုခုမကတော့ မှားယွင်းထားခဲ့ပြီဆိုတာကို ဇဉ် မှန်းဆလို့ရသည်။ ကိုကြီးက ပန်းခြင်းတွေစီရာနေရာသို့ မီး ထွက်သွားသည်။ မီး သယ်ယူသွားသော ပန်းခြင်းသုံးခြင်း၏အဓိပ္ပာယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(င)

နာမည်ကြီးအနုပညာရှင်တို့၏ ဈာပနများထုံးစံအတိုင်း လူတွေကတိုးမပေါက်။ နတ်သမီးကတော့ အားလုံးကိုတည်တည်ငြိမ်ငြိမ်ကြည့်နေနိုင်ခဲ့တာ သတိပြုမိသည်။ အပြန်ကျတော့ နတ်သမီးကားနှင့်ပင် ဇဉ်ပြန်ခဲ့သည်။ ဆိုင်ကလိုက်လာသော ကောင်မလေးတွေကိုတော့ အငှားကားနှင့်ပဲပြန်ခိုင်းလိုက်သည်။

"မီး နေ့လည်စာ တစ်နေရာမှာစားရအောင်"

"အင်း. . . စားလေ စကားပြောလို့ရတာပေါ့"

"အင်း. . . ဇဉ် အဆင်ပြေမယ့်နေရာတစ်ခုခုပဲ သွားလိုက်မယ်နော်"

ခုချိန်မှာ အစာစားဖို့ စိတ်ဝင်စားမှာမဟုတ်သော မီးကို ဇဉ်ပဲ တစ်နေရာစဉ်းစားခေါ်သွားရတော့မည်။ တစ်ခုခုလည်း ဝင်အောင်ကျွေးရင်း စကားလည်းပြောရင်း။





"ခုမှ အသက်ရှုချောင်တော့တယ် ဇဉ်ရယ်"

"အင်းလေ အင်တာဗျူးသမားတွေကလည်း အလိုက်ကန်းဆိုးမသိ"

နတ်သမီးက ပြုံးသည်။

"ဒါ သူတို့အလုပ်လေ သူတို့ကတော့ သူတို့အတွက်ပဲကြည့်မှာပဲ သူတို့လိုချင်တာကို ရအောင်လုပ်မှာပဲ ဒီလိုပဲ မီးတို့မှာလည်း အခွင့်အရေးရှိတယ်ဆိုတာတော့ သူတို့ကမေ့နေကြတယ် မီးတစ်ခုမှ မဖြေခဲ့ဖူး အဲဒီအတွက် သူတို့ရေးကြီးခေါင်ကျယ်လုပ်ပြီး သတင်းလုပ်ရေးကြဦးမယ်"

"ဟုတ်ပါရဲ့နော်"

"လူတစ်ယောက်ရဲ့ ရှင်သန်နေထိုင်မှုကဘာလဲ ဇဉ်"

ဇဉ် ခေါင်းကိုအသာယမ်းမိသည်။ နတ်သမီးက ဆက်ပြော၏။

"သာမာန်ဘဝတစ်ခုနဲ့ မရှင်သန်ချင်တဲ့သူတွေက သာမာန်ထဲမှာမနေချင်တဲ့အတွက် တိုးတက်အောင်မြင်အောင် ကြိုးစားကြတယ် အောင်မြင်တဲ့သူလည်းအောင်မြင်တယ် မအောင်မြင်တဲ့သူလည်း မအောင်မြင်ဘူး အောင်မြင်ပြန်လာတော့လည်း အဲဒီအသီးအပွင့်ကို လိမ်မာပါးနပ်စွာစားသုံးရတဲ့သူက ရှားသားနော် ကိုလင်းလို လူတွေအများကြီး၊ မီးလိုမျိုး အရာရာကို စိတ်တိုင်းမကျတော့ပေမယ့် ဆက်လှမ်းနေရတဲ့လူတွေလည်းအများကြီးပဲ ရှိနေမှာပဲ၊ အဲလိုပဲ ဇဉ့်လို လူတွေလည်း ရှိနေမှာပဲ"

သူမ ဆိုလိုချင်သော ဇဉ့်လိုလူဆိုတာက ဘာလဲ။ သူမပဲသိပေမည်။ ဇဉ်တို့အောင်မြင်မှုက လူရှေ့ထွက်စရာသိပ်မလို။ ဒါကို ဆိုလိုတာ

www.burmeseclassic.com



လား။ ဒါမှမဟုတ် ကိုမင်းနှင့်ချစ်လျက်ဝေးနေရတာကိုဆိုလိုတာလား။

ဇဉ် နတ်သမီးကို လူနည်းနည်းရှင်းရမည့် နေရာကိုခေါ်ခဲ့လိုက်သည်။

House of Memories

နတ်သမီးတော့ဟုဆိုကာ ဝိုင်းအုံလာ မည့်သူမရှိ၊ အလင်းရောင်ဆုံးသွားတော့သနားပါတယ်ဟု စုစပ်မည့်သူလည်းမရှိသောနေရာလေ။ ဒါတောင် စားပွဲထိုးတစ်ယောက်က နတ်သမီးကို သေချာကြည့်ကာ သူတို့ချင်းပြောနေသေးသည်။ ဘာပဲပြောပြော ဘာမှလာမပြောတာကိုပဲ ကျေးဇူးတင်သေးသည်။

"ဇဉ်ပဲ ကြည့်မှာလိုက်နော် ဇဉ်စားတာလေး တစ်ရက်လောက်လိုက်စားချင်လို့"

နတ်သမီးက သူ့စိတ်လက်မပါမှုကို ဇဉ် သိသွားမှာစိုးသလိုနှင့်ပြောသည်။ ဇဉ်ကတော့ နားလည်ပါသည်။ နှစ်ယောက်စာ အတတ်နိုင်ဆုံးစဉ်းစားကာ မှာပေးလိုက်သည်။

"မီး နေလို့ရော ကောင်းရဲ့လား ပင်ပမ်းနေလား"

"မပင်ပမ်းပါဘူး နေလည်းကောင်းပါတယ်"

"ရက်လည်ကျတော့ရော သူတို့ဆီမှာလုပ်မှာလား ဇဉ့်ဆီမှာလုပ်မှာလား"

နတ်သမီးက သက်ပြင်းတစ်ချက်ကိုချလိုက်သည်။

"ဇဉ့်ကို မို့ အမှန်တိုင်းဝန်ခံရမယ်ဆိုရင် မီး ဘာမှမလုပ်ချင်ဘူး ငယ်ငယ်ကတည်းက စိတ်မပါတဲ့ကိစ္စဆို ဟန်ဆောင်ရယ်ပြဖို့တောင်မှမရယ်ဖြစ်တဲ့မိန်းမက ခုလူတွေကြားမှာလာရှင်သန်နေရတယ်၊ ဒါက





လည်းကိုယ်ရွေးချယ်ခဲ့တာကိုး ခုလိုအချိန် တကယ်ဆို မီး သူ့နောက်ဆုံးခရီးကိုလိုက်မပို့ချင်ဘူး မပို့ချင်ခဲ့ဘူး ရက်လည်ကျတော့ မီးကမလှူပ်ချင်ပေမယ့် သူ့အတွက် နောက်ဆုံးအနေနဲ့ ကုသိုလ်တစ်ခုခုလုပ်ပေးလိုက်ချင်လို့ လုပ်ဖြစ်လိမ့်မယ်၊ ဒါပေမယ့် ဘယ်သူမှမသိတဲ့နေရာမှာလုပ်မယ် ဘုန်းကြီးကျောင်းတစ်ခုမှာလေ"

နတ်သမီးကို ဇဉ် နားလည်လို့ရသည်။ တကယ်တော့ နတ်သမီးနှင့် ဇဉ်က ရွယ်တူတွေ။ ကျောင်းမတူသလို ဘဝတွေလည်းမတူခဲ့။ သို့သော် နတ်သမီးကို ကျောင်းပေါင်းစုံပွဲတချို့မှာ ဆုံဖူးသည်။ နတ်သမီးက ငယ်ငယ်ကတည်းက နာမည်နှင့်လိုက်အောင် လှပသူလေ။ အကြောင်းသိတွေဟု မပြောနိုင်သော်လည်း သိသင့်သလောက်တော့ သိထားကြားထားဖူးသူ။

"ဇဉ် နဲ့အတူလေနော် ဇဉ်နဲ့ မီး အတူလုပ်မယ်လေ ဇဉ်ကကူမယ်"

နတ်သမီးက လှပစွာရယ်သည်။ ဇဉ့် ပါးနှစ်ဖက်ကို လိမ်ဆွဲသလို ခပ်ဖွဖွဆွဲရင်း "ကူရမှာပေါ့ တကယ်ဆို မီးလည်း ကိုလင်းရဲ့ ညီမဖြစ်ခဲ့သင့်တာနော်"

သူမ ဘာကိုဆိုလိုသည်ဆိုတာ သိသလိုလိုနှင့်သေချာမသိပြန်။

"ကဲ ပြောပါဦး ကိုလင်းမှာ ရှိခဲ့တယ်ဆိုတဲ့ တခြားဇာတ်လမ်း"

ရယ်နေသော နတ်သမီးမျက်နှာလေး ချက်ခြင်းညှိုးလျသွားသည်။

"အဲဒါ မီး အစကတည်းက သိခဲ့တယ် ဟိုး သူနဲ့မချစ်ခင်ကတည်းက"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် မီးက ဘယ်လိုသိတာလဲ"

"သူကိုယ်တိုင်ပြောပြတာပဲ၊ သူ အရမ်းစွဲစွဲလမ်းလမ်းဖြစ်ခဲ့တယ်တဲ့။ ဒီကနေ့ လူတွေက နတ်သမီးလို့နာမည်ပေးထားတဲ့ သီချင်း ၁၊ ၂၊ ၃ တွေကို မီးကိုရေးထားတာလို့ထင်နေကြချိန်မှာ အဲဒါဟာ မီးကိုရေးထားတာမဟုတ်ဘူးလို့ သိတဲ့လူ ကမ္ဘာပေါ်မှာ သုံးယောက်ရှိနေတယ်၊ အဲဒါ ကာရက်ရှင် ကိုလင်းရယ် မီးရယ် ကိုလင်းရေးတဲ့တစ်ယောက်ရယ်. . ."

"အဲဒါ ဘယ်သူလဲ မီး"

"အရင်က သီချင်းရေးတယ်တဲ့၊ တစ်ပုဒ်နှစ်ပုဒ်၊ သူတောင်မှ တစ်ပုဒ်လားဆိုထားသေးတယ်လေ ခုတော့ သီချင်းမရေးတော့ပါဘူး စီးပွားရေးလုပ်နေတယ်"

"ဟုတ်လား နာမည်က ဘာတဲ့လဲ"

"မိုး. . . တဲ့"

"အော်. . . သူနဲ့က ကြိုက်ပြီးမှကွဲသွားတာလား၊ ဟိုက ပြန်မကြိုက်တာလား"

"အင်း သူပြောတာကတော့ ဟိုကကြိုက်ချင်တယ် ပြန် မကြိုက်တာတဲ့ နောက်သူကြိုက်တဲ့အချိန်မှာ ဟိုတစ်ယောက်မှာက လက်ရှိရည်းစားကြီးနဲ့ ပြီးတော့ အဲဒီအသိုင်းအဝိုင်းနားမှာတော့ အဲဒီကောင်မလေးက နာမည်ကြီးတဲ့ ရည်းစားများတယ် ဟောတစ်ယောက် ဟောတစ်ယောက်ပဲတဲ့"

"အော် ဖြစ်ရတယ် ကိုလင်းက ဒီလောက်ဇီဇာကြောင်တာ"

ဇော်စကားကြောင့် မီးကပြုံးသည်။





"အင်းလေ အဲလိုအတွေးတွေနဲ့ သူဆက်မကြိုးစားတော့ချိန်မှာ ဟိုကလက်ရှိလူကိုဖြတ်ပြီးသူ့ဆီကိုလာသေးတယ်၊ ဒါပေမယ့် သူက မီးနဲ့တွေ့နေပြီ အမှန်က သူ့ဦးနှောက်နဲ့စံတွေကိုမကြည့်ပဲ သူ့နှလုံးသားပဲ သူမေးကြည့်ခဲ့ဖို့ကောင်းတာခုတော့"

မီးမီးက သူ့စကားကိုဆက်ရန်ပင်ပမ်းနေသလိုနှင့် ရောက်လာသော အသီးဖျော်ရည်ကိုလှမ်းယူသောက်လိုက်သည်။ ကိုလင်းသည် အရာရာကိုခံစားချက်နှင့်လုပ်တတ်သူဖြစ်ပါလျက် မိမိအိမ်ထောင်ဖက်ကိုရွေးသောအခါမှ ဘာလို့ဦးနှောက်နှင့်စဉ်းစားခဲ့သည်တဲ့လဲ။ သိပ်တော့ အဆီအငေါ်မတည့်ချင်သလိုခံစားရသည်။ သို့သော်လည်း ပြန်တွေးလိုက်ပြန်တော့ ကိုလင်းဆိုတာက သူတကာအပြောအဆိုကလွတ်ချင်ပြီး အရာရာကို အကောင်းဆုံးလိုချင်တတ်သူ။ နတ်သမီးလို မိန်းကလေးနှင့် မိုးဆိုသော ကောင်မလေးအကြား လော်လောဆယ်ပင် တွေ့စ်ခုခြားနားနေခဲ့ပြီ။ နတ်သမီးက မင်းသမီး မော်ဒယ်သာလုပ်နေသည်၊ နာမည်ပျက်မထွက်သူ။ နောက်ခံ အင်အားတောင့်တင်းကာ အရာရာလည်း ထူးချွန်သူ။ နတ်သမီးဘဝ၏ အမည်ပျက်သည် ကိုလင်းနှင့်ကျမှ စတင်ခဲ့သည်ဟုပင် ပြောရ၍ရသည်။

"အဲဒီ မိုး ဆိုတဲ့တစ်ယောက်ရော ဘာသတင်းရသေးလဲ သူက ဘယ်ကလဲ"

အမှန်တော့ ဇော် သိချင်တာကတခြားပါ။ သို့သော် မေးလိုက်တော့ မေးခွန်းကတလွဲ။

"ခု စီးပွားရေးလုပ်နေတယ် အိမ်ထောင်လည်းကျသွားပြီ သူ့အမျိုးသားက ရန်ကုန်တက္ကသိုလ်က ဆရာတစ်ယောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အော်. . ."

"သူတို့ အဆက်အသွယ်ရှိကြတယ် ဇဉ်"

ထိုစကားကိုတော့ နတ်သမီးက စိတ်လှုပ်ရှားသံအနည်းငယ် စွက်ကာပြောသည်။ သူမကိုယ်သူမလည်း သတိထားမိသွားပုံရသည်။ ချက်ချင်းကိုယ်ကိုပြန်မက်ကာ မျက်နှာပါတင်းပစ်လိုက်သည်။

"ပထမတော့ ဖုန်းဆက်လို့ မီးကိုင်တာဆိုရင် သူက ချချသွားတယ်၊ ဒါပေမယ့် အိမ်ဖုန်းကို အိုင်ဒီတပ်ပစ်လိုက်တော့ ဘယ်ကဆက်တယ်ဆိုတာ ချက်ချင်းသိရတာပဲ"

"အဲဒီတော့. . ."

"အဲဒီတော့လည်း သူမငြင်းဘူး၊ ရိုးရိုးသားသား ဆက်သွယ်တယ်လို့ပြောတယ်. . ."

"ရိုးသားတဲ့သူက ဘာလို့ မီးဖုန်းကိုင်ရင် ချပစ်ရတာလဲ၊ အနည်းဆုံး ကိုလင်းရှိလားတော့ သူမေးပြီး ခွင့်တောင်းသင့်တာပေါ့"

နတ်သမီးက နှုတ်ခမ်းလှလှလေးကို မဲ့ပစ်လိုက်သည်။

"သူတို့စိတ်ထဲ မီးက ခွင့်တောင်းသင့်တဲ့သူမှမဟုတ်တာ ဇဉ်ရယ်၊ ကိုလင်းကိုက မီးက သူ့ကို ဖုန်းနံပါတ်နဲ့စောင့်ဖမ်းတာ မရိုးသားတာလို့စွပ်စွဲတယ်. . . အမှန်မရိုးသားတာက သူတို့ ဇဉ်ပဲ စဉ်းစားကြည့်လေ. . . မီးက သူတို့ကို ပြောရမှာကို သူတို့က မီးကို အိုင်ဒီတပ်ပြီး သိအောင်လုပ်လို့ မရိုးသားဘူးလို့စွပ်စွဲတာ. . ."

ဒါတော့ ယုံသည်။ ကိုလင်းလုပ်နေကျအလုပ်။ ကိုလင်းက သူ တစ်ခုခုအပြစ်လုပ်ထားပြီး ထိန်ချန်ထားသည်ကို တစ်ယောက်ယောက်က ဖော်မိလျှင်ပင် ထိုသူက သူ့ကို တစ်ခုခုနစ်နာစေချင်၍ မရအရ





လိုက်လံစုံစမ်းကာ မတရားလုပ်သည်ဟု ပြောချင်တတ်သူ။

"နောက်ပိုင်းကျတော့. . ."

နတ်သမီး စကားစကို ရပ်ပစ်လိုက်သည်။ ခေါင်းကိုခါသည်။

"ဒါ မီး မပြောချင်ဆုံးအပိုင်းတွေပဲ၊ ကိုလင်းကို မီး တကယ်ချစ်ခဲ့ဖူးတယ်၊ အဲဒီအချိန်တွေမှာ မီးရှုံးမလောက် နာကျင်နေခဲ့ရတယ်ဆိုတာ ခုထိ မီးကိုယ်မီး ပြန်မမြင်ရဲတဲ့အထိပဲ. . . ကိုလင်း မူးယစ်ဆေးဝါးတွေ သုံးလာတယ်၊ အပင်တွေလိမ်ကုန်တယ်၊ အကြောင်းပြချက်ကသိပ်စိတ်ညစ်တယ်တဲ့"

"သူ့မှာ ဘာစိတ်ညစ်စရာရှိလို့လဲ. . ."

"လူတွေက အဲလိုပဲ ထင်သလို မီးလည်းအဲလိုပဲထင်တယ်. . . အောင်မြင်နေတယ်ကွာ၊ ထိပ်ဆုံးမှာ ငွေကြေး ဂုဏ် အောင်မြင်မှု ချစ်တဲ့သူတစ်ယောက်နဲ့လည်း ချစ်တဲ့သူလို့ အများထင်တဲ့သူတစ်ယောက်ဆို ပိုမှန်မယ်ထင်တယ်နော်၊ လက်ထပ်ထားတယ် သူ့မှာ ဘာစိတ်ညစ်စရာရှိလဲ သူ့မိသားစုတွေ တင့်တောင့်တင့်တယ်ဖြစ်လာတယ်၊ ဒါပေမယ့် ဒါဟာမဟုတ်ဘူးဆိုရင် တစ်ခုပဲရှိတော့တယ်"

"အဲဒါ. . ."

"ဟုတ်တယ်. . . ဇဉ် အဲဒါမီးပဲ၊ သူ့ ဒီဘဝ မီးနဲ့ဆောက်တည်ထားတဲ့ဘဝကို သူ မနှစ်လိုတော့ဘူး၊ ဒါပေမယ့်လည်း မိုးနဲ့ကျတော့လည်း သူ ဘဝတစ်ခုပြန်ဆောက်ရဲလား မဆောက်ရဲပါဘူး၊ ကိုလင်းဟာ သူ့ဟာသူအပြစ်မရှိအောင်နေတတ်တဲ့သူပဲ၊ မိုးဆိုတဲ့မိန်းမတစ်ယောက်အတွက်ကျပြန်တော့လည်း ဘာကမှ ကိုလင်းလောက် မလေးနက်ဘူးဆိုပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကိုလင်းဝန်ခံခဲ့တာလား. . ."

အမှန်တော့ မထင်ပါ။ ကိုလင်းလို့လူတစ်ယောက်က ဘာမှ ဝန်ခံစရာအကြောင်းမရှိ။ ငယ်စဉ်ကတည်းက အတူနေလာခဲ့တာမို့ သိသင့်သလောက်တော့သိသည်။

"ဟင့်အင်း. . . ဒါပေမယ့် မီးခံစားလို့ရလာတယ်၊ နောက်ပိုင်း သိသာတယ်၊ မီးကိုတွေ့တာနဲ့ ရန်လုပ်နေတတ်ပြီး မီးမရှိရင်တော့ ဖုန်း တစ်လုံးနဲ့ တစ်ချိန်လုံး စကားပြောနေတတ်တယ်ဆိုတာ ပြန်ကြားနေ သိနေရတာပဲ. . ."

ဒီလိုကျတော့လည်း ဘယ်လိုမိန်းမက ပျော်ရွှင်စွာခွင့်လွှတ်ထား နိုင်မည်တဲ့လဲ။ ဒါကိုဇဉ် တွေးမိလို့ရသည်။ ကိုလင်း တကယ်ပဲ သူ့ကိုသူ ရှာဖွေတွေ့ရှိသွားတာလား ဆိုဒါတွေကိုသာ စောစောက ဇဉ်ကြိုသိခဲ့ လျှင် မေးကြည့်လိုက်ချင်သည်။ ကိုယ့်ကိုယ်ကို ကာကွယ်တတ်သော ကိုလင်းက ဒါတွေကိုဝန်ခံပါ့မလားမသိ။

"နောက်ဆုံး မီးသိလိုက်တာကတော့ သူတို့ပွဲတစ်ခုကို မီးကိုယ် တိုင်လည်း လာမယ်ဆိုတာသိရက်နဲ့ အတူတူတွဲတက်ခဲ့တဲ့နေ့ပဲ"

ကိုလင်းသည် သာမာန်အားဖြင့်တော့ ဒီလိုလုပ်လိမ့်မည်ဟု မထင်ရသူ။ ကိုယ့်ကိုယ်ကို safe side ယူတတ်သူမို့ ဒီလိုမျိုးလုပ်ရပ်တ ထင်ထားချင်စရာမရှိ။ သို့သော် ကိုလင်းသည် လူတော်ဖြစ်သည်။ ခိုင်လုံ သောအကြောင်းတစ်ခုမရှိပဲ သူ ဒီလိုလုပ်ရဲမှာမဟုတ်။

"သူနဲ့ မီးနဲ့က အရင်ကတော့တတွဲတွဲသွားတတ်လာတတ်တော့ လူတွေက ဖိတ်စာဖိတ်ရင်တူတူဖိတ်တာများတယ်၊ ဒီတစ်ခါကျတော့ မီး ပထမဆုံးဖိတ်စာရတယ် ပွဲပိုင်ရှင်ကဖိတ်တာ သူတို့က မီးအမေရဲ့





မိတ်ဆွေတွေလေ သူ့နာမည်မပါဘူး မပါရခြင်းအကြောင်းအရင်းက လည်း သူတို့က မီး အိမ်ကိုအဓိကထားဖိတ်တာမို့ နတ်သမီး မိသားစု လို့ပဲရေးထားတယ်။ အဲဒါကို သူက ဒေါကန်တာ ပြဿနာတက်ပြီး စကားများလိုက်ကြသေးတယ်"

"ဟင် ဘာများစရာရှိလို့လဲ မီးရဲ့"

ဇဉ် အံ့သြစွာမေးမိသည်။ အမှန်ဆို နတ်သမီး ပရောဂ လုံးဝ မပါသော ဖိတ်စာအတွက် နတ်သမီးနှင့် စကားများရန် လိုကိုမလိုဟု ဇဉ်က တွက်လိုက်သည်။

"သူ့ဆိုလိုရင်းကတော့ ဇဉ်ရယ် မီးက ကိုယ့်နာမည်ကိုယ် ထူထောင်တာ သူ့ကိုအရာမသွင်းတာ သူ့လက်အောက်မှာမနေချင်တာ စသဖြင့်တွေပေါ့"

တကယ်ဆို သူတို့နှစ်ဦးသည် တစ်နေရာစီမှာသီးသန့် အောင် မြင်ပြီးမှ တွေ့ခဲ့သူများ။ ဘယ်သူ့ဘယ်သူမှ ပံ့ပိုးကူညီခဲ့ဖူးကြ လက်တွဲ ကြိုးစားခဲ့ကြဖူးတာမပါ။ နတ်သမီးဆိုတာ သူပြုစုပျိုးထောင် စင်ပေါ် တင်ပေးခဲ့သော ပန်းတစ်ပွင့်မဟုတ်၊ ကိုလင်းကလည်း နတ်သမီး ဘတ် ဂရောင်းကပင့်တင်ပေးမှုကြောင့် တက်လာခဲ့သူမဟုတ်။ တစ်ယောက် ကိုတစ်ယောက် ချစ်သည်ဟု ယူဆကာလက်တွဲခဲ့ကြသူများက ခုကျကာမှ ဘာမဟုတ်တာလေးနှင့်. . . ။ ဇဉ် လူတွေကိုနားမလည်နိုင်တော့။ ကိုယ်နှင့် အတူလက်တွဲနေထိုင်ခဲ့ဖူးသော ရန်းကန်ခဲ့ဖူးသော ကိုလင်း ကိုပင်နားမလည်နိုင်တာ ကျန်သူများဆိုလျှင်တော့ဝေးရော။

တကယ်ဆို နတ်သမီးနှင့် ဇဉ်က တော်ကြကြေးဆို သမီး ယောက်မ အဆင့်သာရှိမည်။ ညီနှင့် နတ်သမီးလိုပေါ့။ သို့သော် ဇဉ်က



www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးကိုနားလည်နိုင်သလို ညြိုကတော့ နားလည်ပေးချင်မှ နားလည်ပေးနိုင်လိမ့်မည်။ သူတို့က မောင်နှမအရင်းကိုး။ ဒီလိုပဲ. . . ဟု ဆက်စပ်တွေးနိုင်လျှင်တော့ ကိုမင်းနှင့်သူ လက်တွဲလျှင်လည်း တစ်ခုခုဖြစ်ခဲ့လျှင် ကိုကြီးက ကိုမင်းကို အရင်တချိန်က သူငယ်ချင်းတစ်ယောက်ကို နားလည်ပေးသလိုတော့ နားလည်ပေးနိုင်တော့မည်မထင်။ ဒါကြောင့်များ ကိုကြီး နှုတ်ပိတ် တိတ်ဆိတ်နေခဲ့လေသည်လား။

"အဓိပ္ပာယ်မရှိတာတွေ ဇဉ်ရယ်. . ."

"သူ့အတွက်ကတော့ အဓိပ္ပာယ်ရှိတယ်. . . ဇဉ်၊ သူက လူတိုင်းကို နတ်သမီးဆိုတာ သူ့သီချင်း ဗီစီဒီတွေရိုက်တော့မှ ပိုနာမည်ထွက်လာရတာလို့ ကြွေးကြော်ပြောဆိုထားခဲ့သူလေ၊ မီးလည်း အဲဒါကို မဟုတ်ဘူးလို့ လူကြားမှာမငြင်းခဲ့သလို နှစ်ယောက်တည်းလည်း မငြင်းခဲ့ပါဘူး။ သူ စိတ်ချမ်းသာသလို တွေးမြင်စေချင်မိတာကိုး. . ."

ဒါဟာ လွဲမှားမှုတစ်ခုဟုတော့ ဇဉ်က နတ်သမီးကို အပြစ်မတင်ရက်ပါ။ အချစ်ဆိုသော ဘာမှန်းမသိသည့် ခံစားမှုသည် ချစ်နေစဉ်မှာတော့ အရာအားလုံးကိုလက်ခံလို့ရသည်။ အချစ်ဆိုသောခံစားမှုမရှိတော့သည်နှင့် တစ်ပြိုင်နက် အရာခပ်သိမ်းသည် ပျောက်ကွယ်မှုန်ဝါးသွားကုန်တော့သည်လား။

"ကဲ ဆက်ပါဦး မီး အဲဒီမှာ ဘာဖြစ်ကြလဲ"

"တွဲလာတယ်လို့ထင်အောင် သူလုပ်တတ်ပါတယ်။ မီးက ဒီဖက်က လုပ်ငန်းရှင်က မေမေ့သူငယ်ချင်းဆိုတော့ မီးကူညီနေရတာနဲ့ မအားဘူးဆိုတာမျိုးဖြစ်အောင် အကွက်ချသွားပေမယ့် သိနေတာက မီးတစ်ယောက်ထဲ"





ဇဉ် ခပ်တိုးတိုးညည်းမိသည်။ ဒါပေါ့ အချင်းချင်းပဲသိမည်ပေါ့ တစ်ခါတစ်လေတော့လည်း ကျန်လူများက အပရိကကျော်လွှားသွားသော အဖြစ်အပျက်များသည် ကာယကံရှင်များအတွက်သာ ခံစားရနိုင်သောအဖြစ်များ ဖြစ်နေတတ်သည်။ တစ်ခါတစ်ခါကိုယ်က ဘာမှမဟုတ်ဘူးထင်တတ်တာမျိုးကိုတော့ ပတ်ဝန်းကျင်က ပုံကြီးချဲ့လျှင်ချဲ့တတ်တာမျိုး။

"မီးတို့ အကြီးအကျယ်ပြဿနာတတ်ကြတာလား"

"ဟုတ်တယ် ဒါပေမယ့် စစ်အေးတိုက်ပွဲလိုမျိုး သူက ဝန်မခံခဲ့ဘူး။ လုပ်ချင်တာကိုလုပ်တယ်၊ သူ ဒီလောက် အောင်မြင်ပြီး မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာ ဒီလောက်မပွေမရှုပ်ပဲနေပေးတာကို ကျေးဇူးတင်တဲ့၊ ဒီတစ်ယောက်ကျတော့ရောဆိုတော့ မိတ်ဆွေအရင်းတဲ့"

မိတ်ဆွေဆိုသော ဝေါဟာရကို ခုတုံးလုပ်ပုံကတော့ သိပ်မကောင်း။ ဟုတ်လည်းဟုတ်နေနိုင်သော်လည်း ဒီတစ်ယောက်နှင့်က အတိတ်ဇာတ်လမ်းရှိထားသူ။ သူတို့ တကယ့်တကယ်လည်း မီး ထင်သလို မဟုတ်ပဲ တကယ့်မိတ်ဆွေရင်းချာတွေလို ဖြစ်နေနိုင်ပါသည်။ သို့သော် မီး ရင်ထဲမှာတော့ ဘယ်လိုမှ အဲလိုမြင်နိုင်မှာ မဟုတ်တာလည်း ဇဉ်တွေးမိသည်။ မီး မမြင်နိုင်အောင်လည်း အဖြစ်တွေက ဖြစ်ခဲ့သည်ကိုး။ အမှန်ဆို မီးနှင့်ပါ အသိပေးတွေ့ဆုံသင့်သည်ပဲ။

"နောက်ပိုင်းတော့ သူတို့မိသားစုနဲ့ပါ အဲဒီတစ်ယောက်နဲ့ အဆင်ပြေသွားတယ်ကြားတာပဲ ကျန်တဲ့ဟာတွေတော့ မီး မသိတော့အောင်နေတယ်၊ သိလည်းမသိချင်တော့လို့"

ညိုကပါ မီးကို ကျော်ပြီး မိုးကို လက်ခံလိုက်သည်ဆိုတာကြီးက



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သင့်။ ညှိနှင့်လည်း မတွေ့တာ နှစ်တွေတောင်တော်တော်ကြာခဲ့ပြီ။ သူ့အစ်ကို အောင်မြင်ကတည်းက သူလည်း နိုင်ငံခြားပညာတော်သင် သွားဖို့လုံးပမ်းခဲ့တာတော့သိသည်။ သွားဖြစ်လား မသွားဖြစ်လားမသိ။ ဒီနေ့တွေ့ခဲ့တော့လည်း သိပ်မှစကားမပြောဖြစ်ခဲ့ပဲ။

နတ်သမီးကိုဖေးမကာ ရောက်လာသော ဇော်ကို ခပ်နွမ်းနွမ်း တစ်ချက်လှမ်းကြည့် အသိအမှတ်ပြုရုံသာ. . .။ ညှိနှင့်တော့ ဇော် စကား ပြောချင်သေးသည်။ ရက်လည်။ ကိုလင်း ရက်လည်ပေါ့. . .။ ဒီဖက်မှာ လည်း မီးနှင့်အတူတူ တစ်ခုခုလုပ်ပေးချင်သည်။ ကိုမင်းကလည်း တစ် ခုခုလုပ်ခိုင်းမှာပင်။ ဟိုကိုလည်း မသွားလို့ကမဖြစ် သွားကိုသွားရဦး မည်။ ထိုနေ့က မီးကိုအိမ်ပြန်ပို့ပြီး အငှားကားနှင့် ပြန်လာခဲ့သော်လည်း ဆိုင်ကိုမရောက်ဖြစ်တော့။ လမ်းမှာတင် ကိုမင်းထံမှ ဖုန်းဝင်လာခဲ့သော ကြောင့်ဖြစ်သည်။





(၈)

ဒီနေ့နဲ့ပါဆို ကိုမင်း ဖုန်းရက်ဆက်ခေါ်နေတာ သုံးရက်ရှိသွား ပြီ။ ကိုလင်း သင်္ဂြိုလ်သည့်နေ့ကတည်းကခေါ်တာ။ တစ်ခါတစ်လေ မနက်ပြန်ညပြန်ပင် ခေါ်လိုက်သေးသည်။ မေမေတော့ မသိသေး။ ဒီတစ်ခါတော့ သမီးလိမ်မာ ဇော်လည်း မေ့ကိုမပြောဖြစ်။

ကိုမင်းအသံကို ကြားချင်နေမိတာကို ဘယ်လိုမှမတတ်နိုင်။ အနည်းဆုံး သူ့အသံလေးက တိတ်ဆိတ်အေးခဲအောင် ဘောင်တစ်ခုထဲ ကိုယ့်ကိုယ်ကို ပစ်ထည့်ခဲ့သော ဇော့်ကို နွေးထွေးလာစေသည်။ လောက သည် ကိုယ့်ကိုချစ်သော အလေးထားသောသူတစ်ယောက်ရှိနေသေး သည်ဟူသော အသိနှင့်ပင် နေထိုင်ရှင်သန်ချစ်စရာပိုကောင်းလာသည်။ ကိုမင်းလည်း ထို့အတူ ခံစားရမှာပင်။

"ပထမဆုံးပြောချင်တာက လေင်း ရက်လည်မှာ သက်နိုး သက်စေ့လှူဒါန်းဖို့"

ဇော် အသာလေးငြိမ်ကာ နားထောင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဘာသာကို သပ်သပ် တစ်နေရာမှာသွားလျှပါ။ သူ့အိမ်က လုပ်တဲ့ ရက်လည်ထဲ သွားရောမထည့်လိုက်နဲ့ သိလားဇဉ်"

"ဟုတ် မီး ဆီရော ပေါင်းထည့်လို့ရလား၊ မီးက ဘုန်းကြီး ကျောင်းတစ်ခုမှာ တိတ်တိတ်ကလေးလုပ်မှာ"

"ကောင်းတာပေါ့"

"အင်း. . . နောက်တစ်ခုက"

"နောက်တစ်ခုက သစ္စာ"

"ကိုကြီး ရန်ကုန်မှာရှိသေးတယ်"

"အင်း. . . သိတယ်မနေ့ကပဲ သူ့ဆီဖုန်းဆက်လိုက်သေးတယ်"

"အယ်. . . ဟုတ်လား မနက်ကလာတယ် ဘာမှလည်းမပြော ဘူး မေမေရှိလို့လား မသိဘူး"

"အဟား. . . ဟုတ်မှာပေါ့ သူ စဉ်းစားနေတာလည်းဖြစ်နိုင် တယ်"

"ဘာလဲ ဘာကိုစဉ်းစားနေတာလဲ"

"ကိုယ် စဉ်းစားခိုင်းထားတာလေ"

"ဟုတ်လား ဘာတွေစဉ်းစားခိုင်းထားတာလဲ"

"ပြောမှာ မပူနဲ့ အဲဒါက ဒုတိယအချက်ဆိုပေမယ့် ပထမ အချက်ထက် အရေးကြီးတယ်"

အရေးကြီးတယ် ဆိုတော့ ဇဉ်ပင် နည်းနည်းစိတ်ဝင်စားသွား ရသည်။ ကိုမင်း ပြန်လာတော့မှာလားဟုလည်း တွေးလိုက်မိသည်။

"အင်း. . . ပြောလေ. . . ဘာလဲ"

"သေချာနားထောင်နော်"





ဒီလောက်နိဒါန်းတွေချီနေမှတော့ သိပ်မဟုတ်တော့. . .။ ဇဉ် ပြုံးလိုက်မိသလား မဆိုနိုင်။ ထိုအပြုံးက ဘာကိုဖော်ဆောင်သောအပြုံး လည်း ဆိုတာတော့ ဇဉ့်ကိုယ်ဇဉ်လည်း မသိ။

"အင်း. . . နားထောင်နေပါတယ်"

"ဘဝမှာလူတွေက ကိုယ်မလုပ်ခဲ့တဲ့အရာအတွက်ပဲ နောင်တ ရတတ်တာတဲ့၊ အဲဒါ ဇဉ်ကြားဖူးတယ် မဟုတ်လား"

"အင်းလေ ကြားဖူးတယ်"

"မလုပ်လိုက်မိတဲ့အရာဟာ ကိုယ့်အတွက် သိပ်အရေးမပါ တန်ဖိုးသိပ်မကြီးတဲ့အရာဆို ကိစ္စမရှိဘူးပေါ့။ ဥပမာ ငယ်ငယ်က သိပ်ပြီး ဂစ်တာတီးချင်ခဲ့တယ်။ အခွင့်မရခဲ့ဘူး အဲဒီအတွက် ခုချိန်မှနောင်တရ လည်း အဲဒီနောင်တက သိပ်မပြင်းဘူး။ ဘဝနဲ့ယှဉ်ရင် ဘာမှမဟုတ်ဘူး။ ဘာလို့ဆို ကိုယ်က ဂစ်တာသမားဖြစ်ဖို့ မွေးဖွားလာခဲ့တာမဟုတ်လို့ပဲ"

ကိုမင်းက ကလေးတစ်ယောက်ကို ရှင်းသလို စိတ်ရှည် လက်ရှည် ဥပမာများနှင့် ရှင်းနေသည်။

"ဇဉ်ဆို ဖက်ရှင်ဒီဇိုင်နာဖြစ်ဖို့ မွေးဖွားလာတာလို့ ပြောလို့ ရတယ်။ ဇဉ့်လို လူတစ်ယောက်ကို ဒီဇိုင်နာ ကျောင်းပေးမတက်ခဲ့ဘူး တက်ခွင့်မရခဲ့ဘူးဆိုရင် ဇဉ် နောင်တတွေရနေမှာပဲ"

"ဒါပေါ့. . ."

"အဲဒီလိုပါပဲ ဇဉ် ကိုယ်ချစ်တဲ့သူတစ်ယောက်နဲ့ မပေါင်းဖက် လိုက်ရဘူးဆိုရင်လည်း အဲဒီနောင်တဟာ သေရာပါသွားလိမ့်မယ် အခြားအခြားသောနောင်တတွေထက်လည်း ပိုပြင်းထန်လိမ့်မယ်၊ တခုခု အစားထိုးဖို့ မလွယ်ဘူးလား။ လွယ်ပါတယ် လူတွေက ကိုယ်ဆိုလူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က အသည်းအသန်ဂရုစိုက်ပြ ချစ်ပြရင် များသောအားဖြင့် နွေးထွေးသွားရာကနေ ယိမ်းယိုင်သွားတတ်ကြတာပါပဲ၊ ဒါပေမယ့် ဒါဟာ စစ်မှန်မှုမဟုတ်ဘူးဆိုတာ သိလိုက်ရတဲ့အချိန်ကျရင် ရလာမယ့် နောင်တက ခုနက ချစ်သူနဲ့မပေါင်းလိုက်ရတဲ့ နောင်တထက်ဆိုးတယ်"

"ရှင်. . ."

ရုတ်တရက်ကြီး ကိုလင်းနှင့် နတ်သမီးတို့ကို ပြေးမြင်မိကာ လူက လွတ်ကနဲပင်အသံထွက်သွားရတော့သည်။ ကိုမင်းပင် အထိတ်အလန့်နှင့်. . .။

"ဘာ ဘာဖြစ်သွားတာလဲ ဇဉ် ကိုယ် စိုးရိမ်လိုက်တာ"

ကိုမင်းစိုးရိမ်တာက တခြား။ ထိုစိုးရိမ်မှုမျိုးက ဒီလူနှစ်ယောက်မှာဖြစ်ခွင့်မပါခဲ့သေးဟု ဇဉ် တွေးမိကာ ကျေနပ်စွာပြုံးလိုက်မိသည်။ ကိုမင်းကိုတော့ ကိုလင်းနှင့် နတ်သမီးတို့အကြောင်းကို ပြောပြလိုက်သည် မိုး အကြောင်းရောပေါ့။

"အဲဒီ မိုးကို ကိုယ်သိတယ်"

"ရှင်. . . ကိုမင်းက အစေးကနေ ဘယ်လိုသိတာလဲ"

"အဲဒီတစ်ယောက် ဂီတနဲ့ပတ်သက်တဲ့ ဘွဲ့တစ်ခုယူဖို့အတွက် ကျောင်းစုံစမ်းခိုင်းတာ၊ ကြာပါပြီ၊ စုံစမ်းပေးလိုက်ပါတယ် ဒါပေမယ့် ကျောင်းစရိတ် လာစရိတ်ကို သူတို့မတတ်နိုင်ဘူး၊ လေင်းက အဲဒီအချိန်က မအောင်မြင်သေးဘူးလေ ကောင်မလေးကလည်း လေင်းတို့လိုပဲ မတတ်နိုင်သူ၊ ရည်မှန်းချက်တော့ကြီးပုံရတယ်၊ အဲဒီကတည်းက သူ ဒီကောင်မလေးအပေါ် ဘယ်လိုစိတ်သဘောရှိတယ်ဆိုတာ ကိုယ်မှန်းနိုင်ခဲ့တာပဲ၊ ဒါကြောင့်လည်း ဇဉ်ကို သူများ ကြိုက်နေလားဆိုတဲ့အတွေးကို





အဲဒီကတည်းက အပြီးတိုင်ဖျောက်ဖျက်ပစ်လိုက်နိုင်တာ"

ဇဉ် ငြိမ်နေမိတော့ ကိုမင်းကပဲဆက်ပြောသည်။

"သူ နတ်သမီးကို ဦးနှောက်နဲ့ရွေးချယ်ပစ်လိုက်တယ်၊ နတ်သမီးဆိုတာက အဖက်ဖက်က ပြည့်စုံတယ်။ အောင်မြင်အောင်လည်းလုပ်နေတဲ့သူ။ နေနဲ့လ ရွှေနဲ့မြလို့ လူတွေက ထင်မယ့်အချင်းနဲ့ရော အဆင်းနဲ့ရော ပြည့်စုံသူ။ နောက် နတ်သမီးအဖေက စီးပွားရေးလုပ်ငန်းရှင်သူတစ်ခုခု ဖြစ်ခဲ့သည့်တိုင် ဘတ်ဂရောင်းရှိတယ်လို့ သူတွေးမယ်"

"ကိုမင်းက ဘယ်လိုသိနေတာလဲ"

"ငယ်ငယ်ကတည်းကပေါင်းလာတာလေ ဇဉ်ရဲ့၊ ကိုယ်ရော လေင်းရောက သစ္စာနဲ့ပိုတွဲကြတာများတယ်ဆိုပေမယ့် သစ္စာကိုအလယ်မှာထားပြီး ကိုယ်တို့လည်း တစ်ယောက်အကြောင်းတစ်ယောက်တော့ နားလည်ကြ သိခဲ့ကြတဲ့ သူငယ်ချင်းတွေဖြစ်ခဲ့တယ်"

ဒါလည်းဟုတ်သည်ပဲ။

"ဒါပေမယ့် တကယ့်တကယ်ကျတော့ သူဟာ ချစ်တယ်လို့ထင်ခဲ့မိတဲ့၊ မချစ်မနှစ်သက်သူတစ်ယောက်နဲ့ နေထိုင်ရတယ်လို့ သူ့ကိုယ်သူမြင်လာတယ်။ မိုးကိုပြန်တွေ့ချိန်မှာ သူပိုသေချာသွားလိမ့်မယ်။ သူ့ကိုယ်သူ သိပ်ထိခိုက်မခံတတ်တဲ့သူက ဒါမျိုးတွေလုပ်လာတယ်ဆိုတာက၊ သူ့ခံစားချက်ကို သူ မကျော်လွှားနိုင်တာ၊ သူ့နောင်တဒဏ်ကို သူမခံနိုင်တာပဲ ဇဉ်"

ကိုမင်းပြောတာတွေအားလုံး မဖြစ်နိုင်တာတစ်ခုမှမရှိ။ အကုန်ဖြစ်နိုင်သည်ချည်းပင်။ ဖြစ်လည်းဖြစ်ခဲ့သည်ပဲ။ လွန်ခဲ့တဲ့ရက်တွေသက နတ်သမီးထံမှ ဒီလိုသတင်းမျိုးမသိခဲ့ရလျှင် ဇဉ် တော်တော်ဝေခွဲရခက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်ဦးမည်။ ခုတော့. . . အကုန်လုံးကို ဇော် နားလည်လို့ရသွားသည်။

"ဒါဆို ကိုလင်းလုပ်တာက မီးကို နစ်နာသွားစေတာပေါ့"

ကိုမင်းက ရယ်သည်။

"အဲဒီလို မတွေးပါနဲ့ ဇော်ရယ် လူတွေဟာကိုယ့်လုပ်ရပ်ကို ကိုယ်ကြိုသိမှတော့ အမှန်တွေချည်းပဲလုပ်သွားကြတော့မှာပေါ့။ သူလည်း နတ်သမီးက သူ့ကိုချစ်တယ်၊ သင့်တော်တယ်။ သူကလည်း ချစ်တယ်လို့ ထင်ခဲ့တဲ့ အခိုက်အတန့်လေးတစ်ခုမှာ ဖြစ်သွားခဲ့တာပေါ့"

"ဒါပေမယ့် ကိုမင်း၊ လူဆိုတာ ကိုယ်လုပ်ခဲ့တဲ့ လုပ်ရပ်တစ်ခုကို တော့ တာဝန်ယူရမယ်မဟုတ်လား"

"လူတိုင်းအဲလိုသာဆိုရင် လောကကြီးက သိပ်သာယာသွားမှာ ပေါ့၊ ကဲပါ သူများအကြောင်းထားလို့ ကိုယ့်ကိစ္စကိုယ်ဆက်ရအောင်။ မနေ့က သစ္စာကြီးကိုလည်း အဲဒီလိုပဲပြောပြလိုက်တယ် ခုချိန်မှာ သစ္စာ လည်း ဒါကိုတော်တော်နားလည်လွန်းလို့ စဉ်းစားရခက်နေလိမ့်မယ်လို့ ကိုယ် ယုံတယ်"

ဟုတ်ပါသည်။

ကိုကြီးသည်လည်း သူ့ဟာနှင့်သူ အခြေအနေမကောင်း။ သူတို့ အိမ်ထောင်ရေးကကျတော့ စီးပွားတွက်တွက်ကာ တည်ထောင်ခဲ့ကြသူ များမို့ ဘယ်လိုမှသဟဇာတမဖြစ်။ သို့သော် ကိုကြီးက လူပီသစွာတာဝန် သိသူ။ ယောင်းမဖြစ်သူက ငွေကလွဲလျှင် ဘာကိုမှစိတ်မဝင်စား။ မေမေ့ ကိုလည်း တစ်ခါမှ (ယူပြီးကတည်းက) အသိအမှတ်ပြုလာတွေ့တာမရှိ။ ဖုန်းလေးတစ်ချက်ပင်မဆက်။ ရန်ကုန်ရောက်လည်း သားနှင့်မြေးပဲ ရောက်လာသည်။ ချွေးမက အိမ်ရိပ်တောင်မကပ်တာကို မေမေသိနေ





သည်။ ဒါကြောင့်လည်း မေမေနှင့် ဇော်က ကိုယ့်ဘာသာကို ဘောင်က လေးတစ်ခုထားကာ ငြိမ်ဆိတ်အေးချမ်းစွာနေခဲ့ကြသည်လေ။ ချွေးမက သိပ်မြင့်လွန်းသည်ဟု သူ့ကိုယ်သူထင်သူမျိုး။ ယူထားသော ယောကျ်ား ၏ ဂုဏ်ဒြပ်နှင့်အရည်အချင်းလောက်သာ စိတ်ဝင်စားသူ။ ကြာလာ တော့ကိုကြီးလည်း ကိုယ်၏ချမ်းသာချင်းနှင့်ပြည့်စုံသော်လည်း စိတ်၏ ချမ်းသာခြင်းနှင့်က မပြည့်စုံတော့။

"ကိုကြီးလည်း သနားပါတယ်။ ဒါပေမယ့် ကိုကြီးက ကိုယ့်အစ်ကို မို့ပြောတာမဟုတ်ဘူးနော်၊ နေနိုင်အောင်ကြိုးစားပါတယ်"

"ကိုယ်လည်း သစ္စာအကြောင်းတော့ကောင်းကောင်း သိပါ တာပဲ သူ့အတွေ့အကြုံ ငလင်းကြုံခဲ့ရတာတွေနဲ့ပေါင်းပြီး ကိုယ်တို့နှစ် ယောက်ကို သူ့ဘက်က သဘောတူပေးဖို့ ဆရာမကို တိုက်တွန်းရှင်း လင်းပေးဖို့ တောင်းဆိုထားတာ"

ကိုကြီးကိုပြောရုံတင်မကပဲ မေမေ့ကိုပါ တိုက်တွန်းရှင်းလင်း ပေးဖို့ဆိုတာကြီးကျတော့ ကိစ္စကတော်တော်လေးကြီးသွားပြီ။ ဇော်လည်း ကျောချမ်းသွားရသည်။ အရင်တစ်ခါလိုများ အကြီးအကျယ်တွေ ပြဿ နာတက်ကြမည်လားမသိ။

"မဖြစ်ဘူးထင်တယ်နော် ကိုမင်း၊ ဇော်က မေမေ့ကို မဆက်သွယ် ပါဘူးဆိုတဲ့ကတိနဲ့နေတာ"

"အဲဒါ လွန်ခဲ့တဲ့ ငါးနှစ်က အခြေအနေနဲ့ လွန်ခဲ့တဲ့ငါးနှစ်က ကတိလေ"

"ကတိဆိုတာက အချိန်ကာလအားလုံးနဲ့ အကြုံးဝင်တယ် မဟုတ်လား ကိုမင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဒါပေမယ့် အချိန်အခါနဲ့အခြေအနေပေါ်လည်း မူတည်တယ်"

ဒါတွေကို ကရားရေလွှတ်သလိုပြောနေတာ ကိုမင်းကို တစ်ခုတော့ ပြန်မေးချင်မိသည်။

"ကိုမင်း အမေကျတော့ရော"

ကိုမင်း အသံတစ်ချက်တိတ်သွားသည်။ ပြီးမှ. . . ၏။

"အဲဒါ မေမေ့ကို အရင်ပြောခဲ့ပြီးမှ ဆရာမကိုပြောခိုင်းတာပါ မေမေ့ကို တော်တော်ရှင်းပြရမယ်ထင်တာ၊ မေမေက ချက်ချင်းလက်ခံတယ် "မချစ်မနှစ်သက်တဲ့သူနဲ့နေရတဲ့နောင်တ ချစ်သူနဲ့မပေါင်းလိုက်ရတဲ့နောင်တ" အဲဒါတွေက သူ့ကို ဟတ်ထိသွားစေပုံပဲ။ ဇော်လည်းသိသားပဲ ဖေဖေနဲ့ မေမေရဲ့အကြောင်းကို"

သူတို့နှစ်ယောက်ပုံစံက ခု ကိုကြီးတို့ဖြစ်နေပုံနှင့် တော်တော်တူသည်။ ကျောင်းပိတ်ရက်ဆို တူလေးကတစ်ယောက်တည်း အိမ်မှာလာနေတတ်သည်။ နွေဆိုလျှင်ပေါ့။ မေမေလည်း သူ့မြေးကိုမြင်တိုင်း ကိုမင်းကို သတိမရဘူးဟုမပြောနိုင်။

ဇဥ် သက်ပြင်းကို သိသိသာသာချမိတော့ ကိုမင်းကရယ်သည်။

"မမောပါနဲ့ ဇဥ်ရယ် ကိုယ်တို့ မိဘစကားကိုနားထောင်ပြီးနှစ်တွေအတော်ကြာနေပေးခဲ့တာပဲ ခုချိန်မှာတော့ သူတို့အယူတွေလည်း ပြောင်းကုန်လောက်ပါပြီ"

"မျှော်လင့်ရတာပေါ့နော်. . ."

ဇဥ် ကပြောပြီးရယ်တော့

"မဟုတ်ဘူး. . . တကယ်ဖြစ်လာမှာလို့ ကိုယ်ကတော့ယုံတယ်





မျှော်လင့်ရုံသက်သက်မဟုတ်ဘူး. . . ."

"ဒါဆို မနက်က ကိုကြီးလာတယ် အိမ်မှာပဲ ထမင်းစားသွားတာ ဘာမှလည်းမပြောသွားဘူး၊ ခု ဇဥ် ဆိုင်ကိုထွက်လာတော့ ကိုကြီးကို လမ်းမှချပေးခဲ့တာ. . . ."

"သူအားယူနေတာနေမှာပါ။ စဉ်းစားမှာပေါ့. . . သူတစ်ချိန်က ရေငုံနေပေးခဲ့တာပဲ။ သူငယ်ချင်းအနေနဲ့ သူကိုယ့်ကိုတော်တော်ချစ်ရှာပါတယ်။ သေချာတာက သူက ဆရာမကိုလည်းတော်တော်ချစ်တယ်။ အလေးထားတယ် စိတ်ချမ်းသာစေချင်တယ်"

"ကိုကြီးက သိပ်လိမ်မာတယ်. . . ."

"လိမ်မာတယ်ဆိုတဲ့လူတွေမှာလည်း အဲဒီစကားလုံးအတွက် စွန့်လွှတ်ထားခဲ့ရတာအများကြီးပဲ။ လိမ်မာတယ်လို့ပြောခံရဖို့စွန့်လွှတ်ခံစားခဲ့ရတာ တနင့်တပိုးနဲ့ အဲဒီစကားလုံးလေးနဲ့က နည်းနည်းများ မတရားဖြစ်နေလားလို့"

"ကိုမင်းကတော့ လုပ်တော့မယ်. . ."

"တကယ်ပါ ဒီစကားကို ကိုယ်လည်းအလေးအနက်ထားပြောတာပါ။ ဘာလို့လဲဆိုတော့ ကိုယ်တိုင်လည်းသားလိမ်မာလို့ခေါ်လို့မရသည့်တိုင် မိဘစိတ်ချမ်းသာတာမလုပ်တော့ပါဘူးလေဆိုတဲ့စိတ်နဲ့ နှစ်တွေအတော်ကြာ အထီးကျန်လေလွင့် ဘဝနဲ့နေခဲ့သေးတာပဲ၊ အဲဒီကာလတွေကို ခုတောင်ပြန်မတွေးချင်ဘူး ဇဥ်လည်း အမေ့စကားနားထောင်ပြီး ကိုယ်နဲ့ခွဲနေရတဲ့ကာလတွေမှာ အထီးကျန်မဆန်ဘူးလား မနာကျင်ရဘူးလား. . . ."

"ဘယ်လိုပြောလိုက်တာလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲလေ. . . ဒါပေမယ့် ဇဉ်သိလား. . ."

"အမ်. . . ဘာလဲ. . ."

"လူ့ဘဝကြီးက တိုတိုလေးရယ်. . . လူတွေငိုနေတာလည်း ခဏပဲ၊ ပျော်နေတာလည်းခဏပဲ၊ ကွေကွင်းနေလည်းခဏပဲ၊ ပေါင်းကြရလည်း ခဏပဲ၊ အဲဒီခဏငယ်လေးတွေထဲမှာ နောင်တတွေနဲ့ နာမကျင်နေဖို့ပဲလိုတာပါ"

ကိုမင်း စကားကြောင့် ဇဉ် ငိုင်သွားသည်။ ခဏလေးတဲ့လား။ အဲဒီခဏငယ်လေးတွေက တကယ့်ကိုနာကျင် ရှည်လျားလွန်းလှတာကို ဇဉ်က လက်တွေ့။ ဟင့်အင်း. . . ခုလို ချစ်သူနှင့်စကားလက်ဆုံကျရသော ခဏငယ်မျိုးကိုလည်း ဇဉ် ပြန်လည်လက်လွှတ်ဆုံးရှုံးမခံချင်တာ ဝန်ခံလိုသည်။

"ကိုမင်း. . ."

"ဟင်. . ."

"ခုလို ခဏ မျိုးကိုတောင် ဆုံးရှုံးလက်လွှတ်ရမှာကြောက်တယ်၊ နောက် သိပ်ရှည်ကြာခဲ့တဲ့ ကာလတစ်ခုကိုလည်း သွေးပျက်သလိုပြန်ကြောက်နေမိပြီ ဘယ်လိုလုပ်ကြမလဲ"

ဇဉ့် စကားကြောင့် ကိုမင်းက အားပေးသလိုရယ်လိုက်သည်။

" There will be a silver lining back of every could you see တဲ့. . ."

"အဲလိုဖြစ်ရင်တော့ ကောင်းသားပေါ့. . ."

"ဖြစ်တော့မှာလို့ ယုံထားလိုက်"

ကိုမင်း အသံက သိပ်ကိုယုံကြည်မှုပြည့်ဝစွာ ခိုင်ကျည်နေခဲ့လေသည်။





(၁၀)

သက်နှင်းတွေ သွားဝယ်တော့ ကိုလင်းအသက်ကို ကပျာကယာ ပြန်စဉ်းစားလိုက်ရတာကို သတိပြုမိတော့ ကိုယ့်ကိုကိုယ် တော်တော်လေး စိတ်ပျက်သွားသည်။ ဘာလို့များ ဒီလောက်တောင် မေ့နေမိတာတဲ့လဲ။ မသကာ ဆိုင်က ကလေးတစ်ယောက်မေးတောင် ချက်ခြင်းအဖြေမှန်ထွက်မည့်ဟာကို ကိုယ်က အဲသလိုဖြစ်နေခဲ့သည်။ ဖြစ်ချင်တော့ ဒီရက်ထဲစားလည်း ဒီစိတ် သွားလည်း ဒီစိတ်ဆိုသလို တစ်ချိန်လုံး ဒါကိုပဲတွေးနေမိသဖြင့် အယောင်ယောင်အမှားမှား အမေ့မေ့အလျော့လျော့တွေက များလို့လာသည်။

ကိုယ့်ကိုယ်ကို မာကျောတင်းပြတ်စွာနေလာခဲ့သည့်ကာလတွေကိုမှ အားမနာ။ ကိုမင်းအသံလေး ပြန်ကြားလိုက်တာနှင့် ဒီလောက်တောင်ဖြစ်သွားရသည်တဲ့လား။ အချစ်ဆိုတာဘာလဲ. . .။ ဒီလိုပဲလူတွေကို ပျော့ပြောင်းနူးညံ့သွားစေနိုင်သည်တဲ့လား။ တချို့လူတွေက ပြောတော့အချစ်ဆိုတာ ရယူပိုင်ဆိုင်ဖို့မဟုတ်ဘူးဆို။ သေချာတာက



www.burmeseclassic.com

www.burmeseclassic.com



တော့စွန့်လွှတ်လိုက်ဖို့လည်းတော်တော်နှင့်တော့ ဘယ်သူမှ တွေးနိုင်မှာမဟုတ်ဆိုတာပင်။

မေမေက သမီးရေဆိုလည်း တစ်ခုခုပြောတော့မလား။ ကိုကြီးက ဇဉ်ရေဆိုလည်း ဒီကိစ္စပြောမလို့လားနှင့် ကျီးလန့်စာစားတွေဖြစ်နေမိသည်။

နတ်သမီးနှင့် ဖုန်းပြောတော့တောင်မှ၊ စကားတွေများလို့၊ နတ်သမီးက. . .

"ဇဉ်. . . ဘာတွေဖြစ်နေတာလဲ". . . ဟု မေးသေးသည်။

ပြောတော့မပြောဖြစ်လိုက်။ မီးကို အတွေးများများမပေးချင်တာလည်းပါမည်။ နောက် မီးကလည်း တိုက်တွန်းအားပေးမှာ သေချာသည်ဟု ဇဉ်ထင်သည်။

"မမ. . သက်န်းတွေအများကြီး ဝယ်လာတယ်လား. . . ."

အိမ်သယ်မသွားချင်သဖြင့် ဆိုင်ကိုသယ်လာသည်မို့ စင်သီယာကမေးသည်။ ဇဉ် ခေါင်းညိတ်ပြရုံပဲ ခေါင်းညိတ်ပြသဖြင့် ဘာမှဆက်မပြော။ နီနွယ်ကတော့ ကိုအလင်းရောင်အတွက်ထင်တယ်ဟု ဘေးကတစ်ယောက်ကို တီးတိုးကပ်ပြောလိုက်တာကို ဇဉ်က ကြားဖြစ်အောင်ကြားလိုက်သေးသည်။

ခဏနေတော့ စင်သီယာက. . .

"နားဦးမလား"

ဒီလိုစကားစတည်းက အလုပ်ကိစ္စ ပြောတော့မယ်ဆိုတာသိတာမို့၊ ပြောစရာရှိတာ ပြောခိုင်းရသည်။ မဟုတ်လျှင်. . . အလုပ်ကိစ္စတွေ အကြွေးတင်ကုန်မှာစိုးရသည်။





". . . . . မဂ္ဂဇင်းက ဖက်ရှင်ဒီဇိုင်းအတွက်တဲ့လာပြောတာ"

"ဘယ်လလဲ၊ အဲဒီလ ဘယ်သူ့ပါလက်ခံထားလဲ တစ်ခါတည်းပြော"

"မရှိဘူးမမ နောက်လ တဲ့ theme ကသူတို့ပေးမှာ. . ."

"အင်း. . . ကောင်းတယ် ဘာတဲ့လဲ. . . ."

"Patchwork တဲ့မမ. . . ."

ဇဉ် အပြေးအလွှားစဉ်းစားရသည်။ ဆိုင်မှာရှိသောအစများနှင့်လိုနေသောအစများ။

"အကွက်တွေကတော့ရှိတယ် အဝါနုကွက်၊ အပြာနုကွက်၊ ပန်းနုကွက် . . . အလုံးတွေအလုံးတွေလည်းအဲဒီအရောင်ရှိတယ်။ မရှိတာက အပွင့်ပဲ. . . ဝယ်ရမယ်။ အင်း ရက်လည်ပြီးမှပဲသွားတော့မယ် ဒါထက် မော်ဒယ်က ဘယ်သူတဲ့လဲ. . . ဘယ်နှစ်စုံလဲ. . ."

"နှစ်စုံ သို့မဟုတ် သုံးစုံတဲ့ မမ. . . မော်ဒယ်ကတော့ နတ်သမီးလို့ပြောတယ် ဒါပေမယ့် နာရေးနဲ့ဆိုတော့ ရိုက်ရက်တော့နောက်ကျချင်ကျမှာတဲ့. . . ."

ဘာမှကျစရာအကြောင်းမရှိဟု စိတ်ထဲကတွေးလိုက်မိသော်လည်း ပါးစပ်ကတော့ဘာမှမပြောဖြစ်တော့။ အလုပ်ချက်ချင်းပြန်လုပ်တော့လည်း လူတွေကတစ်မျိုးပြောဦးမည်။ အလုပ်မလုပ်ပဲနေတော့လည်းအပြောကလွတ်မှာမဟုတ်သည့်တူတူ လုပ်လိုက်တာကမှ အလုပ်တစ်ခုပြီးသွားဦးမည်။ ဇဉ်ကတော့ နတ်သမီးကို ပြောကာရက်ညှိလိုက်ရုံသာ။

မျက်စိထဲမှာတော့ ကိုယ်လုပ်ချင်သည့် ဒီဇိုင်းတွေနှင့် နတ်သမီး



www.burmeseclassic.com

www.burmeseclassic.com



က အတော်လေးကို လိုက်ဖက်ညီနေသည်မို့ တော်တော်ကျေနပ်သွားသည်။ ဦးထုတ်သည်လူတိုင်းနှင့်မလိုက်ဖက်ပါ။ ဦးထုတ်အမျိုးမျိုးရှိသလို မျက်နှာကျအမျိုးမျိုးလည်းရှိသည်။ တချို့ကတော့ထူးခြားစွာ ဘယ်လို ဦးထုပ်မျိုးဆောင်းဆောင်းလိုက်ဖက်နေတတ်သည်။ နတ်သမီးက ထိုသို့ သောသူမျိုး။

ဝယ်လာသောသက်န်းတွေကသက်စေ့၊ ထီး၊ ဖိနပ်၊ သပိတ်တွေကလည်းသက်စေ့ဆိုတော့ ဆိုင်ကချက်ချင်းဆိုသလို ပိရက္ခရာရောင်းသောဆိုင်နှင့်တူသွားသည်ကိုကြည့်ရင်း ရယ်ချင်သွားရသလို သေချာတာက ဒီအချိန်မေမေ ဆိုင်ကိုလာလို့မဖြစ်ဆိုတာ။ ဒီလောက်အများကြီးဇဉ် တစ်ယောက်တည်းစိတ်ကူးနှင့် လုပ်တာမဟုတ်လောက်ဆိုတာ မေမေ သိမှာပင်။ နောက် နတ်သမီးနှင့်အတူ တခြားနေရာမှာသွားလုပ်မည်ဆိုတာလည်း ပြောလို့မဖြစ်။ မေမေက ကိုလင်းအမေတို့ ညီတို့နှင့် အတူစီစဉ်ပေးနေသူ။ ကိုကြီးလည်းပါသည်။ ကိုကြီးက ကားတစ်စီးနှင့် မေမေ့ကိုမောင်းပို့လိုက်ပြန်သွားလိုက်နှင့်။

ဒီလောက် လောလောလောလောတွေစီစဉ်နေချိန် အတွင်းမှာသူတို့ ဇဉ်တို့ကိစ္စကို ဆွေးနွေးရန်အချိန်မရှိလောက်သေးဟု ဇဉ်ကထင်သည်။ သို့သော်လည်း ပြောတော့မပြောနိုင်သေး။

"မမ ဖုန်း. . ."

"ဘယ်ကလဲ နီနွယ်. . . ."

"မမ အစ်ကိုကြီးကိုသစ္စာ. . . ."

ကိုကြီးဆိုတော့ ကဗျာကယာလှမ်းကိုင်လိုက်ရသည်။ ရင်တွေကလည်းအလကားနေတုန်လာလိုက်သေးသည်။





"ကိုကြီးပြော. . . ."

"အေး ငါနင်တို့ဆိုင်နားရောက်နေလို့ ထမင်းစားဖို့လာခေါ်မလို့"

ခါတိုင်းဆိုလျှင်တော့ ထမင်းကျွေးဖို့လာတာများ ခုန်ပေါက်လိုက်သွားရုံသာ။ ခုတော့ တစ်ခုခုပါမည်ဆိုတာသိနေသလိုပင်။

"ဟုတ်. . . ကိုကြီး ဘယ်ကိုလာရမလဲ. . . မေမေရောပါလား"

"မပါဘူး. . . . ငါလာခေါ်မယ် နင် ခု ရှေ့ထွက်စောင့်တော့"

"ဟုတ်"

ထမင်းသွားစားဦးမည်ဟု စင်သီယာကိုမှာပြီးထွက်လာတော့ ကိုကြီးကားကရှေ့မှာရောက်နေပြီ. . . .။

သူ့ကားတစ်စင်းကို အိမ်မှာထိုးထားခဲ့ပြီး ရန်ကုန်လာတိုင်းသုံးလေ့ရှိသည်။

"ဘယ်ဆိုင်လဲကိုကြီး. . . ."

"feel ပဲသွားမယ်။ ဗမာထမင်းဟင်းလည်းစားချင်တယ်၊ တခြားစားချင်တာလည်းစားလို့ရအောင်"

ကိုကြီးသွားချင်ရာကိုသွားဖို့ပဲသဘောတူလိုက်သည်။ ခါတိုင်းလို ဟိုဟာစားချင်တယ် ဒီဟာမစားချင်ဘူး ဆိုတာတွေလည်းလုပ်ချင်စိတ်မရှိတော့။

"နင် မနက်ကဘယ်သွားတာလဲ. . . ."

"သက်န်းတွေ ပစ္စည်းတွေ သွားဝယ်တာကိုကြီး။ ကိုလင်းရက်လည်အတွက်. . . ."

"ဟဲ့ ငါတို့ဝယ်ပြီးပြီလေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးကိုကြီး ဇဉ်က နတ်သမီးနဲ့သပ်သပ်လုပ်မှာ"

ဒီလိုကျတော့ ကိုကြီးနားလည်မှုကမြန်သည်။

"ဒီကောင်မလေးလည်းသနားပါတယ်။ ဟိုဖက်က လေင်းအဖေ အမေကလည်း ညိုက အစစ စီစဉ်စရာစီစဉ်တာ နတ်သမီးကို လုံးဝ ထည့်မတွက်ဘူး. . . သူ့ဘာသာသူလုပ်စရာရှိတာလုပ်တာကောင်းပါ တယ်. . ."

"တကယ့်တကယ့်က နတ်သမီးက ဘာအပြစ်မှမရှိဘူး. . . ."

"ဒါက နင်မြင်တာလေ သူတို့ခွဲနေကြတယ် သူ့သားတစ် ယောက်တည်းကျန်ခဲ့တယ် ဒီလိုပဲ သူတို့ကမြင်တာ. . ."

"သူတို့သားနောက်တစ်ယောက်နဲ့ ဖေးဖေးမမတွေဖြစ်နေတာ ရော မမြင်ဘူးလား ကိုကြီး"

ကိုကြီးအံ့သြသွားသည်။

"နင် သိတယ်ဟုတ်လား ဇဉ်"

"သိတယ် နတ်သမီးပြောတယ် နောက်. . ."

အမှန်က ကိုမင်းလည်းပြောတယ်လို့ ပြောမလို့။ ပါးစပ်က ထွက်မလာ။

"အေး ခုလည်း သူတို့က အဲဒီတစ်ယောက်စီစဉ်လုပ်ကိုင်တာ တစ်ချို့ကိုထည့်တွက်ပေးနေတာကတော့ အချိုးမကျဘူးလို့ငါမြင်တယ်။ ဒါပေမယ့် ဒါ ငါ့အလုပ်မဟုတ်ဘူးလေ။ ငါ့အလုပ်က လေင်းအတွက် အကောင်းဆုံးလုပ်ပေးဖို့ ကျန်တာက ငါတို့နဲ့မဆိုင်ဘူး။ မိညိုကအစ အဲဒီတစ်ယောက်နဲ့ တရင်းတနှီး. . . မရင်းနှီးရဘူးဆိုလိုတာမဟုတ်ဘူး နော် အိမ်သားတစ်ယောက်လိုဖြစ်နေတာကိုဆိုလိုတာ. . . ."





ဒါတွေတောင် နတ်သမီးမသိသေး။ သိလည်း သန်းခေါင်ယက်တော့ ညဉ့်နက်စရာအကြောင်းမရှိ. . . .။ မီးက ခံနိုင်ရည်ပြည့်နေပြီဟုမဆို သာတောင် တော်တော်လေးတော့ အေးခဲအောင် နေနိုင်နေပြီဟု ဇဉ် ကထင်သည်။

ကိုကြီးက ထင်ထားသလို ပြောဖို့ပဲတကယ်မရည်ရွယ်သလား ပြောရခက်နေလားမသိ. . . ထမင်းကိုပဲ အာရုံဝင်စားစွာ စားနေသည်။ ဒီလိုကျတော့လည်း ဇဉ် မနေနိုင်တော့။

"ကိုကြီး . . . . . သက်န်းတွေ ထီးတွေ ဖိနပ်တွေကို ကိုလင်း သက်စေ့ဝယ်ထားတယ် သိလား. . . ."

"အင်း. . . ကောင်းသားပဲ"

"အဲဒါလေ. . . ကိုမင်းလည်းပါတယ်. . ."

ကိုကြီးက ဇဉ့်ကို မချိုမချဉ်ပြုံးသည်။

"ငါသိပါတယ်. . ."

"ဟင် ကိုကြီးသိတယ် ဟုတ်လား. . ."

"ဘာမသိစရာရှိလဲ . . ဟိုနေ့က သူဖုန်းဆက်သေးတာပဲ. . ."

ပြောပြီး ကိုကြီးက ရယ်သည်။ သူရယ်ပုံက ခုနကလိုမျိုးလည်း မဟုတ်တော့။ တစုံတရာအကြပ်အတည်းဖြစ်နေ၍ ပေါ့ပါးလိုပေါ့ပါးငြား ရယ်မောလိုက်ပုံမျိုး။

"နင် မေင်းကို တကယ်ချစ်လား. . . ."

ရုတ်တရက်ကြီး ဒီလိုပွင့်ပွင့်လင်းလင်းကြီးမေးလာတော့ ဇဉ် ဘာဖြေရမှန်းမသိ။ မဖြေလို့ကလည်း မဖြစ်တော့ ခေါင်းပဲညိတ်ပြလိုက်ရ သည်။



www.burmeseclassic.com

www.burmeseclassic.com



" အဲဒီလောက် အချိန်တွေကြာနေတဲ့ထဲမှာ တခြားချစ်တယ်လို့ထင်ရတဲ့ သူတစ်ယောက်မှ မတွေ့ခဲ့ဘူးလား. . ."

"ဟင့်အင်း"

ခေါင်းကိုလည်း အတွင်ရမ်းမိသည်။ ကိုယ့်ကိုယ်ကိုဘောင်ခတ်တိတ်ဆိတ်နေသည့် ရပ်ဝန်းထဲ ကျူးကျော်ဝင်ရောက်ချင်သူတွေလည်း တွေ့ခဲ့ဖူးသည်။ ဇဥ့်ကို အထူးတလည် ချစ်ခဲ့ပြီး ဇဥ်က ပြန်မချစ်နိုင်သူတွေလည်း တွေ့ခဲ့ဖူးသည်ပဲ။ ဇဥ်က စိတ်ဝင်စားဖြစ်လောက်အောင် အဖက်ဖက်က ပြည့်စုံပြီး ဇဥ့်ကိုလည်း ဂရုတစိုက်ရှိပါလျက် ဒါအချစ်မဟုတ်ပါ ရုတ်တရက်ခံစား ထိသိလိုက်ရတာမျိုးကိုလည်း တွေ့ဖူးခဲ့ပါရဲ့။ သို့သော်လည်း ဇဥ် ဘယ်သူ့ကိုမှ မငြိတွယ်ခဲ့။ သေချာစဉ်းစားကြည့်လျှင် ကိုမင်းကိုချစ်ခဲ့တာ သိပ်ပြီးပေါ့ပါးလွန်းသည်။ သံယောဇဉ်ကြောင့်ဟု လူတွေလက်ညှိုးထိုးလျှင်တောင်မှ သူ့မှာဖြေစရာအသင့်။ ကိုလင်းကိုသူဘယ်တုန်းကမှ ဒီလိုစိတ်နှစ်မချစ်ခင်ခဲ့ဖူးဘူးဆိုတာပင်. . .။

ကိုမင်းကိုချစ်ရတာ မိတ်ဆွေသူငယ်ချင်းတစ်ယောက်၊ အစ်ကိုတစ်ယောက်၊ ကိုချစ်ရတာနှင့်တူသည် ချစ်သူတစ်ယောက်လိုလည်းပါတော့ ပိုပြီးငြိတွယ်မိသည်လားမပြောတတ်။

" နင့်ကို ငမင်း ဘာပြောလဲ"

"ကိုကြီးကို ပြောတဲ့အတိုင်းပဲ. . ."

အမှန်က ဒါ ဇဥ် လူလည်ကျကာဖြေလိုက်ခြင်းပင်။ ဘယ်လိုမှတော့ မတူနိုင်တာသေချာသည်။ အနည်းဆုံးထောင့်တော့ကွဲနိုင်သည်။ သို့သော်လည်း ကိုမင်းဘာတွေပြောခဲ့သည်ကိုဆိုတာကို ကိုကြီးကို သေချာပြန်ပြောပြဖို့တော့ ဇဥ်မတတ်။





ကိုကြီးက ဖွန်းနှင့်ခက်ရင်းကိုအသာချရင်း ဇဥ့်ကို သေချာကြည့်သည်။

"ငါ မေမေ့ကို ပြောဖို့ဆိုတာ ဘယ်လောက်ကြီးတဲ့စွန့်စားခန်းဆိုတာနင်သိတယ်နော်. . . ."

"ဟုတ်. . ."

"တကယ်တော့ လူ့ဘဝဆိုတာ ခဏလေးလို့လူတွေကပြောကြပေမယ့် နာကျင်ဆင်းရဲဒုက္ခတွေနဲ့ ဖြတ်ကျော်ရတဲ့အခါ အဲဒီခဏတွေကနေ့တာရောညတာရော ရှည်လွန်းတယ်. . . ငါကိုယ်တိုင်လည်း ငါသင့်တော်မယ်ထင်တဲ့အရာ သင့်တော်မယ်ထင်တဲ့လမ်းတွေကို ဦးနှောက်နဲ့ရော ခံစားချက်နဲ့ ရောဖြတ်ကျော်ဖူးတာပဲ. . . ဒါပေမယ့် နင်သိလားဇဥ်. . ."

"......"

ဇဥ် ဘာပြန်ပြောရမှန်းမသိပဲ ကိုကြီးမျက်နှာကိုသာမော့ ကြည့်မိသည်။

"လူတစ်ယောက်နဲ့တစ်ယောက်ချစ်တာက မှန်တယ် ဒါပေမယ့် အဲဒီနှစ်ယောက်ပေါင်းဖက်ကြတဲ့အခါမှာ သူတို့နှစ်ယောက်တည်းမဟုတ်တော့ဘူး. . . နှစ်ဖက်မိသားစုတွေ အသိုင်းအဝိုင်းတွေပါလာပြီ. . . ကုန်ကုန်ပြောရရင် ငွေကြေးစီးပွားတွေကအစပါလာမယ်. . . ဒီတော့ ငါပြောချင်တစ်ခုက ခု ငမင်းကတောင်းဆိုတယ် မေမေ့ကိုပြောပေးဖို့ သူက သူ့အမေကိုအောင်နိုင်လိုက်ပြီတဲ့။ ကဲ ဒါဆိုရင်ငါကမေးပါဦးမယ် ဘယ်လိုအတိုင်းအတာထိအောင်နိုင်တာလဲ. . . ဒါဆို ငါမေးတာသိပ်များသွားပြီလို့ သူထင်လိမ့်မယ်။ ဒါပေမယ့် အဲဒါမများဘူး နင်ဘာ ငါ့ညီမ။



www.burmeseclassic.com

www.burmeseclassic.com



နောက် ငါကိုယ်တိုင်လည်း ဒါတွေကိုသိကြုံခံစားခဲ့ဖူးပြီးသား။ ဒီတော့ နင်တို့ကို မေမေက ခွင့်ပြုလိုက်ပါပြီတဲ့ နင်တို့ဘယ်လိုလုပ်မှာလဲ၊ နင်က သူရှိတဲ့နေရာကို နင့်အောင် မြင်မှု နင့်တည်ထောင်ခဲ့မှုတွေနဲ့ အမေကို စွန့်ပြီး လိုက်သွားနိုင်သလား၊ အမေက ငါရှိနေသေးလို့ထားပါတော့. . . ဒါမှမဟုတ် သူက ပြန်လာမှာလား ဒါဆိုဒီမှာ တစောင်းစေးနဲ့ မျက်ချေး ဖြစ်ခဲ့ကြပြီဖြစ်တဲ့ အမေနဲ့ သူ့အမေက တစ်ချိန်ချိန်မှာပြန်မငြိဘူးလို့ ဘယ်သူက အာမခံမလဲ။ မေမေ့ဖက်ကတော့ ငါက အာမခံတယ်။ မေင်းကို သူသားတစ်ယောက်လိုချစ်ခဲ့တယ် နင့်ထက်ပိုမချစ်နိုင်တာလေး တစ်ခုပဲ၊ အေး မေင်းအမေကိုတော့ ငါ အာမခံလို့မရဘူး။ သူက နင့်ကို နဂိုတည်းက မလိုလားခဲ့တဲ့ သူ၊ ခု စိတ်ပြောင်းလဲသွားတယ်ဆိုပေမယ့် လောကမှာ ဘာကပုံသေချရလို့လဲ. . . ”

ကိုကြီးက စကားအရှည်ကြီးကိုပြောပြီး ဇဉ့်ကို တစ်ချက်အကဲ ခတ်သည်။ ကိုကြီးပြောတာမှန်သားပဲ။ ဒီရက်ပိုင်း စိတ်တွေယောက်ယက် ခက်ကာ တလွဲတချော်တွေဖြစ်ခဲ့သမျှလဲ မေမေ့ကိုပြောလို့မရမှာပဲပူပန် ခဲ့တာ။ မေမေ ခွင့်ပြုခဲ့လျှင် ကိုမင်းပြန်လာမှာလား ဇဉ်ကလိုက်သွား ရမှာလား. . . ဇဉ်မတွေးမိခဲ့။ နောက်တစ်ခုက ဇဉ်က ဒီမှာအောင်မြင် နေသူ။ ဒါတွေကိုစွန့်ပြီး တခြားနေရာမှာ အသစ်ကပြန်စရမလား. . .၊ နောက် တစ်ချိန်မဟုတ်တစ်ချိန်မှာ ရင်ဆိုင်ရမည့် ကိုမင်းအမေ. . .၊ ဇဉ်ကလည်း သူရိုင်းတုန်းက တိကျပြတ်သားစွာ ပြန်ရိုင်းခဲ့ဖူးသည်လေ၊

အရာရာသည် ပြီးဆုံးသွားပြီဟု ထင်ခဲ့ပြီးကာမှခု ပြန်လည် သက်ဝင်လာချိန်မှာတော့ နောက်တစ်ဖန် မသေဆုံးချင်တော့။ ဇဉ် သက်ပြင်းကိုချမိသည်။





“အဲဒါတွေ ဇဉ်တို့ မစဉ်းစားရသေးဘူး. . . သူစဉ်းစားလား မစဉ်းလားတော့ မသိဘူးကိုကြီး”

“ငါထင်တာကတော့ သူပြန်လာမှာမဟုတ်ဘူး။ အဲလိုပဲ ပြန်မ လာပဲ နင်လိုက်သွားတာလည်း အကောင်းဆုံးနည်းလမ်းလို့ ငါထင်တယ်။ ဝေးနေတာက တစ်ခါတစ်လေ အဆင်ပြေတယ်။ ငါဟိုမှာနေတာ အဲဒါ လည်းပါတယ်။ သူ့မိဘလည်းဒီမှာ ငါက လူလိုသိပြီး သူ့မိဘကို သွား တွေ့ပေမယ့် သူကမလာတဲ့ခါ ပြဿနာကကြီးထွားလာရော။ ဒါက ငါတို့ကိစ္စ နင်တို့ကိစ္စကျတော့ ဒါနဲ့မတူဘူးဆိုပေမယ့် သေချာတာက နှစ်ဖက်ဆွေမျိုး အတူအလှူလုပ်လို့မရပါဘူး။ ဒါက ဥပမာပေးတာ နောက်. . . မေင်းအတွက်က အဆင်ပြေတယ်။ အမေကလည်း မေင်းကို အဆင်ပြေသလို မေင်းကလည်း အမေ့ကို အဆင်ပြေတယ် မပြေမှာက နင်နဲ့သူ့အမေ. . . . ”

ဇဉ် စိတ်တွေတော်တော်ရှုပ်ထွေးလာရမည်။ မေမေ့ ခွင့်ပြုချက် တစ်ခုတည်းနှင့် မပြီးနိုင်သောကိစ္စမှန်း ပိုပိုသိလာရသည်။

“ငါ မနက်ဖြန် ရက်လည်ပြီးတာနဲ့ ပြန်မှာ ဒီတော့မေမေ့ကို ဒီညပြောမယ် နင်လည်းရှိနေပါ. . . ”

ပြောနှင့်ပါ ဇဉ်နောက်မှ လာပါမယ်လို့ပြောချင်တာကတော့ ပါးစပ်ကိုယားနေသည်။

“ညနေကျ ငါ ကြေးအိုးဝယ်လာမယ်လို့ မေမေ့ကိုပြောထား တယ်။ မေမေက အကင်စားချင်တယ်ဆိုလို့လေ အဲဒီမှာ ငါမေမေ့ကို ပြောမယ်”

“ဟုတ်. . . ဇဉ် နောက်ကျမယ်နော်၊ နတ်သမီးနဲ့ ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com


ကျောင်းမှာ ပစ္စည်းတွေသွားထားမှာမို့လို့"

ဇဎ္ဓစကားကြောင့် ကိုကြီးကရယ်သည်။

"မထားလည်းနောက်ကျမှာ သိနေသလိုပဲ နှင်မရှိတော့လည်း တစ်မျိုးတော့ကောင်းတာပဲ"

"ဒါပေမယ့်. . . "

"ဘာ ဒါပေမယ့်လဲ. . . . "

ကိုကြီးက တဟားဟားထရယ်သည်။

"ဒါမျိုးကျ အစ်ကိုကို အားကိုးရမှန်းသိသားပဲ အရင်ကတော့ ကိုကြီးရေ ကိုမင်းတစ်ယောက်တည်းရောက်လာပြီး ဇဎ္ဓကို ရည်းစားစကားလာပြောတယ် ဇဎ္ဓ ဘာလုပ်ရမလဲလို့ လှမ်းမတိုင်ပင်ပါလား မရှေ့စာ. . . . "

ရှက်ရှက်နှင့်ရယ်နေရုံကလွဲလို့ ဘာကိုမှမတတ်နိုင်ခဲ့။ တကယ်လည်း သတိမှမရခဲ့တာကိုး။ တိုင်ပင်ရန်ပင် မေ့လျော့နေမိသည်ထိ ဖြစ်ခဲ့ရဖူးပါသည်လေ။





(၈)

ဘုန်းကြီးကျောင်းမှာ ပစ္စည်းတွေချ၊ မနက်အတွက် သံဃာကိုလင်းသက်စေ့ကိုဆွမ်းကပ် လှူဒါန်းဖို့လုပ်ခဲ့သည်။ ထိုကျောင်းမှာက သံဃာအပါးရေနည်းသဖြင့် တခြားကျောင်းမှလည်း လှမ်းပင့်ရသေးသည်။

"နောက်ဆုံးအနေနဲ့ လုပ်ပေးတာမို့ အကောင်းဆုံးတော့ပေးခဲ့ချင်ပါတယ်. . . "

ဘုန်းကြီးကျောင်းမှ ပြန်လာတော့ နတ်သမီးက ထိုစကားကို ခပ်ဖွဖွဆိုသည်။

"တကယ် နောက်ဆုံးလား မီး. . . "

"အင်း. . . ဟုတ်တယ် မီးစိတ်မီးသိတယ် မပြတ်ဘူးဆိုရင် ဘယ်တော့မှ ပြတ်တော့မှာမဟုတ်ဘူး၊ ခုသူဖြတ်ပေးထားလို့ ပြတ်နေသလောက်ကို မီးထိန်းထားနိုင်မှ မီးရင်ထဲနေသာတော့မပေါ့. . . . "



www.burmeseclassic.com

www.burmeseclassic.com



"မီးက ငယ်သေးတယ် အရွယ်လည်းရှိသေးတာပဲ"

နတ်သမီးကပြုံးသည်။

"ဘာဆိုလိုတာလဲ ဇော်ရဲ့ မီးနောက်တစ်ယောက်တွေ့နိုင်သေးတယ်လား။ ဟားဟား တော်ပါပြီ ဇော်ရာ၊ တစ်ခါသေဖူးလို့ ပျော်ဖိုးလည်း တော်တော်နည်းလည်သွားပါပြီ။ လောကမှာ ကိုယ်ကပေးလိုက်တိုင်းလည်း ပြန်ရနိုင်တာမှ မဟုတ်တာ. . . ကိုယ်က မလိမ်မညာတတ်တိုင်းလည်း ကိုယ့်ကိုမလှည့်ဖျားမယ့် သူနဲ့မတွေ့ပဲနေမှာမှမဟုတ်တာ. . . . ဘယ်လိုပဲ အတိတ်ကံပြောပြော သူတစ်ပါးသူစိမ်းလိမ်လည်သွားတာကမှ ခံသာဦးမယ်. . . ကိုယ်အလေးအနက်ထားတဲ့သူတွေလိမ်တာကိုတော့ မခံချင်တော့ဘူး အရင်ဘဝက ကိုယ်လုပ်ခဲ့တဲ့ဝဋ်ကြွေးဆိုလည်း ကြေပါလို့ပဲ မှတ်ယူပါရစေ. . ."

နတ်သမီး၏ နာကျင်သံကြောင့် ဇော် ဘာဆက်ပြောရမှန်းမသိတော့။ အမှန်က ဇော်က စကားကြွယ် သူမဟုတ်။ ခုလည်း နတ်သမီးကို နှစ်သိမ့်ရန်စကားရှာရင်းက ဒီလိုတွေဖြစ်ကုန်ရခြင်းဖြစ်သည်။ ဇော်က စကားမှမတတ်ပဲ။

"မီး. . . . တစ်ခုခုစားမလား ဘာစားချင်လဲ"

"ဟင့်အင်း. . . မစားချင်ဘူး အရည်တစ်ခုခုတော့ သောက်ချင်တယ်၊ အေးအေးလေးပေါ့ ဇော်၊ ရင်တော့မအေးနိုင်လောက်တဲ့ အအေးပေါ့ ဟားဟား. . . ."

ရယ်စရာမကောင်းပါပဲ မီးကရယ်သည်။ ထို့နောက် မီးနှင့် နှစ်ယောက်သား ဒိန်ချဉ်သွားသောက်ဖြစ်ကြသည်။ အိမ်မှာကိုကြီးက ညခုနှစ်နာရီခွဲလောက်ရောက်မည်ဟု ပြောထားသည်။ ခု ရှစ်နာရီမထိုး





သေးတော့ ကိုကြီးရောက်ကာစ. . . ဇော်နဲ့ကိုမင်းလှူတာ ဇော်တစ်ယောက်တည်းထင်နေမှာစိုးလို့. . . ."

"ဟုတ်လား. . . . တိုးတက်နေတယ်ပေါ့. . . ."

"မီး ဇော်တို့အကြောင်းသိတယ်မဟုတ်လား. . . ."

"သိတယ် ကိုလင်းပြောလို့သိတာထက် ဇော့်သူငယ်ချင်းတစ်ယောက်ကပြောလို့သိတာ. . ."

"ဇော့်သူငယ်ချင်း "ဟုတ်လား. . . ."

တအံ့တသြဖြစ်သွားရသည်။ ဇော် ကိုယ့်ကိုကိုဘောင်ခတ်နေထိုင်မှုကြီးထဲတွင် သူငယ်ချင်းဟူသည့် ဝေါဟာရကိုပင် မေ့တေ့တေ့ဖြစ်ချင်နေပြီကိုး။

"ဟုတ်တယ် ဇော်နဲ့သူနဲ့တချိန်က တော်တော်တွဲခဲ့ဖူးတယ်တဲ့. . hand made တွေလုပ်တယ်လေ. . . ."

"အော်. . . သိတာပေါ့၊ ဟုတ်တယ် ဝတ်ရည်ကို မတွေ့ဖြစ်တာတောင်တော်တော်ကြာသွားပြီ သူ့ဆီကိုလည်း မရောက်ဖြစ်ဘူး. . ."

"အင်း. . ခု ကိုမင်းနဲ့က အခြေအနေကောင်းနေတယ်ပေါ့. ."

"အဲလိုမဟုတ်သေးဘူး မီး. . . ဒီလိုလေ. . ."

. . . . . ဟုဆိုတာ မီးကို အကုန်ပြောပြလိုက်မိသည်။ ဇော်လည်း ပြောစရာလူမရှိသဖြင့် ပေါ့သွားသလို မီးကလည်း သူ့အပူအစား သူများအပူကို ခဏယူလိုက်ရသဖြင့် သူ့ဒုက္ခသူမေ့သွားပုံရသည်။ ဇော့်စကားတွေထဲစီးမျောသွားရှာသည်။

"အဲဒါပဲ မီး. . . ."

နတ်သမီး ပုခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘေးကြပ်နံကြပ်ကြီး ဇဉ်. . . ."

"ဟုတ်တယ် မီး. . . ကိုကြီးမပြောခင်ကတော့ ကိုယ်လည်း အဲလိုမတွေးမိဘူး ကိုမင်းဆိုလိုသမျှဟာ သူဒီကိုပြန်လာမှာပဲထင်ထား တာ၊ အဲလိုပဲသူကလည်းအဆင်ပြေရင် ဇဉ်က လိုက်လာမှာလို့မတွေးထား ဘူးလို့ဘယ်သူပြောနိုင်မလဲ"

"အင်း. . . . ဟုတ်တယ်နော် မီးထင်တာကတော့ ကိုသစ္စာ ပြောသလို နှစ်ယောက်လုံး၊ နှစ်ဖက်မိဘနဲ့ဝေးရာမှာ နေတာကောင်း မယ်ထင်တာပဲ ယာယီပဲဖြစ်ဖြစ်ပေါ့။ ဇဉ်ကလည်း ဒီမှာဇဉ်လုပ်စရာတွေ အများကြီးရှိနေသလို ကိုမင်းကလည်း သူအခြေကျနေတဲ့နေရာမှာ လုပ် စရာတွေရှိနေလိမ့်မယ်။ ဒီတော့ညှိလို့ရအောင်ပဲ မီးပဲ ညှိစေချင်တာ ပဲ. . . ."

ဇဉ် ဟက်ကနဲတစ်ချက်ရယ်လိုက်သည်။

"ပထမအဆင့် မေမေ့ကိုပဲ ကျော်ဖြတ်လို့ရပါစေဦး. . . မီး ရယ်"

"မီးကတော့ ဘာလို့လဲမသိဘူး. . . ကျော်ဖြတ်နိုင်မယ်ထင်နေ တယ်၊ ခု ဇဉ် အသက်နဲ့ အရင်ငါးနှစ်က ဇဉ့် အသက် တူမှမတူတော့တာ တွေးခေါ်စဉ်းစားမှုတွေလည်း မတူတော့ဘူး နောက်တစ်ဖက်က အခြေ အနေတစ်ခုပြောင်းသွားတော့ ဇဉ့်မေမေလည်းလိုက်မပြောင်းဘူးလို့ မပြောနိုင်ဘူးလေ. . . ."

မီး ပြောတော့လည်း ဟုတ်သလိုလိုပင်. . .။ မေမေလည်း တစ်ဖက်က ပြောင်းလဲလာလို့ လိုက်ပြောင်းလဲတာမျိုးမဟုတ်သည့်တိုင် အလိုလိုစိတ်လျော့ပေးလိုက်တာမျိုးလည်းဖြစ်နိုင်မှန်း ဇဉ် မှန်းကြည့်ဖူး





သည်ပဲ။

အိမ်မှာခုလောက်ရှိဆိုသော အတွေးဝင်လာသည်နှင့် မီးကိုပြန် ပို့ကာ အိမ်ပြန်လာခဲ့လိုက်သည်။ အိမ်ရောက်တော့ ရှစ်နာရီခွဲနေပြီ. . .။

"ဟော. . . ဇဉ် ပြန်လာပြီမေမေ စားရအောင်. . . ."

ကိုကြီးက အိမ်ရှေ့မှာထိုင်နေရာက ဇဉ့်ကိုမြင်တော့ မျက်စိတစ် ဖက်မှိတ်ပြကာ မေမေ့ကိုလှမ်းပြောသည်။ ပြောပြီးပြီလား. . . ဟု အသံ တိတ်အကြည့်နှင့်မေးတော့ ခေါင်းဆတ်ပြသည်။ ဆက်လည်းမမေး ရဲ. . .။ နောက်ဖက်ဝင်ကူရသေးသည်။

"ဘယ်သွားနေလဲ သမီး နောက်ကျတယ်. . . ."

"ဟုတ် မီးနဲ့ ဘုန်းကြီးကျောင်း. . . ."

"မနက်ကျ မနက်လေးနာရီထထွက်မှာမို့ သစ္စာတောင် ဒီမှာပဲ သမီးလည်းစောစောအိပ်ဟုတ်လား. . ."

"ဟုတ်. . ."

နတ်သမီးနှင့်သူစီစဉ်ထားတာက နေ့ဆွမ်းဆိုတော့ သိပ်ကိစ္စ မရှိ။ အမီတန်းပြေးလို့ရသည်။ ဒီလိုအခြေအနေနှင့်ဆို သိပ်တော့မဟုတ် သလိုပင်။ မေမေ့ကြည့်ရတာ ဘာမှဖြစ်မထားသလို။ ကိုကြီးဝင်လာတော့ တစ်ချက်လှမ်းကြည့်မိသေးသည်။ ကိုကြီးကလည်း ဘာမှမသိသလိုလုပ် နေသည်။ ကြေးအိုးကို သေချာပြန်နွှေးထားသည်မို့ ပူပူနွေးနွေးပင်။

"ဘယ်ဆိုင်ကလဲဟင် ကြည့်ရတာ ဝိုင်ကေကေအိုထင်တယ်"

စကားမရှိစကားရှာကာမေးတော့ ကိုကြီးကရယ်သည်။

"ဘာမှမဆိုင်ဘူး ရွှေတောင်တန်း. . . ."

အမှန်က ဒိန်ချဉ်တစ်ခွက်သောက်လာတာ ခုနက။ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ဆာစရာအကြောင်းလည်းမရှိပဲ ကြိတ်မှိတ်စားလိုက်ရသည်။ အင်း တစ်ခုခုဖြစ်လို့က ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပေါ့ဟုလည်းတွေးလိုက်သည်။ ကြေးအိုးဆိုတာကလည်း အချဉ်ရည်နီနီတွေမှ အားရပါးရထည့်မစား လျှင်မဖြစ်သောအရာ။

"ဟို မရွှေစာ. . . ."

မေမေခေါ်လိုက်သံကြောင့် တုန်ကနဲဖြစ်သွားကာမော့ကြည့် မိသည်။

"နင့် အစ်ကိုကိုရှေ့နေငှားထားတာ နင်လား ငမင်းလား. . ."

"ရှင်. . . . ."

အမှန်က နှစ်ယောက်လုံးဖြစ်သည်။ ပါးစပ်ကတော့ကြောက် ကြောက်နှင့်ဘာမှမထွက်မလာ။

"လူဆိုတာ ပြောပြီးတဲ့စကားကိုတည်ရတယ်သမီး. . . ကိုယ့် စကားကိုယ်တည်မှအဆင်ပြေတာ မေမေတို့က စကားကိုတည်စေ အောင်စပြောခဲ့တဲ့သူတွေမဟုတ်ပေမယ့် မာနနဲ့ကတိပေးခဲ့တဲ့သူတွေ ဖြစ်တယ်. . . ."

"ဟုတ်. . . ."

"ဒါပေမယ့် တရားသဘောနဲ့ ကြည့်ပြန်တော့ အရာအားလုံး ဟာမမြဲဘူး"

အဲဒီတရားသဘောတွေကို ဇဉ်သိပ်နားမလည်ပါ။ ဇဉ်သိတာ က မမြဲဘူးဆိုသည့်ထဲ ဇဉ်တို့ဝေးကွာခြင်းကိုလည်း မမြဲစေချင်ဟုဆိုလျှင် မေမေသတ်မလားမပြောတတ်။

"တစ်ဖက်ကကျေအေးလို့ သဘောထားပျော့ပြောင်းလို့ ပြန်





ပျော့ပြောင်းပေးလိုက်တာမျိုးတော့ မဟုတ်ဘူး။ မေမေ ကိုယ်တိုင်ကဒါ တွေကို နဂိုတည်းက မလုပ်ချင်မပြောချင်ခဲ့ပါဘူး။ မလွှဲသာမရှောင်သာ မဖြစ်လို့သာ ပြောခဲ့ဆိုခဲ့ရင်ဆိုင်ခဲ့ရတာ အဲဒါအားလုံးဟာလည်း ကိုယ့် သမီးအတွက်ပဲဆိုတာ သမီးသိတာပဲ. . . ."

"ဟုတ်. . . ."

ဇဉ်ကသာ ဟုတ်လိုက်နေသော်လည်း ကိုကြီးကတော့ သူ့ တာဝန်ပြီးပြီ။ ကျန်တာနင်တို့အပိုင်းဆိုသည့်ပုံနှင့် ကြေးအိုးကိုသာ တစ် ခါမှမစားဘူးသလိုစားနေသည်။

"ပြီးတော့ သမီးလည်း အရွယ်ရောက်နေပြီ အရင်ကလို နှစ်ဆယ်ကျော်ကာစမဟုတ်တော့ဘူး ကိုယ့်ကိုယ်ကိုလည်း ထိန်းနိုင်နေပြီ အသိဉာဏ်လည်းရှိတယ် ဒီတော့သမီးဘာလုပ်ရမယ်ဆိုတာ သမီးသိပါ လိမ့်မယ် လုပ်ချင်တာလုပ်တတ်လိမ့်မယ်လို့ မေမေယုံတယ် ဟုတ်ပြီလား . . . . ကဲ ရှေ့နေကြီးအတွက် အကျိုးဆောင်ရကျိုးနပ်လားမနပ်ဘူးလား ဆိုတာ မေးလိုက်ပါဦး. . . "

မေမေက သူ့ထုံးစံအတိုင်း စကားကိုချိုချို အေးအေးနှင့်ပြော ကာ အစားပါလက်စသပ်ထွက်သွားတော့သည်။ ကျန်ခဲ့သော မောင်နှမ နှစ်ယောက်မှာတော့ တစ်ယောက်မျက်နှာတစ်ယောက်လှမ်းကြည့်ဖို့ တောင် တော်တော်အချိန်ယူလိုက်ရသည်။

"ကဲ. . . ."

သူ့ကို အူတူတူရာခိုင်နှုန်း ၅၀%လောက်ပါမည့်အကြည့်နှင့် ကြည့်နေသည် ဇဉ်ကို ကိုကြီးက ကဲဟုဆိုတာ သတိပေးသည်။

"ဘာ ကဲ လဲ ကိုကြီး. . . ."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ နင်လုပ်ချင်တာလုပ်လို့ရပြီဆိုတဲ့ခွင့်ပြုချက်လေ. . . . နင်ဘာလို့ငြိမ်သွားရတာလဲ. . . ."

"ပိုပြီးတာဝန်ကြီးသွားသလားလို့. . . ."

လေးကန်စွာတစ်လုံးချင်းပြောလိုက်သော ဇဉ့် စကားကြောင့် ကိုကြီးက ရယ်သည်။

"ဒါတော့ နင်သိသားပဲ၊ ဟုတ်တယ်။ ဒီအရွယ်ကျမှတော့ ငါတို့ ထိန်းကျောင်းပြုပြင်နေရမယ့်အရွယ် မဟုတ်တော့သလို နင့်မှာလည်း စဉ်းစားတွေးခေါ် ဆုံးဖြတ်တတ်နေပြီပဲ၊ မလုပ်လိုက်ရတဲ့အရာတွေအတွက်ပဲ လူတွေနောင်တရတတ်တာမဟုတ်ပါဘူး၊ လုပ်ခဲ့ပြီး မှားခဲ့တဲ့ အရာတွေအတွက်လည်း နောင်တရတတ်ပါတယ်။ ဒါပေမယ့် လုံးဝကြီး မလုပ်ရတာထက်စာရင်တော့ လုပ်ချင်တာလေးကို လုပ်ခွင့်လည်းရလိုက်တယ်၊ အမှားဆိုတာကိုလည်းမြည်းစမ်းခွင့်ရလိုက်တဲ့အတွက် သင်ခန်းစာ တစ်ခုအနေနဲ့ နောက်မမှားနိုင်တော့ဘူးပေါ့။ ဒီလိုပြောလို့ နင့်ကိုမှားမယ် လို့ဆိုလိုတာမဟုတ်ဘူးနော်၊ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ကံဇာတာလည်း မတူကြပါဘူး။ တချို့တွေက သိပ်ပြီးအဆင်ပြေတယ်လို့ ထင်ရပေမယ့် မှားယွင်းသွားတတ်တဲ့သူတွေလည်းရှိတာပဲ။ ငါကတော့ စကားကိုလိုရင်းရောက်အောင် သေချာမပြောတတ်ဘူး။ အဓိကကကွ ကိုယ်ပဲ ကောင်းနေတာကို ဆိုးတယ်လို့ တွေးလိုက်လည်းကိုယ်ပဲ အဆိုးကို အကောင်းဖက်ကကြည့်တွေးပြီးနေတတ်သွားလည်း ကိုယ့်အတွက် အမြတ်ပဲ ဒါကိုဆိုလိုတာပါ. . . ."

ဇဉ် အသံမထွက်နိုင်တော့။

ဘာလုပ်ရမှန်းလည်းမသိတော့။





ထိပေါက်ပြီး ထိလက်မှတ် ပျောက်သူပမာ ဖြစ်နေရသည်။

"ငါကတော့ ညကျ ဟိုတစ်ကောင်နဲ့စကားပြောရဦးမယ် သူလည်း ဆုံးဖြတ်စဉ်းစားစရာတွေ ရှိနေတယ်ဆိုတာသတိပေးနှိုးဆော်ရဦးမယ်. . . ."

"ကျေးဇူးတင်ပါတယ် ကိုကြီး. . . ."

"ခု မတင်ပါနဲ့ဦး နောက်မှတင်ပါ တကယ်တမ်း သေချာသွားပြီဆိုတဲ့အချိန်ကျတင်ပါ ဟုတ်ပြီလား. . . ."

ဇဉ် ငြိမ်သက်နေမိဆဲ ကိုကြီးက အိမ်ရှေ့ထွက်သွားပြီ။ ဒီမှာ ကိုလင်း သီချင်းတစ်ပုဒ်လာနေသည် ကိုကြားနေရသည်။ မေမေလည်း အဲဒီရှေ့မှာ. . .။ ကိုကြီးလည်း အဲဒီရှေ့ရောက်သွားပြီ။ ကိုလင်းအသံ ကိုကြားနေရသည်။

***"တိမ်တွေငိုနေတာကြည့်ပြီး မင်းငိုနေတယ်လို့ ခံစားရှိုက်နင့် နေမိတယ် တံခါးတစ်ချပ်မှားဖွင့်မိတဲ့ ကံကြမ္မာနဲ့မှ ငါတို့က တည့်တည့်ကြီးလင်းပွင့်ခဲ့ကြတာတဲ့လား. . . ."***

ဇဉ်. . . . နားတွေကိုယောင်ယမ်းပိတ်မိလိုက်သလား မဆိုနိုင်။ ညိုးဖျော့နေသော နတ်သမီးကိုမြင်လာသည်။ ရဲရင့်မာကျောနေဟန်ရှိသော မိုး. . . ကို မြင်လာသည်။ နောက်. . . အဖြေမရှိသေးသော ဇဉ်တို့ အနာဂါတ်။ ဇဉ်တို့ ဆွဲဖွင့်လိုက်မည့်တံခါးသည်ရော. . . .။ မှန်ကန်မည့် တံခါးတစ်ချပ်လား။ လင်းပွင့်သွားမည့် ကောင်းကင်တစ်ခုလား။ မှောင်မိုက်သွားမည့် ညခင်းတစ်ခုလား။ ဘာမှမရေရာနေဆဲပါ။

အချစ်တစ်ခုတည်းနှင့် အရာရာကို အကောင်းအတိုင်းဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတဲ့ ဒေါက်တာလိတ်ရေ. . . ကျွန်မတော့ ဘာမှကို တွေးလို့ မရချင်တော့ပါဘူး။





(၅)

တကယ်တမ်းကျတော့ မနက်လေးနာရီခွဲအမီ ဘုန်းကြီးကြို ပို့ပေးမည့်ကိုကြီးက ကြိုရောက်ရမှာမို့ ဇဉ်တို့မိသားစုက အစောကြီး ရောက်သွားရသည်။

"ဇဉ်. . . ဟိုနေ့က အလုပ်တော်တော်များနေတာနဲ့ နင်နဲ့တောင် စကားကောင်းကောင်းမပြောလိုက်ရဘူး. . . ."

"အင်းလေ ငါလည်း ဒီကြားထဲ အလုပ်ပိနေတာနဲ့ ဘယ်သူနဲ့မှ အဆက်အသွယ်တောင်မရှိဘူး နင်ရော ခုဘာလုပ်နေလဲ. . . ."

"ကုမ္ပဏီတစ်ခုမှာပဲ လစာတော့ကောင်းတယ် လူကတော့ မသက်သာဘူးပေါ့ဟာ အရာရာအစစ ငါမှစ၍ဆိုတာလိုပဲ. . . ."

ညိုက ပြောပြီးရယ်သည်။

"ဒါကတော့ တာဝန်ယူတတ်တဲ့သူတွေရဲ့ ထုံးစံပါပဲ ညိုရာ ကိုယ်ပိုင်အလုပ်လုပ်လည်း ဒီလိုပဲ အရာရာအစစ ငါမှစ ငါမှာဆုံးပဲ မရှုတ်ရင် တစ်ခုခုဒုက္ခကိုယ်ပဲခံရမှာ. . . ."



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဟုတ်ပါတယ်"

"ဒါနဲ့နတ်သမီး မလာဘူးလား နင်တို့ခေါ်ထားသေးလား. . ."

ဇဉ် တမင်သက်သက်ကြီး စကားလမ်းကြုံသလိုလုပ်ကာ မေးပစ်လိုက်သည်။ ဘာလို့ဆို မိုးမလင်းခင်တည်းကပဲရောက်နေလား ညတည်းကပဲအိပ်လားမသိသော မိုး ဆိုတာကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ အမှန်တော့ မိုးကို ဇဉ်သေချာမမြင်ဖူးခဲ့။ နတ်သမီးပြောပြီးမှ မဂ္ဂဇင်းစာအုပ်အဟောင်းတစ်ခုထဲမှာတွေ့ဖူးလိုက်ခြင်းဖြစ်သည်။ အနက်ရောင်ဝမ်းဆက်နှင့် သူမကို ဘယ်သူမဆို နတ်သမီးနှင့် မှားစရာအကြောင်းမရှိတောင်မှ သို့လောသို့လောတွေတွေးနိုင်လောက်သည်လေ။

"အင်း. . . . မသိဘူး မေမေများခေါ်လားမသိ သူလည်း သူ့ဟာသူလုပ်မလားမသိဘူးလေ. . . ."

ညိုတစ်ယောက် အင်းအဲတွေဖြစ်ကုန်သည်။ သူ့အမေ ကြည့်ရတာလည်း အဲဓာက်စိတ်ဝင်စားပုံမပေါ်ပါ။ သားဇော လောက်ပဲ ခေါင်းထဲရှိပုံရသည်။ ကိုယ်ကလည်းသိနေပြီးသားအရာတစ်ခုဆိုတော့ ထပ်မမေးဖြစ်တော့။

တရားနာပြီးတော့ ကိုလင်းအဖေ၊ အမေနှင့်မေမေတို့ ရေစက်ချကြသည်။ ကိုလင်းတစ်ယောက် ကောင်းရာမွန်ရာ ဘုံဘဝမှာ မမှားသော လမ်းများကိုသာလျှောက်နိုင်ပါစေဟု ဇဉ်ညီမတစ်ယောက်အနေနှင့် စိတ်ထဲကမှ ဆုတောင်းပေးလိုက်မိသည်။

"ငါစောစောပြန်နှင့်မယ် ညို၊ ကိုကြီးနဲ့ မေမေတော့ ရှိမယ်. ."

"ဟင် နင်ကလဲ ငါက နင့်ကိုတစ်နေ့လုံးရှိမယ်ထင်နေတာ. ."

"ငါ ဒီနေ့နေ့လည်ရိုက်မယ့်မဂ္ဂဇင်းကာဗာတစ်ခုတွက် လက်စ





မသပ်ရသေးလို့ စင်သီယာတို့ကိုလည်းခေါ်ထားမိတယ် အဲဒါပြေးရဦးမယ် တော်ကြာအချိန်မီမပြီးရင် မကောင်းဘူးလေ အများနဲ့အလုပ်လုပ်ရတာ. . . ."

မုသားမပါ လက်ာမချောတဲ့။ ခုလည်း လက်ာကသိပ်အချောကြီး မဟုတ်တောင်မှ မုသားတော့များများစားစားထည့်လိုက်ရသည်ပင်။ ၁၀၀%မုသားစစ်စစ်ဟုပင်ပြောနိုင်သည်။

"အေးပါ အလုပ်ဆိုတော့လည်း ဘယ်လိုပြောမလဲ ငါလည်းနောက်မှ နင့်ဆီအကျိုလာအပ်ဦးမယ် နင်က မင်းသမီးတွေမော်ဒယ်တွေလောက်ပဲချုပ်တာဆိုပေမယ့် ငါ့တော့ချုပ်ပေးနော်. . . ."

စကားလုံးက နည်းနည်းတော့ အရိအထေ့ပါလာသေးသည်။ ညိုကတော့လေ. . . ဟုစိတ်ထဲကညည်းလိုက်မိသော်လည်း. . . ပါးစပ်ကတော့ခပ်သွက်သွက်လေးနောက်လိုက်သေးသည်။

"အာ ချုပ်ပါတယ် ပိုက်ဆံသာရလို့က အကုန်ချုပ် အဲလေ ဟုတ်ပါဘူး ဒီလူနဲ့ဒီလူက ဘာပြောစရာ လိုလဲနော့ သူစိမ်းတွေမှမဟုတ်တာ. . . ."

ဇဉ်နှင့်ညို စကားပြောနေသည်ကို ခပ်လှမ်းလှမ်းမှ စူးစမ်းသောအကြည့်တစ်စုံကလှမ်းကြည့်နေတာကို ဇဉ်သိနေသည်။ သူမမျက်လုံးတွေက တဆိတ်တော့ စူးရဲလွန်းသည်။ စူးရဲတောက်ပသည်ဆိုခြင်းထက် ရဲတင်းအေးစက်လွန်းသည်ဟု ဇဉ်က ခံစားလိုက်ရသည်။ ဒါပုဂ္ဂလိက ခံစားချက်လည်းဖြစ်နေနိုင်သည်။ လောလောဆယ်မှာ ဇဉ်က နတ်သမီး ခံစားချက်ကို သိသောသူကိုး။

"နင် စားစရာတစ်ခုခုယူသွားလေ. . . ."



www.burmeseclassic.com

www.burmeseclassic.com


"နင်ထည့်ပေးလိုက်ရင် ကလေးတွေစားရတာပေါ့ ငါကတော့ မနက်စောစောစီးစီး မုန့်ဟင်းခါးများ စားရမလားလို့ ဒံပေါက်တဲ့ မစားချင်ဘူး နင်တို့လုပ်တာနဲ့ မုန့်ဟင်းခါးစားချင်လို့လားဆိုတဲ့စကား တွေပြင်ရတော့မယ်ထင်တယ်. . . ."

ညိုကရယ်သည်။ ပြီးတော့ ဒံပေါက် လေးပွဲလောက်ပြင်ကာ ဗူးနှင့်ထည့်ပေးလိုက်သည်ကို ခပ်တည်တည်နှင့်ယူပြီးပြန်လာသည်။ အလင်းရောင် ရက်လည်က ဒံပေါက်ဆိုတော့ ဆိုင်မှာသေချာပေါက် လုပဲစားမလား မစားနိုင်မသောက်နိုင် ထိုင်ပဲနေကြမလားဟုတွေးကာ ဇဉ်ပင်ပြုံးချင်ချင်ဖြစ်သွားရသည်။

ညိုတို့ဆီက ထွက်လာတော့ မနက် ၇နာရီ။ လမ်းမှာ မုန့်ဟင်းခါးဝင်ဝယ်သည်။ နှစ်ပွဲစာ။ လက်ဘက်ရည်နှစ်ခွက်ဝယ်သည်။ ပြီး. . . နတ်သမီးကိုသွားနှိုးလိုက်လိုက်သည်။ နတ်သမီးက တအံ့တဩ။

"မီး နိုးနေပါတယ် မထသေးတာ. . . ."

"အင်း အိပ်ရေး အိပ်ရဲ့လား"

"အိပ်ပါတယ် ညက ဝတ္ထုအလှူအတွက် စာအိတ်လေးတွေ ထည့်ပြီး အိပ်ယာဝင်တာပဲ. . . မီး အိပ်ရေးဝအောင်တော့ အိပ်ဖို့ကြိုး စားတယ်. . . . မအိပ်လည်း အိပ်ဆေးသောက်အိပ်လိုက်တယ်. . . နောက်တစ်နေ့ မလန်းရင် ဘာမှလုပ်လို့မရဘူးလေ. . . ."

"ကဲကဲလုပ်တော့ မနက်စာစားမယ် ဗိုက်ဆာပြီ. . . ."

"မီး မျက်နှာသစ်ရင်း ရေပါချိုးလိုက်မယ် ခဏလေးနော်ရ လား. . ."

"ရတယ် ဒါဆို ဇဉ်အိမ်နောက်ဖက်ဝင်ပြင်ထားလိုက်မယ်



နော်. . ."

"အားနာစရာ၊ ဇဉ်က ဝယ်လည်းလာရသေး၊ ကိုယ်တိုင်လည်း ပြင်ကျွေးရသေး"

"ရတယ်. . . ဒီတစ်ခါပဲရမှာ. . . မပူနဲ့. . . နောက်မရဘူး"

နတ်သမီးကရယ်ကာ

"အင်းလေ လိုက်သွားတော့မယ့် သူကိုး" ဟုပြောကာ ရေချိုး ခန်းထဲဝင်သွားသည်။ ပြီးမှ သတိရဟန်နှင့် အထဲက အော်မေးနေသည်။

"ညက အဆင်ပြေလား. . ."

"ပြေပါတယ်မီးရယ်. . . ."

"ပြေတယ်ဆိုတဲ့လူအသံလည်း အားမရှိလိုက်တာ. . ."

"တာဝန်သိပ်ကြီးသွားသလိုခံစားရလို့ မီးရေ. . . မေမေက ဦးနှောက်နဲ့ရော ခံစားချက်နဲ့ရော အရာအားလုံးနဲ့ ချိန်ထိုးဆုံးဖြတ် ပါတဲ့. . . . ."

"အင်း. . . ဆရာမပြောတာဟုတ်တာပဲ. . . ."

မီးကြည့်ရတာ ကိုလင်းခေါ်သလို လိုက်ခေါ်လိုက်ပုံရသည်။

"ဒါနဲ့ မီးမေးရဦးမယ်. . . ."

"အင်း. . . ."

"ကိုယ်ရွေးချယ်ခဲ့တဲ့လမ်းက မှားနေတာတွေ့တဲ့အခါ မီးဘယ် လိုခံစားရလဲ ဆိုလိုတာက လုပ်ချင်တာလုပ်ခဲ့ရတာနဲ့ ရလာတဲ့နောင်တ ဘယ်ဟာကပိုများလဲ. . ."

နတ်သမီးထံမှ ရုတ်တရက်ဖြေမရ။ ဇဉ်လည်း မေးလိုက်မိပြီးမှ မှားသွားသလိုခံစားသွားရသည်။ အမှန်ဆို မမေးသင့်သောအချိန်။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ချင်တာလုပ်ခွင့်ရခဲ့လို့ ပျော်ရွှင်ခဲ့ရတဲ့အချိန်က သပ်သပ်ပါ။ နောက် မှားပြီလို့ သိလိုက်ချိန်မှာ ရလာတဲ့ခံစားမှုကလည်း သပ်သပ်ပဲ. . . ကိုယ်လုပ်ခဲ့တာဖြစ်တဲ့အတွက် ကိုယ့်တစ်ကိုယ်စာနောင်တပဲရပါတယ် သူများကိုပြစ်တင် ကြေကွဲမနေရဘူးပေါ့. . . နှစ်မျိုးမနာကျင်ရတဲ့အတွက် ကျေနပ်ပါတယ်"

အမှန်က နတ်သမီးအဖြေက ပြည့်စုံသည်။ သို့သော် ဇဉ်မှာက ထပ်မေးစရာတွေရှိနေသည်။ ဆက်မမေးဖြစ်အောင်ပဲ ကြိုးစားလိုက်ပါသည်။

နတ်သမီးထွက်လာတော့ မုန့်ဟင်းခါးဟင်းရည်နှင့် လက်ဘက်ရည်က အဆင်သင့်နွေးပြီးသား။ သူမတစ်ယောက်တည်းနေသည်မို့ အိုးခွက်ပန်းကန်တွေအစုံအလင်ရှိသော်လည်း ဘာမှချက်ပြုတ်စားပုံမရသလို ရှင်းသန့်နေသည်။

"မီး ကိုယ့်ဘာသာကိုယ်ချက်မစားဘူးလား. . . ."

"တစ်ခါတစ်ခါစားပါတယ်၊ ဒါပေမယ့် မီးစားတာတွေက လွယ်လွယ်ကူကူတွေ သိတယ်မဟုတ်လား စွပ်ပြုတ်လို Steam လုပ်စားရတဲ့ဟာမျိုးလိုတွေများတယ်။ များသောအားဖြင့်က မေမေတို့အိမ်ဝင်စားလိုက်တယ်။ မီးက အပြင်စာမကြိုက်ဘူး ကိုလင်းက အပြင်စာကြိုက်တယ်။ အတူတူချင်းကိုတောင် အပြင်ဆိုင်ကမှ စားချင်တတ်တာ. . ."

ကြုံလို့ပြောလိုက်တာလား။ သတိရသွားလို့လား ဆိုတာကတော့ နတ်သမီးမှသိပေလိမ့်မည်။ ငယ်ငယ်တည်းက ကိုမင်းက အိမ်ထမင်းဟင်းစားချင်လို့ အိမ်မှာထမင်းလာစားတတ်သူဖြစ်သော်လည်း ကိုလင်းနှင့် ကိုကြီးက အပြင်စာကိုပိုမိုမက်မောတတ်ကြတာကို သတိထားမိပါ





သည်။

သေချာတာကတော့ ဒီအိမ်ကလေးမှာ ကိုလင်းအငွေ့အသက်ဆို၍ ဘာတစ်ခုမှစွန်းထင်းနေသလိုတောင်မတွေ့ရခြင်းပင်။ ကိုလင်းပုံ၊ ကိုလင်းအခွေ၊ ကိုလင်းအသံ၊ စသဖြင့် ဘာတစ်ခုမှမရှိနေ။ သူစိမ်းတစ်ယောက်၏ အိမ်ရောက်နေသလို ကိုလင်းကို ဖမ်းလို့မမိနိုင်သော နေရာတစ်ခုနှင့်သာတူသည်။ စောစောက သူမပြောလိုက်သောစကားတစ်ခွန်းကလွဲလျှင်ပေါ့။

"ကဲ ကိုယ့်ဘာသာကိုဆုံးဖြတ်ခွင့်ရသွားတဲ့သကာလ ဇဉ် ဘယ်လိုဆုံးဖြတ်မလဲ မီးကို အမြည်းပေးပါဦး. . ."

နတ်သမီးက လက်ဘက်ရည်ပူပူကိုမှုတ်သောက်ရင်းမေးသည်။

"သိသေးပါဘူး မီးရယ် ဒီက အလုပ်တွေကိုလည်း ဘယ်လိုထားသွားမလဲ. . . ."

ဇဉ့်စကားကြောင့် နတ်သမီးက ဇဉ့်ကို သေချာကြည့်ကာ တစ်ခုမေးသည်။

"ဒါဆို မီးမေးမယ် ဇဉ့်ကို နောက်ထပ် ဒီဇိုင်းပညာတစ်ခုခုလေ့လာဖို့ ပညာတော်သင်သွားခိုင်းမယ် ဇဉ်သွားမလား. . . ."

"သွားမှာပေါ့. . . ."

"အဲလိုသဘောထားပြီးသွားလိုက်ပါ ကိုမင်းဆီကို. . . သူပျော်မှာပါ နောက်မှ ဇဉ်လိုချင်တဲ့နေရာကို ပြန်ခေါ်လာခဲ့ပါ သူလိုက်လာမှာပါ. . ."

နတ်သမီး စကားကြောင့် ဇဉ် အနည်းငယ်လင်းပွင့်ပေါ့ပါးသွားသလိုခံစားရသည်။ နတ်သမီးကိုလည်း ကျေးဇူးတင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်းကိုချစ်ခဲ့တဲ့အတွက် မီးနောင်တမရပါဘူးဇဉ်။ လူတစ်ယောက်ကိုချစ်တယ်ဆိုတာ နောင်တရစရာမှမဟုတ်တာ။ သူများယွင်းမှုတစ်ခုကိုနာကျင်ခံစားရတာကလွဲရင် မီးမှာဘာမှမရှိပါဘူး။ အဲဒီ သူများယွင်းမှုကလည်း မီးလည်းဘာမှမတတ်နိုင်တဲ့မှားယွင်းမှုတစ်ခုဖြစ်တဲ့အတွက် နောင်တရစရာလည်း မရှိဘူး။ ကိုလင်းအနေနဲ့ကတော့ နောင်တရသွားမှာပဲ. . . နောင်တကို နာကျင်မှုခံစားမှုအသွင်အဖြစ်နဲ့ မထားပဲ၊ သင်ခန်းစာတစ်ခုအနေနဲ့. . . တွေးလိုက်ရင် နောက်မှားစရာ ဘာရှိတော့မလဲ။ သိပ်နောက်ကျသွားပြီး ပြုပြင်လို့မရတဲ့ အရာတွေအတွက် မီးတို့နာကျင်ကြေကွဲလည်းခဏပေါ့။ လုပ်စရာတွေ အများကြီးရှိပါသေးတယ် ဇဉ်. . . . ဇဉ်လည်း လုပ်စရာရှိတာလုပ်ပါ စဉ်းစားစရာရှိရင်စဉ်းစားပါ"

ဇဉ် ခေါင်းညိတ်ရုံကလွဲလို့ ဘာမှမပြောတတ်။

ကိုးနာရီခွဲလောက်ကျတော့ သူတို့နှစ်ယောက်ဘုန်းကြီးကျောင်းသွားရန်ထွက်ခဲ့ကြသည်။ လမ်းမှာအချိုပွဲမှာထားသော ဗန်းတွေဝင်ယူသည်။ ရေခဲမုန့်ဝင်ယူသည်။ ဘုန်းကြီးတွေကိုဆွမ်းကပ် ပစ္စည်းကပ်ကြတော့ ဘုန်းကြီးက နှစ်ယောက်တည်းလားဟုမေးသည်။ ဘယ်သူမှ ရေရေရာရာမဖြေပဲ ပြုံးနေမိကြသည်။ နောက်တစ်ပတ်ဂျာနယ်တွေထွက်လာတော့လည်း နောက်တစ်နေရာမှာလူအများနှင့်လုပ်သွားတာကို ဘုန်းကြီးတွေသိသွားလောက်မှာပါ။

ဒီတစ်ခါတော့ နှစ်ယောက်တည်းရှိတာမို့ ရေစက်ခွက်ကို မီးနှင့်အတူချဖြစ်သည်။ ဘဝမှာပထမဆုံးရေစက်ခွက်ကိုင်ဖူးခြင်း။ အစ်ကိုတစ်ယောက်အတွက် ချစ်သူနှင့်လှူသောအလှူ. . . .။ အစ်ကို၏ချစ်သူနှင့်. . . .။(ဒီစကားလုံးကိုတော့ မီးကဖြင်းပယ်နိုင်သည်)





နေ့ဆွမ်းကပ်သည်မို့ အလှူရှင် မီးနှင့်အတူ ထမင်းစားခဲ့လိုက်သေးသည်။ ကိုလင်းကြိုက်တတ်တဲ့ ငါးသလောက်ပေါင်း၊ ငံပြာရည်ကြော်၊ ချဉ်ရည်ဟင်း၊ ကြက်သားနှင့်အသည်းအမြစ်ဟင်း၊ ဒါတွေက မီးသေချာစီစဉ်လိုက်တာလား သူ့ဘာသာသူတိုက်ဆိုင်သွားတာလား မီးမှသိပေလိမ့်မည်။

"မနက်က သူတို့အိမ်ရောက်သေးလား ဇဉ်. . . . ."

"ရောက်တယ် သူတို့က အာရုံဆွမ်းဆိုတော့ မနက်သုံးနာရီခွဲတည်းကထသွားကြတာ ကိုကြီးက ဘုန်းကြီးပင့်ပေးတာလေ. . ."

"အင်း. . . . အဆင်ပြေတယ်မဟုတ်လား. . . ."

"ပြေပါတယ်. . . ."

မိုးကို တွေ့ခဲ့တာကိုတော့ ပြောစရာမဟုတ်ဟု ထင်၍မပြောလိုက်တော့။

"အင်း ကားပေါ်မှာ ဒံပေါက်ထုတ်တွေတောင်ပါသေးတယ် . . . . ဆိုင်က ကလေးတွေအတွက်လေ. . . ."

"ဒီက ဟင်းတွေလည်းယူသွားပါလား ဇဉ် ကလေးတွေစားရတာပေါ့ ထမင်းတော့ ကိုယ့်ဟာကိုယ်ရှားစားလို့. . . ."

"နေတော့ မီး၊ ဒီမှာလုပ်တဲ့သူတွေစားကြပါစေ. . . ."

"ဟုတ်တယ်နော် ဒီမှာကုသိုလ်ယူလုပ်နေတဲ့သူတွေ အပြင်ကခြား တာဟီရလုပ်တဲ့သူတွေလည်း အများကြီးရှိတယ်"

သူတို့အပြန်လမ်းမှာတော့ အလုပ်ကိစ္စကိုပဲဦးစားပေးပြောဖြစ်သည်။ နောက်တစ်ပတ်ထဲ ရိုက်မည့် ကာဗာကိစ္စ။ နတ်သမီးနှင့် သံယောဇဉ်တို့ ပြန်လည်ဆုံဆည်းမှု. . . .။



www.burmeseclassic.com

www.burmeseclassic.com



"ခရမ်းရောင်ဖျော့ဖျော့လေး တစ်စုံထည့်ပါလား ဇဉ်၊ အဝါဖျော့ ပန်းရောင်ဖျော့တွေအစားလေ"

"အဝါကိုဖယ်လိုက်ပါ့မယ် ခရမ်းထည့်ပေးမယ် မီးက ခရမ်းကြိုက်လို့လား. . ."

"အဲလိုထက် ဇဉ်နဲ့တွဲတဲ့အခါတိုင်း ခရမ်းရောင်လေး အမှတ်တရဝတ်ချင်လို့. . ."

သူ့စကားက အရောင်နှင့်ပဲပတ်သက်သလား တခြားအဓိပ္ပာယ်ရောပါသေးလား သူမှပဲသိနိုင်ပါလိမ့်မည်။

နတ်သမီးက ဆိုင်လိုက်ကာ ကိုယ်တိုင်းပေးမည် ဆိုသဖြင့် ဆိုင်ကိုခေါ်လာခဲ့လိုက်သည်။

တစ်ဆိုင်လုံး တအံ့တသြတွေဖြစ်လို့။ နတ်သမီးက အတိုင်းယူပြီးသည်နှင့် ပြန်သည်။ လိုက်မပို့နဲ့တော့ဟု ဆိုသဖြင့် ကားတစ်စီးငှားကာ တင်ပေးလိုက်သည်။

"စားခဲ့ပြီလား မမ"

"ပြီးပြီ. . . ."

"သူ့ကြည့်တော့လည်း ခု ဘာမှမဖြစ်သလိုပဲ. . . ."

နီနွယ်က ဇဉ့်ကိုပြောသလို တခြားလူတွေကိုပြောသလို ကိုယ့်ဘာသာကိုယ်ပဲရေရွတ်သလိုနှင့် ထိုစကားကိုခပ်တိုးတိုးရေရွတ်သည်။

"ဘယ်လိုနီ. . . . ဘာပြောလိုက်တယ်. . ."

ဇဉ် ခပ်အေးအေးပင်ပြန်မေးလိုက်သည်။

"အဲဒီ နတ်သမီးဆိုတဲ့မိန်းမက ယောကျ်ားတစ်ယောက်လုံးဆုံးထားတာ ဘာမှမဖြစ်သလိုပဲ အမှန်က သူထားခဲ့လို့ဟိုကသေရ





တာ. . ."

ဘုရားသခင်။ ဇဉ်တော်တော်လေး စိတ်ပျက်သွားရသည်။ ဒါက ဇဉ့်နားမှာနေသော သူတစ်ယောက်၏အသံတဲ့။

"ဒီမှာနီ လူတစ်ယောက်ကို ဘာမှဂယနဏမသိပဲ မဝေဖန်ရမဆုံးဖြတ်ရဘူး။ မှတ်ချက်မချရဘူး၊ ဒါလူသားချင်းစာနာစိတ်ရှိတဲ့သူတိုင်း လိုက်နာရမယ့် လူ့ကျင့်ဝတ်ပဲ နတ်သမီးနဲ့ အလင်းရောင်ဆိုတာလူသိများတဲ့ အနုပညာသမားတွေမှန်တယ်၊ ဒါပေမယ့် သူတို့ကိုအပေါ်ယံပဲသိတာ။ တကယ့်တကယ်သူတို့ဘဝတွေကို သိကြတာမဟုတ်ဘူး။ ဥပမာ ပြောရရင် ကိုလင်းအကြောင်းကို မဇဉ်ကသိတယ်လို့ ပြောလို့ရတယ်။ ခု နီတို့ စင်သီယာတို့ထက်သိတာ။ နတ်သမီးသိသလောက်တော့ မဇဉ်လည်းမသိဘူး. . . . တကယ်တမ်းဖြစ်သွားတာက ဘာဆိုတာ ရှင်းပြဖို့ မဇဉ်မှာတာဝန်မရှိဘူး နီ။ ကိုလင်းမျက်နှာနဲ့လည်း ရှင်းမပြချင်ဘူး။ ဒါပေမယ့် ခုချိန်မှာအတိအကျပြောနိုင်တာက နီပြောတာထင်ထာအားလုံးက ရာနှုန်းပြည့်မှားနေတယ်။ လူတွေနဲ့ကင်းကင်းနေတတ်တဲ့ မဇဉ်က ဒီရက်ပိုင်းမှာဘာလို့ နတ်သမီးကိုကူနေတာလဲ၊ သူ့ကိုကား မမောင်းခိုင်းပဲ ကိုယ်ချည်းမောင်းလို့ ကြိုပေးလုပ်နေတာလဲဆိုတာကိုတွေးကြည့်နိုင်ရုံနဲ့တောင် ဒီလိုစကားမျိုးမထွက်ပါဘူး"

ဇဉ် ဒီထက်လည်း ရှည်ရှည်ဝေးဝေး ရှင်းမပြချင်မိ။

ဇဉ့်စကားကို နီနွယ်လည်း ယုံချင်မှယုံမည်။ ကျေနပ်ချင်မှ ကျေနပ်မည်။ ထို့အတွက်လည်း သေဆုံးသွားပြီဖြစ်သည့် ကိုလင်းက ဒီလိုပါဟု. . . ဇဉ် ဘယ်သောအခါမှ ပြောဖြစ်လိမ့်မည်မဟုတ်။ ဒါတွေကိုတော့ နတ်သမီးက တော်တော်ကြီးရင်ဆိုင်ရလိမ့်ဦးမည်။ ဒီနေ့ကျင်



www.burmeseclassic.com

www.burmeseclassic.com



မှုတွေကိုရော နတ်သမီးဆိုသည့် မိန်းမသားတစ်ဦးက ဘယ်လိုစာရင်းထဲထည့် ဖြေသိမ့်မှာပါလိမ့်။

ဇဉ် စိတ်တွေတော်တော်ရှုပ်ထွေးလာသည်။ ထို့ကြောင့် မရှိသော အစအကွက်အပွင့် ခရမ်းဖျော့များရှာရန် စင်သီယာ့ကိုခေါ်၍ ဈေးသို့ ထွက်လာလိုက်တော့သည်။





(ည)

"မေမေကတော့ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်လုပ်ဖို့ခွင့်ပေးလိုက်တာပဲ ကိုမင်း. . ."

"အင်း သစ္စာဆီက သိပြီးသွားပြီ. . . ဇဉ် ပိုပြီး တာဝန်ကြီးသွားတယ်လို့ ပြောတယ်ဆို. . . ."

"ဟုတ်တယ် ဆိုလိုတာက. . . ."

"သိပါတယ် ကိုယ့်ကို ရှင်းပြစရာမှမလိုတာ နောက် သစ္စာမေးသွားတဲ့မေးခွန်းတွေအတွက်လည်း ကိုယ်စဉ်းစားနေတယ်. . . . ."

"ကိုမင်းပြန်လာမှာလား ဇဉ် ကလာရမှာလားဆိုတာကို လား. ."

"အင်း. . . ."

"အစက ကိုမင်းဘယ်လိုတွေးထားလဲ. . . ."

"ဇဉ့်ကိုခေါ် ချင်တာ. . . ."



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးမှာ ခပ်ဖွဖွရယ်သည်။ ဇော်ကလည်း ကိုမင်းပြန်လာမှာ လို့တွေးတာလို့ပြောမိတော့ နှစ်ယောက်သားရယ်ဖြစ်ကြပြန်သည်။

"ဖြစ်ပါဘူးကိုမင်းရာ ပြန်လာပါလား. . . ."

"ဖြစ်ပါတယ်ဇော်ရာ ကိုမင်းဆီလိုက်လာခဲ့ပါ. . ."

လွန်ဆွဲနေကြခြင်းမဟုတ်သော်လည်း လွန်ကြိုးခပ်ဖျော့ဖျော့ တစ်ချောင်းကိုတော့ အထင်းသားတွေမြင်နေရသည်။

"ကိုမင်း ဘာလို့ပြန်မလာချင်တာလဲ. . ."

"အဲဒါကို ကိုယ့်ဘာသာကိုယ်မေးနေမိတာလည်း တော်တော်ကြာပြီ. . . ."

ထိုသို့ပြောပြီး ကိုမင်းအသံတိတ်သွားပြန်သည်။ ခဏနေကျတော့. . . . ဆက်ပြောသည်။

"ကိုယ် မေမေ့ဆီလည်း ပြန်လာချင်တယ်။ မေမေ့ကိုလည်း ရင်မဆိုင်ချင်ဘူး။ အဲလိုတွေဖြစ်ခဲ့တာက အရင်က ခုကျတော့ မေမေနဲ့ မကြာခဏစကားပြောတယ်။ ဖေဖေနဲ့လည်းပြောဖြစ်တယ်။ သူတို့လည်း ခုတော့ လွှဲရှောင်ဖို့မဟုတ်ပဲနဲ့ကို မလာချင်ဘူးဖြစ်နေတာ. . . ကိုယ့်စိတ်ထဲမှာ ဘာတွေရှိနေလဲ ကိုယ်တောင်မတွေးတတ်တော့သလိုပဲ. . . ."

ဇော် သက်ပြင်းကိုခပ်လေးလေးချမိသည်။

"ဖြေးဖြေးလုပ်ပါ ဇော်လေးရာ လွင့်တောင်သွားတော့မယ် လူနဲ့ သက်ပြင်းတောင် မလိုက်သလိုပဲ. . . ."

"မသိဘူး ကိုမင်း ခုမှ ဇော် ပိုမွန်းကြပ်လာသလိုပဲ. . . ဇော်က ဘယ်လိုမှမလာနိုင်ဘူးဆိုရင် ကိုမင်းက ဇော့်ဆီတော့ ပြန်မလာဘူးပေါ့





အဲလိုလား. . . . "

အမှန်က အဲလို သိပ်ကလေးဆန်သော မေးခွန်းမျိုးကို မမေးချင်ပါ။ သို့သော် မေးမိသွားရသည်။

"အဲလိုလည်း မဟုတ်သေးပါဘူး ဇော်ရယ် ဒီလိုတော့ အဖြစ်ခံမလား၊ နည်းလမ်းတွေရှိပါသေးတယ် ငလင်းကပြောခဲ့ဖူးတယ်။ ပြဿနာတစ်ခုမှာ ဖြေရှင်းစရာနည်းလမ်း ၇၀၀ ရှိတယ်တဲ့။ တစ်နည်းနည်းတော့ တို့တွေဆီရောက်လာမှာပါ. . . ဟုတ်လား ခု ဇော်လေး စဉ်းစားရမှာက ဘာလုပ်ကြမလဲဆိုတဲ့အကြောင်း. . . ပြီးရင် ဖြစ်စေချင်သလိုပြော ကိုယ်တို့ညှိယူရမယ်. . . ."

"ဖြစ်စေချင်တာက ကိုမင်းပြန်လာဖို့လေ. . . ."

ခပ်ငြူစူစူလေသံနှင့် ပြောလိုက်တော့ ကိုမင်းကရယ်သည်။

"ဒါဆိုလည်း ပြန်လာရမှာပေါ့နော်။ ကဲကဲ စဉ်းစားကြပါဦးမယ် တာ့တာ. . . ဖုန်းဘိုးသိပ်ကုန်နေပြီ. . . . တော်ကြာမိန်းမ မယူနိုင်ပဲနေဦးမယ်"

ပြောပြောဆိုဆို ဖုန်းချသွားတော့သည်။

ခြံထဲဆင်းဖုန်းပြောနေခြင်းဖြစ်သဖြင့် ဖုန်းပြောအပြီး အိမ်ထဲပြန်ဝင်လာခဲ့သည်။ မေမေက ဘုရားစင်ရှေ့မှာ တရားထိုင်နေ၏။ ဇော်သွားရင် မေမေတစ်ယောက်တည်းကျန်ခဲ့မှာဆိုသော အတွေးကလည်း ဇော့်ကိုခွင့်မပြုချင်ပြန်။ ဖေဖေ ဘုန်းကြီးဝတ်သွားတာ နှစ်နှစ်ကျော်ပြီ။ ဖေဖေ့ဆွမ်းကွမ်းကိစ္စတွေကို ကိုကြီးက တာဝန်ယူထားသည်။ မေမေက သွားလေ့မရှိ။ အနှောက်အယှက်ဖြစ်မှာစိုးလို့ဆိုကာ တစ်ခါမှမသွားခဲ့။

ကိုကြီးက ရန်ကုန်လာနေမှုပဲရမည်။ မေမေကတော့ ချွေးမနှင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်နေလိမ့်မည်မဟုတ်။ စိတ်တွေပိုလို့ပင်ရှုပ်လာရသလိုပင်။ ဘာမှ ငဲ့ကွက်စရာမရှိဘူးဆိုရင်ရော ဇော် အလုပ်တွေကိုထားခဲ့ပြီးလိုက်သွား နိုင်မှာမို့လို့လား။ ဇော့်ကိုယ် ဇော်ပြန်မေးရသေးသည်။ သိပ်တော့မဖြစ်နိုင်။ အတော်ကြိုးစားယူရလိမ့်မည်။ ဒါဆို အရင်လိုပဲ ပြန်နေကြမလားဆို တော့လည်း တွေးမိတာနှင့်ပင် အံ့ဆိုင်းမှိုင်းညို့လာသော ရာသီဥတုတစ် ခုနှယ်။

မရှိခဲ့ဘူးဟုထင်ထားသော ဒဏ်ရာများလည်းပြန်လည်ရှန်းကြွ နာကျင်လာခဲ့ကြသည်။

*"ဘာတရားတာလဲ နင်တို့တစ်မိသားစုလုံး အဆင်ပြေအောင် လည်း အစစအရာရာကူညီခဲ့ပြီးပြီ ဒါတောင်မှ ငါ့သားလေးကိုပါ နင်တို့ လိုဘ၀ထဲထည့်ပေးလိုက်ရဦးမယ်ဆိုရင်ရော နင်တို့ တရား သလား. . ."*

*"အဲဒီပေါင်းစည်းမှုကို စတင်ခဲ့သူက ဇော်မဟုတ်ဘူးဆိုတာ မမေ့ပါနဲ့ အန်တီလည်းမိန်းမပါ စတင်ချဉ်းကပ်တတ်တဲ့မိန်းမတွေ ထဲမှာ အန်တီမပါသလို ဇော်လည်းမပါပါဘူး"*

*"ခု နင်ပြောတဲ့စကားပဲ နင်တည်ပါစေ. . ."*

*"အန်တီ့သား ကျွန်မကိုကားတင်မပြေးအောင်ပဲ ထိန်းသိမ်း ထားလိုက်ပါ. . ."*

အခြေအတင်ပြောခဲ့ကြသောစကားများ။ တင်းထားခဲ့သော မာန်မာနများ။ ထိန်းထားခဲ့သော သိက္ခာများ။ နင့်သီးနာကျင်နေခဲ့သော ခံစားမှုများ။ စူးနစ်စွာတွယ်ငြိနေခဲ့မိတာ သေချာနေသည့် ချစ်ခြင်း များ။ အရာရာသည် တကယ်လည်းဖြစ်တည်ခဲ့ပြီး တကယ်လည်း ပြောင်း





လဲသွားခဲ့သည့်တိုင် သေချာတာကတော့ တစ်ချိန်ကဖြစ်တည်ခဲ့မှုများကို ဥပက္ခာပြုခွင့်လွှတ်လိုက်နိုင်သည့်တိုင် မေ့နိုင်လိမ့်မည်တော့မဟုတ်။ အရာရာသည် ဘာမှမဖြစ်ခဲ့ကြဘူးသလို အသစ်အတိုင်းပြန်လည်ဖူးပွင့် လာတတ်သည်မှ မဟုတ်ပဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

"အိုး လှလိုက်တာ ဇဉ်ရယ်. . . . ဒီခရမ်းရောင်လေးကို မီးအကြိုက်ဆုံးပဲ. . . ."

ကိုလင်းရက်လည်ပြီးတစ်ပတ်ကျော်မှာ နတ်သမီး ဓါတ်ပုံပြန်ရိုက်၊ အလုပ်ပြန်လုပ်တာသိပ်တော့ အဆန်းမဟုတ်ဟု ဇဉ်ကထင်သည်။ နာကျင်မှုတွေကြောင့်လူတွေ အခန်းပိတ်ငိုကြွေးနေကြရမည်တဲ့လား။ မဟုတ်သေးပါ။ ဒီနေ့ ဓါတ်ပုံရိုက်ကြတော့ အောက်ဒိုး။ အရိုင်းဆန်သော ဘိုးဟီးမီးယန်းပုံစံများကို အပြင်တွင် လွတ်လပ်ပေ့ါပါးစွာ ရိုက်ဖို့ ဇဉ်ပဲ မဂ္ဂဇင်းကို အကြံပေးခဲ့သည်။

နတ်သမီးကြိုက်သည်ဆိုသော ခရမ်းရောင်ကိုတော့ ဂါဝန်ရှည်ကြီးတစ်ထည်ရအောင် အကွက်နှင့် ပန်းပွင့်၊ အစက်အပျောက်များကို တစ်ကွက်စီ ဇဉ်ကိုယ်တိုင်ညှပ်တွဲခဲ့သည်။ လွင့်ထွက်ရန်ကြိုးစားနေသော စိတ်များကို ထိုအကျီထဲပစ်ထည့်ပစ်လိုက်ခြင်းသာ။





တိုက်ဆိုင်သည်ဟု ပြောရမလားမသိ။ ဟိုးလွန်ခဲ့သည့်နှစ်တွေဆီက မီးနှင့်ရိုက်ခဲ့သော ခရမ်းရောင်နှင်းဆီများနှင့်ဝတ်စုံကို ဖန်တီးစဉ်ကလည်း ဇဉ် ကိုမင်းနှင့်ပတ်သက်ကာနာကျင်ခံစားနေရသော အချိန်။ နာကျင်မှုအားလုံးကို အလုပ်ထဲပစ်ထည့်လိုက်သောအခါ ထို ခရမ်းရောင်အနုအရင့်များရောနေသော နှင်းဆီအကျီသည် ခရမ်းရင့်သွေးစက်များစွန်းထင်းနေသော ခံစားမှုတစ်ခုသဖွယ်ဟု တင်စားခဲ့ဖူးသည်။ ဖက်ရှင်ဒီဇိုင်းနှင့်ပတ်သက်သော ဆောင်းပါးများရေးနေသည့် ဒေါ်တင်လတ်သန္တာဗိုလ်က ထိုဝတ်စုံနှင့်ပတ်သက်ပြီး ခရမ်းရင့်သွေးစက်များစွန်းထင်းနေသော အလွမ်းနုဝတ်စုံတစ်ထည်ဟု တင်စားခဲ့တာကို မှတ်မိနေသည်။ ခုရော. . . . အရိုင်းဆန်ပေ့ါပါးသောခရမ်းရောင်များဖြစ်သော်လည်း မြင်ရသူကို လေးလံလွမ်းဆွတ်သွားစေနိုင်သည်။

မိတ်ကပ်သမားကို ခရမ်းရောင်သန်းနေသော မိတ်ကပ်ဖြစ်အောင် ပြင်ပေးပါဟုတောင်းဆိုထားသဖြင့် နတ်သမီးမျက်နှာလေး ခရမ်းရိပ်များနှင့် မှုန်ဝေအောင်လှပနေသည်။ ခရမ်းရောင်ပုဝါပါးပါးလေးတစ်ခုကို အသာလိမ်လိုက်ပြီး နတ်သမီးဆံပင်များကြားတွင် အရိုင်းဆန်ဆန်စည်းနှောင်လိုက်သည့်အခါ. . . . ။

. . . . . . . . . . . . . . . . . . . . . . . . . . . . .

"လှလိုက်တာ မီးရယ်. . . ."

မိတ်ကပ်သမားက မျက်လုံးလေးထောင့်ကပ်ကြည့်ကာ ခပ်နွဲ့နွဲ့လေးပြောသည်။ သူ့အသံကြောင့်အားလုံး၏ အကြည့်များက မီးဆီရောက်လာကြသည်။ ဇဉ် တမင်တကာပင် အကူအနေနှင့် စင်သီးသာ အပြင် နီနွယ့်ကိုပါခေါ်လာခဲ့သည်။ နီနွယ့်အကြည့်များက အလှုကိုတစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်စိတ်ဝင်စားသွားပြီးမှ ချက်ချင်းမဲ့တဲ့တဲ့လေးဖြစ်ကာ တစ်ဖက်လှည့်သွားသည်ကို ဇော် မြင်ဖြစ်အောင်မြင်လိုက်သည်။ အမှန်တော့ သူတစ်ပါးကို ပြင်ယူလို့မရမှန်း ဇော်သိသားပေါ့။ သို့သော် အမြင်မှားနေမှုများကိုတော့တည့်အောင် တစ်ခုခုလုပ်ပေးလို့ရသည်ဟု ဇော် ထင်သဖြင့် တမင်ခေါ်လာခြင်းဖြစ်သည်။

ပရိသတ်၏ ချစ်ခြင်းဆိုတာကလည်း အမျိုးမျိုးကိုး။ အလင်းရောင်ကိုနှစ်သက်စွာနားထောင် အားပေးတတ်ပြီး ပုဂ္ဂိုလ်ရေးကိုတော့လုံးဝစိတ်မဝင်စားသောပရိတ်သတ်များရှိသလို ကိုယ့်မိသားစုပမာထင်မှတ်ခံစားနေတတ်သော၊ ကိုယ့်ချစ်သူတစ်ဦးပမာထင်မှတ်ခံစားနေတတ်သောသူများလည်းရှိသည်ကို ဇော် လက်တွေ့မြင်တွေ့ဖူးသည်ပဲ။

"ခရမ်းရောင်ဆိုတာ လွမ်းဆွတ်ခြင်းနဲ့ သက်ဆိုင်တယ်တဲ့ဟုတ်လားဇော်. . . ."

နတ်သမီးကမေးသည်။

"အင်း. . . ဒါပေါ့. . . . မီး ကတောင်းဆိုလို့သာ. . ."

ဇော်က စကားကို တမင်မဆက်ပဲရပ်ထားလိုက်သည်။

"အဲ. . . ဇော် ကမကြိုက်ဘူးပေါ့ အဲဒီအရောင်ကို. . ."

"အရောင်ကိုကြိုက်ပါတယ် အရောင်ကပေးတဲ့ရသကိုပဲ ခုချိန်မှာမလိုချင်တာ. . . ."

ဇော့်စကားကြောင့် မီး ဇော့် ကိုတအံ့တသြလေးကြည့်သည်။ ဒီနေရာအချိန်က ဇော့်ကိုအခြေအနေမေးရမည့် အချိန်မဟုတ်မှန်း မီးကနားလည်သဘောပေါက်စွာ ဇော့်ကိုဘာမှမမေးတော့ပဲ သူ့ဘာသာသူဆက်ပြောသည်။





"မီးကတော့ ဒီရသလေးနဲ့ပဲ ဓါတ်ပုံ အရိုက်ခံလိုက်ဦးမယ်ကွယ်. . ."

မီး ကတယ်မလွမ်းဟုတော့ ဇော်အတိအကျမပြောနိုင်သလိုတကယ်လွမ်းနေသည်ဟုလည်း ဇော်အတိအကျမပြောနိုင်ပြန်ပါ။ ဒါဆိုဇော်ရော ကိုယ့်ကိုယ်ကိုလည်း အတိအကျ ဘာမှပြောဆိုမေးမြန်းလို့မရသေးတာကို အားမလိုအားမရဖြစ်နေဆဲ။

ကိုမင်းကလည်း တစ်ပတ်လောက် ပျောက်နေသည်။ အဲဒါဘာလဲ။ သူလည်း စဉ်းစားနေတာလား ခွဲနိုင်မခွဲနိုင်စူးစမ်းဆင်ခြင်သုံးသပ်နေသည်လား။ သို့တည်းမဟုတ် ဇော့်ကို ဘယ်လိုနားချရမလဲပဲစဉ်းစားနေလား။ သူဘယ်လိုပြန်လာရင် ကောင်းမလဲပဲစဉ်းစားနေလားမသိ။ သေချာတာကတော့ ကိုမင်းလည်း ဒီပြန်လာရင် ဘဝသစ်တစ်ခုကိုပြန်စသလိုစရမှာဆိုတာပင်။ ဇော့်အတွက်ကတော့ ဘဝသစ်လေးတစ်ခုကိုထားခဲ့ရမှာ။ ဘယ်တော့ပြန်လည် ပျိုးထောင်ရမည်မှန်းမသိသည့်ဘဝသစ်လေး တစ်ခုကိုထားခဲ့ရမှာ။

"ဇော် နေ့လည်စာကျွေးမလားဟင်. . . ကြည့်ရတာ မဂ္ဂဇင်းကကျွေးမယ့်ပုံမပေါ်. . ."

နတ်သမီးက ဓါတ်ပုံရိုက်နေရာမှ လှမ်းပြောသဖြင့် အားလုံးကရယ်ကြသည်။ ဓါတ်ပုံဆရာကလည်း. . . .

"အော် ဒါမျိုးတော့ မဂ္ဂဇင်းက ကျွေးမှာပါ. . . ."

"ဟင့်အင်း မီးက ဇော်နဲ့နှစ်ယောက်တည်းစားချင်တာ. . . ."

"အော် ဒီလိုလား ဒါဆို မကျွေးဘူး မပြောကြေးနော်. . . ."

"အော် နတ်သမီးကတောင် မဂ္ဂဇင်းကို ပြန်ကျွေးရဦးမှာပါ



www.burmeseclassic.com

www.burmeseclassic.com



ခုလို ကာတာလှလှလေးခေါ်ရိုက်တဲ့အတွက်. . . ."

ဇဉ် ပြုံးလိုက်သည်။ နတ်သမီးလည်း ဒီလောကထဲနေမှာတော့ တတ်မှာပေါ့ဟုလည်း တွေးလိုက်မိသည်။ ချိုချိုနွဲ့နွဲ့အသံလေးက ဆွဲဆောင်မှုအပြည့်။ မုဆိုးမပူပူနွေးနွေးလှလှလေး. . . .။ ဇဉ် သက်ပြင်းကိုချမိသည်။ ကိုလင်း. . . . မီးကိုတကယ်ပဲစိတ်ချလက်ချထားခဲ့လိုက်သလား။ နတ်သမီးဆိုတာ ဘယ်လောက်ပဲ မာကျောမာကျော၊ ဘယ်လောက်ပဲ အစွမ်းအစရှိရှိ တစ်ချိန်ကတော့ ကိုလင်း တာဝန်ယူချင်ခဲ့သူတစ်ယောက်ပဲလေ။

"နတ်သမီး ရုပ်ရှင်ကားကြီးရိုက်နေတယ်ဆို. . . ."

"ဟုတ်တယ်ဆရာ. . . ပြီးခဲ့တဲ့လက စရိုက်တာ ခဏနားလိုက်သေးတယ်။ တစ်နေ့ကပြန်စရိုက်တယ်။ လကုန်ကျရင် နယ်ထွက်ရမယ်. . . ."

"ဟဲ့ အလုပ်ပြန်လုပ်နေတာလား. . . ."

"ဟုတ်. . . အလုပ်လုပ်နေတာပဲ ကောင်းပါတယ် နော့ ဇဉ်ရယ်. . ."

ဓါတ်ပုံဆရာက ဇဉ်နှင့် နတ်သမီးကိုကြည့်ကာ

"ဒီနှစ်ယောက် ငယ်သူငယ်ချင်းတွေလား. . . ."ဟုမေးသည်။

"ဟင့်အင်း သမီးယောက်မ. . ."

နတ်သမီးက ရယ်ဟဟလေးဖြေသောကြောင့် အားလုံးကစိတ်ဝင်စားသွားသည်။ တစ်မျိုးတမည်လည်းထင်မှာစိုးရသေးသည်။ ဒီအချိန်မှာက နတ်သမီးတွက် အားလုံးဆင်ခြင်စရာတွေချည်းကိုး။

"ဟုတ်လား ဘယ်သူက ဘယ်သူ့ကိုပေးမှာလဲ. . . ."





ဓါတ်ပုံဆရာက ဝိဘတ်လွတ်မေးသည်။

"အလင်းရောင်က သူ့အစ်ကိုလေ ဆရာသမားရဲ့. . ."

အားလုံး၏အကြည့်တွေက ဇဉ့်ဆီရောက်ချလာသည်။ ဇဉ်က တစ်ခါမှ ဒီလိုလည်း ဒီလောကထဲ တရင်းတနှီးစကားပြောလေ့မရှိသလို ကိုလင်းနှင့်အင်မတန်ရင်းနှီးချစ်ခင်ခဲ့ကြောင်းလည်း တော်ရုံနှင့် ဘယ်သူ့ကိုမှ မပြောတတ်။ ဆိုင်က ကလေးတွေတောင် မေမေ့ကြောင့်သိခြင်းဖြစ်သည်။

"ဟုတ်လား. . . . ."

"ဟုတ်ပါတယ် အရင်းတော့မဟုတ်ဘူး"

အရင်းမဟုတ်ဘူးဆိုတော့ . . . တစ်ဝမ်းကွဲလိုလိုပေါ့။

အကုန်လုံး တအော်အော်နှင့် ဖြစ်ကုန်ကြသည်။ နတ်သမီးကလည်း အရင်က အကြောင်းတွေပြန်ရှင်း ပြနေသေးသည်။

"သူ့ဝတ်စုံတစ်ခုလေ နာမည်ကြီးတယ် ခရမ်းရောင်နှင်းဆီပွင့်တွေနဲ့ evening gown တစ်ထည် အဲဒါ နတ်သမီးနဲ့ရိုက်ဖူးတယ် သူနဲ့မီးနဲ့က အဲဒီအရောင်နဲ့အကျီုးပေးတယ် ဘုတ်တောင်တင်ဖူးတယ်ရောဆူးလေထိပ်မှာ. ."

"အော်. . . သိတယ်. . . လွန်ခဲ့တဲ့လေးနှစ်လောက်က. ."

"ဟုတ်တယ်. . . ရှေ့လျှောက်လည်း နတ်သမီးရဲ့ ဒီဇိုင်းမှန်သမျှကို သံယောဇဉ်က တာဝန်ယူပါမယ်တဲ့. . . ဟုတ်တယ်နော် ယောက်မ. . ."

ဇဉ် ရယ်ပဲနေလိုက်သည်။ ယူသင့်သည်ပဲ။ အမှန်ဆို ဒီဇိုင်းနာတော်တော်များများမှာ သူတို့လက်စွဲမော်ဒယ်လ်တွေ မင်းသမီးတွေရှိ



www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။ ဇဥ်ကတော့ အဆင်ပြေသလို လုပ်သွားတတ်သူ။ တကယ်ဆို လုပ်သင့်သည့်ကိစ္စဖြစ်သည်။ နတ်သမီး၏ကြေညာချက်သည် ဇဥ့်အတွက် အမှန်တကယ် လိုအပ်ချက်ဖြစ်သည်။ ခက်တာက. . . ဇဥ်. . . ဇဥ် ခုထိ ဘာကိုမှ မဆုံးဖြတ်နိုင်သေး. . .။

နေ့လည်စာစားတော့ အားလုံးကိုခွဲထွက်ကာ နတ်သမီးနှင့် စကားပြောဖို့ နှစ်ယောက်တည်း နေ့လည်စာ စားဖြစ်ကြသည်။ စင်သီယာနှင့် နီနွယ်ကတော့ ထမင်းဘူးပါလာသူများမို့ ကိစ္စမရှိ။

"ကဲ. . . ဇဥ် ခုနကပြောလိုက်တာက ဇဥ့်ကို မသွားဖို့ ကြိုးတစ်ကြိုးချည်နှောင်လိုက်တာ မဟုတ်ဘူးနော် မီး တကယ့်ကို ဇဥ် နဲ့ လက်တွဲအလုပ်လုပ်ချင်လို့ပါ. . . . မီးလည်း အဲဒီပညာရပ်တွေကို စိတ်ဝင်စားတယ်လေ"

"အမှန်အတိုင်းပြောရရင် ဇဥ် ခုထိ ဘာမှဆုံးဖြတ်လို့မရသေးဘူး ဆုံးဖြတ်ဖို့နေနေသာသာ လမ်းတောင်ရှာမတွေ့သေးဘူး မီး၊ မီးပြောသလို ပညာသွားသင်ဖို့ဆိုရင်တောင် မနည်းအချိန်ယူရဦးမှာလေ. . ."

"ဇဥ်. . ."

"ဘာလဲ ဟင်. . . ."

နတ်သမီးခေါ်သံက လေးနက်လွန်းနေသလိုမို့ ထိတ်ကနဲပင်ဖြစ်သွားရသည်။

"မီးက ခုချိန်မှာ ဇဥ့်ကို အကြံမပေးနိုင်ဘူး ဘာလို့လဲဆိုတော့ ဇဥ့်ခံစားချက်တွေပါသွားနိုင်တဲ့အတွက် ဇဥ့်ကိုအနှောက်အယှက်ပေးသလိုဖြစ်မှာစိုးလို့. . . ဒါပေမယ့် ဇဥ်. . . နားလည်တာ ယုံတာကတော့ ဇဥ်တို့နှစ်ယောက်ရဲ့ ချစ်ခြင်းဟာ မှားယွင်းမှုတစ်ခုတော့ မဖြစ်နိုင်တော့





ဘူးဆိုတာ မီး သေချာခံစားလို့ရနေတာပါပဲ. . . ."

ဇဥ် မီးကိုပြုံးပြလိုက်မိသည်။ ထိုအပြုံးသည် ဘာအဓိပ္ပာယ်မှ မပါသော ကြောင်တောင်တောင်နိုင်လှသည့် အပြုံးမျိုးနှင့် ရာနှုန်းတော်တော်များများတူနေလိမ့်မည်ဟုလည်းထင်သည်။

လောကမှာ ဘာကမျှသေချာပါသလဲ။ မှားယွင်းမှုတစ်ခုမဟုတ်သည့်တိုင် လွယ်ကူစွာဖြစ်တည်လာနိုင်သော အရာတစ်ခုလည်း မဟုတ်သေး။

"ကိုမင်းဆီက ဘာထူးထဲ ဇဥ်. . ."

"ဘာမှ မထူးဘူး ဖုန်းမဆက်တာလည်းတစ်ပတ်ကျော်သွားပြီ"

"ဟုတ်လား သူတစ်ခုခုကိုစဉ်းစားနေတာလား ဒါမှမဟုတ် . . အင်း နေမကောင်းတာလည်း ဖြစ်နိုင်တာပဲနော် ဇဥ်. . . ."

နတ်သမီးက ဇဥ့်ကို ကြည့်ကာ နှစ်သိမ့်စကားဆိုသည်။ သနားစရာ။ သူဖြင့်ဘယ်လိုမှလည်း စိတ်အဆင်မပြေသေးပါပဲ သူများကိုလာနှစ်သိမ့်နေသေးသည်။ ထိုအတွေးနှင့်ပင် ဇဥ့် လေးပင်မှုများ တစ်ဝက်လောက်လျော့ကျသွားရသလို။

ဖုန်းကမြည်လာသည်။ နတ်သမီးဖုန်း။

"အော် ပြန်လာတော့မှာ ခုပဲ ပိုက်ဆံရှင်းနေပြီ နောက်ထပ် ၁၅မိနစ်ဆိုရောက်ပြီ ဘိုင့်. . ."

ဓါတ်ပုံရိုက်ပြန်စဖို့ခေါ်နေပြီ။

"နောက် ၁၅မိနစ် ဟုတ်လား မီး၊ ဘာမှဖြင့် မစားရသေးဘူး"

အစားအသောက်တွေမှာပြီး မစားဖြစ်ကြသေးတာဖြစ်သည်။

"အော် ဒီလိုပေါ့ နောက်၁၅ မိနစ်ဆိုတာ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ၁၅မိနစ်စီနဲ့ အလားတူတယ် စား ဇဉ်. . . . သိပ်လောမနေနဲ့ အေးအေးစား. . .”

ဇဉ့်ဖုန်းကမြန်လာပြန်သည်။

“ဟင် မလောနဲ့လုပ်နေ ဒီမှာ ဇဉ့်ကိုခေါ်ပြန်ပြီးလားမသိ. . .”

“မကိုင်နဲ့ ဇဉ်. . . ထားလိုက်. . .”

BURMESE CLASSIC .com

“အင်း. . . . .”

ဇဉ် ဖုန်းကိုပစ်ထားလိုက်သည်။ တစ်ဝင်လောက်လျှော့ကျသွားသောလေးလံမှုများနှင့်အတူ ဗိုက်ဆာလာသည်။ ဆာမှာပေါ့။ မိုးမလင်းခင်ကတည်းကစပြီး ပြင်ဆင်လက်စသပ်နေတာ ကော်ဖီတစ်ခွက်ကလွဲ၍ ဘာမှဗိုက်ထဲမှာမရှိတာ ခုမှသတိရတော့သည်။

“ဟင်. . . ခေါ်ပြန်ပြီ မီး မြန်မြန်စားမှထင်တယ်နော် တော်ကြာ. . .”

“အမလေး ဇဉ်ရယ် သူတို့နောက်ကျလည်း မီးတို့ပြန်စောင့်ရတာပါပဲ၊ တကယ် ဇဉ်ကလေ ဒီလောကအကြောင်းမသိသေးဘူး စားအေးအေးဆေးဆေး. . . .”

“ဇဉ်က သိပ်ပြီးဒီလိုလိုက်လေ့မရှိဘူး။ ခုတောင် မီး မို့ကိုယ်တိုင်လိုက်လာတာ မဟုတ်ရင် တစ်ခြား တစ်ယောက်ယောက်လွှတ် လိုက်တယ်. . . .”

“အင်းပါ အစ်မရယ် စားပါ လူတွေနဲ့သိပ်ကင်းတာလည်း မကောင်းသလို သိပ်တရင်းတနှီးနေတာလည်းမကောင်းဘူး။ မီး ကတော့ အတွေ့အကြုံအရ ပုံမှန်လေးနေတတ်အောင်ကြိုးစားနေတယ် အောင်မြင်လားဆိုတော့ မအောင်မြင်သေးပါဘူး။ မင်းသမီးဆိုပေမယ့်လည်း





ရုပ်ရှင်ရိုက်တာမဟုတ်တဲ့ ပြင်ပလောကခံစားချက်တွေမှာ ဟန်မဆောင်နိုင်သေးဘူး။ အော် နောက်တစ်ကားကျရင် dress design ကို ဇဉ် တာဝန်ယူနော်။ မီးက လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်က စတိုင်လ်နဲ့ တစ်ကိုယ် ခုခေတ်ပုံနဲ့ တစ်ကိုယ် နှစ်ကိုယ်ခွဲသရုပ်ဆောင်ရမှာ. . . .”

“အော် ပြောနေစရာမလိုပါဘူး ဝတ္ထုဖတ်ပြီး ဇဉ် ဒီဇိုင်းတွေ စဉ်းစားရှာဖွေထားလိုက်. . . အဲ ဖုန်းကမပြီးတော့ဘူးတော့. . . ခေါ်နေပြန်ပြီ. . .”

နတ်သမီးကို မခေါ်ရဲတိုင်း ဇဉ့်ကိုခေါ်နေသည်လား။ ဇဉ့်ကို အဆက်အသွယ်မရသေးသဖြင့် ဆက်နေတာလား ဘာမှန်းကိုမသိ။

“ဖုန်းပိတ်ထားလိုက် ဇဉ်. . . .”

နတ်သမီးက ရယ်ကျဲကျဲဆိုသည်။

“ကောင်းသားပဲ. . .”

. . . ဟုဆိုကာ ဇဉ် ဖုန်းကလေးကိုကောက်ကိုင်လိုက်တော့ ခေါ်နေသော နံပါတ်အစိမ်း။ နောက်လိုင်းဖုန်း-၆၆တွေနှင့်စသည်။

“သူတို့ဟုတ်ပုံမပေါ်ဘူး မီး-လိုင်းဖုန်း-နောက်၆၆တွေနဲ့စတယ် ကိုင်လိုက်ပါဦးမယ်. . .”

“အင်း မီးကလည်း မကြည့်ခိုင်းပဲ လျှောက်ပြောနေမိတယ် ဆောရီး. . .”

“ရပါတယ်မီးရဲ့. . . . ဟဲလို. . .”

တစ်ဖက်မှကြားလိုက်ရသော အသံကြောင့် ဇဉ့် လက်ထဲက ဖုန်းပင် လွတ်ကျသွားမလိုဖြစ်ကာ မျက်လုံးပြူးသွားရသည်။

“ကိုမင်း. . . . ကိုမင်းလား. . . .”



www.burmeseclassic.com

www.burmeseclassic.com



. . . . . . . . . . . . . . . . .

ဇဉ့်အသံကြောင့် နတ်သမီးလည်း တအံ့တသြ ဝမ်းပမ်းတသာ ဇဉ့်လက်ကိုလာဆုပ်ကိုင်သည်။

"ကိုမင်း. . . ဟုတ်လား. . ."

ဇဉ် ခေါင်းငြိမ့်ပြလိုက်တော့ နတ်သမီး ဝမ်းသာအားရရယ်သည်။

"Unbelievable". . . ဟုရေရွတ်လိုက်သံကိုလည်း ကြားလိုက်ရသလို။

ဇဉ်ကတော့ ဘာမှမသိတော့ပါ။ ဇဉ်ကြားနေရတာကတော့ ကိုမင်းအသံတစ်ခုတည်း။ လောက၏ သက်ရှိအသံဆို၍ တစ်သံတည်းသာ ဇဉ်ကြားတော့သည်။

"ဇဉ် ခုလာခဲ့မယ်. . ."

ဖုန်းက ဖျက်ကနဲပိတ်ချလိုက်ကာ ထိုင်ရာမှ ဆက်ကနဲထတော့ မီးက လှမ်းဆွဲသည်။

"တကယ်သွားတော့မှာလား ဇဉ်ရဲ့. . . ဒီမှာ အလုပ်တွေတန်းလန်းနဲ့ မီးကိုတစ်ယောက်တည်းထားခဲ့တော့မှာလား. . . ."

နတ်သမီး၏ အနောက်စကားကြောင့် ဇဉ် ရှက်ရယ်ရယ်မိသည်။

"လေဆိပ်မှာရောက်နေပြီ သွားကြိုမှရမှာပေါ့ စင်သီယာတို့ရှိတယ်လေ. . ."

"သူများတွေမေးရင် မီးဘယ်လိုဖြေပေးရမလဲ. . ."

"သိပ်သိပ်အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ ဇဉ် တော့ လူတစ်ယောက်



BURMESE CLASSIC .com



ကို သွားတွေ့လေရဲ့လို့. . ."

စကားဆုံးချိန်မှာ ဇဉ်က လမ်းမရောက်နေပြီး နတ်သမီးက ကျန်ခဲ့ပြီ။ ခြေထောက်တွေက မြေကြီးနှင့်မထိသလို။ လှမ်းတားလိုက်သော အငှားကားကိုလည်း လေဆိပ်ဆိုတာကလွဲလျှင် ဈေးလည်း မေးမိမဆစ်မိတော့။

အို. . . ဘဝဟာ တကယ်ပဲ စက္ကန့်ပိုင်းအတွင်း မျက်စိတစ်မှိတ်လျှပ်တစ်ပြတ်အတွင်း ပြောင်းလဲသွားနိုင်သည်တဲ့လား။

ခုချိန်မှာတော့

ကိုမင်းဘာပြန်လာလုပ်တာလဲ။ အပြီးပြန်လာတာလား။ ခဏပြန်လာတာလားတွေ ဘာမှစိတ်မဝင်စား မသိချင်တော့။ အရေးကြီးဆုံးက ကိုမင်းဆီ အမြန်ရောက်ဖို့။

ဘာပဲဖြစ်ဖြစ် ဇဉ် ရှိရာ ကိုမင်းရောက်လာခဲ့ပြီ။ မျှော်လင့်ချက်မရှိပဲ ရောက်လာခဲ့ခြင်းဖြစ်သဖြင့် သူ့ကိုလည်း ကျေးဇူးတင်သည်။ ခဏတဖြုတ်လာပြီး ပြန်ထွက်သွားခဲ့မည်ဆိုလျှင်ပင် ဇဉ် ပျော်နိုင်ပါလိမ့်မည်ထင်သည်။

မျက်ရည်တို့က ဇဉ့်ပါးပြင်ပေါ် တစ်လိမ့်လိမ့်ကျဆင်းလာသည်။ ဘာကြောင့်ကျလာသည့် မျက်ရည်မှန်းဇဉ့် ဘာသာ ဇဉ် ပင် မသိတော့။

ကားလေးကတော့ မင်္ဂလာဒုံလေဆိပ်ဆီ ဦးတည်မောင်းနှင်နေဆဲ။

အသံထက်မြန်သော ယာဉ်များမရပ်နားနိုင်သေးသည့် လေဆိပ်သို့ အမြန်ဆုံးစိတ်ယာဉ်တစ်စီးကဖြင့် ဆိုက်ရောက်သွားခဲ့ပြီ။ ထိုစိတ်ကလေး အေးမြကြည်လင်စွာ ချစ်သူအနားမှာ ငြိမ်သက်စွာ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ပေးနေလိမ့်မည်။

အချိန်ယန္တရားကြီးကတော့ သူ့စည်းနှင့်သူ လည်ပတ်နေဆဲ။





အဆုံး

ငါကအလွမ်းတွေနဲ့လှုပ်ခတ်နေတဲ့လေပြည်ကိုကန့်သတ်ထားခဲ့ဖူးသူ
ချစ်သူ.........
အရိပ်ကလေးတွေတဖျောက်ဖျောက်ကျနေတဲ့သစ်ရိပ်တစ်ခုလို
ငါတို့ဖြိုးဖြိုးဖျောက်ဖျောက်လေး နွေးထွေးခဲ့ကြဖူးတယ်
ဘယ်အရာဟာ ငါတို့ကို ဖြတ်တိုက်ခဲ့တဲ့လေရိုင်းတဲ့လဲ
(ငါ့အသိဉာဏ်တွေ ပျော်ရွှင်ခြင်းကြောင့်အားနည်းသွားခဲ့ရပြီ...)
ခုနေခါမှာတော့...
ငါတို့ဟာ ဘာမှထပ်မံယုံကြည်စရာမရှိနိုင်တော့အောင် ယုံကြည်ပြီး
သွားခဲ့ကြပြီပဲ။

မနော်ဟရီ

၃ဇွန်၊ ၂၀၀၉



www.burmeseclassic.com